


7Day Daily သတင်းစာ ပိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်



ဂု ရက် သတင်းဂျာနယ်

# 7 DAY NEWS JOURNAL


http://www.7daynewsjournal.com



TRI
LIVES BRILLIANTLY



အတွဲ(၁၃)၊ အမှတ်(၁၆)   ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည်   ၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက် ၊ ဗုဒ္ဓဟူး ၊ (ဇွန် ၂၅ ၊ ၂၀၁၄)

နှစ်ပေါင်း ၇၀ ကျော်မှ ပြန်လည်တွေ့ရှိသော Jerdon's Babbler ငှက်တစ်ကောင်

## နှစ်ပေါင်း ၇၀ ကျော်ကြာမှ ပြန်တွေ့ခဲ့သည့် ပျောက်ဆုံးငှက်

နိုင်လင်း (WCS)

မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၇၀ကျော်ကြာ တွေ့ရှိမှတ်တမ်းတင်နိုင်ခြင်းမရှိသော ငှက်မျိုးစိတ်တစ်မျိုးကို မကြာသေးမီက ပဲခူးတိုင်း ဥတိုအနီးရှိ မြက်ခင်းများအတွင်း မထင်မှတ်ဘဲ ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြသည်။

စာမျက်နှာ ၃၃ ››



## “သမ္မတရဲ့ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာကို ဝိုင်းလုပ်ပေးတဲ့လူကတော့ ရှိနေမှာပေါ့။ ဝိုင်းမလုပ်ပေးတဲ့လူကတော့ရှိမှာမဟုတ်တော့ဘူး”

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် တွေ့ဆုံခြင်း

စာမျက်နှာ ၁၈ ››

# ခရီးဆုံးပြီလား တွင်းတောင်

မျိုးမင်းဦး၊ ညီညီဇော်

နှစ်ပေါင်းများစွာကြာ စိမ်းပြာရေညှိနှင့် ဒေသခံများအတွက် တွင်းပိုးများ ထုတ်လုပ်ပေးခဲ့သော တွင်းတောင်တွင် ယခုနှစ်တွင်မူ အဆိုပါအရင်းအမြစ်နှစ်မျိုးစလုံး မထွက်တော့ပါ။ အဖိုးတန်သဘာဝအရင်းအမြစ်တစ်ခု မထွက်တော့ခြင်း၏ နောက်ဆက်တွဲ စီးပွားရေး၊လူမှုရေးရိုက်ခတ်မှုများစွာရှိလာသည်။

အချပ်ပို A2 ››

## မဟာသန္တိသုခပိုင်ဆိုင်မှု အရှုပ်တော်ပုံ

မင်းဟိန်းကျော်၊ ငြိမ်းချမ်း၊ ထွန်းခိုင်

မဟာသန္တိသုခကျောင်းတော်ကြီးနှင့် ပတ်သက်၍ သံဃာတော်များ၊ အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိများ၊ နိုင်ငံတွင်း လူသိများသည့်သူများ၏ ပြောကြားမှုများသည် အမျိုးမျိုးကွဲလွဲနေပြီး မည်သူက အမှန်ကို ဖုံးကွယ်ထားသလဲဆိုသည့်အချက်မှာ စိတ်ဝင်စားစရာကောင်းသည့် အချက်ပင်ဖြစ်သည်။

စာမျက်နှာ ၁၃ ››

## ရင်းနှီးမြှုပ်နှံမှုကွက်ကျားမိုး ဘာကြောင့်ရှာ

အောင်သူရ၊ ပြည်သိမ်း

စိုက်ပျိုးရေးကို အခြေခံသော စက်မှုထုတ်ကုန်များနှင့် မွေးမြူရေးနှင့် ပတ်သက်သော ထုတ်ကုန်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား ကုန်သွယ်ခွင့် ခွင့်မပြုထားပေ။ ထို့ကြောင့် စိုက်ပျိုးရေးနှင့်ဆက်စပ်သော ကုန်ထုတ်လုပ်ငန်းများတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုအလွန်နည်းပြီး လုပ်ငန်းများ မဖွံ့ဖြိုး၍ ပြန်လည်သုံးသပ်ရန်လိုလာသည်။

စာမျက်နှာ ၈ ››





CP
"စီပီကြက်အူချောင်းများက ပျော်ရွှင်ခြင်းများ
သင့်ဆီ ယူဆောင်လာမှာပါ"
SAUSAGE & HAM

# အားကိုးရာရှာမတွေ့ သေးသော လူဦးရေသုံးသန်းကျော်



*တရားဝင်နေထိုင်သောသူများအား ဖမ်းဆီးမည်မဟုတ်ကြောင်း မြန်မာလုပ်သား ၁၀၀၀ ကျော်လုပ်ကိုင်နေသော ဘန်ကောက်မြို့ရှိ အထည်ချုပ်စက်ရုံသို့ ထိုင်းစစ်တပ်က လာရောက်ရှင်းပြစဉ်*

ဓာတ်ပုံ – ဥက္ကာဦး

**ငြိမ်းချမ်း**

မြန်မာနိုင်ငံငယ်ဟု တင်စားခေါ်ဝေါ်ကြသည့် မဟာချိုင်ရှိ မြန်မာနိုင်ငံသားများအနက်လူ၄၀၀ကျော်ကို အာဏာသိမ်းထိုင်းစစ်အစိုးရက၁၅ရက်အတွင်းဖမ်းဆီးခဲ့သည်။

ဧရိယာ ၈၇၂ ကီလိုမီတာ ကျယ်ဝန်းပြီး မြန်မာနိုင်ငံသား ငါးသိန်းကျော်နေထိုင်သော ထိုင်းနိုင်ငံမဟာချိုင်ရှိ ယင်းမြန်မာနိုင်ငံသား ၄၀၀ ကျော်ကို ထိုင်းစစ်အစိုးရက ဇွန်လ ၃ ရက်မှ ၁၈ ရက်အတွင်း ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသားများကို ဖမ်းဆီးခြင်းမရှိဟု ထိုင်းစစ်အစိုးရနှင့် ထိုင်းနိုင်ငံ မြန်မာသံအမတ်တို့က ပြောထားသည့်ရက်များတွင်ပင် မဟာချိုင်ရှိ တရားဝင်နေထိုင်သော မြန်မာများဖမ်းဆီးခံခဲ့ရသည်။ ထိုသို့ဖမ်းဆီးခံရခြင်းသည် မြန်မာအစိုးရနှင့် ထိုင်းနိုင်ငံမြန်မာသံရုံးရှိ တာဝန်ရှိသူများက ဂရုမစိုက်ဘဲ ပစ်ပယ်ထားခြင်းကြောင့် ဖြစ်ကြောင်း မဟာချိုင်ရှိ မြန်မာများက ပြောသည်။

"အစိုးရက ပစ်မထားဘူးဆိုရင် ကျွန်တော်တို့ ဒီလိုမျိုးအဖမ်းခံရမှာမဟုတ်ဘူး" မဟာချိုင်ရှိ မြန်မာနိုင်ငံသားများ ဖမ်းဆီးခံရမှုနှင့်ပတ်သက်၍ ဇွန်လ ၁၇ ရက်က ထိုင်းနိုင်ငံ မြန်မာသံရုံးရှေ့တွင် တစ်ကိုယ်တော်ဆန္ဒပြကန့်ကွက်ခဲ့သူ ကိုစောမောင်က ပြောသည်။

မဟာချိုင်တွင်သာမက ထိုင်းနိုင်ငံတောင်ပိုင်းရှိ မြို့နယ်များတွင်နေထိုင်သော မြန်မာအချို့လည်း ဖမ်းဆီးခံရသည်။ ဇွန်လ ၃ ရက်တွင် မဲဆောက်မြို့၌ တရားမဝင်မြန်မာနိုင်ငံသားများကို ထိုင်းစစ်တပ်နှင့် လူဝင်မှုကြီးကြပ်ရေးတို့က ဝင်ရောက်ဖမ်းဆီးရာ မြန်မာနိုင်ငံသား ၁၆၃ ဦး ဖမ်းဆီးခံခဲ့ရသည်။ ထိုဖမ်းဆီးခံရမှုတွင် ကလေးငယ် ၅၅ ဦးပါဝင်ခဲ့သည်။


ထို့အပြင် ဇွန်လ ၁၁ ရက်က ချင်းမိုင်မြို့တွင် မြန်မာလုပ်သား ၃၀ ဦးဖမ်းဆီးခံရသည်။ ဇွန်လ ၃ ရက်ကလည်း မဲဆောက်မြို့ရှိ မြန်မာလုပ်သား ၁၈၀ ဦး ဖမ်းဆီးခံရပြီး ဇွန်လ ၁၈ ရက်တွင်လည်း မဲဆောက်မြို့သို့ ခိုးဝင်လာသော မြန်မာ ၁၈ ဦးဖမ်းဆီးခံခဲ့ရသည်။ စစ်တပ်အာဏာသိမ်းပြီးနောက် ပြည်ပလုပ်သားများ ပထမဆုံးအကြိမ် စီမံချက်ကဲ့သို့ ဖမ်းဆီးရာတွင် ရက်ပိုင်းအတွင်း မြန်မာနိုင်ငံသား ၈၀၀ နီးပါးဖမ်းဆီးခံရခြင်း ဖြစ်သည်။

ဇွန်လ ၃ ရက်က ဖမ်းဆီးခံရသော ၁၆၃ ဦးကို နေ့ချင်းပြန်ပို့ပေးခဲ့ပြီး နောက်ရက်များတွင် ဖမ်းဆီးခံရသူများကိုလည်း ပြန်လွှတ်ပေးခဲ့သည်။

မြန်မာနိုင်ငံသားများ ဖမ်းဆီးခံရခြင်းနှင့်ပတ်သက်၍ ထိုင်းနိုင်ငံအမျိုးသားငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကောင်စီ ဥက္ကဋ္ဌဗိုလ်ချုပ်ကြီး ပရာယွတ်က ဇွန်လ ၁၆ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အာရှပစိဖိတ်ဒေသအတွင်း နိုင်ငံများတွင် လူမှောင်ခိုကုန်

စာမျက်နှာ A7 »




PYI HTUN AUNG TRADING CO.,LTD
BRIDGESTONE တာယာမိုးရာသီအကြိုအထူးဈေးရောင်းပွဲတော်
Bridgestone Truck & Bus Tire တစ်လုံးဝယ်ယူပြီး . . .
ဆီဖြည့်ကဒ် နှင့် T-Shirt တစ်ထည် ထုတ်ယူပါ။
BB DE 437
CITARO
ပြည်ထွန်းအောင်ကုမ္ပဏီ၏ UNIVERSAL အရောင်းဆိုင်များနှင့် အရောင်းကိုယ်စားလှယ် ဆိုင်များတွင် ကုန်ကားနှင့် ဘတ်(စ်)ကားတာယာများဝယ်ယူပြီး T-Shirt တစ်ထည်နှင့်ကျပ် (15000) တန် ဆီထည့်ခွင့်ကူပွန်များ ရယူပါ။
PROMOTION ကာလ (10.5.2014-30.6.2014) အထိ တာယာအလုံးရေ ကန့်သတ်ထားပါ၍ BRIDGESTONE ၏ မိတ်ဟောင်းမိတ်သစ်များကို အခွင့်အရေးကောင်းလက်မလွှတ်စေရန် သတင်းကောင်းပါးအပ်ပါသည်။
ဆီထည့်ခွင့်ကူပွန်အား ငွေသားဖြင့်လဲလှယ်ပေးမည်မဟုတ်ပါ။ PROMOTION ကာလအတွင်းအပြောင်းအလဲမှုတစ်စုံတစ်ရာဖြစ်ပါက ပြည်ထွန်းအောင်ကုမ္ပဏီ၏ဆုံးဖြတ်ချက်သာ အတည်ဖြစ်သည်။
အရောင်းကိုယ်စားလှယ်များဆက်သွယ်ရန် ဖုန်း ၀၉ ၄၂၁၁၀ ၃၀၈၈
အရောင်းကိုယ်စားလှယ်ဆိုင်များ
ရွှေမြို့တော်တာယာဆိုင် - ၀၉ ၂၅၉၀၀၈၀၀၆၊ ၀၉ ၂၅၉၀၀၈၀၀၇၊ ဘုရင့်နောင် တာယာဆိုင် - ၀၈၁-၂၁၂၁၂၄၂၊ ပါလီတာယာရောင်းဝယ်ရေး - ၀၇၄-၂၂၁၁၀၊ ၀၇၄-၂၂၁၂၁၊ ဖက်စ်-၀၇၄-၂၁၉၅၅
ဦးလှရွှေ(ကံတော်လေးတာယာဆိုင်) - ၀၉ ၅၃၁၂၄၈၀၊ ၀၆၉-၂၀၀၄၉၆၊ ကွန်မျူတာ(တာယာဆိုင်) - ၀၁-၆၈၀၄၈၀၊ ၀၁-၅၂၈၅၅၂၊ ၀၉ ၄၂၀၂၁၈၇၅၀
ငွေစင်(တာယာရောင်းဝယ်ရေး) - ၀၉ ၅၃၀၀၇၆၁၊ ၀၉ ၅၃၀၀၈၆၄၊ မြနန်းဆီ(တာယာရောင်းဝယ်ရေး) - ၀၆၆-၂၂၆၇၆၊ ၀၉ ၄၀၂၆၁၁၃၀၄
ကံတော်လေး(တာယာနှင့်အင်ဂျင်ဝိုင်) - ၀၆၉-၂၀၀၄၉၆၊ ၀၉ ၅၃၁၂၄၃၀၊ မဟာမိတ်(ကားပစ္စည်းဆိုင်) - ၀၆၂-၂၂၇၃၀၊ ၀၆၂-၂၃၅၃၀
အန်တီဝင်း - ၀၁-၆၈၃၁၄၄၊ ၀၁-၆၈၆၁၈၂၊ ၀၉ ၅၁၀၇၉၄၅ ကေဒီပါ(တာယာဆိုင်) - ၀၁-၆၈၂၆၅၄၊ ၀၁-၆၈၀၆၁၆၊ အောင်(တောင်ကြီး) - ၀၁-၆၈၆၀၈၇၊ ၀၁-၆၈၂၉၅၀
Promotion တွင်ပါဝင်သော Tire များ
SULP
8.25-20 / 9.00-20
10.00-20 / 11.00-20
G - 611
11.00 R20
295/80 R22.5
M - 840
10.00 R20
R - 150
12 R22.5
295 / 80 R22.5
L - 317
10.00 R20
11.00 R20
G - 580 II
12.00 R20
L - 301
10.00 R20
11.00 R20
Universal တာယာအရောင်းဆိုင်များ
UNIVERSAL (မြေနီကုန်း)၊ အမှတ် (260) ဗားဂရာလမ်း၊ မြေနီကုန်း စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-01 2304116
UNIVERSAL (အောင်မင်္ဂလာအဝေးပြေးဝန်း)၊ အခန်း (ယ-13)၊ ပဒုက္ကာလမ်း၊ ယ-ဝန်းအသစ်၊ အောင်မင်္ဂလာအဝေးပြေး မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-09 73143283
Universal (မြရတနာမြို့သစ်)၊ အမှတ်(1)၊ အမှတ် 3 လမ်းမကြီးနှင့် 12 လမ်းထောင့်၊ သယ်န်းကျွန်းကြီးကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-09 73142042

# Life

7 DAY NEWS JOURNAL
Vol.13, No.16 • JUNE 25 , 2014

# သမီးကောင်းတစ်ဦး ဆုံးရှုံးခြင်း

**နိုင်လင်းအောင်**

အသက်(၂၃)နှစ် အရွယ်သာ ရှိသေးသော မမိုးမိုး(ခ)မမိုးမိုးသူ၏ ရုပ်အလောင်း မီးသင်္ဂြိုဟ်စက်ခန်း အတွင်းသွင်းမည့်အချိန်တွင်၎င်း၏ မိဘနှစ်ဦး ဆောက်တည်ရာမရ ဖြစ်နေသည်။

မိဘများနှင့်ခွဲကာ တစ်နယ် တစ်ကျေးတွင် အလုပ်လုပ်နေရသော သမီးလေးနှင့် ထာဝရခွဲခွာရမည့် အရေးအတွက် သူတို့အဆင်သင့်မဖြစ်သေး။

ဘေးနားမှလူများက အချိန်ကြာနေပြီဖြစ်ကြောင်းပြော၍ မီးသင်္ဂြိုဟ်စက်ခန်းအတွင်း ထည့်တော့မည့်အချိန်တွင် မိဘနှစ်ဦးစလုံးက သမီး၏ရုပ်အလောင်းကို နှုတ်ဆက်အနမ်းများ ပေးသည်။

သမီး၏ ရုပ်အလောင်းကို ကြည့်၍မဝသေးသော်လည်း၊ နှုတ်ဆက်အနမ်းများ ဆက်ပေးလိုသော်လည်း၊ သူတို့နှင့်မခွဲလိုသေးသော်လည်း ဆန္ဒမပြည့်ဝခဲ့ကြပါ။



ဈေးရောင်းနေရင်း ဓာတ်ကြိုးပြတ်ကျ၍ ဓာတ်လိုက်ကွယ်လွန်ခဲ့သော မမိုးမိုးကို ဖခင်ဖြစ်သူက နှုတ်ဆက်အနမ်းခြွေနေစဉ် ဓာတ်ပုံ – နစ်ကီ

"မိဘကို လုပ်ကျွေးနေတဲ့ အရမ်းအားကိုးရတဲ့ သမီးတစ်ယောက်ပါ။ ကျွန်တော်တို့ဆီကို ပိုက်ဆံလေးတွေ ပုံမှန်ပို့ပေးနေတယ်။ အခုလို အရမ်းအားကိုးရတဲ့ သမီးမရှိတော့ စားရေးနေရေး လည်းကျပ်ပြီ။ သူမရှိတော့ ကျွန်တော် လက်မောင်းတစ်ဖက်ပြုတ်သွားပြီ"ဟု မမိုးမိုး၏ ဖခင်ဦးကြွာကြီးက ငိုရှိုက်ရင်းပြောသည်။

ဇွန်လ ၂၃ ရက် မွန်းလွဲ ၃ နာရီတွင် အသက်(၂၃)နှစ်အရွယ်ကွယ်လွန်သွားသော မမိုးမိုး၏နာရေးတွင် မိဘများ ပူလောင်နေမှု မြင်ကွင်းဖြစ်သည်။

ထိန်ပင်သုသာန်တွင် အကြောင်းအမျိုးမျိုးဖြင့် ကွယ်လွန်သူများ၏ နာရေးများစွာကို နေ့စဉ်တွေ့မြင်နေရသော်လည်း မမိုးမိုးသူ၏နာရေးကတော့အခြားသူများ၏နာရေးနှင့် အနည်းငယ်ကွဲပြားနေသည်။

မမိုးမိုးသည် မိဘများနှင့်ခွဲ၍ လှည်းတန်းဈေးအနီး ပေ ၅၀လမ်းဘေးတွင် ပြောင်းဖူးနှင့် ကုန်စိမ်းရောင်းနေသူတစ်ဦး ဖြစ်သည်။ ဈေးရောင်း၍ရသည့် ငွေများကိုစုပြီး ပုဂံညောင်ဦးမှ မိဘများထံ လစဉ်ပေးပို့နေသူ ဖြစ်သောကြောင့် သူမရှိတော့သည့်အတွက်မိဘများ၏ နေထိုင်စားသောက်ရေးမှာအခက်အခဲ ကြုံတွေ့ရတော့မည်ဖြစ်ကြောင်း အစ်ကိုဝမ်းကွဲတော်စပ်သူ ကိုဟိန်းသူက ပူဆွေးစွာပြောသည်။

"သူ့မိဘတွေက နယ်မှာပဲနေတာ။ ရန်ကုန်ကိုတစ်ခါမှမရောက်ဖူးဘူး။ သူကပဲ ထောက်ပံ့ပေးနေတာ။ သူမရှိတော့ ဘယ်လိုဆက်လုပ်ရမလဲ။ ရွာမှာ သူ့ညီမတွေရှိနေပေမယ့် သူက ပုံမှန်ငွေပို့နေတော့ အဆင်ပြေတယ်လေ"ဟု ကိုဟိန်းသူက ဝမ်းနည်းစွာပြောသည်။

**စာမျက်နှာ (၆) သို့**



7DAY NEWS JOURNAL
Vol.13, No.16 • JUNE 25 , 2014




# ကြို့သီး ငါး ငါးပိချက်

ဒီတစ်ပတ်တော့ နယ်က မိတ်ဆွေတွေဆီက လက်ဆောင်ရထားတဲ့ ကြို့သီးလေးတွေနဲ့ ငါးငါးပိချက်လေး ချက်ထားပါတယ်။

ကြို့သီး နို့ဆီဘူးတစ်ဘူး၊ ငါးခူ ၁၅ ကျပ်သားပဲ လိုပါတယ်။ ပထမဆုံး ကြို့သီးလေးတွေကို အခွံနွှာပြီး ပြုတ်ပါမယ်။ ကြို့သီးလေးတွေ နူးသွားရင် ညှစ်ပြီး အစေ့ထုတ်ပစ်လိုက်ပါ။

ပြီးရင် ကြက်သွန်ဖြူနီ ဆီသတ်ပါ။ ငါးပိလက်တစ်ဆစ်စာထည့်ပြီး သတ်ပါမယ်။ ခဏနေရင် ဆား၊ နနွင်းနယ်ထားတဲ့ ငါးခူကို ထည့်။ ငါးနံ့ပျောက်သွားပြီဆိုရင် ကြို့သီးပြုတ်ပြီးသား အနှစ်လေးတွေထည့်ပါ။

ရေနည်းနည်းထည့်ပြီး ပွက်လာတဲ့အထိ တည်ပါမယ်။ ငရုတ်သီးစိမ်း ထက်ခြမ်းခွဲပြီး အုပ်လိုက်ပါ။




စာမျက်နှာ (၅) မှ

## သမီးကောင်းတစ်ဦး ဆုံးရှုံးခြင်း

မမိုးမိုးသည် ရန်ကုန်၌ ဈေးရောင်းနေသည်မှာ ၂ နှစ်ခန့်ရှိပြီဖြစ်သည်။ ပြောင်းဖူးနှင့်ကုန်စိမ်းရောင်းရာတွင် တစ်ရက်လျှင် ကျပ်တစ်သောင်းကျော်ခန့် အမြတ်ကျန်ပြီး တစ်လလျှင် ကျပ်နှစ်သိန်းဝန်းကျင် မိဘများထံသို့ ပို့ပေးနေသည်။

ပညာမတတ်သော်လည်းမိဘကို ပံ့ပိုးထောက်ပံ့ပေးနေသူ ဖြစ်သောကြောင့် ၎င်းသေဆုံးမှုမှာ သူ့မိဘများအတွက်ကြီးမားသောဆုံးရှုံးမှုတစ်ခုဖြစ်ကြောင်း ကိုဟိန်းသူက ဖွင့်ဟသည်။

ရန်ကုန်မြို့ လှည်းတန်းဈေးအနီး ပေ ၅၀ လမ်းထဲတွင် ဇွန်လ ၂၁ ရက် ညနေ၌ ဓာတ်ကြိုးပြတ်ကျရာ လူလေးဦး ဓာတ်လိုက်ကာ မမိုးမိုးနှင့် အမျိုးသားတစ်ဦးတို့ သေဆုံးခဲ့သည်။

"ဓာတ်ကြိုးပြတ်ကျတော့ ဈေးသည်တွေအကုန်လုံးက ဖိနပ်ဆိုင်ထဲကို ဝင်ပြေးကြတယ်။ မမိုးမိုးက နောက်ဆုံးမှာ ရောက်နေတော့ ဆိုင်ရှေ့မှာ ဖိနပ်ချနေတဲ့ကားနဲ့ မလွတ်တာကြောင့် ဆက်မပြေးနိုင်တော့ဘဲ လဲကျသွားတယ်။ ပြန်လှည့်ကြည့်မိတော့ မမိုးမိုးနဲ့ ဝိုင်ယာကြိုးက ပတ်မိနေတယ်"ဟု အဆိုပါလမ်းထဲတွင် ကုန်စိမ်းရောင်းနေသည့် မသီခိုင်က ကြုံတွေ့ခဲ့ရသည့် အဖြစ်ဆိုးအကြောင်း ပြန်ပြောင်းပြောပြသည်။

လျှပ်စစ်မီးကြိုးမှာ ဖိနပ်လာချသည့် ကားပေါ်သို့ပြတ်ကျခဲ့ခြင်းဖြစ်ပြီး ဖိနပ်ဆိုင်ထဲသို့ ဝင်ပြေးရာ ကားနှင့်မလွတ်ဘဲ လဲကျသွားသည့် မမိုးမိုးမှာ ပထမဆုံး ကံဆိုးသူဖြစ်သွားကြောင်း ဈေးသည် အချို့က သူတို့၏ အတွေ့အကြုံကို ပြောပြသည်။

"အရင်တုန်းကလည်း ဒီမီးကြိုးက ခဏခဏ ရဲနေတယ်။ အဲဒီတော့ ကြိုပြီးရှောင်လို့ရသေးတယ်။ အခုက မီးပြတ်ပြီး ပြန်လာတဲ့အချိန်မှာ တန်းဖြစ်သွားတာ။ ရုတ်တရက်ကြီးဖြစ်သွားတော့ ဘာမှ မသိလိုက်ဘူး"ဟု မသီခိုင်ကဆိုသည်။

ဓာတ်လိုက်ခံရသူ လေးဦးတွင် မမိုးမိုးနှင့် ဖိနပ်ဆိုင်သို့ ဈေးလာဝယ်သော အမျိုးသားတို့မှာ သေဆုံးခဲ့ပြီး ကျန်နှစ်ဦးမှာ ရန်ကုန်ဆေးရုံကြီး၌ အရေးပေါ်အခြေအနေအဖြစ် ကုသမှုခံယူနေရသည်။ ဒဏ်ရာရနေသူ အမျိုးသမီးတစ်ဦးမှာ လေဖြန်းသလိုဖြစ်နေကြောင်း အမျိုးသမီး၏မိခင် (ဖိနပ်ဆိုင်ပိုင်ရှင်) ဒေါ်မေဘီက ပြောသည်။ ဒဏ်ရာရသူတစ်ဦးမှာလည်း သတိရလိုက်၊ မရလိုက် ဖြစ်နေဆဲဖြစ်သည်။

"ဓာတ်ကြိုးပြတ်ကျတော့ ဈေးသည်တွေက ကြောက်ပြီး ဆိုင်ထဲကို ဝင်ပြေးလာကြတယ်။ ပြောင်းဖူးရောင်းတဲ့ ကောင်မလေးက ဓာတ်ကြိုးနဲ့ ပတ်မိနေတဲ့အတွက် ဖိနပ်လာဝယ်တဲ့ အမျိုးသားက ကယ်မလို့ထင်တယ်။ ဝင်ဆွဲလိုက်တော့ သူပါ ဓာတ်လိုက်ပြီး ဆုံးသွားတယ်"ဟု ဒေါ်မေဘီက ၎င်းမြင်ခဲ့ရသည်ကို စိတ်မကောင်းစွာဖြင့် ပြောပြသည်။ ဖိနပ်လာဝယ်ရင်း ဓာတ်လိုက်သေဆုံးခဲ့သော အသက် ၄၀ အရွယ် ဦးကျော်တင့်၏ နာရေးမှာလည်း မမိုးမိုး၏ နာရေးနှင့် တစ်ချိန်တည်းမှာပင် ရေဝေးသုသာန်၌ ပြုလုပ်နေသည်။

ယခုဖြစ်စဉ်တွင် ပြည်သူအများစုက ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးဌာန၊ မြို့နယ်လျှပ်စစ်ရုံးမှ တာဝန်ရှိသူများ၏ တာဝန်ယူမှုနှင့် တာဝန်ခံမှုအပေါ် မေးခွန်းထုတ်နေသည်။ အားလုံးနီးပါးက လျှပ်စစ်ဌာနတွင် တာဝန်ရှိပြီး သက်ဆိုင်သူကို အရေးယူစေလိုကြောင်း မှတ်ချက်ပေးကြသည်။ ထိုဖြစ်စဉ် သတင်းကို 7Day Daily ဝက်ဘ်ဆိုက်မှ ဖော်ပြရာ သတင်းဖတ်ပြီး 7Day ဖေ့စ်ဘွတ်ခ်တွင် မှတ်ချက်ပေးသူ တစ်ထောင်ကျော်ရှိပြီး အများစုက မီတာခတိုးကောက်ထားသော အစိုးရက ယခုကဲ့သို့ဖြစ်စဉ်တွင် တာဝန်ရှိသူကို အပြစ်ပေးသင့်ကြောင်း မှတ်ချက်

စာမျက်နှာ (၇) သို့




Penthouse နှင့် အဆင့်မြင့်ကွန်ဒိုတိုက်ခန်းများ ငှားရန်ရှိသည်

အလုံမြို့နယ်၊ နဂါးဆီကုန်းလမ်းရှိအသင့်ဆောက်လုပ်ပြီးသော Golden Rose Condominium တွင် အောက်ပါအခန်းများ ငှားရန်ရှိပါသည်

-ပထမထပ်နှင့် စတုတ္ထထပ်တွင်အကျယ်အဝန်း(SQFT 2089)၊ စတုရန်းပေ ၂၀၈၉ ရှိသော အဆင့်မြင့်အခန်းများ

-အကျယ်အဝန်း (SQFT 5949)၊စတုရန်းပေ ၅၉၄၉ ရှိ Penthouse B နှင့်

-အကျယ်အဝန်း (SQFT 6121)၊စတုရန်းပေ ၆၁၂၁ ရှိသော Penthouse A အခန်းများ

အခန်းတိုင်းတွင် ပါဝင်သော (Facilities ) များမှာ

-ပရိဘောဂအစုံ၊

-ပါကေးကြမ်းခင်း၊

-Air Con

-Telephone Line

- Internet Line

-24 Hours CCTV Security Services

-စက်ပစ္စည်းအပြည့်အစုံပါဝင်သော GYM ခန်းမ

-သန့်ရှင်းသပ်ရပ်လှပသော ရေကူးကန်

-500 KVA နှင့် 250 KVA Generator နှင့်လုံခြုံ 24 Hours မီးပေးစနစ်

ပါဝင်သော အဆင့်မြင့်အခန်းများ

ဆက်သွယ်စုံစမ်းရန် Ph: 09 7300 3889



စာမျက်နှာ (၆) မှ

# သမီးကောင်းတစ်ဦး ဆုံးရှုံးခြင်း

ပေးကြသည်။

"တာဝန်အရှိဆုံးကတော့ သက်ဆိုင်ရာမြို့နယ်က လျှပ်စစ်အဖွဲ့တွေပဲ။ ကိုယ့်မြို့နယ်အတွင်းမှာ ခဏခဏဖြစ်နေပြီဆို ကြိုးတွေ လဲပေးသင့်တယ်။ ပြတ်လိုက် ပြန်ဆက်လိုက်နဲ့ နောက်ဆုံးတော့ ပြည်သူတွေပဲ ဓားစာခံဖြစ်ရတယ်။ လူသေ (သို့မဟုတ်) ဒဏ်ရာရပြီးမှ အဲဒီကြိုးလဲလိမ့်မယ်။ တာဝန်ပေါ့ဆမှု၊ အလွဲသုံးစားမှု၊ လူသတ်မှု၊ ပြည်သူများ ထိတ်လန့်စေမှု၊ စာနာစိတ်ကင်းမဲ့မှု၊ ကြိုတင်ကြံစည်မှု စသည်စသည်များဖြင့် တရားစွဲသင့်တယ်"ဟု ကိုထွန်းထွန်းဆိုသူက မှတ်ချက်ပြုသည်။

အထက်ပါ ဖြစ်စဉ်ကဲ့သို့ ဓာတ်ကြိုးပြတ်ကျ၍ စားဝတ်နေရေးအတွက် ရုန်းကန်နေရသော ပြည်သူများမတော်တဆသေလျှင် တာဝန်ယူမည့်သူမရှိပါ။ ရေလှုံ့စဉ် သွားလာရင်း မြောင်းပေါက်ကျွံကြကာ ရေနစ်သေပါက စည်ပင်က တာဝန်ယူမည်မဟုတ်ပါ။

စစ်အစိုးရလက်ထက်မှ ဒီမိုကရေစီစနစ် ဖော်ဆောင်နေသော အရပ်သားအစိုးရ လက်ထက်သို့ ပြောင်းလဲလာသော်လည်း အစိုးရဌာနအဆင့်ဆင့်တွင် တာဝန်ယူမှု၊ တာဝန်ခံမှုကတော့ ယခင်ထက်များစွာ မပြောင်းလဲလာသေး။

မီးကြိုးပြတ်ကျသောကြောင့် သေဆုံးသွားသူနှစ်ဦးအတွက် ကမာရွတ်မြို့နယ် လျှပ်စစ်ဌာနက လိုအပ်သည်များ ဆောင်ရွက်ပေးရာတွင် နာရေးအတွက် ရေဝေးနှင့် ထိန်ပင်သုသာန်တို့ကို ပို့ပေးခြင်းနှင့် ရက်လည်ဆွမ်းကပ်ခြင်းတို့ကို သာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အခြားတာဝန်ယူမှုမရှိကြောင်း ဈေးသူဈေးသားအချို့က ပြောသည်။

"အဲဒီနေ့က မိုးအရမ်းရွာတယ်။ လေတိုက်တယ်။ ဓာတ်ကြိုးက လျော့နေတော့ အောက်က ခံထားတဲ့ သံဆန်ခါနဲ့ ထိပြီးတော့ ရှော့ခ်ဖြစ်တာပါ။ မတော်တဆမှုဖြစ်သွားတာပါ"ဟု ဓာတ်ကြိုးပြတ်ကျမှုနှင့် စပ်လျဉ်း၍ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ကမာရွတ်မြို့နယ်မှ အုပ်ချုပ်ရေးမှူး ဦးအောင်မိုးညိုက ပြောသည်။ သို့သော် အဆိုပါလျှပ်စစ်မီးကြိုးမှာ ရှော့ခ်ဖြစ်ပြီး လူများအပေါ်သို့ မီးပွားကျသည့်အတွက် ထွက်ပြေးရသည်ကို မကြာခဏ ကြုံတွေ့ရပြီး ယခုဖြစ်စဉ်မှာ မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ ပေါ့ဆမှုကြောင့်သာဖြစ်ကြောင်း ဈေးသူဈေးသားအချို့က ပြောသည်။

"အဲဒီ မီးကြိုးနဲ့ပတ်သက်ပြီး ရပ်ကွက်လူကြီးနဲ့ တာဝန်ရှိတဲ့လူတွေကို ပြောပေမယ့်လည်း ဘာမှထူးမလာဘူး။ တကယ်ဆိုရင် သေချာလုပ်ပေးသင့်တယ်။ ဒါက ပေါ့ဆမှုကြောင့် ဖြစ်သွားတာ။ အခုဆိုရင် ရပ်ကွက်ထဲကလူတွေက ဝိုင်ယာကြိုးဆိုရင် ကြောက်လန့်နေကြပြီ"ဟု ဖိနပ်ဆိုင်ပိုင်ရှင် ဒေါ်မေဘီက ဆိုသည်။

လျှပ်စစ်ဓာတ်ကြိုးများကို ကောင်းအောင်လုပ်ရမည့် တာဝန်မှာ ကမာရွတ်မြို့နယ် လျှပ်စစ်ဌာနတွင် တာဝန်ရှိပြီး ယခုကိစ္စမှာ တာဝန်ရှိသူ၏ ပေါ့ဆမှုကြောင့် လူသေမှုဖြစ်သောကြောင့် ပြစ်မှုဆိုင်ရာ ပုဒ်မ ၃၀၄(က)အရ ဥပဒေနှင့်အညီ အရေးယူမှု ပြုလုပ်နိုင်ကြောင်း တရားရုံးချုပ်ရှေ့နေ ဦးခင်ဇော် (မရမ်းကုန်း)က ပြောသည်။

"ကျွန်တော်က မြို့နယ်ဓာတ်အားပေးရေးအဖွဲ့က အုပ်ချုပ်ရေးမှူးဆိုတော့ မတော်တဆမှုပဲဖြစ်ဖြစ် တခြားတစ်ခုပဲဖြစ်ဖြစ် ဌာနက အရေးယူမယ်ဆိုရင် တာဝန်ရှိတဲ့ ကျွန်တော့်ကိုပဲ အရေးယူရမှာပါ"ဟု ဦးအောင်မိုးညိုက ယခုဖြစ်စဉ်နှင့် ပတ်သက်၍ ထပ်မံပြောကြားခဲ့သည်။

ယခုဖြစ်စဉ်အတွက် တာဝန်အရှိဆုံးမှာ သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အဖွဲ့ဖြစ်ပြီး လျှပ်စစ်ဝိုင်ယာရှော့ခ် မကြာခဏဖြစ်ပွားနေခြင်းကို ကြိုးအသစ်ပြန်လဲပေးရန် လိုအပ်ပြီး ယခုကိစ္စမှာ တာဝန်ရှိသူ၏ ပေါ့ဆမှုသာဖြစ်ကြောင်း လှိုင်မြို့နယ်အတွင်း၌ ဓာတ်ကြိုးပြတ်ကျ၍ အသက်မသေခဲ့သော အမျိုးသမီး၏ခင်ပွန်းကပြောသည်။

"ကျွန်တော့် အမျိုးသမီးတောင် ကံကောင်းလို့ အသက်မသေတာ။ အဲဒီတော့မှပဲ ခဏခဏပြတ်နေတဲ့ ဓာတ်ကြိုးကို လာပြီးတော့ လဲပေးတယ်။ တကယ်ဖြစ်ရင် ပြည်သူတွေပဲခံရမှာ။ သူတို့က အပြည့်အဝ တာဝန်ယူဖို့လိုတယ်"ဟု လှိုင်မြို့နယ်တွင် နေထိုင်သူတစ်ဦးက ပြောသည်။ ။



ပေငါးဆယ်လမ်းအတွင်း ဓာတ်ကြိုးများအား ပြန်လည်ပြင်ဆင်နေသည်ကို ဇွန် ၂၂ ရက်က တွေ့ရစဉ်

ဓာတ်ပုံ – နစ်ကီ



7 DAY NEWS JOURNAL
Vol.13, No.16 • JUNE 25 , 2014

အောင်သူရ၊ ပြည်သိမ်း

# ရင်းနှီးမြှုပ်နှံမှုကွက်ကျားမိုး ဘာကြောင့်ရွာ



*လယ်ယာလုပ်ငန်းခွင်ဝင်နေသူတစ်ဦး*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

သမ္မတဦးသိန်းစိန် ဦးဆောင်သော အစိုးရ သက်တမ်းသုံးနှစ်ကျော်အချိန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ကိုးဘီလီယံကျော် တိုးလာခဲ့သည်။ သို့သော် တိုးလာသောရင်းနှီးမြှုပ်နှံမှုအများစုမှာ ကုန်ထုတ်လုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်း ကဏ္ဍတို့တွင် ဖြစ်သည်။

မြန်မာနိုင်ငံ၏ လူဦးရေနှင့် အများဆုံးဆက်စပ်နေသောလယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင်မူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အနည်းငယ်သာ ဝင်ရောက်ခဲ့ပါသည်။ အထူးသဖြင့် စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများတွင် ပြည်ပရင်းနှီးမြှုပ်နှံမှု အလွန်နည်းပါးနေသည်။

ထိုကဲ့သို့ နည်းပါးနေခြင်းမှာ သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် မူဝါဒများချမှတ်ရာတွင် အများအကျိုးထက် မိမိတို့နှင့်ရင်းနှီးသော လုပ်ငန်းရှင်များအကျိုးကို ကာကွယ်ပေးနေ၍ ဖြစ်ကြောင်း သက်ဆိုင်ရာနယ်ပယ်မှ ကျွမ်းကျင်သူများက ဝေဖန်ထောက်ပြကြသည်။

အထူးသဖြင့် ကုန်သွယ်မှုနှင့် ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ရပ်တည်မှု မရှင်းမလင်းဖြစ်နေမှုများကို ခိုင်မာသောမူဝါဒတစ်ရပ်ချမှတ် ဖြေရှင်းရန် လိုနေပြီဖြစ်ကြောင်း ပညာရှင်အချို့က ဆိုသည်။

"ပြည်တွင်းက လုပ်ငန်းရှင်တွေ ကာကွယ်ဖို့ဆိုပြီး လူနည်းစုမျက်နှာကြည့်ပြီး ကုန်သွယ်ခွင့် (Permit to Trade)ကို ခွင့်မပြုရင် ဘယ်နိုင်ငံခြားကုမ္ပဏီကမှ စက်ရုံက ထုတ်တာကို လွတ်လွတ်လပ်လပ် ကုန်သွယ်ရောင်းဝယ်လို့မရဘဲ နိုင်ငံတစ်နိုင်ငံမှာ လာရောက်မရင်းနှီးဘူး"ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ပြောသည်။

စိုက်ပျိုးရေးကိုအခြေခံသော စက်မှုထုတ်ကုန်များနှင့် မွေးမြူရေးနှင့် ပတ်သက်သော ထုတ်ကုန်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား ကုန်သွယ်ခွင့်အား ခွင့်မပြုထားပေ။

ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဖြစ်လာသောကြောင့် ပြည်ထောင်စုဝန်ကြီးအနေဖြင့် ကုန်သည်စက်မှုအသင်း လုပ်ငန်းရှင်များကို အားနာ၍ကုန်သွယ်ခွင့်ပြုရန် ကန့်သတ်ထားခြင်းဖြစ်နိုင်ကြောင်းပညာရှင်အချို့က ဝေဖန်ကြသည်။

"စီးပွားရေးကဏ္ဍမှာ အချို့ဟာတွေကို ခပ်မာမာပဲ တားထားတယ်။ ပြည်တွင်းက လုပ်ငန်းရှင်တွေကို ကာကွယ်ပေးလိုတဲ့အတွက်တားဆီးထားတာပါ"ဟုပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ကလည်း ပြောသည်။

ဦးဝင်းမြင့် တာဝန်ယူသည့် သုံးနှစ်တာ ကာလအတွင်း ပြည်တွင်း လုပ်ငန်းများအတွက် ကုန်သွယ်ရေးနှင့် ပတ်သက်၍ အခက်အခဲများစွာကို ဖြေလျှော့မှုများ ဆောင်ရွက်ပေးခဲ့သည်။ သို့သော် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်ရန်အတွက်မူ အဓိကကျသော ဖြေလျှော့မှုများ မပေးသေးပေ။ ထိုအထဲတွင် ကုန်သွယ်ခွင့်သည် အဓိကအချက်ဖြစ်သည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် နိုင်ငံခြားရင်းနှီးသူများအား ကုန်သွယ်ခွင့်ပြုခြင်းကို ပြည်တွင်းလုပ်ငန်းရှင်အချို့က ကန့်ကွက်သဖြင့် တားမြစ်ထားရခြင်းဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးတိုးအောင်မြင့်ကဆိုသည်။

သို့သော် ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်ခွင့်ပြုရန် ဆောင်ရွက်နေပြီးယခုနှစ်အတွင်းစိုက်ပျိုးရေးကို အခြေခံသည့် ထုတ်ကုန်များကို ခွင့်ပြုရန် စတင်ပြင်ဆင်နေပြီဖြစ်ကြောင်း ဦးတိုးအောင်မြင့်က ပြောပါသည်။

ကမ္ဘာ့ကုန်သွယ်မှုဇဟိုဌာန (WTO)၏ မူဝါဒတွင်လည်း ကုန်သွယ်ခွင့်ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား ခွင့်ပြုပေးထားသည်။

ယခင်က မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအား ကုန်သွယ်ခွင့်ကို ခွင့်ပြုခဲ့သော်လည်းလွန်ခဲ့သည့်၁၀ နှစ်ခန့်မှစ၍ ပြည်တွင်းလုပ်ငန်းရှင်များ အကျိုးငှာ ကန့်သတ်ခဲ့ခြင်း ဖြစ်သည်။

သို့သော် သမ္မတဦးသိန်းစိန် လက်ထက်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြုပြင်ပြောင်းလဲရေးများ လုပ်ခဲ့သည်။

အစိုးရအနေဖြင့် ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်ပြီး စီးပွားရေးတိုးတက်အောင် လုပ်မည်ဟု ပြောဆိုခဲ့သည်။ အရပ်သားမှ ဝန်ကြီးဖြစ်လာသော စီးပွားကူးသန်းဝန်ကြီး အနေဖြင့်လည်း ကုန်သွယ်မှုတိုးတက်စေရန် ပြုပြင်ပြောင်းလဲမှုများ လုပ်ခဲ့သည်။

သို့သော် တိုင်းပြည်၏ ၆၀ ရာခိုင်နှုန်းသော ပြည်သူများနှင့် ဆက်စပ်နေသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မဝင်ရောက်နိုင်ရန်အတွက် ကုန်သွယ်ခွင့် ကန့်သတ်ထားသဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ မဝင်ရောက်နိုင်ဘဲ ဖြစ်နေသည်။

ကမ္ဘာ့ဘဏ်က ၂၀၁၃ ခုနှစ်တွင် ထုတ်ပြန်သည့် Doing Business အစီရင်ခံစာတွင် ကမ္ဘာပေါ်ရှိ စီးပွားရေးလုပ်ကိုင်ရန် ခက်ခဲသော နိုင်ငံပေါင်း ၁၈၅ နိုင်ငံတွင် မြန်မာနိုင်ငံမှာ အဆင့်(၁၈၁)တွင် ရှိသည်ဟု ဖော်ပြထားသည်။

လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသော ထုတ်ကုန်ပစ္စည်းများမှ ပြည်ပနိုင်ငံများသို့ ကုန်ကြမ်းအဆင့်သာ တင်ပို့နေကြရသည်။ ထို့အပြင် နှစ်စဉ်ကုန်သွယ်မှု ပမာဏတွင်လည်း ပို့ကုန်ထက် သွင်းကုန်ပမာဏ များနေပြီး ကုန်သွယ်မှုပမာဏတွင် ကန်ဒေါ်လာ နှစ်ဘီလီယံခန့် လိုငွေပြနေသည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားအရန်ငွေမှာ ခုနစ်ဘီလီယံသာရှိသည်ဟု အစိုးရက တရားဝင်ထုတ်ပြန်ထားသဖြင့် ထိုကဲ့သို့ နှစ်စဉ်လိုငွေပြနေပါက ထိုအရန်ငွေမှာ နောက်သုံးနှစ်ခန့်တွင် ကုန်သွားမည်ဖြစ်သည်။

စိုက်ပျိုးရေးနိုင်ငံဟု ကြွေးကြော်ထားပြီး စိုက်ပျိုးရေးအတွက် ရေမြေရာသီဥတု အခြေခံကောင်းများ ရှိသော်လည်း စိုက်ပျိုးရေးနှင့် ပတ်သက်သော ထုတ်ကုန်များ မထုတ်လုပ်နိုင်သဖြင့် နှစ်စဉ် အမေရိကန်ဒေါ်လာ သန်းနှင့်ချီ တန်ဖိုးရှိသောပစ္စည်းများ ပြည်ပမှ တင်သွင်းရသည်။

ပြည်တွင်းဈေးကွက်တွင် စားသုံးဆီနှင့် သကြား မဖူလုံသဖြင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော်တန်ဖိုးခန့် ပြည်ပမှ တင်သွင်းနေရသည်။

"FDI မရှိရင် မွန်၊ ကရင်ကရော ဘာလုပ်ငန်းတွေ ဘယ်လိုလုပ်တိုးတက်မှာလဲ။ ရခိုင်ပြည်နယ်မှာ အစေ့ထုတ်ပြောင်း စိုက်တာတို့ ကြံ၊ နေကြာ စတာတွေကို ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ပြီး ကုန်သွယ်ရောင်းဝယ်နိုင်ရင် အများကြီး အကျိုးရှိမှာ"ဟု ပြည်တွင်းလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

သို့သော်လည်း ထိုကဲ့သို့ မလုပ်ဆောင်နိုင်သဖြင့် ပြည်နယ်များနှင့် စိုက်ပျိုးရေးကို အခြေခံသော တိုင်းဒေသကြီးများတွင် အလုပ်အကိုင် အခွင့်အလမ်းများ မဖန်တီးနိုင်ဘဲ ဦးသိန်းစိန်အစိုးရ၏ သုံးနှစ်ကာလ စီးပွားရေးပြုပြင်ပြောင်းလဲမှုမှာ ပြည်နယ်များတွင် တိုးတက်မှုနည်းပါးနေခဲ့သည်။

ထို့အပြင် ဦးသိန်းစိန်အစိုးရလက်ထက်တွင် ရာထူးတိုးမြှင့်ခြင်းခံရသော အဆင့်မြင့်ဝန်ထမ်းများမှာလည်း လုပ်ငန်းရှင်များအား မလွန်ဆန်နိုင်သည်များ ရှိကြောင်းလည်း သတင်းရရှိသည်။

"ဒီအစိုးရလက်ထက်မှာ ဖြစ်လာတဲ့ ညွှန်ချုပ်တို့၊ ဒုညွှန်ချုပ်တို့ဆိုတာ သူတို့အရာရှိငယ်ဘဝတုန်းက စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ မကင်းကြဘူးလေ။ ဒါကြောင့် တချို့ ကိစ္စတွေမှာ သူတို့အနေနဲ့ လုပ်ဖို့ ကိုင်ဖို့ ခက်နေတာတွေရှိတယ်"ဟုလည်း လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ထို့ကြောင့်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ လွှတ်တော်မှ ပြဋ္ဌာန်းလိုက်သော ဥပဒေများအားနည်းဥပဒေပြဋ္ဌာန်းရန် လွှတ်တော်မှ သတ်မှတ်ထားသော ရက်ပေါင်း ၉၀ ကျော်လွန်၍ အချိန်ဆိုင်းထားခဲ့သည်။ တောင်သူလယ်သမားအကျိုး ကာကွယ်ရေးနှင့် ပတ်သက်သော ဥပဒေကို လွှတ်တော်မှ ပြဋ္ဌာန်းခဲ့သည်မှာ တစ်နှစ်ကျော်ရှိပြီဖြစ်သော်လည်း ယခုအချိန်ထိ နည်းဥပဒေ မထွက်လာဘဲ အလားတူ ဖြစ်ရပ်များစွာ ရှိနေသည်။


"နိုင်ငံတော်သမ္မတကြီးက အားကြိုးမာန်တက် လုပ်ချင်ပေမယ့် ဝန်ကြီးဌာနရဲ့ ခေါင်းဆောင်အဖြစ် တာဝန်ယူထားတဲ့ လူတွေက မျက်ကွယ်ပြုထားတာ မကောင်းဘူး"ဟု စီးပွားရေးပညာရှင် ဦးလှမောင်ကဆိုသည်။

ထိုကဲ့သို့ လူနည်းစုလုပ်ငန်းရှင်များအကျိုး အကာအကွယ်ပေးနေသည်မှာ အစိုးရအဖွဲ့ ဝန်ကြီးများသာ မဟုတ်ပေ။ စီးပွားရေးလုပ်ငန်းရှင်တစ်ပိုင်း လွှတ်တော်အမတ်များကလည်း ပြည်တွင်းလုပ်ငန်းရှင်များအကျိုး ကာကွယ်ရန်ဟု ကြွေးကြော်ကာ မိမိတို့လုပ်ငန်းများအား ကာကွယ်သည့် ဥပဒေများ ပြဋ္ဌာန်းခဲ့ကြသည်။

ဆန်စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ၊ နှစ်ရှည်သီးနှံ ဟင်းသီးဟင်းရွက် အပါအဝင် လယ်ယာထွက်ကုန်များကို ပြည်တွင်းတွင် များများထုတ်ပြီး ပြည်ပသို့ ရောင်းချနိုင်မှသာ ကျေးလက်ဒေသ စီးပွားရေးလုပ်ငန်းများ ဒေသအသီးသီးတွင် ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း ဦးရဲမင်းအောင်က ဆိုသည်။

"စိုက်ပျိုးရေးနိုင်ငံလို့ ကြွေးကြော်ပြီး ပြည်ပကနေ သကြားလိုဟာမျိုးတောင် တင်သွင်းနေရတာ အတော်ခံရခက်တယ်"ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက မှတ်ချက်ပြုသည်။ ။

# လေသင်တုန်းရောဂါခံစားနေရသည့် အမျိုးသမီး ကိုယ်တိုင်ရိုက် ဗီဒီယိုအကူအညီဖြင့် ဆေးကုသခွင့်ရ



**တိုရန်တို၊ ဇွန်- ၁၈**

ကိုယ်တိုင်ရိုက်ဓာတ်ပုံ၊ ဗီဒီယိုများသည် လူသားမျိုးနွယ်သေဆုံးမှုကို အချက်ပြနိုင်ဖွယ်ရှိသည်။ သို့သော်ကိုယ်တိုင်ရိုက်ဗီဒီယိုကြောင့် ကနေဒါအမျိုးသမီးတစ်ဦး လေသင်တုန်းဖြတ်ခြင်း အန္တရာယ်မှ ချမ်းသာရာရခဲ့သည်။

ကနေဒါနိုင်ငံ တိုရန်တိုမြို့နေ အသက် (၄၉)နှစ်အရွယ်ရှိ စတက်စီယီပက်စ်ဆိုသူ အမျိုးသမီးသည် လေသင်တုန်းဖြတ်သည့် ရောဂါလက္ခဏာများကို ခံစားရ၍ အရေးပေါ်ဌာနသို့ သွားပြခဲ့သော်လည်း ဆရာဝန်များက စိတ်ဖိစီးမှုကြောင့်ဖြစ်သည်ဟု ရောဂါအမည်များ တပ်ခဲ့ကြသည်။ နောက်တစ်နေ့တွင်စတက်စီယီယက်စ်သည်ကားမောင်းနေချိန်၌ ခန္ဓာကိုယ်ဘယ်ဘက်အခြမ်းထုံကျင်သည်ကို ထပ်မံခံစား၍ ကားမောင်းရပ်ခဲ့ပြီး ၎င်း၏ မိုဘိုင်းဖုန်းဖြင့် လေသင်တုန်းဖြတ်သည်ကို မှတ်တမ်းတင် ဗီဒီယိုရိုက်ခဲ့သည်။

စတက်စီယီပက်စ်သည် ကိုယ့်ကိုယ်ကိုယ် ဗီဒီယိုရိုက်၍ မှတ်တမ်းတင်ခဲ့ပြီးနောက် ယမန်နေ့က ပြသခဲ့သော ဆရာဝန်များအား ၎င်း၏ ဗီဒီယိုကိုသွားရောက်ပြသခဲ့ရာ စတက်စီယီပက်စ်မှာ အသေးစားလေသင်တုန်းဖြတ်ခြင်းဝေဒနာကို ခံစားနေရသည်ဟု ဆရာဝန်များက အတည်ပြုပေးခဲ့သည်။

"ကျွန်မဘာဖြစ်နေတယ်ဆိုတာတစ်ယောက်ယောက်ကိုအတိအကျပြနိုင်ရင် သူတို့တွေ ပိုနားလည်သွားလိမ့်မယ်လို့ တွေးတောခဲ့ပြီး ကိုယ့်ကိုယ်ကိုယ် ဗီဒီယိုရိုက်ခဲ့တာပါ"ဟု စတက်စီယီပက်စ်က CBC သတင်းသို့ ပြောသည်။

သို့ရာတွင် "ဗီဒီယိုရိုက်ကူးမှုမှာ အချိန်မဖြုန်းပါနဲ့။ လေသင်တုန်းဖြတ်တယ်လို့ ခံစားရရင်၊ သံသယရှိနေရင် အရေးပေါ်ဌာနကိုသာ ချက်ချင်းဆက်သွယ်ပါ"ဟု ကမ္ဘာ့လေသင်တုန်းရောဂါကာကွယ်ရေးအဖွဲ့မှ ဒေါက်တာ မာ့ခ်ကူးကက်တီက ပြောသည်။

ယင်းကို မစ္စစ်စတက်စီက လည်း သဘောတူကြောင်း ပြောကြားပြီး အရေးပေါ်ဌာနသို့ ဖုန်းဆက်ပြီးမှသာ မိမိကိုယ်ကိုယ် ဗီဒီယိုရိုက်ပါဟု အကြံပေးသည်။

—*Ref: UPI*

# ထန်းတပင်တီဘီဆေးရုံကို ထွေ/ကုအဖြစ် အဆင့်မြှင့်ပြီးသော်လည်း ဆရာဝန်အခက်အခဲရှိနေဆဲဖြစ်

**ရဲနိုင်**

**ရန်ကုန်၊**

**ဇွန်-၂၂**

ထန်းတစ်ပင်တီဘီကုဆေးရုံကြီးကို အထွေထွေရောဂါကုဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်ထားသော်လည်း ဆရာဝန်မရရှိခြင်းနှင့် ဆေးဝါးအခက်အခဲများကြောင့် ဆေးကုသပေးနိုင်ခြင်းမရှိသေးကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

"ကျန်းမာရေးဝန်ကြီးဌာနကိုလည်း ဆရာဝန်တောင်းထားတာအခုထိမရသေးဘူး။ ဆေးရုံမှာ တပ်ဆင်ဖို့နဲ့ ဆေးပစ္စည်းတွေက တင်ဒါခေါ်ယူထားပြီး ရွေးချယ်ဖို့ ကျန်နေသေးတယ်။ ဒါကြောင့် ကြန့်ကြာနေတာပါ"ဟု ယင်းဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးယုလွင်အောင်ကပြောသည်။

ပြင်ပလူနာများကိုမူ ဇူလိုင်လဆန်းတွင် စတင်ကုသပေးနိုင်မည်ဖြစ်ပြီး အတွင်းလူနာများကို အထက်ပါလိုအပ်ချက်များပြည့်စုံမှာ လက်ခံကုသပေးနိုင်မည်ဖြစ်ကြောင်း ဦးယုလွင်အောင်ကပြောသည်။ ထိုကဲ့သို့ ကုသပေးနိုင်ရန်အတွက် နောက်အကျဆုံးအချိန်သုံးလသတ်မှတ်ထားပြီးအမြန်ဆုံးကုသပေးနိုင်ရန်အတွက် ဆရာဝန်ရရှိရန် ကျန်းမာရေးဝန်ကြီးဌာနကို အမြန်ဆုံးတောင်းဆိုသွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

အဆင့်မြှင့်တင်ထားသော အထွေထွေရောဂါကုဆေးရုံကြီးတွင် ခွဲစိတ်ခန်းများ၊ မွေးခန်းများ ပါထည့်သွင်းထားပြီး အခြားအထွေထွေရောဂါကုအဆောင်များကိုလည်း ထပ်မံတိုးချဲ့ဆောက်လုပ်ထားသည်။ အလုပ်သမားအင်အားများသော ရွှေပြည်သာနှင့် လှိုင်သာယာရှိ လူမှုဖူလုံရေး အာမခံအလုပ်သမားများအတွက် ဖွင့်လှစ်ခြင်းဖြစ်သည်။

"ဆေးရုံတွေကို အဆင့်မြှင့်တင်တာကောင်းပါတယ်။ ဒါပေမဲ့ အလုပ်သမားတွေ အများဆုံးသွားတဲ့ မြို့နယ်က လူမှုဖူလုံရေးဆေးခန်းတွေကို အရင်ပြည့်စုံအောင် လုပ်ပေးစေချင်တယ်"ဟု လှိုင်သာယာမှ အလုပ်သမားတစ်ဦးကပြောသည်။

ထန်းတပင်တီဘီရောဂါကုဆေးရုံကြီးသည် ခုတင် ၁၀၀ ဆံ့ဆေးရုံဖြစ်ပြီး လက်ရှိတွင်ဝန်ထမ်းအင်အားစုစုပေါင်း ၅၀ ရှိကြောင်း သတင်းရရှိသည်။




7 DAY NEWS JOURNAL
Vol.13, No.16 • JUNE 25 , 2014

# ကလေးငယ်များကို မယ်လမင်းပစ္စည်းဖြင့် ကျွေးမွေးပါက ဆိုးကျိုးကို ဂရုပြုသင့်

**ယမင်း**

**ရန်ကုန်၊ ဇွန်-၂၁**

ကလေးသူငယ်များအား မယ်လမင်းအသုံးအဆောင်ပန်းကန်ခွက်ယောက်များဖြင့် ကျွေးမွေးလျှင် ကျန်းမာရေးအရ ဆိုးကျိုးများစွာဖြစ်ပေါ်နိုင်သောကြောင့် ဂရုပြုဆင်ခြင်သင့်ကြောင်း ဆေးပညာအသိုင်းအဝိုင်းထံမှ အကြံပြုပြောဆိုကြသည်။

“နိုင်ငံတကာမှာဆိုရင်နို့စို့ကလေးတွေနဲ့ကလေးသူငယ်တွေကိုကျွေးမွေးတဲ့အခါမှာ မယ်လမင်းခွက်တွေနဲ့ မကျွေးမွေးရဘူးဆိုပြီး ကန့်သတ်ချက်တွေရှိတယ်။ကော်စေးတွေကိုအသုံးပြုထားလို့ အန္တရာယ်ရှိတယ်ဗျ။ဒါကြောင့်ကလေးတွေအနေနဲ့ မသုံးစွဲဖို့ အကြံပြုလိုပါတယ်”ဟု လှိုင်သာယာမြို့နယ်မှ ဒေါက်တာမောင်မောင်ကဆိုသည်။

နို့စို့အရွယ်ကလေးငယ်များ အဆိပ်အတောက်ဖြစ်စေနိုင်သော မယ်လမင်းပါဝင်နှုန်း အဆင့်(2500ppb)ရှိလျှင် ကလေးသူငယ်များ အန္တရာယ်ဖြစ်စေနိုင်ပြီး အက်ဆစ်သဘာဝ(ချဉ်) ရှိသောအစားအစာများကိုအပူချိန် ၁၆၀ ဒီဂရီဖာရင်ဟိုက်အထက်တွင်မယ်လမင်းပစ္စည်းများနှင့်ထိ တွေ့စေပါက ပလတ်စတစ်မှ မယ်လမင်းပမာဏပိုမိုထွက်လာ၍ အစားအသောက်ထဲသို့ ထိတွေ့ဝင်ရောက်စေနိုင်သည်။

မယ်လမင်း(ဖိုက်ဘာ)ပစ္စည်းများသည် အပူနှင့်ထိတွေ့လျှင် ဓာတ်ပြု၍ ကျောက်ကပ်ပျက်ဆီးခြင်းနှင့်ကင်ဆာရောဂါများကိုဖြစ်ပွားစေနိုင်သည့်အပြင် ကျောက်ကပ်အားနည်းသူများ၊ ကျောက်ကပ်၌ကျောက်တည်နေသူများသုံးစွဲပါကကျန်းမာရေးဆိုးကျိုးများစွာဖြစ်ပေါ်စေနိုင်သည်။

မယ်လမင်းအဆိပ်သင့်လက္ခဏာများမှာ စိတ်တိုလွယ်ခြင်း၊အသားအရေယားယံစေခြင်း၊ ဆီးထဲတွင် သွေးပါခြင်း၊ ဆီးနည်းခြင်း၊ ဆီးမသွားခြင်း၊ ကျောက်ကပ်တွင် ပိုးဝင်ခြင်းအပြင် သွေးဖိအားတက်ခြင်းများဖြစ်စေနိုင်ကြောင်းသိရသည်။



ထို့ကြောင့်ပူနွေးသောအစားအစာ၊ သောက်စရာများထည့်၍ မယ်လမင်းခွက်များသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း၊ မိုက်ခရိုဝေ့ဖ်မီးဖိုများ၌ မယ်လမင်းသုံးစွဲခြင်းတို့မှ ရှောင်ကြဉ်ရမည်ဖြစ်ပြီး Micro Wave–safe အသုံးအဆောင်မျိုးကိုသာ အသုံးပြုသင့်သည်ဟု မြောက်ဒဂုံမြို့နယ်ရှိ အထွေထွေရောဂါကုဆရာဝန် ဒေါက်တာအောင်က အကြံပြုပြောဆိုသည်။

မယ်လမင်းအသုံးအဆောင်များသည် ၁၉၅၀ခုနှစ်မှစ၍ ဈေးကွက်တွင်းဝင်ရောက်လာခဲ့ပြီး ရောင်စုံဒီဇိုင်းများပြားခြင်း၊ သုံးစွဲရာ၌ လေးလံမှုမရှိဘဲ ပေါ့ပါးခြင်းတို့အပြင် လွတ်ကျသော်လည်း မကွဲနိုင်ခြင်းတို့ကြောင့် ယခုခေတ်တွင် ပို၍ သုံးစွဲသူများပြားလာခဲ့ခြင်းဖြစ်သည်။

ယူအက်စ်(US) အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန(FDA)၏အဆိုအရ မယ်လမင်းအသုံးအဆောင်များ၌ မယ်လမင်း–ဖော်မယ်ဒီဟိုက်ကော်စေးကိုပါဝင်အသုံးပြုထားသည်ဟုဆိုကြောင်း အင်တာနက်စာမျက်နှာများတွင် ဖော်ပြထားသည်။






# တစ်ခါသုံးဖော့ဘူးများ အသုံးများလာခြင်းက ကင်ဆာရောဂါပိုမိုဖြစ်ပွားနိုင်

**ယမင်း**

**ရန်ကုန်၊ ဇွန်-၂၁**

တစ်ခါသုံးဖော့ဘူးများအားသုံးစွဲမှုများလာခြင်းကြောင့် ကင်ဆာရောဂါများပိုမိုဖြစ်ပွားလာနိုင်သည်ဟု ဆေးပညာအသိုင်းအဝန်းမှ ဆရာဝန်ကြီးအချို့မှ သုံးသပ်ပြောဆိုကြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ၂၀၁၂ခုနှစ် အစီရင်ခံစာအရ မြန်မာနိုင်ငံသည် ကမ္ဘာ့ကင်ဆာရောဂါအဖြစ်အများဆုံးနိုင်ငံ ၁၀ နိုင်ငံထဲတွင် နံပါတ် ၂နေရာ၌ရှိနေပြီးကင်ဆာရောဂါဖြစ်စေနိုင်သည့် အကြောင်းအရင်းများထဲ၌ ပါဆယ်ထုပ်ပိုးသည့် ကြွပ်ကြွပ်အိတ်အမျိုးမျိုးနှင့် ဖော့ဘူးများလည်းပါဝင်နေကြောင်းဖော်ပြထားသည်။

“ထမင်းဆိုင်တို့ ဒံပေါက်ဆိုင်တို့ စားသောက်ဆိုင်တွေမှာ အသုံးပြုတဲ့ တစ်ခါသုံးဖော့ဘူးတွေမှာ စတိုင်းရင်းဓာတ်တွေပါတယ်။အဲဒီဓာတ်က ကင်ဆာဖြစ်ပွားစေနိုင်တဲ့ အတွက်အရမ်းကြောက်စရာကောင်းတယ်။ ပြီးတော့လည်း အစားအသောက်တွေထည့်တဲ့နေရာမှာ အသုံးပြုကြတယ်ဆိုတော့ ဖော့ဘူးနဲ့ အပူနဲ့ ထိတွေ့ပါများလေ ကျန်းမာရေးဆိုးကျိုးအများကြီးဖြစ်နိုင်လေပဲ”ဟု လှိုင်မြို့နယ်မှအထွေထွေရောဂါကုဆရာဝန်တစ်ဦးကပြောသည်။

အဆိုပါဖော့ဘူးများ၌ပါဝင်သော စတိုင်းရင်း(Styrene)ဟုသည့် ဓာတုပစ္စည်းအမျိုးအစားသည် အပူဓာတ်နှင့်အပူပါဝင်သော အစားအစာများ၊ ဆီများနှင့် ထိတွေ့ပါက လျင်မြန်စွာဓာတ်ပြုပြီး ၎င်းအစားအစာများထဲသို့ ပျော်ဝင်သွားသည်။ ၎င်းအစားအစာကို စားသုံးမိပါက အူလမ်းကြောင်းတစ်လျှောက်ရောဂါများနှင့်ကင်ဆာရောဂါများဖြစ်ပွားစေနိုင်သည့်အပြင် ထိခိုက်ပျက်စီးစေကာ ဇီဇအပြောင်းအလဲကို ဖြစ်ပေါ်စေနိုင်ကြောင်းသိရသည်။

“အေးတဲ့အစားအသောက်ဆိုရင်တော့ ဘာမှအရေးမကြီးဘူး။ နဂိုအစားအစာပူတာကိုမှအဲဒီအပူချိန်ကြောင့်ဖော့မှာရှိတဲ့ ကမ်မီကယ်တွေက အသားထဲကိုစိမ့်ဝင်ပြီး ဘေးထွက်ဆိုးကျိုးတွေဖြစ်နိုင်တယ်။ ဒါကြောင့် ပူပူနွေးနွေးအစားအသောက်တွေကို ကြွပ်ကြွပ်အိတ်တို့ ဖော့ဘူးတို့နဲ့ မထုပ်တာအကောင်းဆုံးပါပဲ”ဟု ရန်ကင်းမြို့နယ်ရှိအထွေထွေရောဂါအထူးကုဆရာဝန်ကြီးဒေါက်တာစိုးမင်းကအကြံပြုပြောဆိုသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ အဆိုပါစတိုင်းရင်းဓာတုပစ္စည်းကို (2B)ပလတ်စတစ်အုပ်စုဝင်ဟုဆိုကာ ကင်ဆာရောဂါဖြစ်စေသည်ဟု အတည်ပြုထားသည်။

Regional
7DAY NEWS JOURNAL
Vol.13, No.16 • JUNE 25 , 2014

# နာဂဒေသတွင် ဆိုလာချပ်ပေါင်း ၂,၈၀၀ ကျော် အခမဲ့တပ်ဆင်ပေးမည်

**နန်းအောင်**

**ရန်ကုန်**- ၂၀၁၄–၁၅ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းဦးစီးဌာနမှ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့နယ်သုံးမြို့နယ်ရှိ ကျေးရွာပေါင်း ၂၉ ရွာအတွက် ဆိုလာချပ်ပေါင်း ၂,၈၀၀ ကျော် အခမဲ့တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံးမှ သတင်းရရှိသည်။

ဆိုလာချပ်ပေါင်း ၂,၈၀၀ ကျော်ကို နာဂမြို့နယ်သုံးမြို့နယ်ဖြစ်သည့် လေရှီးမြို့ရှိ ကျေးရွာ ၁၀ ရွာတွင် ဆိုလာချပ် ၅၉၂ ချပ်၊ လဟယ်မြို့နယ်ရှိ ကျေးရွာ ၁၀ ရွာတွင် ၁,၁၇၁ ချပ်၊ နန်းယွန်းမြို့နယ်ရှိ ကျေးရွာ ကိုးရွာတွင် ၁,၁၁၇ ချပ်ကိုအခမဲ့တပ်ဆင်ပေးသွားမည်ဟု သတင်းရရှိသည်။

"ကျေးရွာ အိမ်ခြေတွေပေါ်မူတည်ပြီးတော့ တပ်ဆင်ပေးသွားမှာပါ။ တပ်ဆင်ပေးတာကတော့ ကျွန်တော်တို့က ကုမ္ပဏီတွေကို တင်ဒါခေါ်ပြီးတော့ တင်ဒါအောင်တဲ့ကုမ္ပဏီကနေ အခမဲ့တပ်ဆင်ပေးသွားမှာပါ"ဟု ဒေသဦးစီးအဖွဲ့ရုံးမှ အတွင်းရေးမှူးဦးတင့်နိုင်ဦးက ပြောသည်။



*နာဂဒေသမှ တစ်နေ့တာအတွက် လုပ်ငန်းခွင်ဝင်နေသော တိုင်းရင်းသားအမျိုးသမီးနှင့် ကလေးငယ်များ*

ဓာတ်ပုံ – ကျင်းဆောင်

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကျေးလက်မီးလင်းရေးအတွက် ဆိုလာလျှပ်စစ်မီးများကို ၂၀၁၃–၁၄ ခုနှစ်တွင် စတင်တပ်ဆင်ပေးခဲ့ပြီး လဟယ်မြို့နယ်တွင် ၁၈ ဒသမ ၅၅ ရာခိုင်နှုန်း၊ လေရှီးမြို့နယ်တွင် ၂၈ ဒသမ ၅၇ ရာခိုင် နှုန်း၊ နန်းယွန်းမြို့နယ်တွင် ၂၇ ဒသမ ၃၅ ရာခိုင်နှုန်း လျှပ်စစ်မီးရရှိကြောင်း သတင်းရရှိသည်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး ဖွံ့ဖြိုးမှု အနိမ့်ဆုံးဖြစ်သည့် နာဂဒေသတွင် ကျေးရွာပေါင်း ၃၀၀ ကျော်၊ အိမ်ခြေပေါင်း ၂၀,၀၀၀ ကျော်ရှိပြီး ၂၅ ရာခိုင်နှုန်းသာ မီးရရှိသည်။

# သီပေါသံတံတားပောင်းထိပ်တွင် တွေ့ရှိခဲ့သော နင်းမိုင်းနှစ်လုံးမဖယ်ရှားရသေး

**ကံသာ**

**လားရှိုး** - သီပေါမြို့၊ ပန်းတိမ်တောင်ရပ်ကွက်၊ သီပေါသံတံတားပောင်းအနောက်မြောက်ဘက်ထိပ်တွင် ဧပြီ ၁၄ ရက်က တွေ့ရှိခဲ့သော နင်းမိုင်းနှစ်လုံးကို ယခုအချိန်ထိ ဖယ်ရှားပေးခြင်းမရှိသေးကြောင်း သီပေါမြို့ဒေသခံများထံမှ သတင်းရရှိသည်။

နင်းမိုင်းနှစ်လုံးမှာ ယခင်အစိုးရလက်ထက် သံတံတားလုံခြုံရေး တာဝန်ထမ်းဆောင်ခဲ့သော သီပေါအခြေစိုက် ခလရ (၂၃)တပ်ရင်းက တံတားလုံခြုံရန် တံတားအနီးတစ်ဝိုက်တွင် မြှုပ်နှံခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

"အရင်သံတံတားတုန်းက မြို့ရဲ့ ဒီဘက်အခြမ်းသံတံတားထိပ်မှာ ခလရ(၂၃)တပ်က ကင်းစောင့်တယ်။ မြို့အထွက်ဘက်ပိုင်းကျတော့ ရဲတပ်ဖွဲ့က ကင်းစောင့်တယ်။ သံတံတားလုံခြုံရေးအတွက် စစ်တပ်က ဝါးချွန်တွေနဲ့ စည်းလုပ်ပြီး မိုင်းတွေမြှုပ်ခဲ့တာရှိတယ်။ တပ်တွေပြန်ရုပ်သွားတော့ မိုင်းတွေဖော်တဲ့အချိန်မှာ ဒီမိုင်းနှစ်လုံးက ကျန်နေတာဖြစ်မယ်" ဟု သံတံတားထိပ်အနီးနေထိုင်သူတစ်ဦးက ပြောသည်။

တွေ့ရှိသော မိုင်းအမျိုးအစားမှာ တပ်မတော်သုံး ပဖန (၁) အမျိုးအစားဖြစ်ပြီး အချင်းလုံးပတ် ၅ လက်မခန့်၊ အရှည် ၆ လက်မခန့်ရှိသည့် နင်းမိုင်းအမျိုးအစားဖြစ်ကာ သံချေးတက်နေပြီဖြစ်သည်။

"ဒေသခံတွေ မစိုးရိမ်ရအောင် ရဲတပ်ဖွဲ့ကနေ မိုင်းကိုစောင့်ဖို့ လုံခြုံရေးအစောင့် နှစ်ယောက် ပုံမှန်ထားပေးထားတယ်။ မိုင်းကိုတော့ ခလရ(၂၃)တပ်က ဌာနချုပ်တပ်ခွဲမှူး ဗိုလ်ကြီးသန်းဇော်မင်းနဲ့အဖွဲ့ကလာပြီး စစ်ဆေးသွားတယ်။ ပြီးတော့ လားရှိုးက ဘီအိုးတပ်ကို သတင်းပို့ထားပေးတယ်လို့ပြောပါတယ်။ ကျွန်တော်တို့လည်း အကြိမ်ကြိမ်တင်ပြပေးထားပါတယ်"ဟု သီပေါ မြို့မရဲစခန်းမှ ဒုရဲမှူးက ပြောသည်။

အဆိုပါ မိုင်းနှစ်လုံးကို ဖီးလ်ဟိုတယ်က ဒုဋ္ဌဝတီမြစ် သံတံတားအနီးဟိုတယ်အတွက် မြေထိန်းနံရံတည်ဆောက်ရန် မြေတူးဖော်စဉ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.13, No.16 • JUNE 25 , 2014

# ရေးတွင် တည်ဆောက်မည့် ကျောက်မီးသွေး ဓာတ်အားပေး စက်ရုံစီမံကိန်း မွန်အမျိုးသားပါတီကန့်ကွက်စာတင်မည်

**နန်းအောင်**

**ရန်ကုန်၊ ဇွန်- ၂၁**

မွန်ပြည်နယ်၊ ရေးမြို့နယ်ရှိ အံဒင်းကျေးရွာ အနီးတွင် Toyo Thai ကုမ္ပဏီမှ ဆောက်လုပ်ရန် စီစဉ်နေသည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းကို မွန်အမျိုးသားပါတီက ကန့်ကွက်စာ တင်သွားမည်ဟုသတင်းရရှိသည်။

ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံစီမံကိန်းကြောင့် ဒေသခံများဆိုးကျိုးအန္တရာယ်များနှင့်ကြုံတွေ့နိုင်သည့်အခြေအနေများရှိနေခြင်း၊ သဘာဝပတ်ဝန်းကျင်များ ထိခိုက်ပျက်စီးသွားနိုင်ခြင်းတို့ကြောင့် မွန်အမျိုးသားပါတီအနေဖြင့်လည်း ကန့်ကွက်စာတင်သွားမည်ဟု ပါတီ ဒုဥက္ကဋ္ဌ နိုင်တင်အောင်က ပြောကြားသည်။

"ကျွန်တော်တို့ မကြာမီ ဗဟိုကော်မတီအစည်းအဝေးထိုင်ပြီးတော့ ကော်မတီရဲ့ ဆုံးဖြတ်ချက်နဲ့ စာတင်သွားဖို့ရှိပါတယ်။ သမ္မတအဆင့်ထိ တင်သင့်ရင်လည်း တင်သွားမယ်။ ဘယ်လိုတင်သွားမယ်ဆိုတာကတော့ ဗဟိုကော်မတီကနေ ဆုံးဖြတ်သွားမယ်"ဟု နိုင်တင်အောင်ကပြောသည်။

ကျောက်မီးသွေးဓာတ်အားပေးစက်ရုံစီမံကိန်းနှင့်ပတ်သက်၍စက်ရုံတည်ဆောက်မည့်နေရာသို့ ဇွန်လ ၁၅ ရက်တွင် မွန်အမျိုးသားပါတီ MNP၊ ကိုဌေးကြွယ်နှင့် ၈၈ မျိုးဆက်ပွင့်လင်းလူ့အဖွဲ့အစည်း၊ EITI အဖွဲ့တို့က သွားရောက်လေ့လာကာ ဒေသခံများနှင့်တွေ့ဆုံ၍ ဒေသခံများ၏ သဘောထားဆန္ဒများ ရယူခဲ့ကြောင်း သိရသည်။

"ဒီစီမံကိန်းက အန္တရာယ်သိပ်များတယ်။ စက်ရုံသာဖြစ်သွားမယ်ဆိုရင် ဒီဒေသခံတွေအတွက် ဆိုးကျိုးတွေအများကြီးဖြစ်လာနိုင်တယ်။ လူတွေရဲ့ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သဘာဝပတ်ဝန်းကျင်တွေလည်း ထိခိုက်နိုင်၊ ဆုံးရှုံးနိုင်တယ်"ဟုလည်း ၎င်းက ဆိုသည်။

ယင်းစီမံကိန်း ရပ်ဆိုင်းရေးအတွက် မွန်အမျိုးသားပါတီနှင့်အတူ ၈၈ မျိုးဆက်ပွင့်လင်းလူ့အဖွဲ့အစည်းတို့ ပူးပေါင်းလုပ်ဆောင်သွားမည်ဟု သိရသည်။ ထို့အပြင် ဒေသခံလူမှုအဖွဲ့အစည်းများ၊ မွန်လူငယ်ကွန်ရက်အဖွဲ့များနှင့် ရဟန်းသံဃာများကလည်း ယင်းစီမံကိန်းကို ရပ်ဆိုင်းသည်အထိ ကန့်ကွက်သွားမည်ဟု သိရသည်။

အဆိုပါ ကျောက်မီးသွေးဓာတ်အားပေးသုံးစက်ရုံစီမံကိန်းသည် Toyo Thai ကုမ္ပဏီက မဂ္ဂါဝပ် ၁၂၈၀ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန်အတွက် စီမံကိန်းအားအကောင်အထည်ဖော်သွားရန်စီစဉ်နေခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ် မတ်လတွင် ပြည်နယ်အစိုးရနှင့် ပဏာမအကြိုလေ့လာဆန်းစစ်မှုအဆင့်ပြုလုပ်ရန် သဘောတူညီထားပြီးဖြစ်ကြောင်းသတင်းရရှိသည်။

ယင်းစီမံကိန်းအား ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပြည်နယ်အစိုးရနှင့် သဘောတူညီချက်စာချုပ် (MOA) လက်မှတ်ရေးထိုးမှုပြုလုပ်သွားရန်နှင့် ပထမအဆင့်အနေဖြင့် ၂၀၁၆ ခုနှစ်တွင် ၆၄၀ မဂ္ဂါဝပ် ထုတ်လုပ်သွားမည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် ၂၀၁၈ ခုနှစ်တွင် ၆၄၀ မဂ္ဂါဝပ် ထုတ်လုပ်ရန် စီစဉ်ထားသည်ဟု သတင်းရရှိသည်။

# သိန်းဖေမြင့် နှစ်တစ်ရာပြည့် အထိမ်းအမှတ် ရုပ်တုနှင့် စာကြည့်တိုက် ဖွင့်ပွဲပြုလုပ်မည်

**မျိုးမင်းဦး**


**မုံရွာ၊ ဇွန်- ၂၁**

စာရေးဆရာ၊ သတင်းစာဆရာ ဦးသိန်းဖေမြင့်၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ် ပုံတူရုပ်တုနှင့် စာကြည့်တိုက်ဖွင့်ပွဲကို ဘုတလင်မြို့၊ မဟာဗန္ဓုလရပ်ကွက်၊ ရန်အောင်မြင်မြတ်စွာဘုရားလမ်းရှိ မြတ်သဒ္ဓါလူမှုကူညီရေးရုံးတွင် ဇူလိုင် ၁၀ ရက် နံနက်၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

စာရေးဆရာ၊ သတင်းစာဆရာ ဦးသိန်းဖေမြင့်အား ၁၉၁၄ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် ဘုတလင်မြို့၌ မွေးဖွားခဲ့သဖြင့် ၂၀၁၄ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် ဦးသိန်းဖေမြင့် နှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲတော်ကို ဘုတလင်မြို့၌ ကျင်းပပြုလုပ်ခြင်း ဖြစ်သည်။

နှစ်တစ်ရာပြည့်ပွဲတွင် ဘုတလင်မြို့ပေါ်မှ ပင့်သံဃာဆယ်ပါးအား ဆွမ်းကပ်လှူခြင်း၊ ရန်အောင်မြင့်မြတ်စွာဘုရား ပရဝဏ်အတွင်း အလျားပေ ၄၀× အနံပေ ၂၀ ရှိအာရ်စီအုတ်ညှပ်တစ်ထပ် ဆွမ်းစားဆောင်သစ်လှူဒါန်းခြင်း၊ ဦးသိန်းဖေမြင့်ပုံတူရုပ်တုဖွင့်ပွဲနှင့် မြတ်သဒ္ဓါလူမှုကူညီရေးအသင်းရုံးရှိ သိန်းဖေမြင့်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားများ ကျင်းပသွားမည်။ "ဦးသိန်းဖေမြင့် နှစ်တစ်ရာပြည့်ပွဲတော်ကို စာရေးဆရာတွေနဲ့ စာပေဟောပြောပွဲကျင်းပဖို့ စီစဉ်ထားပါတယ်။ ဦးသိန်းဖေမြင့်မိသားစုတွေနဲ့စာပေဟောပြောပွဲကိစ္စ ဆွေးနွေးနေဆဲဖြစ်ပါတယ်"ဟုဦးသိန်းဖေမြင့်နှစ်တစ်ရာပြည့် ပွဲတော်ဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင် မြတ်သဒ္ဓါလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ကိုမြတ်မင်းကျော်က ပြောသည်။

သိန်းဖေမြင့် စာကြည့်တိုက်တွင် ဦးသိန်းဖေမြင့် ရေးသားပြုစုခဲ့သောစာအုပ်များသာမကဦးသိန်းဖေမြင့်၏ပုံတူရုပ်တု၊ လက်ရေးစာမူများ၊ အသုံးအဆောင်နှင့် ဆုလက်မှတ်များ၊ဓာတ်ပုံများကို သမိုင်းပြတိုက်သဖွယ် ပြသသွားမည်ဖြစ်သည်။ အဆိုပါ စာကြည့်တိုက်တွင် သုတရသစာအုပ်တစ်ထောင်ကျော်ကို ဖတ်ရှုလေ့လာနိုင်ရန် စီစဉ်ထားရှိမည် ဖြစ်သည်။

7DAY NEWS JOURNAL
Vol.13, No.16 • JUNE 25 , 2014



*ချိတ်ပိတ်ခံထားရသော မဟာသန္တိသုခကျောင်းတိုက်ကို တွေ့ရစဉ်*   ဓာတ်ပုံ – နစ်ကီ

# မဟာသန္တိသုခပိုင်ဆိုင်မှု အရှုပ်တော်ပုံ

**မင်းဟိန်းကျော်၊ ငြိမ်းချမ်း၊ ထွန်းခိုင်**

ပိုင်ဆိုင်မှုအတွက် လပေါင်းများစွာ အငြင်းပွားနေခဲ့သည့် ရန်ကုန်မြို့၊ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်အတွင်းရှိ မဟာသန္တိသုခကျောင်းတော်ကြီးနှင့် ပတ်သက်သည့် ပြဿနာများ အဆုံးသတ်ရေးအတွက် သံဃာများနှင့် ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် အဖွဲ့တစ်ဖွဲ့က ဇွန်လ ၁၀ ရက် ညပိုင်းတွင် လှုပ်ရှားမှုတစ်ခုပြုလုပ်ခဲ့သည်။

သို့သော်ထိုသို့ပြဿနာများအဆုံးသတ်ရေးအတွက် ကြိုးပမ်းမှုသည် နောင်ဖြစ်လာမည့် ပြဿနာများ၏ အစတစ်ခု ဖြစ်လာခဲ့သည်။ ညဥ့်သန်းခေါင်ယံ အချိန်တွင် ကျောင်းတိုက်ကိုချိပ်ပိတ်ခဲ့ပြီး သီတင်းသုံးနေသည့် သံဃာတော်အချို့ကို လူဝတ်လဲ ထိန်းသိမ်းလိုက်သည့် လုပ်ရပ်သည် နိုင်ငံအတွင်းရှိ ဗုဒ္ဓဘာသာဝင်များအတွက် အံ့ဩထိတ်လန့်စရာကိစ္စဖြစ်ခဲ့သည်။

ထိုမှစ၍ ပြဿနာများသည် မီးခိုးကြွက်လျှောက် ဖြစ်ပွားခဲ့ပြီး နောက်ဆုံးတွင် သမ္မတဦးသိန်းစိန်က သူ၏ အစိုးရအဖွဲ့အတွင်းမှ သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်အား ရာထူးမှ ဖြုတ်ချကာ ထိန်းသိမ်းလိုက်သည်။

မဟာသန္တိသုခကျောင်းတော်ကြီးနှင့် ပတ်သက်၍ ပါဝင်ပတ်သက်နေသူများအကြားပြောကြားချက်များက ကွဲလွဲလျက်ရှိသည်။

သံဃာတော်များ၊ အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိများ၊ နိုင်ငံတွင်း လူသိများသည့် သူများ၏ ကျောင်းတော်ကြီးနှင့် ပတ်သက်၍ ပြောကြားမှုများသည် ကွဲလွဲနေပြီး မည်သူက အမှန်ကို ဖုံးကွယ်ထားသလဲဆိုသည့်အချက်သည် စိတ်ဝင်စားစရာကောင်းသည့်အချက်ပင်ဖြစ်သည်။

ကျောင်းတော်ကြီးကို ဝင်ရောက်ချိပ်ပိတ်ခြင်းမပြုမီ တစ်လခန့်အလိုတွင် မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC)မှ ဦးညိုအုန်းမြင့်အား မဟာသန္တိသုခကျောင်းတော်ကြီးသို့ သမ္မတက စေလွှတ်ခဲ့ပြီး ဦးသိန်းစိန်က ပီနန်ဆရာတော်ကြီးထံ အေးချမ်းစွာ သီတင်းသုံး နေထိုင်နိုင်ကြောင်း သတင်းစကားပါးခဲ့ကြောင်း ထိုစဉ်က ပီနန်ဆရာတော်နှင့် အတူရှိနေသည့် သံဃာတော်အချို့က မိန့်ကြားသည်။

"ပီနန် ဆရာတော်ကြီးကို ကျောင်းက မထွက်ရင် အင်အားသုံးဖယ်ရှားမယ်ဆိုပြီး စာပို့တာဟာ မသင့်လျော်ဘူးဆိုတာ ရှင်းပြနေတုန်း MPC က ဦးညိုအုန်းမြင့်ဆိုတဲ့ ဒကာရောက်လာပြီး သမ္မတကြီးရဲ့ မေတ္တာရပ်ခံချက်နဲ့ သီတင်းသုံးနေထိုင်နိုင်ပါတယ်ဆိုပြီး လာလျှောက်တယ်"ဟု ထိုစဉ်က ပီနန်ဆရာတော်နှင့်အတူ ရှိနေသည့် ရွှေဝါရောင် ပညာဒါနကျောင်းမှ ဆရာတော်ဘဒ္ဒန္တပဏ္ဍာဝံသ(ပြည်ကျော်)ကမိန့်သည်။

အေးချမ်းစွာ သီတင်းသုံးနေထိုင်ရန် သမ္မတထံမှ သတင်းစကားလာပို့သည့် ဦးညိုအုန်းမြင့် ပြန်သွားပြီး တစ်လခန့်အကြာတွင်တော့မဟာသန္တိသုခကျောင်းလည်း ချိပ်ပိတ်ခံခဲ့ရပြီး ကျောင်းနေသံဃာတော်များလည်းလူဝတ်လဲကာ ထိန်းသိမ်းခံလိုက်ရတော့သည်။

သို့သော်လည်း သမ္မတ၏ ပြောရေးဆိုခွင့် ရှိသူကတော့ ဦးညိုအုန်းမြင့်အား သမ္မတက စေလွှတ်ခဲ့သည်ဆိုသည့် သတင်းကို ငြင်းဆိုခဲ့ပြန်သည်။ ကာယကံရှင် ဦးညိုအုန်းမြင့်ကလည်း အဆိုပါသတင်းများနှင့် ပတ်သက်ပြီး နှုတ်ဆိတ်နေခဲ့သည်။ ဦးညိုအုန်းမြင့်ထံ 7 Day က ဖေ့စ်ဘွတ်လူမှု ကွန်ရက်မှ တစ်ဆင့်ဆက်သွယ်ခဲ့သော်လည်း ပြန်လည်ဖြေကြားခဲ့ခြင်း မရှိခဲ့ပေ။

ကျောင်းတိုက်ကို ဝင်ရောက်စီးနင်းခဲ့အပြီး နောက်တစ်ရက်အကြာတွင် ပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲတွင်လည်း တာဝန်ခံ ရှင်းလင်းသည့် ဦးအုံ့မောင်၏ ရာထူးနှင့် ပတ်သက်ပြီးလည်း အငြင်းပွားလျက်ရှိသည်။ အဆိုပါသတင်းစာရှင်းလင်းပွဲတွင် ဦးအုံ့မောင်က ၎င်းသည် နိုင်ငံတော်သမ္မတရုံး၏ အကြံပေးပုဂ္ဂိုလ်ဟု ဆိုခဲ့သည်။ သို့သော်လည်း ဦးအုံ့မောင်သည် သမ္မတ၏ အကြံပေး မဟုတ်ကြောင်း သမ္မတရုံးက တုံ့ပြန်ခဲ့ပြန်သည်။ သမ္မတ ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်က ဦးအုံ့မောင်မှာ သမ္မတအကြံပေး မဟုတ်ဘဲ သမ္မတရုံးအကြံပေး တစ်ဦးသာဖြစ်သည်ဆိုသည်။ ယခုဆောင်းပါးရေးနေစဉ်တွင် ဦးအုံ့မောင်ကို သက်ဆိုင်ရာက ခေါ်ယူစစ်ဆေးကြောင်း သတင်းများထွက်ပေါ်နေချိန်ဖြစ်သည်။

ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး အငြင်းပွားနေခဲ့သည့် နှစ်ဖက်အကြားတွင်လည်း ရှုပ်ထွေးမှုများဖြစ်ပွားနေပြီး ကိုယ်စီကိုယ်စီအကြောင်းပြချက်များခိုင်ခိုင်လုံလုံရှိနေခဲ့သည်။

ပိုင်ဆိုင်မှု အငြင်းပွားနေသော တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်ရှိမဟာသန္တိသုခကျောင်းတော်ကြီးကိစ္စရပ်နှင့် ပတ်သက်၍ လေ့လာစုံစမ်းမှုပြုလုပ်ခဲ့ရာတွင် ပိုင်ဆိုင်မှု အထောက်အထားဖြစ်သော မြေဂရန်အမည်ပေါက်စာရင်းတွင်ပင် ကွဲလွဲမှုများ ဖြစ်ပေါ်ကာ အငြင်းပွားနေကြောင်း တွေ့ရှိရသည်။

ပြည်ပနိုင်ငံများတွင် နှစ်ပေါင်း ၃၀ ခန့်သွားရောက်သီတင်းသုံး သာသနာပြုနေသော ပီနန်ဆရာတော်ကြီး ဦးပညာဝံသသည် ဘွဲ့တံဆိပ်တော်ခံယူရန် ၁၉၉၄ တွင် မြန်မာနိုင်ငံသို့ ပြန်လည်ကြွရောက်လာခဲ့သည်။ ထိုသို့ ကြွရောက်လာချိန် ဆရာတော်ကြီး မြန်မာနိုင်ငံ၌ သီတင်းသုံးနေထိုင်ရန်တပည့်ဒါယကာများကကျောင်းဆောက်လုပ်လှူဒါန်းလိုကြောင်း ဆရာတော်ကြီးအားလျှောက်ထားခဲ့သည်။

ဆရာတော်ကြီးက မိမိအနေဖြင့် ကျောင်းမလိုဘဲ ပြည်ပသာသနာပြုရဟန်းတော်များ မွေးထုတ်ရန်သင်တန်းကျောင်းတစ်ကျောင်းသာလိုအပ်သည်ဟု မိန့်ကြားသဖြင့် မဟာသန္တိသုခ ကျောင်းပေါ်ထွန်းလာစေရန် ဆောင်ရွက်ခဲ့ရသည်ကိုဗိုလ်မှူးကြီးစောမြင့်(ငြိမ်း) က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မြင့်ဆွေထံ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ရက်စွဲဖြင့် ပေးပို့သည့် စာတွင် ဖော်ပြထားသည်။

"ဘုန်းကြီးနာမည်နဲ့ ဂရန်ပေးထားတာရှိပါတယ်။ စင်ကာပူ ပီနန်ကျောင်းလို့ ပေးထားတော့ ဆရာတော်ပဲပေါ့။ စင်ကာပူပီနန်ဆရာတော်ကျောင်းလို့ ပေးထားတော့ ဒီတစ်ပါးတည်းရှိတာလေ။ ဆရာတော်နှစ်ပါး ရှိရင်တော့ ဟုတ်တာပေါ့" ဟု ဂျပန်နိုင်ငံသို့ ရောက်ရှိနေသည့်ပီနန်ဆရာတော်ကြီးက မိန့်ကြားသည်။

အဆိုပါကျောင်း မြေဂရန်ပိုင်ဆိုင်မှုကို နှစ်ဖက်စလုံးက ပိုင်ဆိုင်သည်ဟု ပြောဆိုနေကြသော်လည်းအဆိုပါကျောင်းမြေပိုင်ဆိုင်မှုဂရန်အမည်ပေါက်တွင် ဦးပညာဝံသနာမည်ဖြင့် ရေးထိုးထားခြင်း မဟုတ်ဘဲ မဟာသန္တိသုခ(စင်ကာပူ ပီနန်ကျောင်းတိုက်) အမည်ပေါက်ဖြင့် ဗိုလ်မှူးကြီး စောမြင့်(ငြိမ်း)က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

"ဒီလိုဂရန်တွေမှာ ကျောင်းတိုက်အမည်ပေါက်ဆိုရင် ပုဂ္ဂလိက တစ်စုံတစ်ဦးနဲ့ မဆိုင်ဘူး။ ကျောင်းနဲ့ပဲ ဆိုင်တယ်။ အုပ်ချုပ်သူ ဘုန်းကြီးနဲ့ မဆိုင်ဘူး" ဟု တရားလွှတ်တော်ရှေ့နေတစ်ဦးဖြစ်သူ ဦးခင်ဇော်(မရမ်းကုန်း) က ပြောသည်။

မြေငှားဂရန်စာချုပ်ကို လေ့လာရာတွင် မြေပုံဂရန်နှစ်ခုရှိနေပြီး ၁၉၉၅ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၀၀ ပြည့်နှစ်တွင် တစ်ကြိမ် ထုတ်ပေးခဲ့သည်။ ပထမအကြိမ် ထုတ်ပေးသည့် ဂရန်တွင် အမည်ပေါက်အဖြစ် စင်ကာပူ ပီနန်ကျောင်းအဖြစ် ရေးသွင်းခဲ့ပြီး ဒုတိယအကြိမ် ထုတ်ပေးသည့်ဂရန်တွင် မဟာသန္တိသုခစင်ကာပူပီနန်ကျောင်းဟူ၍ ရေးသွင်းခဲ့သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မြေငှားစာချုပ်ကို ၁၉၉၅ အောက်တိုဘာ ၃၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်ပေးခဲ့ပြီး ကျောင်းတိုက်တည်ရှိရာလက်ရှိမြေနေရာ နှစ်ကေအား စင်ကာပူပီနန်ကျောင်းတိုက်အမည်ပေါက်ဖြင့်ပေးအပ်ထားကာအငှားစာချုပ်ရသူလက်မှတ်ရေးထိုးရမည့်နေရာတွင် တိပိဋကနိကာယသာသနာပြုဥပဌာက ပြည်ပသာသနာပြုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)မှလက်မှတ်ရေးထိုးရယူခဲ့ကြောင်း အဆိုပါ ဂရန်တွင် ဖော်ပြထားသည်။

ဖော်ပြပါ မြေနေရာပေါ်တွင်မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးကို ၁၉၉၉ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီးနောက် တိုးချဲ့တည်ဆောက်မည့် သိမ်ကျောင်းနေရာအတွက် တိုးချဲ့မြေရိယာအပါအဝင် မြေနှစ်ကေကျော်ကို ၂၀၀၀ ပြည့်နှစ်တွင် အမည်ပေါက်အဖြစ် မဟာသန္တိသုခ (စင်ကာပူ ပီနန်ကျောင်းတိုက်) အမည်ပေါက်ဖြင့် ပေးအပ်ခဲ့ပြီး အငှားစာချုပ်ရသူနေရာတွင် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုစင်ကာပူပီနန်ကျောင်းတော်ကြီးဥပဌာကအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)ကပင် လက်မှတ်ရေးထိုးရယူခဲ့သည်။

ထိုကဲ့သို့ဆောင်ရွက်ရာတွင် ဆရာတော်ကြီးတည်ဆောက်လိုသောကျောင်းမှာ ထိုခေတ်ကာလ တန်ဖိုးအရ လွန်စွာမြင့်မားလှသဖြင့် တည်ဆောက်နိုင်ခြင်း မရှိသောကြောင့် မိမိအနေဖြင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ အကူအညီတောင်းခံဆောင်ရွက်ခဲ့သဖြင့် ၁၉၉၆ ခုနှစ်တွင် ကျောင်းတော်ကြီးကို အများပြည်သူစုပေါင်း လှူဒါန်းငွေဖြင့် ဆောက်လုပ်ခဲ့ရာ သုံးနှစ်အတွင်း ပြီးစီးအောင်မြင်ခဲ့သဖြင့် သံဃိကရေစက်ချလှူဒါန်းမှုပြုခဲ့ကြောင်း အထက်ပါစာတွင် ရေးသားဖော်ပြထားသည်။

**စာမျက်နှာ(၁၄) သို့**

7 DAY NEWS JOURNAL
Vol.13, No.16 ▪ JUNE 25 , 2014

စာမျက်နှာ(၁၃) မှ

## မဟာသန္တိသုခပိုင်ဆိုင်မှု အရှုပ်တော်ပုံ

"၂၀၀၄ ခုနှစ်ကျတော့ ဦးခင်ညွန့်က ဘုန်းကြီးဆီစာရေးတယ်။ ဒီကျောင်းဟာ အရှင်ဘုရားမရှိလို့ အုပ်ချုပ်ရေးအဆင်မပြေလို့ သံဃနာယကကို ခဏတစ်ဖြုတ် အပ်ထားတာပါတဲ့။ ပြီးတော့ အစိုးရ အနေနဲ့လည်း အပြီးသိမ်းတာ မဟုတ်ပါဘူးတဲ့"ဟု ပီနန်ဆရာတော်ကြီးက မိန့်ကြားသည်။

ထိုကျောင်းတိုက်ကြီးတည်ဆောက်စဉ် ၁၉၉၆ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ကာလပေါက်ဈေးကျပ်သိန်းပေါင်း ၈၅၀၀ ခန့်ကုန်ကျခဲ့ပြီး ပီနန်ဆရာတော် ဦးပညာဝံသနှင့် အလှူရှင်များလှူဒါန်းငွေမှာ သိန်းတစ်ထောင်ရှိခဲ့သည်။ ဝန်ကြီးဌာနအချို့၊ အများပြည်သူလှူဒါန်းမှုနှင့် အေးရှားဝေါလ်ကုမ္ပဏီတို့မှ လှူဒါန်းငွေမှာ သိန်း ၅၅၀၀ ရှိခဲ့သော်လည်း လောက်ငမှုမရှိသဖြင့် စည်ပင်ဘဏ်မှ သိန်းပေါင်းနှစ်ထောင်ချေးယူဆောက်လုပ်ခဲ့ရသဖြင့် ကျောင်းတိုက်ကြီးပြီးစီးချိန်တွင် သိန်းနှစ်ထောင်အကြွေးတင်ကျန်ရှိခဲ့ကြောင်း သာသနာရေးဝန်ကြီးဌာနမှ စာရင်းများတွင် ဖော်ပြထားသည်။

"ဒီကုန်ကျငွေအပေါ် တချို့တွေက သံသယရှိတယ်။ ဒါပေမဲ့ ဒီကျောင်းတိုက်ဟာ အဲဒီတုန်းက အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်ကော်မတီဥက္ကဋ္ဌအနေနဲ့ စီမံပြီး နိုင်ငံတော်က တည်ဆောက်ခဲ့တဲ့ကျောင်းဖြစ်တဲ့အတွက် ဒီစာရင်းအရ ကုန်ကျမှုတွေဟာ အစိုးရကပဲ တာဝန်ယူ ဆောင်ရွက်ခဲ့ရတာဖြစ်ပါတယ်"ဟု သာသနာရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးကဆိုသည်။

''အလှူငွေတွေကလည်း ဘုန်းကြီးလှူတာဆိုရင် ဘယ်သူကပဲလှူလှူ အတူတူပဲလေ။ ခုမှ ဒါတွေလာပြီးခဲ့နေတာလား"ဟု ပီနန်ဆရာတော်ကြီးက မိန့်သည်။

ကျောင်းတိုက်၏ စီမံခန့်ခွဲမှုလျော့ရဲလာသဖြင့် စနစ်တကျရှိစေရန် ၂၀၀၂ ခုနှစ် အောက်တိုဘာ ၈ ရက် ရက်စွဲဖြင့် ကျောင်းတော်ကြီး၏ ဩဝါဒစရိယဆရာတော်ကြီးများအဖွဲ့ကို ဖွဲ့စည်းကာ နိုဝင်ဘာလတွင် အတွင်းရေးမှူး (၁)ကနိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ ကျောင်းတော်ကြီး၏ အုပ်ချုပ်၊ စီမံကိစ္စရပ်များနှင့် ပတ် သက်၍ လျှောက်ထားမှုပြုခဲ့သည်။

"ဒီကျောင်းကြီးကိုနိုင်ငံတော်အစိုးရကိုယ်တိုင်က သံဃမဟာနာယကအဖွဲ့ကို လွှဲအပ်လှူဒါန်းပြီးသားဖြစ်ပါတယ်။ အစိုးရလည်း ဒါကို အမွေသိမ်းခဲ့သလို မဟာနကလည်း အမွေအလှူခံခဲ့တာမဟုတ်ပါဘူး။ဒါဟာသံဃိကကျောင်းဖြစ်ပါတယ်။ သံဃိကပစ္စည်းကို ပုဂ္ဂလိက လုပ်ရင် ပါရာဇိက အာပတ်သင့်တဲ့အထိ ဒဏ်ထိပါတယ်" ဟု သံဃမဟာနာကအဖွဲ့မှ ဆရာတော်တစ်ပါးက မိန့်ကြားသည်။

ထိုကဲ့သို့ သံဃိက လှူဒါန်းထားသော ကျောင်းကို ပီနန်ဆရာတော်ကြီး၏ တပည့်ဖြစ်သူ ဦးဉာဏုတ္တရနှင့် အဖွဲ့ဝင်ရောက်နေထိုင်နေသဖြင့် ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၅ ရက် ရက်စွဲဖြင့် ထုတ်ပြန်သော မဟာနဆုံးဖြတ်ချက်အရ ကျောင်းတိုက်မှ ထွက်ခွာသွားရန် ဆုံးဖြတ်ချက်ကြောင့် ဖေဖော်ဝါရီ ၂၈ ရက် တွင် ကျောင်းတိုက်မှ ထွက်ခွာသွားခဲ့ကြောင်း မဟာန၏ မှတ်တမ်းများတွင် ဖော်ပြထားသည်။

"၂၀၀၄ ခုနှစ်ကျတော့ ဗိုလ်ချုပ်ကြီးခင်ညွန့်က ဘုန်းကြီးကို စာ ပေးတယ်။ ဒီကျောင်းက အရှင်ဘုရားမရှိတဲ့အခါ အုပ်ချုပ်ဖို့ အဆင်မပြေတဲ့အတွက် သံဃနာယကို အပ်ထားတာပါတဲ့။ အဲဒီအချိန်မှာလည်းပဲ ဘုန်းကြီးရဲ့ တပည့်တွေနဲ့ ဘုန်းကြီးရဲ့ ဆရာတော်ကြီး အသက် (၉၆) နှစ်ရှိတဲ့ ဆရာတော်ကြီးကို အခုလိုပဲ နှင်ချခဲ့တယ်"ဟု ပီနန်ဆရာတော်က ပြည်ပသတင်းဌာနတစ်ခုနှင့် အင်တာဗျူးတွင် ထည့်သွင်းမိန့်ကြားသည်။

အဆိုပါကိစ္စရပ်များဖြစ်ပွားခဲ့ပြီးနောက် ပီနန်ဆရာတော်ကြီးအနေဖြင့် ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ကြွရောက်လာခဲ့ကာ သန္တိသုခကျောင်းတွင် ဆရာတော်တစ်ပါးတည်းကိုသာ အာဂန္တုပုဂ္ဂိုလ်အဖြစ် နေထိုင်ခွင့်ပြုခဲ့ကြောင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဆဋ္ဌမအကြိမ်အစည်းအဝေးမှ ဆုံးဖြတ်မှုပြုခဲ့သည်။

ဆရာတော်ကြီး ပြန်လည်ရောက်ရှိပြီး မကြာမီကာလဖြစ်သော ၂၀၁၃ ခုနှစ် မတ်လတွင် ဆရာတော်ကြီး၏ ဒါယကာတစ်ဦးဖြစ်သူ စာရေးဆရာ ချစ်စံဝင်းက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးထံ လိပ်မူ၍ လျှောက်ထားတောင်းဆိုခဲ့သည်။အဆိုပါကျောင်းတိုက်ပြန်လည်ရရှိလိုမှုအပေါ် နိုင်ငံတော်သမ္မတ၊ သာသနာရေးပြည်ထောင်စုဝန်ကြီးတို့ထံသို့အကြောင်းကြားစာပေးပို့ခဲ့သော်လည်း သံဃာကိစ္စဖြစ်သဖြင့် နိုင်ငံ တော်သံဃမဟာနာယကအဖွဲ့၏ ဆုံးဖြတ်ချက်ကိုသာ ခံယူပါရန် အကြောင်းပြန်ခဲ့သည်။

၎င်းကိစ္စရပ်ကို ၂၀၁၃ ခုနှစ် မတ်လ ၁၇ ရက်တွင် ပြုလုပ်သော မဟာန ၄၇ ပါးစုံညီအစည်းအဝေးက နိုင်ငံတော်အကြီးအကဲများ အနေဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အား ရေစက်ချလှူဒါန်းပြီးဖြစ်၍ ပေးခွင့်မရှိကြောင်း ဆုံးဖြတ်ချက်ချခဲ့သည်။

ထိုကဲ့သို့ ပိုင်ဆိုင်ခွင့်ဝိဝါဒအငြင်းပွားမှုများ ဖြစ်ပွားလာသဖြင့် မဟာနမှ ညွှန်ကြားစာလေးစောင်ထုတ်ပြန်ကာ ပီနန်ဆရာတော်ကြီး အပါအဝင် ကျောင်းတိုက်သို့ ဝင်ရောက်နေထိုင်သူများကို ကျောင်းတိုက်မှ ထွက်ခွာပေးရမည်ဖြစ်ကြောင်း ညွှန်ကြားစာများထုတ်ပြန်ခဲ့သည်။

"ဘုန်းကြီးအနေနဲ့က ညွှန်ကြားလွှာ လေးစောင်အထိ ထုတ်ပြီးအသိပေးခဲ့တယ်။ ဒီနှစ်ဇန်နဝါရီလကတည်းကစပြီး ထုတ်တာ။ ဧပြီလ ၃၁ ရက်က နောက်ဆုံးထားပြီး လေးစောင်မြောက်ကို ပို့ခဲ့တယ်။ ဒါပေမဲ့ ကျောင်းတိုက်က ဖယ်ရှားမပေးဘူး"ဟု မဟာနမှ ဆရာတော်တစ်ပါးက မိန့်ကြားသည်။

ထိုကဲ့သို့ ကိစ္စရပ်များဖြစ်ပွားခဲ့ပြီးနောက် ယခုလ ၁၀ ရက်ညတွင် သက်ဆိုင်ရာအာဏာပိုင်များက ကျောင်းတိုက်အတွင်းရှိ သံဃာများ၊ လူပုဂ္ဂိုလ်များကို ခေါ်ဆောင်ကာ ကျောင်းတိုက်ကို ချိပ်ပိတ်ခဲ့သည်။

အဆိုပါဖြစ်ရပ်နှင့် ပတ်သက်၍ ပီနန်ဆရာတော်ကြီးက "ဘုန်းကြီးက ဘာမှ အာဏာမရှိတော့ လုပ်နေလည်းအပိုပဲ။အာဏာရှိတဲ့သူတွေ ယူပါစေ။ ဒီကျောင်းတိုက်ကြီး ပြန်ရအောင် ဘာမှမလုပ်တော့ပါဘူး"ဟု မိန့်ဆိုသည်။

ပိုင်ဆိုင်မှု အငြင်းပွားနေသည့် မဟာသန္တိသုခအရေးကိုင်တွယ်မှုနှင့် ပတ်သက်ပြီး သာသနာရေးဝန်ကြီးကိုပင် အစိုးရအဖွဲ့အတွင်းမှ ထုတ်ပယ်ကာ အကျဉ်းချခဲ့သည်။

သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်က ဦးဆန်းဆင့်အား အရေးယူခဲ့ခြင်းသည် သန္တိသုခကိစ္စကလည်း အကြောင်းတစ်ခုပါဝင်ခဲ့ပြီး ဝန်ကြီးသည် သမ္မတ၏ မှာကြားချက်များကို ကျော်လွန်လုပ်ဆောင်ခဲ့ကြောင်းပြောသည်။

သို့သော်လည်း ဝေဖန်သူများကတော့ ဦးဆန်းဆင့်အရေးယူခံရခြင်းတွင် သန္တိသုခ ကိစ္စသည် အဓိကျသည့် ကိစ္စဟု မထင်ကြောင်း ပြောသည်။

အငြင်းပွားနေသည့် မဟာသန္တိသုခကျောင်းတော်ကြီးနှင့် ပတ်သက်သည့် ပြဿနာသည် အစိုးရအဖွဲ့ဝင်များ၊ ပါဝင်ပတ်သက်သူများအကြားအချိန်ကြာလာသည်နှင့်အမျှ ရှုပ်ထွေးလာခဲ့သည်။

"ဒီနောက်ကွယ်မှာ လူတွေမသိတဲ့ကိစ္စတစ်ခုခုရှိနိုင်တယ်။ သန္တိသုခကိစ္စသည် အဓိကမကျဘူးလို့ထင်တယ်"ဟုရွှေဝါရောင်ပညာဒါနကျောင်းမှ ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသ(ပြည်ကျော်)က မိန့်သည်။ ။

| မဟာသန္တိသုခချိပ်ပိတ်ခံရပြီးနောက်ဆက်တွဲဖြစ်ရပ်များ | |
|---|---|
| ဇွန် ၁၀ | မဟာသန္တိသုခကျောင်းတော်ကြီးကို ချိပ်ပိတ် |
| ဇွန် ၁၁ | သမ္မတရုံးအကြံပေးဦးအုံ့မောင်အပါအဝင် သာသနာရေးဝန်ကြီးဌာနအရာရှိများက ကျောင်းတိုက်အတွင်း ကျူးကျော်နေထိုင်သူများကို ဖယ်ရှားရှင်းလင်းခြင်းဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင်ပြောကြား။ |
| ဇွန် ၁၃ | မဟာသန္တိသုခမှ ဆရာတော်ဦးဥတ္တရအပါအဝင် သံဃာငါးပါးအား လူဝတ်လဲကာ အင်းစိန်ထောင်သို့ ပို့။ |
| ဇွန် ၁၄ | ဦးအုံ့မောင်သည် သမ္မတအကြံပေးမဟုတ်ဟု သမ္မတရုံးက တုန့်ပြန်။ |
| ဇွန် ၁၈ | သာသနာရေးဝန်ကြီးဟောင်း သူရဦးမြင့်မောင်အား သမ္မတ၏သာသနာရေးအကြံပေးအဖွဲ့ခေါင်းဆောင်နှင့်အငြိမ်းစားသံအမတ်ကြီး ဦးစိန်ဝင်းအောင်အား ယင်းအဖွဲ့၏ အဖွဲ့ဝင်အဖြစ် ခန့်အပ်။ |
| ဇွန် ၁၉ | သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်အား ရာထူးမှ ဖြုတ်ချကာ ထိန်းသိမ်း။ |
| ဇွန် ၂၀ | – ထိန်းသိမ်းခံ ဆရာတော်ဦးဥတ္တရနှင့် သံဃာများအား ရုံးထုတ်စစ်ဆေး။ အာမခံဖြင့် ပြန်လွှတ်ပေး။<br>– ထိန်းသိမ်းခံနေရသည့် ဦးဆန်းဆင့်ကို ရမည်းသင်းထောင်ပို့။ မိသားစုကို အကျယ်ချုပ်ချ။<br>– ဦးဆန်းဆင့်နေရာကို သာသနာရေးဒုဝန်ကြီးဦးစိုးဝင်းဖြင့် အစားထိုးရန် သမ္မတက ပြည်ထောင်စုလွှတ်တော်သို့အမည်စာရင်းတင်သွင်း |
| ဇွန် ၂၂ | ဝေဖန်ခံနေရသည့် ဦးအုံ့မောင်ကို စစ်ဆေးနေကြောင်း သတင်းများထွက်ပေါ်။ |




ဝန်ထမ်းအလိုရှိသည်

အပတ်စဉ်ထုတ် ဂျာနယ်များနှင့် နေ့စဉ်ထုတ်သတင်းစာထုတ်ဝေလျက်ရှိသောInformation Matrix ကုမ္ပဏီ၏ 7Day Daily သတင်းစာတွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိသည်။

❖ Sales Executive ကျား/မ (၄) ဦး

- ဘွဲ့ရဖြစ်ရမည်။
- အသက်(၂၀ - ၂၈) နှစ်အတွင်း ဖြစ်ရမည်။
- သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁)နှစ် ရှိရမည်။
- Computer & Internet အသုံးပြုတတ်ရမည်။
- ရုပ်ရည် သန့်ပြန့်ပြီး ဆက်ဆံရေး ပြေပြစ်သူ ဖြစ်ရမည်။

လျှောက်ထားလိုသူများကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အလုပ်သမား မှတ်ပုံတင် မိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ တို့နှင့်အတူ (၁၀.၆.၁၄) ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ လာရောက် လျှောက်ထားနိုင်ပါသည်။

ဒိုင်းမွန်းကွန်ဒို (E)၊ ပထမထပ်၊ အမှတ် (၄၉၇)၊ ပြည်လမ်း
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၁၂၈၈၇



Education

7 DAY NEWS JOURNAL

Vol.13, No.16 • JUNE 25 , 2014

# ပြည်ပတွင် ပညာသင်လိုသူများနှင့် စကော်လာရှင်ပ်များချိတ်

■ ဇော်မျိုးလှိုင်

ယခုနှစ် အတွက်တက္ကသိုလ်ဝင် တန်းအောင်စာရင်းများကို ဇွန်လ ၇ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး အောင်မြင်ခဲ့သော ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် မိမိတို့ရရှိခဲ့သည့် တက္ကသိုလ်ဝင်တန်း အမှတ်စာရင်းများကို ထုတ်ယူကြည့်ရှုကာ မိမိတက်ရောက်နိုင်သည့် တက္ကသိုလ်များကိုလည်း ခန့်မှန်းရွေးချယ်နိုင်ပြီဖြစ်သည်။

ထို့အတူ နိုင်ငံရပ်ခြားရှိတက္ကသိုလ်၊ ကောလိပ်များသို့သွားရောက်ပညာသင်ကြားရန်ပြင်ဆင်နေကြသည့် ကျောင်းသူ၊ကျောင်းသားများအနေဖြင့်လည်းမိမိတက်ရောက်လိုသည့် တက္ကသိုလ်များ၊ နိုင်ငံများကိုရွေးချယ်၍ ဝင်ခွင့်ရရှိရန် ပြင်ဆင်နေကြပြီဖြစ်သည်။

နိုင်ငံရပ်ခြားရှိ တက္ကသိုလ်များသို့ ဝင်ခွင့်ရရှိရန် အင်္ဂလိပ်စာအရည်အချင်းစစ်စာမေးပွဲများဖြစ်သော TOEFL(Test of English as a Foreign Language)၊ IELTS( I–nternational English Languag–e Testing Systemစာမေးပွဲများ၊ LCCI(The London Chamber of Commerce & Industy)၊ ACCA (The Association of Chartered Certified Accountants)၊ IGCSE (International General Certific–ate of Secondary Education) နှင့် အမေရိကန်တက္ကသိုလ်ဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲဖြစ်သောSAT(Scholastic Aptitude Test)၊ ACT(American College Test)စသည့်စာမေးပွဲများကိုဖြေဆိုရန်နှင့် အခြားလိုအပ်သည့်သင်တန်းများ တက်ရောက်နေကြပြီဖြစ်သည်။

သတိထားရမည့်အချက်တစ်ခုမှာ နိုင်ငံတကာကျောင်းများတွင် အခမဲ့ပညာသင်ကြားနိုင်မည့် ပညာတော်သင်ဆု(စကောလားရှစ်)ပင်ဖြစ်သည်။ အဆိုပါပညာတော်သင်ဆုများတွင် ပညာတော်သင်ဆုနှင့်ပညာသင်ထောက်ပံ့ကြေးများကွဲပြားလေ့ရှိသည်။ ထို့ကြောင့် စကောလားရှစ်ရရှိပြီး ကျောင်းတက်ရောက်သည့် ကျောင်းသူ၊ ကျောင်းသားများအနေဖြင့်အခြားကျောင်းစရိတ်များကို ထပ်မံပေးဆောင်နေရသည်။

ပြည်တွင်းတွင် ပညာတော်သင်ဆုစာမေးပွဲ ဝင်ရောက်ဖြေဆိုခဲ့ပြီး ၇၅ ရာခိုင်နှုန်းအထိရရှိကာ ကျောင်းသို့ သွားရောက်အပ်နှံရာတွင် ၇၅ရာခိုင်နှုန်းမှာ စာသင်စရိတ်(Tution Fee)ကိုသာ ပေးခြင်းဖြစ်ပြီး အခြားသောကျောင်းစရိတ် ဘတ်ခြောက်သောင်းကျော်ကိုပေးသွင်းရမည်ဟု တောင်းခံခြင်းခံခဲ့ရကြောင်း ထိုင်းနိုင်ငံရှိ ရန်ကမ်ဟမ်တက္ကသိုလ်တွင် တက်ရောက်ခဲ့သည့် ကျောင်းသားတစ်ဦးက သူ့အတွေ့အကြုံကိုပြောပြသည်။

ပြည်တွင်းရှိ ပညာရေးအေဂျင်စီအချို့မှာပညာတော်သင်ဆု (Scholarship)ကို ဈေးကွက်ရှာဖွေသည့် မက်လုံးတစ်ခုအနေဖြင့် အသုံးပြုလေ့ရှိကြသည်။

"စကော်လာပေးတယ်ဆိုတာကကိုယ်ကိုယ့်ကိုယ်ကြည့်သင့်တယ်။ မထူးချွန်ဘဲစကော်လာပေးမယ်ဆိုရင်တော့ငါးမျှားချိတ်နောက်ပါသွားမယ်။ များသောအားဖြင့် မှန်မှန်ကန်ကန်အေဂျင်စီကြီးကြီးမားမားတွေက အသေအချာရှင်းပြကြတာများတယ်။ အေဂျင်စီအသေးတွေကသာ အဆင်မပြေဖြစ်ကြတာ။ တစ်ခါတလေ စကောလားရှစ်ပေးမယ်။ မားကက်တင်းသဘောအရသုံးကြတာများတယ်" ဟု ပြည်တွင်းအေဂျင်စီတစ်ခုမှ ပညာရေးအကြံပေး တစ်ဦးကပြောသည်။

စာမျက်နှာ ၁၉ »

# ယခုနှစ် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်များ စက်တင်ဘာတွင် ထုတ်ဝေဖွယ်ရှိ

ဇော်မျိုးလှိုင်

ရန်ကုန်၊ ဇွန်-၂၁

ယခုနှစ်တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည့် ကျောင်းသူ၊ ကျောင်းသားများ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်များကို စက်တင်ဘာအတွင်း ထုတ်ဝေနိုင်ဖွယ်ရှိကြောင်း အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)မှ သတင်းရရှိသည်။

"စက်တင်ဘာလထဲလောက်မှာ ထုတ်ဝေပေးနိုင်မယ်။ အခုက ဝင်ခွင့်လမ်းညွှန်အတွက် အမှတ်စာရင်းတွေကို ပြုစုနေတုန်းပဲရှိသေးတယ်"ဟု အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)မှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။



*တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စာရင်းကြည့်နေသူများကို တွေ့ရစဉ်* ဓာတ်ပုံ – နစ်ကီ

ယခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများ၏ အမှတ်စာရင်းများကို ဇွန်လ ၁၁ ရက်မှစတင်၍ နေပြည်တော်ရှိ စာစစ်ဦးစီးဌာနရုံးနှင့် လှိုင်တက္ကသိုလ်အတွင်းရှိ မေခနှင့် ဖွဲကပင်အဆောင်များတွင် ထုတ်ယူနိုင်ပြီး တက္ကသိုလ်ဝင်တန်းကျရှုံးသူများ၏ အမှတ်စာရင်းများကိုလည်း ယမန်နှစ်များထက်စော၍ ထုတ်ယူနိုင်ပြီဖြစ်သည်။

၂၀၁၃–၁၄ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ၂၀၁၄ ခုနှစ်မတ် ၁၂ ရက်မှ ၂၂ ရက်အထိ ကျင်းပပြုလုပ်ခဲ့ကာ ငါးသိန်းလေးသောင်းကျော် ဝင်ရောက်ဖြေဆိုခဲ့ရာတွင် တစ်သိန်း ခုနစ်သောင်းကျော် အောင်မြင်ခဲ့ပြီး အောင်ချက်ရာခိုင်နှုန်း ၃၁ ဒသမ ၆၇ ရာခိုင်နှုန်းရှိခဲ့သည်။

ယမန်နှစ်တက္ကသိုလ်ဝင်ခွင့်များတွင် ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်နှင့် မန္တလေးနည်းပညာတက္ကသိုလ်များ၊ နိုင်ငံခြားဘာသာသင်တက္ကသိုလ်များသို့ ဝင်ခွင့်အမှတ်များ များပြားခဲ့ပြီး ယခုနှစ်တွင် နည်းပညာတက္ကသိုလ်များ၌ လူဦးရေလျှော့ချခေါ်ယူသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

"ကလေးတွေက အလွတ်ကျက်ဖြေရတဲ့ ပညာရေးစနစ်ကလာတယ်။ တက္ကသိုလ်ကို ရောက်လာတော့ တစ်ခါအမှတ်နဲ့ ဖြတ်ပြီးတော့ ရွေးချယ်လိုက်တာ။ ကလေးတွေ တကယ်ဝါသနာပါတဲ့ဘာသာရပ်ကို မတက်ရသလို၊ ဥပမာဆေးကျောင်းပေါ့။ဆေးကျောင်းကို တကယ်ဝါသနာပါတဲ့ကလေးက အမှတ်မမီရင် မတက်ရသလို၊ ဆေးကို ဝါသနာမပါဘဲ မိဘကဖိအားပေးလို့တက်နေရတဲ့ကလေးတွေ အများကြီးရှိနေတယ်။ ဒါမျိုးတွေဟာ ကလေးတွေအတွက် ရေရှည်မှာ ကောင်းမလာနိုင်ဘူး" ဟု တက္ကသိုလ်ဆရာ၊ ဆရာမများ အသင်းမှ ဆရာတစ်ဦးကပြောသည်။




7 DAY NEWS JOURNAL
Vol.13, No.16 • JUNE 25 , 2014

# နယ်ပြောင်းရမည့် တက္ကသိုလ်ဆရာ၊ ဆရာမအချို့ ချက်ချင်းပြောင်းရွှေ့ရန် ညွှန်ကြားချက်ကြောင့် အခက်တွေ့

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန်-၂၁**

တက္ကသိုလ်အသီးသီးရှိ ဆရာ၊ ဆရာမများကို ပြောင်းရွှေ့တာဝန်ချထားခြင်းအမိန့်စာထုတ်ပြန်ပြီးနောက် ချက်ချင်းပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ညွှန်ကြားမှုများရှိနေ၍ ဆရာ၊ ဆရာမများ အခက်အခဲကြုံတွေ့နေကြောင်း သတင်းရရှိသည်။

တက္ကသိုလ်အသီးသီးမှ ပြောင်းရွှေ့တာဝန်ချထားခံရသော ဆရာ၊ ဆရာမများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို လွှဲပြောင်းပေးရန် လိုအပ်ခြင်း၊ မိမိတို့၏ ရင်သွေးများ ကျောင်းပြောင်းရွှေ့ရေးအတွက် ကျောင်းထွက်လက်မှတ်စီစဉ်ရခြင်း၊ မိသားစုကိစ္စစီမံရခြင်းနှင့် ခရီးစရိတ်၊ မိသားစုစရိတ်အတွက် ငွေကြေးအခက်အခဲရှိနေခြင်းတို့ ကြုံတွေ့ကြကြောင်း ပြောင်းရွှေ့မိန့်ကျသူများကပြောသည်။

"အော်ဒါ(အမိန့်စာ)မှာ ရေးထားတာ ချက်ချင်းသွားရမယ့် အနေအထားဖြစ်နေတယ်။ ကျောင်းဖွင့်ရက်ကြီးအမြန်သွားဆိုတဲ့ပုံပဲ။ ကျောင်းပိတ်ရက်တော့ ထွက်မပေးပဲနဲ့။ ဟိုက ဆရာ ဒီလာ၊ ဒီက ဆရာဟိုသွားနဲ့ ကြားက ကျောင်းသားတွေ နစ်နာတယ်။ အခုသူတို့နောက်ကျတဲ့အတွက် နောက်ဆက်တွဲပြဿနာတွေပေါ်တာပါ" ဟု ပြောင်းရွှေ့မိန့်ကျထားသော ဆရာတစ်ဦးကပြောသည်။

တက္ကသိုလ်ဆရာ၊ ဆရာမများအနေဖြင့် တာဝန်ကျရာ တက္ကသိုလ်အသီးသီးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရာတွင် လိုအပ်သော ပြင်ဆင်မှုများပြုလုပ်ရန်နှင့် ငွေကြေးအခက်အခဲပြေလည်စေရန် လုံလောက်သော အချိန်ပေးရန် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်ဆရာ၊ ဆရာမများ အသင်းက တောင်းဆိုထားသည်။

"အခုတော့ အဆင်ပြေသွားပါပြီ။ တချို့အဝေးကြီးသွားရမယ့်သူတွေရှိတယ်။ မိသားစုနဲ့ သွားရမယ့်သူတွေရှိတယ်"ဟုတက္ကသိုလ်ဆရာ၊ ဆရာမများအပြောင်းအရွှေ့ကာလတိုးမြှင့်ပေးရန် တောင်းဆိုခဲ့သည့် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်ဆရာ၊ ဆရာမများ အသင်းတာဝန်ရှိသူကပြောသည်။

ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ဆရာမတစ်ဦးက နေရာရွှေ့ပြောင်းမှုအတွက် ချက်ချင်းဆောင်ရွက်ရန် ညွှန်ကြားခြင်းမရှိကြောင်း၊ ရန်ကုန်တက္ကသိုလ်တွင် အခက်အခဲဖြစ်ပေါ်သော သတင်းကြားရကြောင်း ဆိုသည်။

ယခင်က တက္ကသိုလ်ဆရာ၊ ဆရာမများ နေရာရွှေ့ပြောင်းရာတွင် နီးစပ်ရာတက္ကသိုလ်ဖြစ်ပါက ပြောင်းရွှေ့ချိန် တစ်ပတ်နှင့် အလှမ်းဝေးပါက ပြောင်းရွှေ့ချိန် နှစ်ပတ်သတ်မှတ်ပေးကြောင်း သိရသည်။

# အမေရိကန်တက္ကသိုလ်၊ ကောလိပ်များ ဝင်ခွင့်ရမည့် ACT စာမေးပွဲ ပြည်တွင်းတွင် ဖြေဆိုနိုင်

**ဇော်မျိုးလှိုင်**

**ရန်ကုန်၊ ဇွန်-၂၁**

အမေရိကန်နိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်များတွင်ဝင်ခွင့်ရရန် ဖြေဆိုရသည့် အရည်အချင်းစစ် စာမေးပွဲတစ်ခုဖြစ်သည့် ACT (American College Test) ကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ဖြေဆိုနိုင်သည့် စင်တာတစ်ခုကို လာမည့်စက်တင်ဘာလအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း CROWN Education မှ သတင်းရရှိသည်။

"ခုအောက်တိုဘာကနေ စဖြေလို့ရပြီ။ ACT က အရင်တုန်းက Session မရှိလို့မလာတာ။ အိုဘာမားလာပြီးတော့မှ ချက်ချင်း Discussion တွေ လုပ်ပြီးတော့မှ နှစ်ပိုင်းရှိတယ်။ TEST သီးသန့်ရယ်၊ TEST အတွက် ပြင်ဆင်တဲ့ Training ရယ်ရှိတယ်။ အဲ Test နဲ့ စကောလားရှစ်လျှောက်လို့ရတယ်" ဟု CROWN Education မှ ပညာရေးအတိုင်ပင်ခံ ဦးအောင်ကျော်ဆန်းက ပြောသည်။

ACT(American College Test) စာမေးပွဲတွင် အင်္ဂလိပ်စာ Writing တစ်ဘာသာနှင့် (Reading, Listening) တစ်ဘာသာ၊ သင်္ချာနှင့် သိပ္ပံစသည့် လေးဘာသာကို ဖြေဆိုရမည်ဖြစ်သည်။

ACT(American College Test) စာမေးပွဲကို တစ်နှစ်လျှင် ခုနစ်ကြိမ်အထိ ဖြေဆိုနိုင်ပြီး စာမေးပွဲကြေးအနေဖြင့်ဘာသာစုံဖြေဆိုလျှင် အမေရိကန်ဒေါ်လာ ၆၀ နှင့် သုံးဘာသာဖြေဆိုလျှင် အမေရိကန်ဒေါ်လာ ၄၀ ပေးသွင်းရမည်ဖြစ်သည်။

အရင်က အမေရိကန်နိုင်ငံရှိ တက္ကသိုလ်များသို့ သွားရောက်သင်ကြားလိုသည့် ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် တက္ကသိုလ်ဝင်ခွင့်ရရှိရန် ဖြေဆိုရသည့် အရည်အချင်းစစ်စာမေးပွဲဖြစ်သည့် SAT(Scholastic Aptitude Test) ကိုသာ ဖြေဆိုရပြီး အခုအခါတွင် ACT(American College Test)ကိုပါ ဖြေဆိုခွင့်ရရှိနိုင်မည် ဖြစ်သည်။

၂၀၁၃ ခုနှစ်တွင် အမေရိကန် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဖြစ်သည့် SAT စာမေးပွဲကို ကမ္ဘာတစ်ဝန်းမှ ကျောင်းသားပေါင်း ၁ ဒသမ ၆ သန်းခန့်နှင့် ACT စာမေးပွဲကို ၁ ဒသမ ၇ သန်းခန့် ဝင်ရောက်ဖြေဆိုခဲ့ကြသည်။









# ဂျပန် အလုပ်သမားရေးရာသင်တန်းတက်ရန် မြန်မာအလုပ်သမား ဆယ်ဦးအား ဒုတိယအသုတ် စေလွှတ်

**အေးမြတ်သူ**

**ရန်ကုန်၊ ဇွန်-၂၃**

ဂျပန်နိုင်ငံအလုပ်သမားရေးရာ သင်တန်းသို့ မြန်မာအလုပ်သမား ၁၀ ဦး ဒုတိယအကြိမ် သွားရောက်သင်ကြားလေ့လာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (FTUM)မှ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်ကပြောသည်။

ဂျပန်နိုင်ငံရှိ နိုင်ငံတကာ အလုပ်သမားဖောင်ဒေးရှင်း (JILAF) မှ ကမ်းလှမ်းချက်ဖြင့် မြန်မာအလုပ်သမား ၁၀ ဦးသည် ဇွန်လ ၂၂ ရက်မှ ဇူလိုင် ၁ ရက်အထိ ၁၀ ရက်ကြာ အလုပ်သမားရေးရာ သင်တန်း သွားရောက်သင်ယူလေ့လာမည်ဖြစ်သည်။ အဆိုပါ သင်တန်းတွင် ဂျပန်နိုင်ငံရှိ အလုပ်သမားရေးရာ ဥပဒေများ၊ ဂျပန်နိုင်ငံ သမဂ္ဂများ၏ ဒီမိုကရေစီလှုပ်ရှားမှု လက်ရှိအခြေအနေ၊ အနည်းဆုံးအခကြေးငွေဆိုင်ရာ အကြောင်းအရာများ၊ စုပေါင်းညှိနှိုင်းတောင်းဆိုမှုပုံစံ၊ သမဂ္ဂများ အချင်းချင်း သတင်းအချက်အလက်များ ချိတ်ဆက်ဖလှယ်ခြင်းနှင့် ဂျပန်နိုင်ငံရှိ စက်ရုံ လုပ်ငန်းခွင်အခြေအနေတို့ကို လက်တွေ့ကွင်းဆင်း လေ့လာသွားမည်ဖြစ်သည်။



ဗီယက်နမ်နိုင်ငံမှ သင်တန်းသားလုပ်သားတစ်ဦး ဂျပန်နိုင်ငံရှိ လုပ်ငန်းခွင်တစ်ခုတွင် ဝင်ရောက်လုပ်ကိုင်နေစဉ် ဓာတ်ပုံ – ajw.asahi.com

"အခုလက်ရှိမြန်မာပြည်က စက်ရုံတွေမှာ လုံခြုံမှုပိုင်းကျန်းမာရေးကာကွယ်စောင့်ရှောက်မှုပိုင်းတွေ ဆုံးရှုံးနေသေးတယ်။ ဂျပန်နိုင်ငံမှာ အမျိုးသားအဆင့်အနေနဲ့ ဘာတွေလုပ်ထားလဲလေ့လာပြီး ပြန်ရောက်လာရင် သမဂ္ဂတွေ အနေနဲ့ ဘယ်လိုပြောင်းလဲလို့ရမလဲ။ ဆက်ပြီးလုပ်မှာပေါ့။ နောက် အလုပ်သမားအဖွဲ့အစည်းတွေ အားကောင်းလာဖို့ ပိုစည်းရုံးမယ်။ နောက်အလုပ်သမားရေးရာ ကိစ္စတွေကို လွှတ်တော်မှာ ထိရောက်စွာ ဆွေးနွေးနိုင်ဖို့ အဲဒါတွေ လုပ်သွားမှာပါ" ဟု လှိုင်သာယာစက်မှုဇုန်ရှိ ရွှေမိပလတ်စတစ်စက်ရုံမှ အလုပ်သမားခေါင်းဆောင် ဦးမျိုးမြင့်က ပြောသည်။

ဂျပန်နိုင်ငံသို့ စေလွှတ်ရန် ရွေးချယ်ခံခဲ့ရသည့် အလုပ်သမား ၁၀ ဦးသည် ယင်းအဖွဲ့ချုပ်တွင် လှုပ်ရှားခြင်း၊ လုပ်သားအဖွဲ့အစည်း အားကောင်းလာရန် စည်းရုံးနိုင်စွမ်းရှိခြင်း စသည့်အချက်များကို မှတ်တမ်းတင်ပြီးနောက် စေလွှတ်ခဲ့ခြင်းဖြစ်သည်။

ပထမအကြိမ်အဖြစ် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် စက်တင်ဘာလက မြန်မာအလုပ်သမား ၁၀ ဦး စေလွှတ်ခဲ့ပြီးဖြစ်သည်။

ယင်းသို့ သွားရောက်လေ့လာခဲ့ပြီးသော လုပ်သား ၁၀ ဦးသည် အလုပ်သမားရေးရာ ညှိနှိုင်းဖြေရှင်းမှုများကို ကောင်းစွာဆောင်ရွက်လာနိုင်ခဲ့ပြီး ယခုသွားရောက်လေ့လာသည့်လုပ်သားများသည် အထည်ချုပ်၊ ပို့ဆောင်ရေး၊ သတ္တုနှင့် လူသုံးကုန်ကဏ္ဍတို့မှ သမဂ္ဂခေါင်းဆောင်များဖြစ်ကြောင်း သတင်းရရှိသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**

စာအုပ်ဖြန့်ချိရေးလုပ်ငန်းအတွက် ဝန်ထမ်း မ(၁) ဦး အမြန်အလိုရှိသည်။ အသက် (၁၈)နှစ်မှ(၂၅)နှစ်ကြား၊ ရန်ကုန်မြို့တွင်း၊ ကျွမ်းကျင်စွာ သွားလာနိုင်သူ၊ ရိုးသားကြိုးစားသူ ဖြစ်ရမည်။ အလုပ်နှင့် နီးစပ်သောသူများ လျှောက်ထားနိုင်ပါသည်။ အမှတ်(170-172)၊ လမ်း(၅၀) အထက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၃၁၉၀၆၁၀၇

---

**ဝန်ထမ်းအလိုရှိသည်**

**မြင့်မြတ်ကြယ်ကုမ္ပဏီလီမိတက်**

အရောင်းကြီးကြပ်ရေးမှူး
ကျား (၁) ဦး မ(၂) ဦး
အရောင်းဝန်ထမ်း
ကျား (၁၀) ဦး မ (၅) ဦး
အရောင်းမြှင့်တင်ရေးဝန်ထမ်း မ (၇) ဦး
အရောင်းအကူဝန်ထမ်း ကျား (၅) ဦး
Email-toewaitint@gmail.com

ဖုန်း-၀၉ ၅၀၁၆၃၂၈

---

**ဝန်ထမ်းအလိုရှိသည်**

**စာရင်းစစ်လုပ်ငန်း**

Secretary F (1) Post
Admin Assistant F (3) Posts
ကျွမ်းကျင်ယာဉ်မောင်း M (2) Posts
အမှတ်-၂(က)၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်း။

ဖုန်း-၀၁ ၆၅၇၈၃၀

---

**ဝန်ထမ်းအလိုရှိသည်**

Geen Wood Co.,Ltd
Site Engineer (BE(Civil),AGTI (Civil) M (1) Post
လုပ်ငန်းအတွေ့အကြုံ သုံးနှစ်။
Email:enquiry@greenwoodmyan-mar.com

PH:-95-1-500675

---

**ဝန်ထမ်းအလိုရှိသည်**

ရွှေဆိုင်စာရင်းကိုင် ကျား/မ (၅) ဦး
ရွှေဆိုင်အရောင်းဝန်ထမ်း
ကျား/မ (၁၀) ဦး
လုံခြုံရေး ကျား (၃) ဦး
အမှတ်-၁၈၊ Junction Square Shop House အပြင်ဘက်တန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၁ ၂၃၀၄၃၄၄

---

**ဝန်ထမ်းအလိုရှိသည်**

Admin Manager M (1) Post
Project Architect M/F (2) Posts
Dirver M (5) Posts
Operation Manager M (1) Post
Accountant F (1) Post
Email-hr@beavergroup.net

PH:01 664851

---

**ဝန်ထမ်းအလိုရှိသည်**

ဆိုင်အကူဝန်ထမ်း မ (၁) ဦး
နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ။
အခြေခံလစာ- ငါးသောင်း။

ဖုန်း-၀၉ ၇၃၁၇၇၈၁၇

---

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်း (၅) ဦး
သန့်ရှင်းရေး ကျား (၁) ဦး
သန့်ရှင်းရေး မ (၂) ဦး
ဖုန်း-၀၉ ၄၉၃၁၅၄၆၃

---

**ဝန်ထမ်းအလိုရှိသည်**

Senior Accountant(ACCA,D.A,B.Com) F (2) Posts
Junior Accountant (LCCI Level III) F (1) Post
Office Staff M/F (2) Posts
Showroom Sales Man M (1) Post

PH:01 700692,09 5043068

---

**ဝန်ထမ်းအလိုရှိသည်**

Marketing ကျား/မ (၂) ဦး
ဘွဲ့ရ၊ Marketing အတွေ့အကြုံရှိသူ။
Production Assistant ကျား (၁) ဦး
ဘွဲ့ရ၊ Company Production လုပ်ငန်းများ လုပ်ကိုင်နိုင်သူ။
illustrator ကျား/မ (၁) ဦး
illustrator နှင့် Graphic Design ရေးဆွဲတတ်သူ။ ဖုန်း-၀၁ ၅၀၇၁၀၂၊ ၅၂၁၂၀၀

---

**ဝန်ထမ်းအလိုရှိသည်**

Office Staff M/F (5) Posts
Marketing Staff M/F (3) Posts
Sale Staff M/F (10) Posts
Accountant M/F (5) Posts
Store M/F (5) Posts
Receptionist M/F (3) Posts

PH:09 401579330

---

**ဝန်ထမ်းအလိုရှိသည်**

Receptionist F (4) Posts
Housekeeping M/F (6) Posts
Waiter M (10) Posts
စားဖိုင် Kitchen M (2) Posts
Laundry F (2) Posts

PH:09 420084555

---

**ဝန်ထမ်းအလိုရှိသည်**

လက်သည်း၊ ခြေသည်းကျွမ်းကျင် (၁) ဦး
ခေါင်းလျှော်၊ နှိပ်ကျွမ်းကျင် (၁) ဦး

ဖုန်း-၀၉ ၅၁၀၁၈၀၀

---

**အလိုရှိသည်**

ပညာသင်ဝန်ထမ်း မ (၁၀) ဦးအလိုရှိသည်။ အသက် (၁၆)နှစ်မှ (၃၅) နှစ်ကြား ပညာအရည်အချင်းမလို၊ ဓာတ်ပုံပညာကို အမှန်တကယ်စိတ်ဝင်စားသူ။

ဖုန်း-၀၉ ၃၁၀၅၅၇၉၃၊ ၃၀၂၈၅၃၃၅

---

**ဝန်ထမ်းအလိုရှိသည်**

ရုံးဝန်ထမ်း ကျား/မ (၁၀) ဦး
အရောင်းဝန်ထမ်း ကျား/မ (၁၀) ဦး
စကားပြန် (က)အင်္ဂလိပ် ကျား/မ (၁၀)ဦး
ကိုရီးယား ကျား/မ (၁၀) ဦး
တရုတ် ကျား/မ (၁၀) ဦး
Export /Import ကျား/မ (၁၀) ဦး
LED လျှပ်စစ်ဝန်ထမ်း ကျား (၁၀) ဦး
ယာဉ်မောင်း ကျား (၅) ဦး

ဖုန်း-၀၉ ၇၃၁၈၄၂၀၈

---

**ဝန်ထမ်းအလိုရှိသည်**

Receptionist M/F (1) Post
Waiter/Waitress M/F (2) Posts
Security M (2) Posts
Steward M (1) Post
Housekeeping M (3) F (1) Post
Driver M (2) Posts
Email-sakuraresidence.hr@gmail.com PH:01 525001

---

**ဝန်ထမ်းအလိုရှိသည်**

Research & Marketing Staff
၁၀ တန်းအောင်နှင့်အထက်၊ လုပ်ငန်းအတွေ့အကြုံ ၁ နှစ်နှင့်အထက်။

ဖုန်း-၀၉ ၄၄၈၀၂၇၆၇၇

---

**အလိုရှိသည်**

AutoCAD,3ds Max,Revit Full Time/Part Time သင်ကြားပြသနိုင်သူ ဆရာ၊ ဆရာမများအလိုရှိသည်။
Email:ctmyanmar@gmail.com

ဖုန်း-၀၉ ၂၅၀၆၅၁၀၇၄

---

**ဝန်ထမ်းအလိုရှိသည်**

မြဝတီမြို့ရှိ လက်ဖက်ရည်ဆိုင်တွင် လုပ်ကိုင်ရန် ကျွမ်းကျင်စားပွဲထိုး အလိုရှိသည်။ တစ်လ-ရှစ်သောင်း။

ဖုန်း-၀၉ ၅၆၆၁၁၉၈

---

**ဝန်ထမ်းအလိုရှိသည်**

စားပွဲထိုးအလိုရှိသည်။ နေစားငြိမ်း။ လစာ-လေးသောင်း။

ဖုန်း-၀၉ ၇၃၂၀၅၁၇၈

---

**ဝန်ထမ်းအလိုရှိသည်**

စက်ချုပ်ကျွမ်းကျင် မ (၁) ဦး
CVနှင့် တကွ ၃၀.၆.၂၀၁၄ နောက်ဆုံးလျှောက်ရန်။

ဖုန်း-၀၉ ၇၃၀၅၈၇၄၄

---

**ဝန်ထမ်းအလိုရှိသည်**

Marketing Manager (1) Post
Manager (1) Post
ယာဉ်မောင်း (2) Post
စတိုစာရေး (2) Post

ဖုန်း-၀၉ ၇၃၁၉၉၄၁၀

---

**ဝန်ထမ်းအလိုရှိသည်**

**မင်းဇာနည်ရေလုပ်ငန်းကုမ္ပဏီလီမိတက်**

စာရင်းကိုင်(ရန်ကုန်/စစ်တွေ/မြိတ်)
ကျား/မ (၄) ဦး
ဈေးကွက်နှင့် အရောင်းဌာန
ကျား/မ (၂) ဦး
Email-mznintl@gmail.com

ဖုန်း-၉၅၁-၆၈၄၁၈၁

---

**ဝန်ထမ်းအလိုရှိသည်**

ရုံးဝန်ထမ်း ကျား/မ (၅) ဦး
၁၀ တန်းအောင်။
ရွှေပြည်သာ၊ စက်မှုဇုန်အ၀၊ အမှတ် (၄) လမ်းမကြီး။

ဖုန်း-၀၁ ၆၁၀၅၅၂

---

**ဝန်ထမ်းအလိုရှိသည်**

Sale and Marketing F (2) Posts
Sale and Marketing M (2) Posts
ကြည့်မြင်တိုင်၊ စမ်းချောင်း၊ အလုံတွင် နေထိုင်သူ ဦးစားပေးမည်။

ဖုန်း-၀၉ ၃၃၃၅၅၈၈၉

---

**ဝန်ထမ်းအလိုရှိသည်**

Driver အလိုရှိသည်
လစာ နှစ်သိန်း+ OT ပါပေးမည်။

ဖုန်း-၀၁ ၂၀၄၀၂၀

---

**ဝန်ထမ်းအလိုရှိသည်**

Photo Shop ကျွမ်းကျင် မ (၂) ဦး
Video Editing ကျွမ်းကျင် မ (၂) ဦး
အလုပ်သင်ဝန်ထမ်း မ (၁၀) ဦး

ဖုန်း-၀၉ ၃၀၂၈၅၃၃၅

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7 DAY NEWS JOURNAL
Vol.13, No.16 • JUNE 25 , 2014

# "သမ္မတရဲ့ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာကို ဝိုင်းလုပ်ပေးတဲ့လူကတော့ ရှိနေမှာပေါ့။ ဝိုင်း မလုပ်ပေးတဲ့လူကတော့ရှိမှာမဟုတ်တော့ဘူး"

## နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် တွေ့ဆုံခြင်း

**အောင်သူရ**

ယခုရက်ပိုင်း အစိုးရအဖွဲ့အတွင်း အပြောင်းအလဲများထပ်မံ ပြုလုပ်မည်ဟု သတင်းများထွက် ပေါ်နေသည်။ ထို့အပြင် တိုင်းရင်းသားဒေသများတွင်လည်းတိုက်ပွဲအချို့ ဖြစ်ပွားနေသည်။ အဆိုပါ ကိစ္စများနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ခုတတိယပြုပြင်ပြောင်းလဲရေးမှာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ကိုတော့ နုတ်ထွက်ခွင့်ပြုလိုက်ပြီး။ နောက်တခြား နာမည်ကြီးဝန်ကြီးချုပ်တွေကိုရော အနားပေးဖို့ရှိလား။**

ဝန်ကြီးချုပ်တစ်ယောက်ကို လဲဖို့က အတော်ခက်ခဲတယ်။ တော်တော်ခက်တယ်ဆိုတာ နယ်မြေလူထုအခြေအနေ၊ အဲဒီမှာ ဖြစ်နေတဲ့ နိုင်ငံရေးအခြေအနေ အရပ်ရပ်ကိုကြည့်ရတာပေါ့။ အတတ်နိုင်ဆုံးတည်ငြိမ်နေရင်တော့ လဲစရာမရှိဘူး။ မတည်ငြိမ်ရင်တော့ တည်ငြိမ်အောင် နည်းပေါင်းမျိုးစုံကြိုးစားရတာပေါ့။ ပြည်နယ်အတွက်၊ တိုင်းဒေသကြီးအတွက် စိတ်ပူနေရရင် သူ့ကို ဒုက္ခပေးသလိုဖြစ်တာပေါ့။

**ဒါဆို ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က သမ္မတကြီးကို ဒုက္ခပေးလို့နုတ်ထွက်ခွင့်ပြုလိုက်တာလား။**

သူ့ကို ဒုက္ခပေးတာတော့ မဟုတ်ဘူး။ ရခိုင်ပြည်နယ်အရေးအခင်းကို ပိုင်ပိုင်နိုင်နိုင်မကိုင်တွယ်နိုင်ဘူးပေါ့။ ရခိုင်ပြည်နယ်မှာဖြစ်တဲ့ပြဿနာတွေက ခုထိမပြီးသေးဘူး။ မပြီးသေးတာကို ပြည်နယ်အစိုးရမှာ တာဝန်ရှိတာပေါ့။ ဗဟိုအစိုးရမှာလည်း တာဝန်ရှိတာပေါ့။ ပြည်နယ်အစိုးရက မဖြေရှင်းနိုင်ဘူးလေ။

**အခုနောက်ပိုင်းအစိုးရရဲ့ ပြုပြင်ပြောင်းလဲရေးတွေက အရှိန်လျော့သွားတယ်လို့ ပညာရှင်တွေက ဝေဖန်တာတွေရှိပါတယ်။ ဘာဖြစ်လို့ အဲဒီလိုဖြစ်သွားတာလဲ။**

အဓိက,ကတော့ ပြုပြင်ပြောင်းလဲရေးဆိုတာ အားလုံး အစစအရာရာပြုပြင်ပြောင်းလဲရမှာပဲ။ အင်စတီကျူးရှင်းတွေက မခိုင်မာဘူး။ အရင်တုန်းက အင်စတီကျူးရှင်းတွေက ဗဟိုဦးစီးစနစ်ကို အထောက်အကူပြုတဲ့ အင်စတီကျူးရှင်းတွေပေါ့။ အင်စတီကျူးရှင်းတွေ မခိုင်မာတော့ အပေါ်က ဘယ်လောက်ပြောင်းပြောင်း နောက်က အင်စတီကျူးရှင်းတွေက မလိုက်တဲ့အခါကျတော့ နောက်ကလူတွေက မပါဘူး။

**တချို့ပြုတ်သင့်တဲ့ ဝန်ကြီးတွေ မပြုတ်ဘူးလို့ သမ္မတကိုဝေဖန်တဲ့အပေါ်မှာကော။**

ဒါက နှစ်ဖက်အမြင်ပေါ့။ သမ္မတလည်း ဝန်ကြီးတစ်ယောက်ကို ဖြုတ်ဖို့ဆိုတာ တော်တော်စဉ်းစားမှာပေါ့။ စဉ်းစားတဲ့အခါမှာလည်း ကောင်းကွက်တွေ၊ ဆိုးကွက်တွေ ယှဉ်ပြီးစဉ်စားမှာပေါ့။ ကောင်းကွက်တွေက ဆိုးကွက်တွေကို ကျော်လွှားသွားနိုင် ရင် ဆက်ရှိနေမှာပေါ့။ ဆိုးကွက်တွေများပြီး ကောင်းကွက်မရှိရင်လည်း ပါသွားမှာပေါ့။

**သမ္မတရဲ့ တတိယပြုပြင်ပြောင်းလဲရေးမှာ ဘာတွေလုပ်မှာလဲ။**

သူရဲ့ မဟာဗျူဟာလုံးဝ မပြောင်းဘူးဗျ။ သူက နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလုပ်မယ်၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေလုပ်မယ်။ ပုဂ္ဂလိကပိုင်းကို ပြုပြင်ပြောင်းလဲရေးလုပ်မယ်။ အုပ်ချုပ်ရေးပိုင်း ပြုပြင်ပြောင်းလဲရေး။ ဒီပြုပြင်ပြောင်းလဲရေး လေးခုကတော့ သူရဲ့မဟာဗျူဟာပဲ။ ဒါကို လုံးဝမပြောင်းဘူး။ ပထမအဆင့်မှာ အရှိန်မြှင့်မယ်။ အရှိန်လျော့သွားရင် ဒုတိယအကြိမ် အရှိန်ထပ်မြှင့်မယ်။ ဒုတိယအဆင့်မှာ အရှိန်လျော့သွားရင် တတိယအဆင့်ကို အရှိန်ထပ်မြှင့်တာပဲ။ သူရဲ့မဟာဗျူဟာက လုံးဝမပြောင်းဘူး။ ဒါတွေအားလုံးပြုပြင်ပြောင်းလဲရေး လုပ်မှာပဲ။

**နည်းနည်းအသေးစိတ်ပြောပြပေးပါလား။ တတိယပြုပြင်ပြောင်းလဲရေးနဲ့ပတ်သက်ပြီးဘာတွေ အဓိကလုပ်မလဲ။**

အဓိက,ကတော့ သမ္မတကြီးပြောပြောနေတာကတော့ ပြည်သူလူထုဆင်းရဲနေတာကို သူဒါကို ဝိုင်းလုပ်ပေးချင်တယ်လို့ အမြဲတမ်းပြောနေမယ်။ ပြည်သူလူထုဆင်းရဲနေတာကို နည်းလမ်းနှစ်ခုလုပ်လို့ရတာပေါ့။ တစ်ခုကတော့ သူတို့ ချမ်းသာအောင်လုပ်ပေးတာ။ နောက်တစ်ခုက ချမ်းသာအောင်မလုပ်ပေးနိုင်ရင်တောင်မှ သူတို့ကို ဒုက္ခမရောက်အောင် လုပ်ပေးတာ။

**ဒီရက်ပိုင်းမှာ အစိုးရအဖွဲ့တချို့ အပြောင်းအလဲဖြစ်မယ်လို့ သတင်းတွေထွက်နေပါတယ်။ ဘယ်လိုလူမျိုးတွေဖြစ်နိုင်လဲ။**

သမ္မတကြီးပြောခဲ့တာရှိတာပဲ။ သူပြုပြင်ပြောင်းလဲရေးလုပ်မယ် ပထမအဆင့်လုပ်ပြီးပြီ။ ဒုတိယအဆင့်လုပ်ပြီးပြီ။ အခု တတိယအဆင့်ပြုပြင်ပြောင်းလဲရေးလုပ်တာပေါ့။ ပြုပြင်ပြောင်းလဲရေးလုပ်တဲ့အခါမှာလည်း သူ့ရဲ့ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာကိုဝိုင်းလုပ်ပေးတဲ့လူကတော့ ရှိနေမှာပေါ့။ ဝိုင်းမလုပ်ပေးတဲ့ လူကတော့ရှိမှာမဟုတ်တော့ဘူး။ ဒါက ရှင်းရှင်းလေးပဲ။ ပထမအဆင့် ပြုပြင်ပြောင်းလဲရေးတုန်းကလည်း သူလက်တွဲလို့ရတဲ့ လူတွဲတာပဲ။ မရတဲ့လူဖြုတ်ခဲ့တာပေါ့။ ဒုတိယအဆင့် ဒီလိုပဲလုပ်တာပေါ့။တတိယအဆင့်မှာလည်း လုပ်နိုင်တာပေါ့။ သူရဲ့ပြုပြင်ပြောင်းလဲရေးကို အားပေးတဲ့လူတွေကို ခိုင်းရမှာပဲ။ သူရဲ့ပြုပြင်ပြောင်းလဲရေးအောင်မြင်ဖို့ အတွက်။

**ဘယ်သူတွေပါသွားနိုင်လဲ။ ကျန်းမာရေးဝန်ကြီးပါတယ်လို့ကြားနေလို့။**

ကျွန်တော်လည်း မသိဘူး။ ကျွန်တော်က လျှောက်သွားနေရတာ။ ဒီတစ်ပတ်အတွင်းမှာ ဖြစ်သွားတာတွေကို အပ်ကျမပ်ကျ မသိဘူး။



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

**ဦးဆန်းဆင့်ကိုကော အဓိကဘာဖြစ်လို့ အရေးယူလိုက်တာလဲ။**

သူ့ကို အထောက်အပံ့မဖြစ်လို့ပဲဖြစ်မှာပေါ့။ သူ့ကို အထောက်အပံ့မဖြစ်တဲ့လူကတော့ သူထားမှာ မဟုတ်ဘူးလေ။ ကျွန်တော်တို့လည်း ဒီအတိုင်းပါပဲ။ ကျွန်တော်တို့လည်း အထောက်အပံ့ ဒီနေ့မဖြစ်ရင် ဒီနေ့သွားရမှာပဲ။ ဒါကတော့ မဆန်းဘူး။ သမ္မတက သူခိုင်းတဲ့အလုပ်ကိုမလုပ်ရင် သူက ဝန်ကြီးကို လဲပစ်လို့ရတယ်။ ဝန်ကြီးတစ်ဦးကလည်း သူလုပ်ချင်လို့ မဟာဗျူဟာကိုတင်ပြလို့ သမ္မတက ဒါကိုခွင့်မပြုရင်လည်း သူ့ဘာသာသူ နုတ်ထွက်ရမယ်။ အင်စတီကျူးရှင်းတွေ ခိုင်မာအောင်လုပ်ဖို့ လိုအပ်တယ်။ အဲဒီလိုလုပ်နိုင်မှပဲ ပြုပြင်ပြောင်းလဲရေးဖြစ်မှာပဲ။

**သမ္မတကြီးရဲ့ နှလုံးထဲမှာ ထည့်ထားတဲ့စက် လဲလိုက်ပြီလို့ကြားတယ်ဟုတ်လား။**

သူ့အချိန်နဲ့သူခြောက်လတစ်ကြိမ်၊ တစ်နှစ်တစ်ကြိမ် ဆေးစစ်ခံပါတယ်။ ဆေးစစ်ခံတဲ့အခါမှာလည်းကျန်းမာရေးကောင်းနေတယ်ဆိုတာ သိရတယ်။

**KNU နဲ့ တိုက်ပွဲပြန်ဖြစ်တာတွေရှိတယ်။ NCCT နဲ့ ဆွေးနွေးပွဲကလည်း ရပ်ဆိုင်းထားတယ်ဆိုတော့ ငြိမ်းချမ်းရေးက ဘယ်လိုဖြစ်သွားတာလဲ။**

ကရင်ပြည်နယ်မှာဖြစ်တဲ့ ကိစ္စက ဒါတိုက်ပွဲလို့ မခေါ်သင့်ဘူး။ တပ်ချင်းမှားတယ်လို့ပဲ ခေါ်တယ်။ နှစ်ဖက်ပြောကြဆိုကြတာလည်း တပ်ချင်းမှားတယ်လို့ ဒီလိုပြောကြတယ်။ ရှမ်းပြည်နယ်ဖြစ်တာကလည်း ငြိမ်းချမ်းရေးဆိုတာဟာ အပစ်အခတ်ရပ်စဲရေးပြီးတဲ့အခါမှာလုပ်ရမယ့်လုပ်ငန်းစဉ်တွေအများကြီးရှိတယ်။ နယ်မြေသတ်မှတ်တာ၊ စစ်မြေပြင်လိုက်နာရမယ့် စည်းကမ်းဒါတွေ မလုပ်နိုင်သေးဘူး။ ဒါတွေမလုပ်နိုင်သေးတဲ့ကာလမှာ ဒီလိုပဲဖြစ်မှာပဲ။ ဒီနေ့လက်မှတ်ထိုးတာနဲ့ မနက်ဖြန်သေနတ်သံ လုံးဝစဲသွားပြီလို့ပြောလို့မရပါဘူး။ ဒီအခြေအနေကို ထိန်းသိမ်းနိုင်ဖို့လိုတာပေါ့။

**တပ်မတော်သားတွေကို ဘာဖြစ်လို့တောင်းပန်တာလဲ။**

ကျွန်တော်က တပ်မတော်သားတစ်ယောက်ဖြစ်တယ်။ ကျွန်တော်ပြောတဲ့စကားကို တပ်မတော်သားတွေက စိတ်ဆိုးကြတယ်။ စိတ်မကောင်းဖြစ်ကြတယ်။ ကျွန်တော့်အနေနဲ့ ဒါတောင်းပန်သင့်တယ်လို့ထင်တာပေါ့နော်။ ကြီးတယ်၊ ငယ်တယ် သဘောမထားပါဘူး။ ဒါက ဒီမိုကရေစီကျင့်စဉ်မှာ တောင်းပန်တယ်ဆိုတာ ကျင့်စဉ်တစ်ခုပါ။

**ဘာများဖြည့်စွက်ပြောကြားချင်ပါသေးလဲ။**

ဒီအချိန်မှာတော့ ကိုယ်လည်းသိပ်များများမပြောချင်ဘူး။ ဒီအချိန်မှာတော့ ဦးလှဆွေပြောသလိုပဲ 'ဦးအောင်မင်းက ဆန္ဒစောနေတဲ့ ပုံပေါ်တယ်။ ဦးအောင်မင်းက စားလည်းဒီစိတ်။ အိပ်လည်းဒီစိတ် ဒီလိုဖြစ်နေတယ်' ငြိမ်းချမ်းရေးအတွက်ကိုသူပြောတာ တကယ်မှန်တယ်။ ကိုယ့်ဆီမှာစားလည်းဒီစိတ်၊သွားလည်းဒီစိတ် ငြိမ်းချမ်းရေးပဲအဓိကထားပါတယ်။ ဒါကိုပဲအမြဲတမ်းကြည့်နေတယ်။

**ကျေးဇူးတင်ပါတယ်။** ။

သွေးလွန်တုပ်ကွေး အန္တရာယ်လူထုပညာပေး ဟောပြောပွဲကျင်းပမည်

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)မှ ကြီးမှူး၍ ဒုတိယအကြိမ်မြောက် လူထုပညာပေးဟောပြော ဆွေးနွေးပွဲကို လာမည့် ၂၉–၆–၂၀၁၄ တနင်္ဂနွေနေ့ နေ့လယ်(၂) နာရီမှ စတင်၍ မြန်မာနိုင်ငံဆရာဝန်အသင်းအမှတ်– ၂၄၉၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို အခမဲ့တက်ရောက်နိုင်ပါသည်။ ယခုတစ်ကြိမ် ဆွေးနွေးမည့်ခေါင်းစဉ်မှာ "သွေးလွန်တုပ်ကွေးအန္တရာယ် အစဉ် သတိပြုဖွယ်" ဖြစ်ပြီး မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခဦးရဲမြင့် သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကလေးအထူးကုဆရာဝန်ကြီးများဖြစ်သော ပါမောက္ခ ဦးစောဝင်း၊ ပါမောက္ခဦးဝင်းမြတ်အေး၊ ပါမောက္ခဦးကျော်ဇင်ဝေတို့မှ ဟောပြောဆွေးနွေး၍မေးခွန်းများ ပြန်လည်ဖြေကြားပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

TANK LEVEL SENSOR SYSTEM
စက်သုံးဆီ ပန့်ဆိုင်သုံး
အင်ဖိုစစ်မြန်မာ
ဆီတန်စောင့်ကြည့်စနစ်
01-291442, 09-73203624
တနိုင်ငံလုံးသို့ လိုက်လံ တပ်ဆင်ပေးနေပါပြီ

ဝန်ထမ်းအလိုရှိသည်
– အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။
– ရိုးသားကြိုးစားစွာ လုပ်ကိုင်လိုစိတ်ရှိရမည်။
စိတ်ပါဝင်စားသူများအနေဖြင့် CV Form နှင့်တကွ အောက်ပါ ဖုန်းနံပါတ်များတွင် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။
ဆက်သွယ်ရန်ဖုန်းနံပါတ်–01 299596, 295127, 09 73132513

7DAY NEWS JOURNAL
Vol.13, No.16 • JUNE 25 , 2014

စာမျက်နှာ (၁၅) မှ

## ပြည်ပတွင် ပညာသင်လိုသူများနှင့် စကော်လာငါးမျှားချိတ်

အမှန်တကယ်ထူးချွန်သည့် ကျောင်းသူ၊ ကျောင်းသားများကိုသာ နိုင်ငံတကာအစိုးရများနှင့် ပြင်ပအဖွဲ့အစည်းများက နိုင်ငံခြားတက္ကသိုလ်များတွင် လေ့လာသင်ယူနိုင်ရန် ပညာတော်သင်ထောက်ပံ့ကြေးဆုများကို ပေးအပ်လေ့ရှိပြီး သာမန်ကျောင်းသားများကို ပညာတော်သင်ဆုစကော်လာပေးအပ်မည်ဆိုပါက သတိထားရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

အချို့ပညာတော်သင်ဆုများတွင် ပညာတော်သင်ဆုရယူ၍ ကျောင်းပြီးဆုံးသွားသည်နှင့်အဆိုပါနိုင်ငံများတွင် အလုပ်ပြန်လည်လုပ်ကိုင်ပေးရမည့် စာချုပ်များချုပ်ရလေ့ရှိကြောင်းသိရသည်။

“သူနာပြုတက္ကသိုလ်တစ်ခုမှာ သူတို့ကစကော်လာပေးတယ်။ ဒါပေမဲ့ ကျောင်းပြီးသွားရင် သူတို့ဆေးရုံမှာ လေးနှစ်ပြန်ပြီးအလုပ်လုပ်ပေးရမယ်လို့ စာချုပ်ချုပ်ရတယ်။ အဲဒီတော့ ကလေးတစ်ယောက်အနေနဲ့ ဆယ်နှစ်လောက်ကို အချိန်ပေးရတော့မယ်။ အဲဒီလိုအစား တခြားစကော်လာမရတဲ့ တက္ကသိုလ်တစ်ခုခုကို ရွေးချယ်ပြီး တက်တာမျိုးလုပ်သင့်တယ်”ဟု ပြည်တွင်းရှိ ပညာရေးအေဂျင်စီတစ်ခုမှ ပညာရေးအကြံပေးတစ်ဦးကပြောပြသည်။

ပြည်ပနိုင်ငံများရှိတက္ကသိုလ်များသို့ သွားရောက်၍ ပညာသင်ကြားရန် ပညာသင်စရိတ်နှင့်နေထိုင်မှုစရိတ်မှာ မိမိတက်ရောက်မည့်ကျောင်းအမျိုးအစား၊ဘာသာရပ်အပေါ်မူတည်၍ ငွေကုန်ကျမှုအနည်းအများကွာခြားမည်ဖြစ်ပြီး အကြမ်းအားဖြင့်အမေရိကန်နိုင်ငံရှိတက္ကသိုလ်များတွင် ပညာသင်ကြားစရိတ်နှင့် နေထိုင်စရိတ်များမှာ တစ်နှစ်လျှင်ငွေကျပ်သိန်း၁၅၀ မှ သိန်း ၅၀၀ အတွင်း၊ဩစတြေးလျနိုင်ငံတွင် ငွေကျပ်သိန်း ၃၅၀မှ သိန်း၄၀၀အတွင်း၊ စင်ကာပူနိုင်ငံတွင် ငွေကျပ်သိန်း၂၀၀နှင့် သိန်း ၂၅၀ကြားကုန်ကျမည်ဖြစ်သည်။

ပညာသင်နှစ်များမှာအင်ဂျင်နီယာနှင့်ပတ်သက်သည့် ဘာသာရပ်များမှာ ငါးနှစ်နှင့်ကျန်ဘာသာရပ်များမှာ သုံးနှစ်မှလေးနှစ်အထိ ပညာသင်ကြားရမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ ကျောင်းသူ၊ ကျောင်းသားများနိုင်ငံရပ်ခြားရှိ တက္ကသိုလ်များသို့ သွားရောက်ပညာသင်ကြားရာတွင် အဓိကတွေ့ကြုံရသည့်အခက်အခဲမှာ နေထိုင်မှုပုံစံ မတူညီခြင်း၊သင်ကြားရေးနည်းစနစ်များမတူညီခြင်း၊ အုပ်စုဖွဲ့သင်ကြားခြင်းများတွင် အားနည်းခြင်းများကို တွေ့ကြုံရတတ်သည်။

“အဓိအားဖြင့် နိုင်ငံခြားမှာကျောင်းသွားတက်တဲ့သူတွေ အဓိက ကြုံရတာက Corporative လုပ်ရမယ့် Assignmentတွေမှာ ပူးပေါင်းမဆောင်ရွက်နိုင်ကြဘူး။ အရင်သင်လာရတာက ဒါသင်၊ဒါမေး၊ ဒါဖြေပုံစံမျိုးနဲ့ အလွတ်ကျက်ပြီး ဖြေလာတာမျိုးဆိုတော့ အဲဒီလိုအခက်အခဲတွေက တွေ့တတ်ကြတယ်”ဟု စင်ကာပူနိုင်ငံရှိ ပိုလီတက္ကသိုလ်တွင် သွားရောက်သင်ကြားခဲ့သည့် ကိုပြည့်ဖြိုးကပြောပြသည်။

အဆိုပါကလေးများအနေဖြင့် ပြည်ပတက္ကသိုလ်များသို့ မတက်မီ လိုအပ်သည့်ပြင်ဆင်ချိန်ကို တစ်နှစ်ခွဲအထိ အချိန်ယူပြင်ဆင်ပြီးမှ တက်ရောက်လိုသည့် ကျောင်းသို့ သွားရောက်သင်ကြားသင့်ကြောင်းပညာရေးအကြံပေးများက အကြံပြုထားသည်။

“ကလေးတွေကဘာကိုဝါသနာပါလဲဆိုတာကို သိဖို့လိုတယ်။ ဝါသနာပါတာကိုသိရင်တောင်မှ လုပ်နိုင်မှုစွမ်းရည်ရှိ၊မရှိကိုပါ ထည့်စဉ်းစားသင့်တယ်။မြန်မာပြည်မှာအလုပ်အကိုင်အခွင့်အရေးရှိ၊မရှိကို ကြည့်ပြီးရွေးချယ်တယ်။ ဖြစ်နိုင်ရင် ကိုယ်သွားမယ့်နိုင်ငံ၊ ကိုယ်သင်မယ့်ဘာသာရပ်ကို ရွေးပြီးတော့မှအတိအကျပြင်ဆင်ဖို့ အကြံပေးချင်ပါတယ်”ဟု CROWN Education မှ ပညာရေးအတိုင်ပင်ခံဦးအောင်ကျော်ဆန်းကပြောသည်။

နိုင်ငံရပ်ခြားရှိ တက္ကသိုလ်များတွင် ပညာသင်ကြားလိုသည့် ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် မိမိဝါသနာပါသည့်၊ အသက်မွေးလိုသည့်ဘာသာရပ်ကို ရွေးချယ်ရမည်ဖြစ်ပြီး တက္ကသိုလ်နှင့်နိုင်ငံကို ကုန်ကျစရိတ်၊ ကြာမြင့်ချိန်တို့နှင့် ချိန်ညှိ၍ ရွေးချယ်ရမည်ဖြစ်သည်။

“သမီးကခုဆယ်တန်းအမှတ်က ၅၈၁မှတ်ရထားတယ်။ စီးပွားရေးတက္ကသိုလ်တစ်ခုခုတက်ပြီးတော့ စီးပွားရေးပညာရှင်တစ်ယောက်ဖြစ်အောင်လုပ်ချင်တယ်”ဟု ပညာရေးပြပွဲတစ်ခုသို့ တက်ရောက်နားထောင်ခဲ့သူ မသီရိမွန်ကပြောပြသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်သင်ကြားလိုသည့်ကျောင်းသူ၊ ကျောင်းသားများအနေဖြင့်အသက်မွေးဝမ်းကျောင်းပြုလုပ်မည့် မိမိစိတ်ဝင်စားသည့်ဘာသာရပ်များကိုရွေးချယ်သင်ယူ၍ပူးပေါင်းဆောင်ရွက်လိုစိတ်၊ ကိုယ့်အားကိုယ်ကိုးသည့်စိတ်ဓာတ်၊ စဉ်းစားတွေးခေါ်ဉာဏ်ပညာတို့ကို အသုံးချပြီး ပြီးမြောက်သည်အထိ ဆောင်ရွက်နိုင်သည့် ဖွဲလုံ့လဖြင့် ကြိုးစားသင်ယူရမည်ဖြစ်သည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y MIT | 98,000 |
| Galaxy S Advance | 218,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 235,000 |
| Galaxy S3 | 327,000 |
| Galaxy S4 Mini | 348,000 |
| Galaxy S4 | 485,000 |
| Galaxy Mega 5.8 | 320,000 |
| Galaxy Note II | 407,000 |
| Galaxy Tab3 7" | 290,000 |

လှူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများ ဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 350,000 |
| Xperia J | 163,000 |
| Xperia P | 260,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 780,000 |
| iPhone 5s(32GB) | 670,000 |
| iPhone 5s(16GB) | 670,000 |
| iPhone 5 (32 GB) | 758,000 |
| iPhone 5 (16 GB) | 658,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 90,000 |
| G 510 | 120,000 |
| C 8813D | 133,000 |
| G 520 | 125,000 |
| G 610s | 125,000 |
| G 700 | 218,000 |
| Ascend P6 | 292,000 |
| C 8813 (CDMA) | 128,000 |
| G 610c (CDMA) | 145,000 |
| Y 300c (CDMA) | 90,000 |

ဇွန်လ (၂၁) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (PDP) | 4Series51–4900 | 450,000 |
| Panasonic(LED) | THL32B6T | 240,000 |
| Sony (LED) | 32W45 | 295,000 |
| LG (LED) | 32LN5120 | 230,000 |
| **DVD** | | |
| Samsung | BD–E 5500(Blu–ray 3D) | 130,000 |
| Nakita | EVD | 38,000 |
| G–IPOLO | HDMI | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 330,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 240,000 |
| Panasonic | NR.BT224 | 230,000 |
| **Washing** | | |
| Samsung | WA95W9 | 175,000 |
| Panasonic | 72B2 | 190,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS–E1067) | 240,000 |
| Mitsubishi Electric | 1.0HP(MS–F10VC) | 290,000 |
| Samsung | 1.0HP(AS09 HTFST) | 230,000 |

အထက်ပါဈေးနှုန်းများမှာ ဇွန်လ (၂၁) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင် နှင့် Misubishi Electric Centre တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယားဆင်တံဆိပ်) | တစ်အိတ် | ၅,၄၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ (ကြံ) | တစ်အိတ် | ၄,၇၅၀ |
| အုတ်(ကုန်းအုတ်–ပထမတန်းစား) | တစ်လုံး | ၁၃၅ |
| အုတ်(ကုန်းအုတ်–ဒုတိယတန်းစား) | တစ်လုံး | ၁၁၅ |
| အုတ်(၈ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၁၀ |
| နေပြည်တော်စက်အုတ်(၁၀ပေါက်) | တစ်လုံး | ၇၀–၈၀ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၈,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၁၃,၀၀၀ |
| ကျောက် | တစ်ကျင်း | ၉၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.3mm)အပါး | တစ်ပေ | ၅၅၀ |
| ကာလာစတီးအမိုးပြား 4angle (0.312mm) | တစ်ပေ | ၆၅၀ |
| ကာလာစတီးအမိုးပြား 4angle (0.36mm) | တစ်ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4angle (0.346mm) | တစ်ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4angle (0.42mm) | တစ်ပေ | ၉၅၀ |
| Two Stars (အနီရောင်) | တစ်ပေ | ၃၅၀ |
| ထုံး(၈ပိဿာအိတ်) | တစ်အိတ် | ၁,၂၀၀ |
| အိမ်ရိုက်သံ (2"–4") | တစ်ပိဿာ | ၁,၃၁၀ |
| အိမ်ရိုက်သံ (1"½") | တစ်ပိဿာ | ၁,၄၁၀ |

အထက်ပါဈေးနှုန်းများမှာ ဇွန်လ (၂၁) ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှု အနည်းငယ်ရှိနိုင်ပါသည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀–၁,၇၀၀ |
| ဆန် (တောင်ပျံ) | တစ်ပြည် | ၁,၀၀၀–၁,၃၀၀ |
| ဆန် (ဧယာ) | တစ်ပြည် | ၇၀၀–၈၀၀ |
| ဆီ (ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ (စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၀၀ |
| ဆီ (ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၀၀ |
| ဆား (အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၀၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀–၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀–၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀–၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၆,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၇,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၈,၀၀၀ |
| ခရမ်းချဉ်သီး(အင်းသီး) | တစ်ပိဿာ | ၁,၄၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၈၀၀ |
| ငရုတ်သီး(အပု) | တစ်ပိဿာ | ၆,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | တစ်ပိဿာ | ၂,၃၀၀–၂,၈၀၀ |
| ငါးကြင်း | တစ်ပိဿာ | ၂,၅၀၀–၂,၈၀၀ |
| ငါးသလောက် | တစ်ပိဿာ | ၃,၃၀၀–၃,၆၀၀ |
| ငါးဖယ် | တစ်ပိဿာ | ၂,၃၀၀–၂,၆၀၀ |
| ပုစွန်ဘော့ချိတ် | တစ်ပိဿာ | ၃,၂၀၀–၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | တစ်ပိဿာ | ၁၂,၀၀၀–၂၆,၀၀၀ |
| တီလားဗီးယား | တစ်ပိဿာ | ၁,၆၀၀–၂,၀၀၀ |

ဇွန်လ (၂၁) ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| ဈေးနှုန်း | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Jun (25) | 815 | 940 | 920 | 950 |
| Jun (26) | 815 | 940 | 920 | 950 |
| Jun (27) | 815 | 940 | 920 | 950 |
| Jun (28) | 815 | 940 | 920 | 950 |
| Jun (29) | 815 | 940 | 920 | 950 |
| Jun (30) | 815 | 940 | 920 | 950 |
| Jul (1) | 815 | 940 | 920 | 950 |


ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ်ရှိနိုင်သည်။

## NOTE BOOK PRICE

| | |
|---|---|
| **ASUS** | |
| Intel Core i3 1.7 GHz, 4 GB DDR3, 500GB HDD, 14" | 590,000 |
| Intel Core i5 1.6 GHz, 4 GB DDR3, 500 GB HDD, 14" | 648,000 |
| Intel Core i7 1.8 GHz, 4 GB DDR3, 1 TB, 14" | 745,000 |
| Intel Core i7 1.8 GHz, 4 GB DDR3, 750 GB HDD , 14" | 794,000 |
| **HP** | |
| Intel Core i3 1.5 GHz, 4 GB DDR3, 500 GB HDD, HD, 14" | 538,000 |
| Intel Core i5 2.5 GHz, 6 GB DDR3, 500 GB HDD, 15.6" | 630,000 |
| Intel Core i5 1.7 GHz, 6 GB DDR3, 640 GB HDD, HD, 15.6" | 664,000 |
| Intel Core i7 2.4 GHz, 4GB DDR3, 1 TB HDD, 15.6" | 1,066,000 |
| **Dell** | |
| Intel Core i3 1.7 GHz, 4 GB DDR3, 500GB HDD, 14" | 522,000 |
| Intel Core i5 1.6 GHz, 4 GB DDR3, 500 GB HDD, 14" | 582,000 |
| Intel Core i5 1.6 GHz, 4 GB DDR3, 1 TB HDD, 15.6" | 658,000 |
| Intel Core i7 1.8 GHz, 4GB DDR3, 750 GB HDD , 14" | 833,000 |

7 DAY NEWS JOURNAL
Vol.13, No.16 • JUNE 25 , 2014

သင်းရီ




# မဟာသန္တိသုခမှသည် မီးခိုးကြွက်လျှောက်

သည့်ရက်ထဲမှာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတစ်ဦး ရာထူးချဖမ်းဆီးစစ်ဆေးအရေးယူခံရသည့်သတင်းကြားရသည်။ ဝန်ကြီးကိုဖမ်းဆီးသည်မျှမက မိသားစုကိုပါ နေအိမ် အကျယ်ချုပ်ဖြင့် ထားပြန်သေးသည်ဆိုတော့ သည်ကိစ္စကသေးသေးအမှုတော့ဖြင့်မဟုတ်လေဘူးလားတွေးမိ၏။ ငွေအလွဲသုံးစားမှုဟု ခေါင်းစဉ်တပ်တာကြားရသည်။နိုင်ငံတော်သမ္မတရုံးပြောရေးဆိုခွင့်ရှိသူက တရားဝင်ပြောသည်ကတော့လည်း ထိုဝန်ကြီးအနေနှင့် သမ္မတညွှန်ကြားသည်ထက်ကျော်လွန်ပြီးလုပ်တာမျိုးရှိသည့် အကြောင်း၊ သံဃမဟာနာယက ဆုံးဖြတ်ချက်ကိုအေးအေးချမ်းချမ်း အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်ရာတွင် ဟိုဘက်သည်ဘက်နှစ်ဖက်အကြား နားလည်မှုဖြစ်စေသည်ထက် စိတ်ဝမ်းကွဲပြားမှုဖြစ်စေခဲ့တဲ့အကြောင်းကိုသာဘယ်အကြောင်းအရာတွင်ဟု ခေါင်းစဉ်မတပ်ဘဲ ပြားချ၍ မသဲမကွဲပြောသည်။ထားတော့။ကျန်သည့်ကြက်ဥအရောင် တိမ်တောင်သဖွယ်မင်းရေကျယ်သည့် သူတို့အတွင်းမှာ ဘာတွေဖြစ်ကြသလဲကိုတော့ဖြင့် ထားတော့။

ငွေအလွဲသုံးမှု ဆိုသည်ကတော့လည်း ကမ္ဘာ့နှင့်ချီလျက်ပင်ထိပ်တန်းမှာ နာမည်ရနေသည့်ကိုယ်တို့နိုင်ငံပေပဲမို့ ဆန်းလှသည်ဟုမထင်မိ။ သို့သော် သူလုပ်မိသည့်အလွဲသုံးစားက သိန်း ၇၀လောက်ဆိုတော့ တော်တော့ကိုညံ့သည့်ဖွတ်ကလိဒင်္ဂါးဝန်ကြီးပေပဲဟုတွေးမိသည်။

တကယ်တော့လည်း သည်လိုအလွဲသုံးမှုမျိုးဆိုသည်က ကိုယ်တို့တိုင်းပြည်မှာဖြင့် ဝေသာလီပြည်ဘီလူးဝင်ဆိုသလိုမျိုး ဝါးချင်တိုင်းဝါး၊ စားချင်တိုင်းစား လာခဲ့ကြသည့် နှစ်ပေါင်းကပင် နှစ်ဆယ့်ငါးနှစ်လောက်နှင့် ခြစားမှုငွေရတုပင် ဆင်ယင်ရတော့မည့်ကာလရောက်နေခဲ့ပြီပဲ။ ထို့ကြောင့် ရိုးနေပြီဖြစ်သည့် သည်ကိစ္စကြောင့်သက်သက်တော့ဖြင့်လည်း မဟုတ်လေတန်ဘူးထင်သည်။

ပြည်သူအများ စိတ်ဝင်တစားရှိနေကြသည့် မဟာသန္တိသုခကျောင်းတော်ကြီးပြဿနာတွင် သမ္မတက ညွှန်ကြားသည်ထက် ဘောင်ကျော်ကာဆောင်ရွက်ခဲ့သောကြောင့် ဆိုလျှင်တော့ဖြင့် ယုတ္တိအတန်ငယ်ရေးတေးတေးရှိ၏ဟု ထင်စရာရှိ၏။ ဟိုဘက်နှင့်သည် ဘက်အကြားသာသနာရေးဝန် ကြီးအနေနှင့်ရော၊ ဆရာဒကာ အနေနှင့်ရော ဝင်ရောက်ဖြေရှင်းဖို့ သမ္မတက ညွှန်ကြားခဲ့သော်လည်း ပါဝင်ပတ်သက် ဆောင်ရွက်ကြရသူများ အကြား စိတ်ဝမ်းကွဲပြားမှုဖြစ်စေခဲ့သည့်အတွက် ထိုဝန်ကြီးကို အရေးယူရခြင်း ဖြစ်ပါကြောင်းဟု သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူက ပြောသံလည်း ကြားလိုက်ရသည်ကိုး။ မဟာသန္တိသုခကျောင်းတော်ကြီးကိစ္စတွင်တော့ ပါဝင်ပတ်သက်ဆောင်ရွက်ကြသူတွေအကြား စိတ်ဝမ်းကွဲ၊ မကွဲတော့မသိ။ ဗုဒ္ဓဘာသာဝင်အများစုဖြစ်သည့် နိုင်ငံတော်အတွင်းမှ ပြည်သူများအကြား သံဃာထုအကြားတွင် မကျေမလည်ဖြစ်ခဲ့ကြသည်တော့ အမှန်ပင်ဖြစ်၏။ ဘာသာရေးကိစ္စဆိုသည်က အလွန်ထိလွယ်ရှလွယ်ရှိတတ်သည့်ကိစ္စ။

သည်နှစ်တွေထဲမှာ အလွန်ထိလွယ်ရှလွယ် ရှိတတ်လွန်းသော ဘာသာရေးနှင့်ပတ်သက်သည့်ကိစ္စတွေက ကိုယ်တို့နိုင်ငံရဲ့ ဟိုနေရာ၊ သည်နေရာမှ ဟိုကိစ္စ၊ သည်ကိစ္စတွေမှာ သူ့မီးကြွင်းနှင့်သူ အကင်းမသေနိုင်ဘဲရှိနေကြသေးသည်လေ။ သည်တော့ သည်ကိစ္စက အလွန်သတိကြီးကြီးထားပြီး ကိုင်တွယ်ရမည့်ကိစ္စ။ ယခုတော့ မဟာသန္တိသုခ ကျောင်းတော်ကြီး ပြဿနာတွင် လုပ်ပုံကိုင်ပုံတွေက ဒီမိုကရေစီရှုထောင့်ဝေးလို့ ဘယ်ရှုထောင့်ကကြည့်ကြည့် ဘာစည်း၊ ဘာကမ်း၊ ဘာစနစ်မှမရှိ လုပ်ချင်သလိုလုပ်ကြလေသည်ဟုပြောရလောက်အောင်လုပ်ခဲ့ကြသည်မျိုးပဲဖြစ်နေ၏။ ညကြီးအချိန်မတော် ကျောင်းတိုက်ဝင်စီးတာ၊ ကျောင်းမှ ရဟန်းတော်တွေကို ဖမ်းဆီးခေါ်ဆောင်သင်္ကန်းဆွဲချွတ်ပြီးအင်းစိန်ထောင်ထဲထည့်ခဲ့တာတွေက တစ်တိုင်းတစ်ပြည်လုံးကိုပင် ကြားရနားဝမချမ်းသာဆိုသလို လှုပ်လှုပ်ခတ်ခတ်ဖြစ်စေခဲ့သည်ပဲ။

သည်ကြားထဲ ကိုယ့်ကိုယ်ကိုယ် သမ္မတအကြံပေးဟု စည်းမဲ့ကမ်းမဲ့၊ ဥပဒေမဲ့အရှက်မရှိ ထင်တိုင်းအယောင်ဆောင် နာမည်တပ်ထားသည့် သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်အငြိမ်းစားဆိုသည့်လူကလည်း သည်လောက်အရေးကြီးဖြစ်နေသည့် ကမ္ဘာသိ သတင်းစာရှင်းလင်းပွဲမျိုးမှာ မြို့အစွန်အဖျားဆင်ခြေဖုံးရပ်ကွက် အရက်ပုန်းဆိုင်ထဲကမိုက်ကန်းကန်း အကောင်တစ်ကောင်လို လူမိုက်စကားလုံးတွေသုံးပြီးထင်သလို ပြောပြန်သေးဆိုသည့်အခါ ဗုဒ္ဓဘာသာဝင်များဦးထိပ်ထားကြသည့် ဘာသာရေးကိစ္စတွင် သည်လောက်တောင်မှ စည်းမဲ့ကမ်းမဲ့တွေ ဖြစ်နေကြရလေရော့သလားဟု ခေါင်းနားပန်းကြီးမိသည်ထိဖြစ်ရသည်။

ပြီး အဲ့သည်ကျောင်းတိုက်ကြီးကို ဝင်စီးသည့် ညတုန်းကတိုင်းသံဃနာယကအမိန့်ဖြင့်ဟုဆိုကာ ချောဆွဲခေါ်ဆောင်လာခြင်းခံရသည့် ရန်ကုန်တိုင်းထဲမှ သံဃာတော်တွေကို အဲ့သည်သန္တိသုခကျောင်းကြီးထဲမှာ နယ်စပ်မှဝင်ရောက်လာပြီး ဒုလ္လဘရဟန်းဝတ်နေကြသူတွေ ရှိနေသည့်အကြောင်း၊ အဲ့သည်ဒုလ္လဘရဟန်းတွေနှင့်အတူ လက်နက်တွေ ရှိနေနိုင်ကြောင်း စသည်ဖြင့် ဗလောင်းဗလဲတွေ မဟုတ်မဟတ်ပြောကာ ခေါ်လာခဲ့ခြင်းဖြစ်သည်ဟု ချောဆွဲခံရသည့် သံဃာတော်တစ်ပါး၏ အင်တာဗျူးတွင်နားထောင်ရသည့်အခါ အဲ့သည်လောက်လူ့ပေါက်ပန်း ကြမ်းပိုးသူခိုးဆန်လွန်းသည့် ကလိန်စေ့ငြမ်းဆင်စကားလုံးတွေကို ထေရဝါဒဗုဒ္ဓဘာသာနှင့် ပတ်သက်နေသည့်သည်လိုကိစ္စမျိုးတွင် မဆင်မခြင်မိုက်မဲစွာဖြင့် အသုံးပြုခြင်းမှာ သာသနာတော်ကိုနင်းချေဖျက်ဆီးရာပင်ရောက်၏ဟု ဗုဒ္ဓဝါဒကို ဂုဏ်ယူစွာ ခံယူကျင့်သုံးလာခဲ့သူတစ်ယောက်အနေဖြင့် စိတ်မကောင်းခြင်းကြီးစွာဖြစ်မိရသည်။

ပြီး,သည်ကိစ္စက မြန်မာပြည် အစွန်အဖျားမှ လူမသိသူမသိ တောဘုန်းကြီးကျောင်းလေးကိစ္စမဟုတ်။ နိုင်ငံတော်အဆင့်ကိစ္စ။ ကမ္ဘာသိကိစ္စ ဖြစ်သည်။ တကယ်တော့လည်း လူမသိ သူမသိကိစ္စပဲဖြစ်ဖြစ်၊ ကမ္ဘာသိကိစ္စပဲဖြစ်ဖြစ် ထေရဝါဒ ဗုဒ္ဓသာသနာတော်နှင့် စပ်ဆိုင်သော ကိစ္စမျိုးများတွင် သူတစ်ဗိုလ်ငါတစ်မင်းစည်းမဲ့ကမ်းမဲ့ ထင်တိုင်းကြဲနေကြသည်များကမူ သာသနာတော်ကိုထွန်းပကျယ်ပြန့်အောင် ကြိုးပမ်းဆောင်ရွက်နေကြသည်နှင့် ဆန့်ကျင်စွာသာသနာတော် ညစ်နွမ်းအောင် လုပ်ဆောင်နေကြသကဲ့သို့ပင်ဖြစ်၏ဟုမြင်သည်။

သည်လေး၊ ငါးခြောက်လအတွင်း တစ်မျိုးပြီးတစ်မျိုး မရိုးအောင်ဆိုသလို ကြားကြားနေခဲ့ရသည့် ဘာသာရေးနှင့်ပတ်သက်သော အကြောင်းကိစ္စများကလည်း ဗုဒ္ဓ၏အဆုံးအမတော်များနှင့် ညီမှညီပါလေစ။ မညီရုံမျှမက ဗုဒ္ဓ၏အဆုံးအမတော်များနှင့်ဆန့်ကျင်ဖီလာများပင်ဖြစ်နေကြသည်များလား တွေးမိရသည်ထိဖြစ်ရသည်။ လောဘ၊ ဒေါသ၊ မောဟတွေမထိန်းနိုင်မသိမ်းနိုင်အထိပင်ဖြစ်ကုန်ကြပြီလားဟု တွေးမိမြင်မိရသည်။

မကြာသေးခင်ကကြားလိုက်ရသည့်သတင်းစကားတွေထဲတွင် မျိုးစောင့်ဥပဒေကို မထောက်ခံသည့်အဖွဲ့အစည်းများမှ အမျိုးသမီးခေါင်းဆောင်အချို့ကို ဘာလုပ်မည်၊ ညာလုပ်မည်နှင့် တယ်လီဖုန်းဖြင့် ခြိမ်းခြောက်လာကြသည်ဆိုခြင်းက ဘယ်အဖွဲ့အစည်း၏ညွှန်ကြားချက်ဖြင့်လုပ်လာကြသည်လဲ။ မျိုးစောင့်ဥပဒေဆိုသည်က ဘာသာရေးတွင် လုံးဝအခြေခံသည့်ဥပဒေဖြစ်သည်။ ဘာသာရေးဟုဆိုရာ၌ပင် ထေရဝါဒဗုဒ္ဓဘာသာသာသနာပင်ဖြစ်သည်။ ဗုဒ္ဓရှင်တော်က ငါနဲ့မတူ ငါ့ရန်သူဟု သင်ကြားဆုံးမတော်မူခဲ့ဖူးပါသလားဟုတွေးတော့ အတော်ခွကျသည်။ သည်မျိုးစောင့်ဥပဒေဆိုသည်ကလည်း ယခုတစ်နှစ်၊ ၂နှစ်အတွင်းတွင်မှ အရှိန်အဟုန်ဖြင့် ရှေ့တန်းသို့တိုးထွက်လာသော အမျိုးဘာသာ သာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကြီးမှ ဆင်းသက်လာသည့် ဥပဒေဖြစ်သည်။

သို့သော် ၂၀၁၄ နှစ်ဦးဇန်နဝါရီ ၁၅ ရက်တွင် မန္တလေးမြို့အတုမရှိသံဃာ့ညီလာခံတော်ကြီးမှ ချမှတ်သည့်သဘောထားထုတ်ပြန်ချက်တွင် ‘မိမိနှင့်သူတစ်ပါး၏အမျိုးဘာသာထိခိုက်စေမည့် ဟောပြောမှု၊ လှုံ့ဆော်မှုနှင့် တုံ့ပြန်မှုများမှ ရှောင်ကြဉ်ရန်’ ဆိုသည့် ဆုံးဖြတ်ချက်ကိုချမှတ်ခဲ့သည်ကို အမှတ်ရမိသည်။ သို့ဆိုလျှင် အဘယ်ကြောင့်ငါနှင့်မတူ ငါ့ရန်သူ အတွေးအခေါ်မျိုးကမည်သည့်နေရာမှ ထွက်ပေါ်လာခဲ့ပါသနည်းဆိုသည်က စဉ်းစားစရာဖြစ်လာသည်။

အလားတူပင် အမျိုးဘာသာသာသနာစောင့်ရှောက်ရေး အသင်းကြီး၏ ထိပ်တန်း ဆရာတော်များတွင် တစ်ပါးအပါအဝင်ဖြစ်သောဆရာတော်က တယ်လီဖုန်းလုပ်ငန်းလုပ်ကိုင်ခွင့်ရသည့် ‘အူရီးဒူးကုမ္ပဏီသည် မွတ်စလင်တိုင်းပြည်မှလာသော မွတ်စလင်ကုမ္ပဏီဖြစ်သောကြောင့် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းဆန့်ကျင်ကြရန်။ ရပ်ကွက်ထဲမှ အစ္စလာမ် ဘာသာဝင်တွေပိုင်သော ဈေးဆိုင်များကိုလည်း ဝယ်ယူအားပေခြင်း မပြုရန်ဆိုသည့် လူထုဟောပြောပွဲများကို တရားဝင်လုပ်ကိုင်လာခြင်းမှာ ထိုဆရာတော်၏သဘောဆန္ဒတစ်ခုတည်းဖြင့် လုပ်ဆောင်နေသည်လား။ သို့မဟုတ် အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအသင်းကြီး၏ အစီအစဉ် ညွှန်ကြားချက်ဖြင့် ဟောပြောလှုံ့ဆော်နေသည်လား။

စာမျက်နှာ(၃၂) သို့

# Technology

7 DAY NEWS JOURNAL

Vol.13, No.16 • JUNE 25 , 2014


# မိုက်ကရိုဆော့ဖ်က အိုင်တီလုပ်ငန်းငယ်များအား ဆော့ဖ်ဝဲထောက်ပံ့မည်

**နိုင်လင်းအောင်**

**ရန်ကုန်၊ ဇွန်-၂၁**

မြန်မာနိုင်ငံ၌ အိုင်တီကဏ္ဍဖွံ့ဖြိုးစေရန်နှင့် နည်းပညာနယ်ပယ်တွင် အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်လာစေရန် နိုင်ငံတကာထိပ်တန်းနည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် မိုက်ကရိုဆော့ဖ်က ပြည်တွင်းရှိ SME အိုင်တီလုပ်ငန်းငယ်များအား ဆော့ဖ်ဝဲများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

"မြန်မာနိုင်ငံမှာ ICT ကဏ္ဍဖွံ့ဖြိုးတိုးတက်လာအောင် ကူညီပေးတဲ့ သဘောပါ။ သူတို့ ကိုယ်တိုင်လုပ်တာထက်အိုင်တီလုပ်ငန်းငယ်လေးတွေ ဖွံ့ဖြိုးတိုးတက်လာအောင် ထောက်ပံ့ပေးပြီးတော့ အလုပ်အကိုင်အခွင့်အလမ်းတွေပေါ်ပေါက်လာအောင် ကူညီပေးသွားမှာပါ"ဟု မိုက်ကရိုဆော့ဖ်ကုမ္ပဏီ၏ ပြည်တွင်း Partner ဆော့ဖ်ဝဲကုမ္ပဏီတစ်ခုဖြစ်သော MIT အမှုဆောင် အရာရှိချုပ် ဦးထွန်းသူရသက်ကပြောသည်။

မိုက်ကရိုဆော့ဖ်က အိုင်တီလုပ်ငန်းငယ်လေးများအား Partner အနေဖြင့် လက်တွဲ၍ ကူညီပေးသွားမည်ဖြစ်ပြီး တစ်နှစ်လျှင် ကျပ်သိန်းတစ်သောင်း(ကန်ဒေါ်လာ တစ်သန်း) အောက် ဝင်ငွေရှိသော အိုင်တီလုပ်ငန်းငယ်လေးများအနေဖြင့် ယခုအစီအစဉ်ကို လျှောက်ထားနိုင်ပြီး ဆော့ဖ်ဝဲများ အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"လက်ရှိပြည်တွင်းမှာ သုံးနေတဲ့ မိုက်ကရိုဆော့ဖ် Software တွေရဲ့ ၉၀ ရာခိုင်နှုန်းကျော်က လိုင်စင်မရှိဘဲနဲ့သုံးနေကြတာ။ အခုလိုလိုင်စင်ဗားရှင်းတွေကိုထောက်ပံ့ပေးမယ်ဆိုတော့ လုပ်ငန်းငယ်လေးတွေအတွက် ကောင်းတာပေါ့။ နောက်ပိုင်းကျသက်သာတဲ့ ဈေးနှုန်းနဲ့ ရောင်းပေးမယ်ဆိုရင်လည်းတရားဝင်အသုံးပြုသူတွေပိုများလာနိုင်ပါတယ်"ဟုမြန်မာနိုင်ငံကွန်ပျူတာ လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးမျိုးမြင့်ထွန်းကပြောသည်။

မိုက်ကရိုဆော့ဖ်အနေဖြင့် Window OS နှင့် ဆော့ဖ်ဝဲများ အခမဲ့ထောက်ပံ့ပေးခြင်းကို အိုင်တီလုပ်ငန်းငယ်လေးများအတွက် သာမကမျက်နှာပြင်အကျယ် ကိုးလက်မနှင့် အောက်ရှိသော Window Tablet များနှင့် Window ဖုန်းများတွင်လည်း အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ကျပ် ၁,၅၀၀ တန်ဆင်းမ်ကတ် ဇွန်လခွဲတမ်းတွင် ရန်ကုန်အတွက် စီဒီအမ်အေဆင်းမ်ကတ်များသာရောင်းမည်

**ဆွေမွန်**

**ရန်ကုန်၊ ဇွန်-၂၁**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက လစဉ်ရောင်းချပေးနေသည့် ၁,၅၀၀ ကျပ်တန်ဆင်းမ်ကတ်များကို ဇွန်လအတွက် ကတ်ရေလေးသိန်းရောင်းချပေးသွားမည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးတွင် CDMA 800MHz များကိုသာရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



*တန်ဖိုးနည်းဖုန်းဆင်းမ်ကတ်များအား ကလေးငယ်များဖြင့် မဲနှိုက်နေစဉ်*  ဓာတ်ပုံ – ကျော်ဇင်သန်း

၁,၅၀၀ကျပ်တန်တန်ဖိုးနည်း မိုဘိုင်းဆင်းမ်ကတ်များ ရောင်းချရာတွင် လက်ရှိတပ်ဆင်ပေးထားသည့် ရေဒီယိုစခန်းများ၏ လိုင်းအင်အားနှင့်သုံးစွဲနေသည့် အခြေအနေများအပေါ်မူတည်၍ အချိုးကျခွဲဝေရောင်းချပေးနေခြင်းဖြစ်ပြီး ယခုလတွင် MECTel အမှတ်တံဆိပ် CDMA 800MHz ကတ်ရေနှစ်သိန်းခွဲကို ရန်ကုန်တိုင်းဒေသကြီးတွင်သာ ရောင်းချသွားမည်ဖြစ်ကြောင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းထုတ်ပြန်ထားသည်။

ရောင်းချပေးမည့် ဆင်းမ်ကတ်လေးသိန်းတွင် GSM ကတ်ရေတစ်သိန်းကို အခြားပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးသို့ သုံးစွဲမှုအပေါ်မူတည်၍ အချိုးကျခွဲဝေရောင်းချသွားမည်ဖြစ်သည်။ သက်ပြည့်အငြိမ်းစားယူသွားသည့် ဝန်ထမ်းများအတွက် WCDMA ဆင်းမ်ကတ်ငါးသောင်းကို ရောင်းချသွားမည်ဖြစ်ကြောင်း လည်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ရှိတွင် ရပ်ကွက်၊ မြို့နယ်အများစု၌ ၁,၅၀၀ ကျပ် တန်ဆင်းမ်ကတ်များလာရောက်လျှောက်ထားမှုလျော့နည်းသွားပြီးလာမည့် နှစ်လကျော်အတွင်း ရောင်းချပေးမည့် ပြည်ပဆက်သွယ်ရေးအော်ပရေတာကုမ္ပဏီများမှ မိုဘိုင်းဆင်းမ်ကတ်များကိုသာ စောင့်ဆိုင်းနေခြင်းကြောင့်ဖြစ်ကြောင်း သတင်းရရှိသည်။

"လျှောက်လည်း မဲနှိုက်ရွေးတာနဲ့ ပြီးတော့ ရတဲ့ဖုန်းကလည်း CDMA ဆိုတော့ သိပ်ပြီးမလိုချင်တော့ဘူး။ ကိုယ့်အိမ်မှာ သုံးဖို့လောက်ဖုန်းရှိထားပြီပဲ။ နောက်ကုမ္ပဏီတွေကရောင်းမှပဲဝယ်တော့မယ်။ ပြန်ရောင်းရင်တောင် CDMA ဖုန်းတွေက ဈေးသိပ်မရဘူး"ဟု သာကေတမြို့နယ်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ကျပ် ၁,၅၀၀ တန် ဆင်းမ်ကတ်များကို စတင်ရောင်းချခဲ့သည့် ၂၀၁၃ ခုနှစ် ဧပြီလမှစ၍ ကတ်ရေပေါင်း ၅ ဒသမ ၀၅ သန်း ရောင်းချပေးခဲ့ပြီး မြန်မာ့ဆက်သွယ်ရေးမှ GSM နှင့် WCDMA ၊ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းမှ MECTel အမှတ်တံဆိပ်ပါ CDMA 800MHz များကို ရောင်းချပေးနေခြင်းဖြစ်သည်။







# အက်ပဲလ်စမတ်နာရီများ တိုင်ပေကုမ္ပဏီ ဇူလိုင်လအတွင်း အမြောက်အမြားထုတ်မည်

**တိုင်ပေ၊ ဇွန် - ၂၂**

ပြိုင်ဘက်ဆမ်ဆောင်း ကုမ္ပဏီနှင့် ယှဉ်၍ တီထွင်ဆန်းသစ်ထုတ်လုပ်နိုင်သေးကြောင်း သက်သေပြရန် အမေရိကန်နည်းပညာကုမ္ပဏီ အက်ပဲလ်ကကြိုးစားနေစဉ် အက်ပဲလ်ကုမ္ပဏီ၏ ပထမဆုံးစမတ်နာရီအမြောက်အမြားကို တရုတ်တိုင်ပေရှိ ကွန်တာကုမ္ပဏီက ဇူလိုင်အတွင်း စတင်ထုတ်လုပ်မည်ဟု သတင်းရင်းမြစ်တစ်ခုကပြောသည်။

အက်ပဲလ်ပရိသတ်များက iWatch ဟုခေါ်သော ယင်းအမည်မသတ်မှတ်ရသေးသည့် စမတ်နာရီများသည် အက်ပဲလ်ကုမ္ပဏီ၏ ပထမဆုံးထုတ်လုပ်ရောင်းချသော စမတ်နာရီများဖြစ်လာမည်ဖြစ်သည်။

ယင်းစမတ်နာရီများထွက်ရှိမည်ဟု အများကမျှော်လင့်ထားစဉ် ယင်းနာရီများစတင်ထုတ်လုပ်မည့်ရက်စွဲနှင့် ကွန်တာကုမ္ပဏီမည်သို့ ဆက်လက်ပါဝင်ပတ်သက်မည်ကို ယခုအချိန်မသိရသေးပေ။

စမတ်နာရီအမြောက်အမြားထုတ်လုပ်မှုကို ဇူလိုင်အတွင်း စတင်မည်ဖြစ်ကာ အောက်တိုဘာလအစောဆုံးရောင်းချမည်ဖြစ်ကြောင်း အဆိုပါသတင်းရင်းမြစ်၏ ပြောကြားချက်အရ သိရသည်။ မျက်နှာပြင်အကျယ် ၂ ဒသမ ၅ လက်မဖြစ်ဖွယ်ရှိသော စတုရန်းပုံစံကဲ့သို့ စမတ်နာရီတစ်မျိုးကို အက်ပဲလ်ကုမ္ပဏီက စတင်မိတ်ဆက်မည်ဟု သတင်းရင်းမြစ်တစ်ခုက ပြောသည်။

နာရီမျက်နှာပြင်မှာ လက်ပတ်မှ အနည်းငယ်ခုံးထွက်နေမည်ဖြစ်ကာ အမိုးခုံးပုံစံကဲ့သို့ ဖန်တီးထားပြီး မျက်နှာပြင်ထိတွေ့အသုံးပြုနိုင်သောပုံစံဖြစ်ကာ ကြိုးမဲ့အားသွင်းစနစ်ပါဝင်သည် ဟု အမည်မဖော်လိုသော ယင်းသတင်းရင်းမြစ်က ပြောသည်။

ယင်းစမတ်နာရီများ စတင်ထုတ်လုပ်သည့် ပထမဆုံးနှစ်အတွင်း အက်ပဲလ်ကုမ္ပဏီက အလုံးရေ သန်း ၅၀ တင်ပို့ရောင်းချရန် မျှော်လင့်ထားသည်ဟု ယင်းသတင်းရင်းမြစ်က ပြောသည်။

ယင်းစမတ်နာရီများကို ကွန်တာကုမ္ပဏီတွင် အစမ်းထုတ်လုပ်နေပြီး ကွန်တာကုမ္ပဏီသည် အဓိကထုတ်လုပ်သည့်ကုမ္ပဏီဖြစ်လာမည်ဖြစ်သည်။ *—Ref: Reuters*




# စစ်ကိုင်းတိုင်းအတွင်း E-Government လုပ်ငန်းများ ဆောင်ရွက်ရန် ဆွေးနွေးမည်

**နိုင်လင်းအောင်**

**ရန်ကုန်၊ ဇွန်- ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း၌ EGovernment လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဇွန်လ ၂၃ ရက်တွင် တိုင်းဒေသကြီးအစိုးရ အဖွဲ့များနှင့် တွေ့ဆုံ၍ ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးမျိုးမြင့်ထွန်းက ပြောသည်။

“ပထမတစ်ကြိမ်လည်း သွားထားပါတယ်။ ဒီတစ်ကြိမ်ကတော့ တိုင်းဒေသကြီး ဝန်ကြီးချုပ်အပါအဝင် အစိုးရအဖွဲ့ဝင်တွေနဲ့ E–Government လုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် သွားပြီးတွေ့မှာပါ”ဟု ဦးမျိုးမြင့်ထွန်းကဆိုသည်။

လက်ရှိတွင် E–Government လုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စတင်အကောင်အထည်ဖော်နေပြီး အခြားသော ဒေသများတွင်လည်း လုပ်ငန်းများ စတင်နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိသော်လည်း ဌာနဆိုင်ရာများတွင်အိုင်တီကျွမ်းကျင်သူနည်းပါးနေသည့်အပြင် ဝန်ထမ်းအများစုမှာလည်း နည်းပညာနှင့် အလှမ်းကွာနေသည့်အတွက် အောင်မြင်ခြင်းမရှိသေးကြောင်း ဦးမျိုးမြင့်ထွန်းကဆိုသည်။

“E–Government လုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက်ဆိုရင် ဝန်ထမ်းတွေကိုလည်း သင်တန်းပေးဖို့ လိုအပ်နေတယ်။ ဌာနတစ်ခုလုံးမှာ အိုင်တီတာဝန်ခံက နှစ်ယောက်လောက်ပဲရှိတယ်ဆိုရင် အဆင်မပြေဘူး။ ဝန်ကြီးကနေစပြီး ရုံးစာရေးအထိကို အိုင်တီကို အသုံးပြုတတ်နေမှရမယ်”ဟု ဦးမျိုးမြင့်ထွန်းကပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ အိုင်တီပိုင်းနှင့် ပတ်သက်ပြီး ကျွမ်းကျင်သူဦးရေနည်းပါးနေခြင်းကို ဝန်ကြီးဌာနများတွင်သာမကဘဲ ပုဂ္ဂလိက ကုမ္ပဏီများတွင်လည်း နည်းပညာကျွမ်းကျင်သူဦးရေနည်းပါးနေသေးကြောင်း ကွန်ပျူတာလုပ်ငန်းရှင်များအသင်းမှ သတင်းရရှိသည်။

# အမေရိကန်တွင် အင်တာနက်အသုံးပြုမှု မြန်ဆန်သော်လည်း ကွာဟမှုများရှိနေဆဲ

**ဝါရှင်တန်၊ ဇွန် - ၂၂**

အဆင့်မြင့်အင်တာနက်ဆက်သွယ်မှုများကို အမေရိကန်နိုင်ငံသားများ ယမန်နှစ်က အသုံးပြုနိုင်ခဲ့သော်လည်း အချို့သော အင်တာနက်ဝန်ဆောင်မှု ကုမ္ပဏီများသည် ၎င်းတို့ ကြေညာထားသည့် အမြန်နှုန်းများအတိုင်း ဝန်ဆောင်မှုပေးနိုင်ခြင်းမရှိ (သို့မဟုတ်) မြန်နှုန်းလျော့ကျမှုများရှိသည်ဟုအမေရိကန်ဆက်သွယ်ရေးစည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ပြောသည်။

မိမိတို့၏ နှစ်စဉ်စတုတ္ထမြောက်တိုင်းတာမှုအရ အင်တာနက်အသုံးပြုသူများသည် ယင်းဝန်ဆောင်မှု၏ အဆင့်မြင့်သော အပိုင်းကို ဆက်လက်အသုံးပြုခွင့်ရရှိခဲ့ပြီး ၂၀၁၃ ခုနှစ်အတွင်း တစ်စက္ကန့်လျှင် ပျမ်းမျှ ၂၁ ဒသမ ၂ megabit အသုံးပြုနိုင်ခဲ့ကြောင်း ကြေညာထားသော အမြန်နှုန်းများကို အခြေခံ၍ ဖက်ဒရယ်ဆက်သွယ်ရေးကော်မရှင် (FCC)က ပြောသည်။ ၂၀၁၂ ခုနှစ်အတွင်း အမေရိကန်နိုင်ငံတွင် အင်တာနက်အမြန်နှုန်းတစ်စက္ကန့်လျှင် ၁၅ ဒသမ ၆ megabit နှုန်းဖြင့် အသုံးပြုနိုင်ခဲ့ကြောင်း သိရသည်။

သို့သော် အမြန်နှုန်းမှာ အင်တာနက်ဝန်ဆောင်မှုကုမ္ပဏီများ ကြေညာထားသည့် နှုန်းထားအတိုင်းပြည့်မီခြင်းမရှိဟု FCC က ပြောသည်။ စုစုပေါင်း ကုမ္ပဏီများ၏ ထက်ဝက်ခန့်သာ ၎င်းတို့ ကြေညာထားသည့် အမြန်နှုန်း၏ ၉၀ ရာခိုင်နှုန်း (သို့မဟုတ်) ယင်းထက်ပိုကောင်းအောင်ဝန်ဆောင်မှုပေးနိုင်ပြီး ကုမ္ပဏီများစွာမှာ ၎င်းတို့ကတိပြုထားသည့် အမြန်နှုန်း၏ ၆၀ ရာခိုင်နှုန်းအောက်သာ ဝန်ဆောင်မှုပေးနိုင်ကြောင်း သိရသည်။

သုံးစွဲသူများအနေဖြင့် ၎င်းတို့ပေးဆောင်ရသည့် အဖိုးအခအတိုင်း အသုံးပြုခွင့်ရသင့်သည်ဟု FCC ဥက္ကဋ္ဌတွမ်ဝှီလာက ပြောသည်။

ယင်းကဲ့သို့ ကြေညာထားသော အင်တာနက်အမြန်နှုန်းထက်လျော့၍ ဝန်ဆောင်မှုပေးနေသော ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ဝန်ဆောင်မှု မည်သည့်အတွက်ကြောင့် ယင်းသို့ဖြစ်ရကြောင်းနှင့် ယင်းကိစ္စကိုဖြေရှင်းရေး ၎င်းတို့ မည်သို့လုပ်ဆောင်မည်ဆိုသည်ကို မေးမြန်းရန် မိမိ၏ ဝန်ထမ်းများအား စာရေးပို့ရန် ညွှန်ကြားထားသည်ဟု မစ္စတာဝှီလာက ပြောသည်။

*—Ref: AFP*

7DAY NEWS JOURNAL
Vol.13, No.16 • JUNE 25 , 2014

# တန်ဖိုးနည်းအိမ်ရာ ရောင်းသောအခါ



ဓာတ်ပုံ – ကျော်ဇင်သန်း

မြင့်မိုရ်ဆွေ

မန္တလေးမြို့မှာ တန်ဖိုးနည်းအိမ်ရာက တစ်ခန်းလျှင် ကျပ်သိန်း ၁၀၀ အောက်ရပေမယ့် ရန်ကုန်မှာတော့ သိန်း ၁၂၀ အနည်းဆုံး ဖြစ်သွားပါပြီ။ မန္တလေးမြို့က တန်ဖိုးနည်းအိမ်ရာက အခန်းဖွဲ့ထားပေမယ့် ရန်ကုန်က အခန်းမဖွဲ့ထားပါဘူး။ ဝယ်ယူသူက အခန်းဖွဲ့ရမှာဖြစ်ပြီး အဲဒီအတွက် ကုန်ကျစရိတ် ထပ်ပြီး အကုန်အကျခံရဦးမှာပါ။ တိုက်ပုံစံချင်းယှဉ်ရင် ရန်ကုန်က ပိုပြီး စျေးနှုန်းလျှော့နည်းရမယ့်အစား ဘာကြောင့် စျေးပိုများနေရပါသလဲ။ ပညာရှင်တွေ လေ့လာနှိုင်းယှဉ်ပြီး သုံးသပ်ချက်စာတမ်းတစ်ခု ပြုစုထားသင့်ပါတယ်။ ပညာရှင်ဆိုတဲ့နေရာမှာ အင်ဂျင်နီယာတွေချည်း သက်သက်မဆိုလိုပါဘူး။ အိမ်ရာ စီမံခန့်ခွဲရေးပညာရှင်တွေလည်း ပါမှဖြစ်ပါမယ်။ ဘယ်စီမံကိန်းမဆို အင်ဂျင်နီယာတွေပဲ တွက်ချက်ရင် စရိတ်ပိုကြီးမားတတ်ပါတယ်။ ကိုယ့်ဘက်ကို Safe Side ဆိုပြီး အရမ်းအသာယူလေ့ရှိလို့ ဖြစ်ပါတယ်။ အိမ်ရာစီမံခန့်ခွဲရေး ပညာရှင်က အိမ်ရာသုံးစွဲနေထိုင်ရမယ့်သူတွေအတွက် စိစစ်တဲ့အမြင်နဲ့ ချဉ်းကပ်ရှုမြင်လေ့ရှိအောင် လေ့ကျင့်ထားသူတွေမို့ သူတို့ကိုပါ ညွှန်းဆိုရခြင်းဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် မြန်မာနိုင်ငံ ဒုတိယဒီမိုကရေစီခေတ်မှာ ပွဲဦးထွက် တန်ဖိုးနည်းအမည်သုံးပြီး ပေါ်ပေါက်လာတဲ့ စီမံကိန်းများဖြစ်တဲ့အတွက် တစ်နေရာနဲ့တစ်နေရာ နှိုင်းယှဉ်ပြီး အပြန်အလှန် သင်ခန်းစာယူသင့်တာတွေ ယူနိုင်ဖို့ (Plan Evaluation) မှတ်တမ်းကို ရေရှည်အတွက် ရယူထားရမှာဖြစ်တယ်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးက လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းမှာ ပထမဆုံးပန်းဝင်လာတဲ့ တန်ဖိုးနည်းအိမ်ရာကို ပြည်သူတွေက ကြိုဆိုနေကြတာ တွေ့ရှိရပါတယ်။ တန်ဖိုးနည်းစံချိန် မမီသော်လည်း "တစ်စုံတစ်ရာက သုညထက် သာစမြဲ" (Something is better than nothing) ဆိုတာလို တစ်ခန်းလျှင် သိန်း ၁၂၀ နဲ့ စတင်ရောင်းချမယ့် အပိုင်း (၁) ကိုပဲ ဝယ်နိုင်ဖို့ မျှော်လင့်နေကြပါပြီ။

တန်ဖိုးနည်းအိမ်ရာတွေ ရောင်းတော့မယ်ဆိုတော့ အရေးအကြီးဆုံးအချက်လေးချက်ကို ခေတ်သစ်စနစ်သစ်နဲ့အညီ တာထွက်ကောင်းကောင်း ဆောင်ရွက်ပေးစေချင်ပါတယ်။ ပထမဆုံးအချက်က အမှန်တကယ် လိုအပ်တဲ့ ပြည်သူတွေလက်ထဲကိုသာ ရောက်ရှိစေဖို့ ရည်ရွယ်ပြီး ဝယ်မည့်သူတစ်ဦးချင်းအတွက် အခြေခံအရည်အချင်း သတ်မှတ်ချက် (Criteria) တွေ စနစ်တကျ ပြုစုထားဖို့ ဖြစ်ပါတယ်။ တန်ဖိုးနည်းအိမ်ရာ စီမံကိန်းဆိုတဲ့အတိုင်း စီမံကိန်းရဲ့ အကျိုးကို ခံစားရမယ့် ရည်မှန်းအုပ်စု (Target Group) ဟာ ဝင်ငွေနည်းပြည်သူများ (Low income group) ဖြစ်ရမယ်ဆိုတာ အထူးပြောဖို့ မလိုပါဘူး။ လက်တွေ့မှာ ဘယ်အတိုင်းအတာအထို ဝင်ငွေရှိရမယ်။ မိသားစုဝင်ငွေ၊ မိသားစုဦးရေ၊ အလုပ်အကိုင်ရှိသူဦးရေ၊ အလုပ်အကိုင်အမျိုးအစား၊ အငြိမ်းစားဝန်ထမ်းဖြစ်လျှင် မည်သည့်အဆင့် အစရှိတဲ့ အချက်တွေကို ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားပြီး သတ်မှတ်ပေးဖို့ လိုအပ်ပါတယ်။

ပထမ ဒီမိုကရေစီခေတ်မှာ NHB လို့ခေါ်တဲ့ ပြည်သူ့အိုးအိမ်အဖွဲ့ရဲ့ အိမ်ခန်းလျှောက်လွှာ ပုံစံတွေဟာ အချက်အလက်စုံလင်တာ၊ အမှတ်ပေးစနစ် ကျင့်သုံးတာ အလွန်ပင်စနစ်ကျကြောင်း တွေ့ရှိရပါတယ်။ နောက်ပိုင်းကာလ အထူးသဖြင့် မ.ဆ.လခေတ်ကစပြီး လက်သင့်ရာ ချထားပေးရင်း စနစ်တွေ ပျက်ကုန်တာပါပဲ။ ဘယ်အထိ ပျက်သလဲဆိုရင် ဝန်ကြီးအဆင့်က "ယခုလျှောက်ထားသူသည် အမှန်လိုအပ်၍ ချထားပါ" လို့ မှတ်ချက်ပြု လက်မှတ်ထိုးထားတဲ့ စာရွက်တိုလေးကို ဝန်ကြီးရုံးက လျှောက်လွှာတစ်စောင်နဲ့တွဲပြီး ပေးလိုက်ပါတယ်။ အဲဒီလျှောက်လွှာရှင်ကို အခန်းချထားပေးပြီးတဲ့နောက် ဝန်ကြီးမှတ်ချက်ပါတဲ့ စာရွက်ကို ရုံးအဖွဲ့က ဖြုတ်ယူ အခြားလျှောက်လွှာတစ်စောင်နဲ့ကပ်တင်ပြီး ဌာနအတွင်းက ချထားရေး အမိန့်ယူလိုက်ပါတယ်။ နောက်ပြီးဝန်ကြီးမှတ်ချက်စာရွက်ကို ပြန်ဖြုတ်ပြီး နောက်ထပ်အလားတူ လျှောက်လွှာမှာကပ်ပြီး ချထားမိန့် ယူပြန်ပါတယ်။ ဒီလိုနဲ့ ဝန်ကြီးကပေးတာ တစ်ဦး၊ အောက်ကပေးတာ ၁၀ ဦးဖြစ်သွားတာ ဝန်ကြီး မသိလိုက်ရှာပါဘူး။ န.အ.ဖ ခေတ်ရောက်တော့ ဝန်ကြီးက မှင်နှစ်မျိုးနဲ့ မှတ်ချက်ပေးတယ်။ စာသားက "လျှောက်ထားသူအား မူနှင့်ညီလျှင် ဆောင်ရွက်ပေးပါ" လို့ အတူတူရေးပါတယ်။ "မူ" ဆိုလို့ တခြားမထင်ပါနဲ့။ ဝန်ကြီးက မင်အနက်ဆိုရင် မပေးနဲ့၊ မင်အနီဆိုပေးလို့ဆိုပြီး အောက်ကို မှာထားပါတယ်။ မင်အရောင်မတူတာက "မူ" ဖြစ်နေပါတယ်။ အလွန်ပင် တရားကျဖို့ ကောင်းလှတဲ့စနစ်ကို ကြားသိခဲ့ရပြန်ပါတယ်။

ဘာပဲဖြစ်ဖြစ် တန်ဖိုးနည်းအိမ်ရာကို ရောင်းချတဲ့နေရာမှာ လုပ်ပိုင်ခွင့်အာဏာရှိသူတွေက ဝင်ပြီး လက်သင့်ရာကို ရောင်းမပေးကြဖို့ မေတ္တာရပ်ခံချင်ပါတယ်။ ဒါလေးတစ်ခုတော့ ချမ်းသာပေးကြဖို့သင့်ပါတယ်။ တိုက်ခန်းဈေး၊ မြေဈေးတွေက အလွန့်အလွန်ကောင်းနေတာမို့ စနစ်တကျရွေးချယ်နိုင်ဖို့ အုတ်ရောရောကျောက် ရောရော မဖြစ်ဖို့ ရသင့်တဲ့ပြည်သူတွေ မနစ်နာဖို့၊ အခြေခံအရည်အချင်းသတ်မှတ်ချက်ကို စနစ်တကျပြုစုရမှာ ဖြစ်ပါတယ်။

ဒုတိယအရေးကြီးတဲ့အချက်က ဝယ်ယူခွင့်ရပြီးသူက လုံးဝမနေထိုင်ဘဲ အမြတ်တင်ရောင်းချမှု၊ စတိသဘောမျှ နေထိုင်ပြီး အမြတ်တင်ရောင်းချမှုစတာတွေကို ထိထိရောက်ရောက် တားမြစ်ဖို့အတွက် လွှဲပြောင်းရောင်းချမှုဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်ကို ပြဋ္ဌာန်းဖို့ ဖြစ်ပါတယ်။ သာမန်ပြီးစလွယ်ရေးသားသတ်မှတ်ရုံမျှနဲ့ မလုံလောက်ပါဘူး။ တိတိကျကျအရေးယူမယ့် အချက်အလက်တွေကို လက်တွေ့ကျကျ အဖြစ်နိုင်ဆုံး စဉ်းစားပြီး သတ်မှတ်ဖို့ လိုအပ်ပါတယ်။ ပြည်သူ့ငွေနဲ့ အိမ်ခန်းပေါင်း ထောင်သောင်းချီပြီး ဆက်လက်ဆောက်လုပ်မယ့် အနာဂတ်စီမံကိန်းများပါ "အဟောသိကံ" မဖြစ်ဖို့ ဒီအချက်ကို အရေးကြီးအချက်အဖြစ် ဖော်ပြခြင်း ဖြစ်ပါတယ်။ တစ်ဆင့်ပြန်ရောင်းပြီး အမြတ်ယူချင်သူတွေက တာစူနေပါတယ်။ ဒီအချက်ကို မထိန်းနိုင်ရင် ပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာ တန်ဖိုးနည်းအိမ်ရာအရောင်းအဝယ်ဈေးကွက်ကြီးတစ်ခု ဖြစ်ပေါ်လာမယ့် အလားအလာက ၉၀ ရာခိုင်နှုန်းရှိနေပါတယ်။ မ.ဆ.လခေတ်က ရန်ကုန်မြို့လယ်မှာရှိတဲ့ နိုင်ငံခြားပြန်တရုတ်၊ ကုလားတွေဆီက ပြည်သူပိုင်သိမ်းတိုက်ခန်းတွေမှာ တိုင်းရင်းသားတွေ နေဖို့ဆိုပြီး နေရာချထားပေးခဲ့ပါတယ်။ ဒါပေမဲ့ အမှန်တကယ်နေရေးကို ထိန်းချုပ်တဲ့စနစ်က လုံးဝမထိရောက်ခဲ့ပါဘူး။ အချိန်တိုအတွင်းမှာပဲ လက်လွှဲရောင်းစားသွားတော့ တရုတ်၊ ကုလားလက်ထဲပြန်ရောက်ပြီး မြန်မာတွေက မြို့စွန်မှာ ဒုံရင်းဒုံရင်း ဖြစ်သွားတော့တာပါပဲ။ တန်ဖိုးနည်းအိမ်ရာတွေကိုလွယ်လွယ်ရောင်းပြီးကျူးဘဝရောက်သွားသူတွေ နိုင်ငံတကာမှာ အများကြီး ရှိနေပါတယ်။

တတိယ အရေးကြီးဆုံးက အရစ်ကျငွေပေးသွင်းမှုစနစ်ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးဖို့ဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာ တစ်လလျှင် မြန်မာငွေ ငါးသောင်းထက်မပိုဘဲ အနှစ် ၂၀ မှ ၃၀ အထိ အရစ်ကျစနစ်နဲ့ ရောင်းချတာတွေ့ခဲ့ရပါတယ်။ ဝယ်ယူသူလစာရဲ့ ၃၀ ရာခိုင်နှုန်းအထိသာ ပေးသွင်းစေတာဖြစ်ပါတယ်။ ဘဏ်ကို အိမ်ခန်းအပ်နှံပြီး ချေးငွေနဲ့ ဝယ်ယူစေတဲ့ စနစ်လည်းဖြစ်ပါတယ်။ ဒီစနစ်ကို တန်ဖိုးနည်းအိမ်ရာဘဏ္ဍာငွေစနစ် (Financing Mechanism) အဖြစ် တခြားအာဆီယံနိုင်ငံတွေမှာပါ အောင်မြင်စွာ ကျင့်သုံးနေကြပြီဖြစ်ပါတယ်။ အဲဒီစနစ်ကြောင့်ပဲ ထပ်မြင့်တိုက်တွေဆောက်ပြီး ရောင်းနိုင်ဝယ်နိုင်တာ၊ မြို့ပြအိမ်ရာအဆင့်မြှင့်တင်ခြင်း (urban redevelopment) လုပ်နိုင်တာ တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ မကြာမီက ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် (C.H.D Bank) ဆိုတာ ပေါ်ပေါက်လာပါတယ်။ ယနေ့အထိ ဒီပုတ်ထဲက ဒီပဲဆိုတာလို ဘဏ်ထဲက ဘဏ်ဖြစ်ပြီး ထူးမခြားနားဘဏ်ဖြစ်ပါတယ်။ တန်ဖိုးနည်းအိမ်ရာအတွက် ဘဏ္ဍာငွေစနစ်ကို လုံးဝမလုပ်ပေးနိုင်ရှာတဲ့ဘဏ်ကြီးဖြစ်နေတာ အလွန်ဝမ်းနည်းဖွယ် ကောင်းပါတယ်။ ၁၃ ကျပ်အတိုးနှုန်းနဲ့ သုံးနှစ်မျှသာ အရစ်ကျပေး ခွင့်ပြုနိုင်တဲ့ ဘဏ်လောကဟာ တန်ဖိုးနည်းအိမ်ရာအတွက်ဆိုရင် ထိရောက်တဲ့အရောင်းစနစ် (Effective Delivery System) ကို လုံးဝမျက်ကွယ်ပြုထားကြသလိုပါပဲ။ လက်တွေ့မှာ သိန်း ၁၂၀ ပေးရမယ့် အိမ်ခန်းကို ဝယ်ယူတဲ့အခါ ၁၀ ရာခိုင်နှုန်းကိုပဲ ပထမအရစ် Down Payment အဖြစ် လက်ငင်းပေးရမယ်ဆိုတာတောင် ငွေ ၁၂ သိန်းကို ဝင်ငွေနည်းပြည်သူတွေက ဘယ်လိုမှ မတတ်နိုင်ရှာပါဘူး။ ၃၀ ရာခိုင်နှုန်းဆိုတော့ ဘယ်လိုလုပ်ကြမလဲ။

ထိုင်းနိုင်ငံမှာ ထူထောင်တဲ့ဘဏ်က ပုဂ္ဂလိကနဲ့ ဖက်စပ်မလုပ်ပါဘူး။ ဆောက်လုပ်ရေး (Construction) နဲ့လည်း မရောနှောပါဘူး။ တန်ဖိုးနည်းအိမ်ရာအတွက် အစိုးရက သီးခြားထောက်ပံ့ချင်လွန်းလို့ "အစိုးရ အိမ်ရာဘဏ်" (Govt;Housing Bank) လို့ ပီပီပြင်ပြင် ထူထောင်ပြီး ဈေးကွက်စီးပွားရေးစနစ်ရဲ့ ငွေကြေးဈေးကွက်ထဲကိုပါ ထိုးဖောက်ဝင်ရောက်လာတာပါ။ တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်သူနဲ့ အိမ်ရာဝယ်သူနှစ်ဦးလုံးကို ငွေချေးပါတယ်။ တန်ဖိုးနည်းအိမ်ရာကို တခြားကိစ္စ ချေးငွေဘဏ်တိုးနှုန်းထက် တမင်လျှော့ပြီး ချေးပါတယ်။ အတိုးနှုန်းအတူတူ မယူပါဘူး။ အရစ်ကိုလည်း ပိုမိုဆန့်ထုတ်ပေးပါတယ်။ ပုဂ္ဂလိက တစ်ဦးချင်း အိမ်ဆောက်ချေးငွေကိုလည်း အဲဒီဘဏ်က ထုတ်ချေးပါတယ်။ အဲဒီလိုဘဏ်မျိုး မြန်မာနိုင်ငံမှာ အနှေးနဲ့အမြန် ထူထောင်နိုင်ဖို့ ကြိုးစားကြစေချင်ပါတယ်။

စာမျက်နှာ(၃၂) သို့

7Day NEWS JOURNAL
Vol.13, No.16 • JUNE 25 , 2014

# မင်းဒင်ရဲ့ သက်ခိုင်(၂)

မင်းဒင်



**အခန်း (၄၀)**
**စစ်တပ်ရှိကာ ၂၀၁၄ ခုနှစ်၊**
**ဇွန်လ ၁၅ ရက်**

ထိုနေ့က ဖူးခက်မှာ နံနက်စောစောကတည်းကပင် မိုးသည်းထန်စွာ ရွာသည်။ ဟိုတယ်မန်နေဂျာ ကျော်ကျော်ခိုင် (ခေါ်) ဂျိုးနှင့် ကိုသက်ခိုင်ပါ ကျွန်တော့်အိမ်သို့ ရောက်နေကြ၏။ ဂျိုးကားကိုသက်ခိုင်၏ တောင်းဆိုချက်အရ သီးစုံပဲကုလားဟင်းချက်ရန် ရေခဲသေတ္တာတွင်းမှ အသီးအရွက်မျိုးစုံကို ထုတ်ကာ မီးဖိုချောင်မှာအလုပ်ရှုပ်နေ၏။ ဂျိုးထက်အရင်ရောက်နှင့်နေသော ကိုသက်ခိုင်၏ လက်စွမ်းပြလက်ရာ ကြက်သားနှင့် ချဉ်စော်ခါးသီးဟင်းလျာကား ထမင်းစားပွဲပေါ်တွင် ကြိုတင်ရောက်ရှိကာ ပဲကုလားဟင်းကိုစောင့်မျှော်လျက်ရှိ၏။

ဇာတိမြေနှင့် ဝေးကွာနေရသော ကာလများကားသွေ့ခြောက်ပျင်းရိဖွယ်ကောင်းသော ဘဝရက်စွဲများ ဖြစ်လေသဖြင့် စိတ်ထွက်ပေါက်အနေဖြင့် အာသီသရှိရာ ဟင်းမျိုးစုံကို လက်တည့်စမ်းချက်ပြုတ်နေကြခြင်း ဖြစ်သည်။ တစိမ့်စိမ့်စွေနေသော မိုးကြောင့် ကျွန်တော်ခပ်ပျင်းပျင်းရှိသည်နှင့် စာအုပ်စင်ရှေ့မှာတောင်ကြည့်မြောက်ကြည့်လုပ်နေသော ကိုသက်ခိုင်ကို လှမ်း၍နောက်လိုက်မိသည်။

"ဒီတစ်ခါတော့ ဖူးခက်ကို ရောက်နေရတာ ဟန်ကျပြီ ထင်တယ်။ ဗမာမယ်စကြဝဠာလောင်းတွေ ဖူးခက်မှာလာပြီး စခန်းသွင်းလေ့ကျင့်ကြမယ်ဆိုပဲ ကိုသက်ခိုင်"

ကျွန်တော့်စကားအဆုံးတွင် သူက မဲ့ပြုံးပြုံးရင်း ခွန်းတုံ့ပြန်သည်။

"အေးပေါ့ဗျာ။ မယ်စကြဝဠာလောင်းတွေအတွက်တော့ စပွန်ဆာကောင်းကောင်း ရှိကြတယ်ထင်ပါရဲ့။ ကျွန်တော်ကြားမိသလောက် ဘရာဇီးမှာ ကျင်းပနေတဲ့ ကမ္ဘာ့ဖလားဘောလုံးပွဲအတွက် ဖိတ်ခေါ်ထားတဲ့ မြန်မာခြင်းလုံးအဖွဲ့အတွက်တော့ ငွေကုန်ခံမယ့်သူ မရှိသေးဘူး ကြားမိတယ်။ ဗမာရုပ်သေးအဖွဲ့ ကမ္ဘာလှည့်နိုင်ဖို့လည်း ထိုနည်းလည်းကောင်းပဲတဲ့။ မဂ်လာဦး ပျားရည်ဆမ်းခရီးကို လကမ္ဘာအထိ သွားနိုင်တဲ့သူဌေးတွေနေတဲ့ တိုင်းပြည်တဲ့ဗျာ။ နေဦး၊ ခင်ဗျား မယ်စကြဝဠာကိစ္စအသာထား၊ ခင်ဗျားဆိုင်နားက ဝထစ်အပိုင်မှာ ဆောက်လက်စတိုက်ပြိုကျလို့ မွန်ဗမာမလေး သုံးယောက်အုတ်နံရံပိပြီး ပွဲချင်းပြီး သေတာကြားလိုက်သေးလား"

"အေးဗျာ။ မနေ့က ဆိုင်ကိုလာတဲ့ မွန်အမျိုးသမီးတစ်ယောက်ပြောလို့ သိလိုက်ရတယ်။ အဖြစ်ဆိုးလိုက်တာဗျာ။ ကလေးမလေးတွေက အသက်(၁၇)နှစ်ကနေ (၂၀) ဝန်းကျင်ပဲရှိကြသေးတာ။ အမှန်က နံရံပိတာ မိန်းကလေးချည်း ခြောက်ယောက်တဲ့။ သုံးယောက်သေတယ်ဆိုပါတော့။ တော်တော့်ကို စိတ်မကောင်းစရာသတင်းပါပဲ"

"ခင်ဗျားမသိတာ ရှိသေးတယ်။ အဲဒီမွန်ဗမာမလေးတွေမှာ တစ်ယောက်မှ ပတ်စ်ပို့၊ ဝေါ့ခ်ပါမစ်မရှိကြဘူးတဲ့ဗျာ။ သူတို့ဖူးခက်ကိုရောက်တာ လပိုင်းပဲရှိသေးတယ်တဲ့ဗျ။ ထိုင်းနိုင်ငံရေးမတည်ငြိမ်တာကြောင့် ပတ်စ်ပို့လုပ်ဖို့လည်းအခွင့်မသာဘူး။ ရင်နာစရာကောင်းတာက အဲဒီကလေးမလေးတွေရဲ့ မိဘတွေလည်းအနီးနားမှာ ရှိနေကြပေမယ့် ပတ်စ်ပို့၊ ဝေါ့ခ်ပါမစ်မရှိကြတာကြောင့် ကိုယ့်သမီးအလောင်းနားတောင် ကိုယ်မသီရဲတဲ့အဖြစ်။ အလုပ်ရှင်ကတော့ အမှုမဖွင့်ဖို့၊ အလောင်းတွေကို မြေကျတဲ့အထိ တာဝန်ယူကြောင်း ပြောသတဲ့ဗျာ။ တိုက်တိုက်ဆိုင်ဆိုင်ဗျာ။ ဒီကနေ့လွှတ်တော်မှာတင်တဲ့ နိုင်ငံခြားရောက် အလုပ်သမားတွေကို ကာကွယ်ပေးဖို့ အထူးဥပဒေပြဌာန်းရေးအဆိုဟာ လွှတ်တော်မှာ ရှုံးနိမ့်ခဲ့သတဲ့။ တကယ့်ကို အံ့ဩကုန်နိုင်ဖွယ်ပါပဲဗျာ။ ထိုင်းနဲ့ မလေးရှားရောက် ဗမာအလုပ်သမားတွေကတော့ အဲဒီအဆိုရှုံးနိမ့်တဲ့အတွက် ဆန္ဒပြရှုတ်ချပွဲတွေ လုပ်ကြဦးမတဲ့"

ဖူးခက်မှာနေသည်မို့ မွန်ဗမာအလုပ်သမားတို့၏ ရင်နာစရာအဖြစ်တို့ကို ကြုံဖူး ကြားဖူးပေါင်းများလှသဖြင့်ထိုအကြောင်းတို့ကိုဆက်၍ မစဉ်းစားချင်သော ကျွန်တော်သည် စကားလမ်းကြောင်းပြောင်းရန် အားထုတ်မိပြန်သည်။

"ကိုသက်ခိုင်၊ အခုထိုင်းမှာ စစ်တပ်က အာဏာသိမ်းထားတာ နောက်ဆက်တွဲဘာထူးသေးတုံးဗျ။ အနီတွေ၊ အဝါတွေအသံတိတ်နေတယ် ထင်မိတယ်"

"အင်း၊ စစ်တပ်ထုံးစံပေါ့ဗျာ။ အရပ်သားအစိုးရလက်ထက်က အစိုးရအဖွဲ့ဝင်တွေ ရုံးထိုင်ခဲ့တဲ့ ဝန်ကြီးဌာနရုံးတွေမှာ မထိုင်တော့ဘဲ စစ်ရုံးချုပ်မှာပဲထိုင်ပြီး တစ်တိုင်းပြည်လုံးကို အုပ်ချုပ်ဖို့ စိုင်းပြင်းနေကြလေရဲ့။ ထိုင်းနိုင်ငံမှာ အာဏာသိမ်းတာကို ကန့်ကွက်တဲ့ ဆန္ဒပြသမားတွေကြားမှာ လက်သုံးချောင်းထောင်တဲ့ သင်္ကေတတွေ ခေတ်စားနေတယ်။ အဲဒီသင်္ကေတက The Hunger Games ရုပ်ရှင်ဇာတ်ကားထဲက ပုံစံမျိုး အတုခိုးပြီး စစ်အာဏာသိမ်းမှုကို အမူအရာနဲ့ အသံတိတ်အလေးပြုဆန္ဒပြတာတဲ့ဗျ။ တကယ်တမ်း ဝတ္ထုထဲက အဓိပ္ပာယ်ကတော့ ချစ်ခင်တဲ့ တစ်စုံတစ်ယောက်ကို ကျေးဇူးတင်မှု၊ လေးစားမှုနဲ့ နှုတ်ဆက်တဲ့ အဓိပ္ပာယ်သုံးမျိုးကို ကိုယ်စားပြုတာပါ။ ခင်ဗျားအိမ်အပြင်ထွက်ရင် ယောင်လို့တောင် လက်သုံးချောင်း မထောင်မိစေနဲ့။ ဖမ်းမယ်လို့ အမိန့်ထုတ်လိုက်ပြီ။ ထိုင်းစစ်တပ်ဟာ ခေတ်နောက်ပြန်ဆွဲနေတယ်လို့ ထင်မိတယ်။ စစ်သားဆိုတာ ဘာမဆိုလုပ်တတ်တယ်ဆိုတဲ့အယူအဆအမှားကြီးကို ဗမာစစ်တပ်ဆီကနေများ အတုခိုးလေရော့သလားမဆိုနိုင်ဘူးဗျာ"

"ဒီအတိုင်းဆို ထိုင်းစစ်တပ်က အချိန်အကြာကြီး အာဏာသိမ်းထားမယ့် သဘောလား"

"ဟုတ်တယ်ဗျ။ အနည်းဆုံး လာမယ့် ၂၀၁၅ ခုနှစ် မေလအထိ သက်တမ်းရှိနေမယ်လို့ ဆိုတယ်။ တကယ်တော့ဗျာ စစ်တပ်ဆိုတာ မရှိမကောင်း၊ ရှိမကောင်းဗျ။ စစ်တပ်နဲ့ဆက်ဆံရတာ လူမိုက်အိမ်မှာ ဖဲရိုက်ရတာနဲ့ တူတယ်"

"ခင်ဗျားပြောလိုက်ရင် အဆန်းချည်းပဲ။ ကျွန်တော်က ခပ်ပြိန်းပြိန်းမို့ လူပြိန်းနားလည်အောင်ရှင်းပါဦးဆရာရယ်"

"ကျွန်တော်ငယ်ငယ်က ကြုံခဲ့ရတဲ့အဖြစ်လေး တစ်ခုဆိုပါတော့ဗျာ။ ကျွန်တော်ဆိုတဲ့ကောင်က ကြက်ဝိုင်းဆိုပါလိုက်၊ ဖဲဝိုင်းဆိုဝင်ကစားလိုက် အတတ်ကောင်းတွေသင်နေတဲ့အချိန်ပေါ့။ ဖဲကလည်း ရိုက်တတ်ခါစဆိုတော့ ဖဲဝိုင်းလိုက်ရှာရတာပေါ့ဗျာ။ ချာတိတ်အရွယ်ဆိုတော့ ရပ်ကွက်ထဲက အသုဘအိမ်တွေမှာ ခုနစ်ရက်၊ ခုနစ်လီ ဒိုင်ခံတဲ့ ဖဲဝိုင်းတွေဆီလည်း အဖေ့ရန်ကြောက်ပြီး သွားလို့မဖြစ်ပြန်တာကြောင့် တိုးတိုးတိတ်တိတ် ကျိတ်ဝိုင်းတွေလိုက်ရှာရတာပေါ့။ ဒီလိုနဲ့ တစ်နေ့ကျတော့ ကျွန်တော်တို့ လမ်းရဲ့အဆုံး ခနိတောနားက ကိုအောင်စိုးတို့အိမ်မှာ ကျိတ်ဝိုင်းလုပ်ပါလေရောဗျာ။ အောင်စိုးရဲ့အမေကြီးက ပဲပြုတ်ရောင်းတယ်။ သူ့အစ်ကိုအကြီးဆုံးက ဦးတင်ဦးတဲ့။ ကျွန်တော်တို့ကျောင်းက ကျောင်းဆရာဗျ။ ဆရာဦးတင်ဦးက အင်းလျားကန်မှာ ရေသွားကူးရင်း ရေနစ်လို့သေသွားတာ။ အောင်စိုးကတော့သူ့အစ်ကို ဆရာဦးတင်ဦးနဲ့ အတန်းပညာရော၊ အကျင့်စာရိတ္တပါ ညံ့တဲ့ကောင်။ ထားပါတော့ဗျာ။ အဲဒီဝိုင်းကို ကျွန်တော်နဲ့ ရွယ်တူဝါသနာတူ သူငယ်ချင်းသုံးယောက်လည်း ပါသွားလေရဲ့။ သိပ်အကြာကြီးတောင် မကစားလိုက်ရပါဘူးဗျာ။ ကျွန်တော့်အဖော်တွေပါသမျှ တက်တက်စင်အောင် ပြောင်တာပါပဲ။ ပြောင်မှာပေါ့ဗျာ။ ကျိတ်ဝိုင်းဒိုင်ခံတဲ့အောင်စိုးက ဖဲလိမ်ရိုက်ပြီး အချဉ်ဖောက်နေတာကိုး။ ဖြစ်ချင်တော့ သူလိမ်ရိုက်နေပေမယ့် ကျွန်တော့်ဖဲက စွတ်ကောင်းပြီး တစ်ဝိုင်းလုံးရှိသမျှ ပိုက်ဆံတွေ ကျွန်တော့်ရှေ့မှာ ပုံနေတယ်။ ဒါကိုအောင်စိုးက မင်းအနိုင်နဲ့ ပိုင်းလို့မရဘူး။ မင်းနဲ့ငါ နှစ်ယောက်တည်း ဆက်ရိုက်ရမယ်ဆိုပြီး အကျပ်ကိုင်ပြန်ရောဗျ။ ဒီကောင်က ကျွန်တော်တို့ထက်လေး၊ ငါးနှစ်ပိုကြီးနေတော့ ကြောက်ကြောက်နဲ့ပဲ ဆက်ကစားရတာပေါ့။ တစ်ခါတစ်ခါ ကံသမားကို ဉာဏ်သမားက မယှဉ်နိုင်ဘူးဆိုတာ အမှန်ပဲဗျ။ အောင်စိုးလိမ်နေရင်း တန်းလန်းက ကျွန်တော့်ဖဲဟာ ဆက်ကောင်းနေတာမို့ အောင်စိုးရဲ့လိမ်နည်းလည်း ကုန်၊ ရှိသမျှငွေလည်း ကုန်ပါလေရော။ အမှန်က ကျွန်တော်ဟာ ဖဲရိုက်ရပြီးရောဆိုပြီး ဖဲကိုသာမဲနေတာ ကျွန်တော့်အဖော်တွေ တစ်ယောက်မကျန် အိမ်ပြန်ကြတာမို့ အောင်စိုးနဲ့ ကျွန်တော်နှစ်ယောက်တည်းကျန်ခဲ့တာဗျ။ ဒီမှာတင် အောင်စိုးဟာ လူမိုက်ဇာတိပြတော့တာပါပဲဗျာ။ သူ့ခါးကြားထဲကအသွားခြောက်လက်မလောက်ရှိတဲ့ ဓားမြောင်တစ်ချောင်းကို ထုတ်၊ ကျွန်တော့်ရင်ဝကိုတေ့ပြီး ကျွန်တော့်မှာရှိသမျှ ငွေကိုဇွတ်လုယူတော့တာပါပဲ။ ကျွန်တော်က ဆယ့်ငါးနှစ်သားလောက်ဆိုတော့ လူမိုက်အောင်စိုးကို ဘယ်မှာလာယှဉ်ပြိုင်နိုင်ပါ့မတုံးဗျာ။ ငိုမဲ့မဲ့နဲ့ပြန် လာရတာပေါ့။ ကျိတ်ဝိုင်းမှာဖဲ လိမ်ခံရတာ ဘယ်သူ့သွားတိုင်မတုံးဗျာ။ အဖေ့တိုင်ဖို့နေနေ သာသာ သူသိမှာတောင်စိုးရသေး။ အလုခံရတဲ့ပိုက်ဆံက ဟိုခေတ်က လေးငါးဆယ်ပေါ့ဗျာ။ ဒါပေမဲ့ အောင်စိုးလည်း သက်ဆိုးမရှည်ရှာပါဘူး။ အသက်သုံးဆယ်ကျော်လောက်အရွယ် ဖဲဝိုင်းမှာ ဓားထိုးခံရပြီး သေတာပါပဲ"

"ခင်ဗျားအဖြစ်ကလည်း ပိုက်ဆံအလုခံရတာတောင် ကျယ်ကျယ် မငိုဝံ့တဲ့အဖြစ်ပါလားဗျာ။ ခင်ဗျားပြောတဲ့ အကြောင်းအရာက အခုထိုင်းမှာ စစ်တပ်အာဏာသိမ်းတဲ့ကိစ္စနဲ့ ဘယ်လိုပတ်သက်သတုံးဗျာ"

"ခင်ဗျားဗျာ ကျားကိုက်ပါတယ်ဆိုနေမှ အပေါက်ကလေးနဲ့လား မေးနေသလိုပဲ။ အရင်ဆုံးကျွန်တော်တို့ ဗမာ့တပ်မတော်ကြီးကို ကြည့်လေ။ ၁၉၆၂ ခုနှစ်ကတည်းက တိုင်းပြည်ချောက်ကမ်းပါးထဲ မရောက်အောင်ဆိုပြီး အာဏာသိမ်းလိုက်တာ တစ်တိုင်းပြည်လုံးဆင်းရဲမွဲတေပြီး ဖဲဝိုင်းမှာ ဓားထောက်အလုခံရတာထက်တောင် ဆိုးကုန်ပါရောလား။

**အချပ်ပို (A8) သို့**

# ထမင်းငတ်လို့သေတဲ့မသာမရှိသော နိုင်ငံတော်

မောင်သာချို




(တစ်)

ခေတ်အဆက်ဆက်လူထုကို မျက်ကွယ်ပြုကာ အုပ်စိုးသူအစိုးရမင်းများ၏ဘက်ကနေ အမြဲတမ်းပင်းပြီးရပ်ခံလျက် စကားပြောတတ်ကြသူတို့ ဆိုလေ့ဆိုထရှိသော စကားတစ်ခွန်းရှိပါသည်။ "ဟေ့.. မြန်မာပြည်မှာ ထမင်းငတ်လို့သေတဲ့မသာမရှိဘူးကွ" ဟူသော စကားပဲဖြစ်ပါသည်။ ခင်ဗျားတို့ထင်သလောက်မဆိုးပါဘူး ဟူသော အနက်အဓိပ္ပာယ်။

၁၉၆၂ ခုနှစ်မှစ၍ ဘက်ပေါင်းစုံက ယိုယွင်းပျက်စီးလာခဲ့သော နိုင်ငံတော်ကိုကြည့်ကာ စာတတ်ပေတတ် မျက်စိကြီးနားကြီး အသွားအလာအဝင်အထွက်ခြေဆံလက်ဆံရှည်သူတို့က နိုင်ငံ့အခြေအနေကို မချိတင်ကဲဖြင့်ညည်းလေ့ရှိသည့်အခါတိုင်းတွင် ထိုသူတို့သည် "လမ်းဖြတ်ကူးတဲ့အခါ၊ မျက်မှောင်မကြုတ်ဘဲကူးတဲ့လူဟာ၊ မိတ်ဆွေတွေရဲ့ဒုက္ခနဲ့ ကင်းကွာနေတဲ့သူပဲဖြစ်ရမယ်"ဟူသည့် ဂျာမန်ကဗျာဆရာကြီး ဘားတိုးဘရက်ချ် (Bertolt Brecht) ၏ကဗျာစာသားထဲကအတိုင်း လူထုကို မျက်နှာလွှဲခဲပစ်ပြောလေ့ရှိပါသည်။ ခုနက ရေးပြခဲ့သည့်အတိုင်း မြန်မာပြည်မှာ ထမင်းငတ်လို့သေတဲ့မသာမရှိပါဘူးပဲပေါ့။

ရုတ်တရက်တော့ ဟုတ်သယောင်ယောင်ကြီး။ စားစရာထမင်းမရှိ။ ဗုန်းခနဲပစ်လဲကျ။ ဆန့်ငင်ဆန့်ငင်ဖြစ်။ သေ။ ဒါမျိုးမရှိပါဘူးဆိုတာမျိုး။ တကယ့်တကယ်က ငတ်သည်ဆိုသောအခြေအနေသည် ထိုသူတို့တွေးထင်သလောက် ရိုးစင်းလှသောကိစ္စမဟုတ်ပါ။

၂၀၁၁ က ထုတ်ပြန်ခဲ့သော စာရင်းဇယားများအရ မြန်မာနိုင်ငံသားတို့၏ သက်တမ်း (Life expectancy)မှာ ၆၅ ဒသမ ၁၅ နှစ်ဖြစ်ပါသည်။ ဂျပန်က ၈၁ ဒသမ ၃ နှစ်၊ ဆွီဒင်က ၇၉ ဒသမ ၉ နှစ်၊ ကနေဒါက ၇၉ ဒသမ ၂ နှစ်၊ စပိန်က ၇၉ ဒသမ ၁ နှစ်၊ ဆွစ်ဇာလန်က ၇၉ နှစ်၊ သြစတြေးလျက ၇၉ နှစ်၊ အစ္စရေးက ၇၈ ဒသမ ၉ နှစ်၊ နော်ဝေးက ၇၈ ဒသမ ၇ နှစ်၊ ပြင်သစ်က ၇၈ ဒသမ ၇ နှစ်၊ အီတလီက ၇၈ ဒသမ ၆ နှစ်၊ ယူကေက ၇၇ ဒသမ ၉ နှစ်၊ ယူအက်စ်အေက ၇၆ ဒသမ ၉ နှစ်စသည် စသည်များနှင့်နှိုင်းယှဉ်လိုက်သောအခါမြန်မာတို့အသက်တိုကြောင်း ပေါ်လွင်နေပါပြီ။

ဘာကြောင့် အသက်တို သလဲ။ အလွယ်ဆုံးပြောရရင် ငတ်လို့ပါပဲ။

(နှစ်)

အရွယ်ရောက်ပြီးသူတစ်ယောက် နေ့စဉ်စားသုံးရန် ကိုယ်ခန္ဓာအတွက် လိုအပ်ချက် (Body need)များကို ကျန်းမာရေးပညာရှင်များက ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

Protein (အသားဓာတ်) 50 grams, Fat (အဆီ) 70 grams, Carbohydrats (ကစီ) 310 grams, Sugar (သကြား) 90 grams, Sodium (ဆား) 2.3 grams, Dietary Fibre (အမျှင်) 30 grams.

ဒါက အခြေခံဖြစ်ပါသည်။ နေ့တိုင်းနေ့စဉ်လူတစ်ယောက်ချင်း လူတစ်ယောက်ချင်း၏ လိုအပ်ချက်ဖြစ်ပါသည်။ မဖြစ်မနေစားကိုစားရမည့်ကိစ္စ။

အသားက ၅၀ ဂရမ်ဆိုတော့ ကျပ်သားနှင့်တွက်သော် သုံးကျပ်သားကျော်ကျော်၊ လေးကျပ်သားဆိုပါတော့။ လူငါးယောက်ရှိသော မိသားစုတစ်စုအဖို့ ၂၀ သားလောက် နေ့တိုင်းစားရန်လိုအပ်ပါသည်။ နေ့တိုင်းပါ။ ၁၅ ကျပ်သားလောက်ဝယ်ကာ အာလူးနှင့်ရောပြီး သုံးရက်တစ်ခါ၊ လေးရက်တစ်ခါစားပြီး ကြက်သားနဲ့ကွဟူသော အခြေအနေမျိုးကို ဆိုလိုခြင်းမဟုတ်ပါ။ ကျွန်တော်တို့စားသုံးခဲ့ကြပါသလား။ ထို့အတူ သကြား၊ ဆား၊ အမျှင်နှင့် ကစီဓာတ်ကြွယ်ဝသည့်ဆန်များ။

ထမင်းကြမ်းတစ်ပန်းကန်ကို ဗယာကြော်ကလေးမျှနှင့် ပြီးခဲ့ရသောရက်များ၊ လက်ဖက်သုပ်ကလေးမျှနှင့် ပြီးခဲ့ရသောရက်များ၊ ဘဲဥတစ်ခြမ်းနှင့်ပြီးခဲ့ရသောရက်များ၊ ထန်းလျက်တစ်ခဲ၊ မြေပဲဆန်နည်းနည်းနှင့် ပြီးခဲ့ရသောရက်များ၊ ငါးပိထောင်းကလေးငါးပိဖုတ်ဆီဆမ်းကလေးတို့နှင့် ပြီးခဲ့ရသောရက်များ၊ မည်သည့်ဟင်းခတ်မှမပါသည့် ချဉ်ပေါင်ဟင်းကလေး ဟင်းချိုကလေးမျှနှင့် ခေါက်သောက်ခဲ့ရသောရက်များ ကျွန်တော်တို့တွေမှာ အနည်းနှင့်အများတော့ ရှိထားကြသူတွေချည်းပဲဖြစ်ပါသည်။

ကျွန်တော်တို့ ငတ်ခဲ့ကြပါသည်။

(သုံး)

ကျွန်တော်တို့ခန္ဓာကိုယ်ကြီးက ကစီဓာတ်ကိုပေးသော ထမင်းနှင့် ပရိုတိန်းကိုပေးသော အသားမျှကိုသာလိုအပ်နေတာမျိုးမဟုတ်ပါ။

သတ္တုဓာတ်တွေကိုလည်း လိုအပ်ပါသည်။ ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်၊ ခရိုမီယမ်၊ သံဓာတ်။ နို့ထွက်ပစ္စည်းတွေ၊ ပဲပိစပ်တွေ၊ ဆယ်လ်မွန်ငါးတွေ၊ ဆာဒင်းငါးတွေ၊ နေကြာ၊ မြေပဲ၊ ဂျုံ၊ အသီးအရွက်စိမ်းစိမ်း၊ ဥတွေ၊ ပင်လယ်စာတွေ။ ကျွန်တော်တို့မှန်မှန်စားသုံးခဲ့ကြပါရဲ့လား။

ဗီတာမင်အေတို့၊ ဘီတို့၊ စီတို့၊ ဒီတို့၊ အီးတို့၊ ကေတို့ကိုရော ကျွန်တော်တို့ နိုင်ငံသားအများမှန်မှန်စားဖြစ်ကြပါစ။ နို့တွေ၊ အသည်းတွေ၊ မုန်လာဥအနီတွေ၊ ငါးကြီးဆီတွေ၊ အဝါရောင်ရွှမ်းတဲ့အသီးတွေ၊ ငါးတွေ၊ ဒိန်ခဲတွေ၊ ခရမ်းချဉ်တွေ၊ သံပရာတွေ၊ ရှောက်တွေ၊ သစ်သီးအဆန်တွေ၊ ပန်းဂေါ်ဖီတွေ၊ ဟင်းနုနယ်တွေ၊ အရိုးပါဝါးစားနိုင်တဲ့ငါးတွေ၊ ရွှေဖရုံသီးတွေ။ အမျိုးအစားစုံစုံလင်လင် ပြည့်ပြည့်ဝဝ တစ်နိုင်ငံလုံးစားသုံးနေကြပါစ။

မည်ကာ မတ္တာထမင်းကို ကပြက်ကချော်ဟင်းကလေးတွေနဲ့ အသက်ရှင်နေတယ်ဆိုရုံကလေး စားသုံးနေခဲ့ကြတာ မဟုတ်ဘူးလား။

ငယ်ငယ်ရွယ်ရွယ်နဲ့ ဆံပင်ကလေးတွေဖြူလို့။ ဆံပင်အရောင်တွေက နက်ပြီးတော့ မှောင်မနေကြတော့ဘူး။မျက်လုံးတွေက တောက်တောက်ပပမရှိ။ အရိုးအဆစ်တွေက ပျော့ပျော့ခွေခွေ။ အသားအရေတွေက လျော့ရိလျော့ရဲ။ လူကလေးတွေက သေးသေးညှက်ညှက်။ နှုတ်ခမ်းကလေးတွေဖြူဖွေးလို့၊ မျက်တွင်းကလေးတွေကျလို့၊ ရင်ဘတ်ကလေးတွေကရှုံ့လို့ကျုံ့လို့၊ လက်ပြင်ကလေးတွေကကုန်းလို့၊ အရိုးပေါ်အရေတင် နားထင်နားရင်းကလေးတွေချိုင့်လို့ခွက်လို့။ သည်လိုနဲ့ပဲ တစ်မျိုးသားလုံးရဲ့ သက်တမ်း (Life expectancy)က ကျဆင်းသွားလိုက်တာ။

ကြေကွဲစရာကောင်းတာက ကျွန်တော်တို့တစ်တွေဟာ ကိုယ်ခန္ဓာအတွက် လိုအပ်တဲ့အရာတွေကို စားပါလို့ လမ်းညွှန်ထားသည်များကို မစားနိုင်ရုံမျှသာမက မစားပါနဲ့ဆိုသည်များကို စားနေရရှာတာ အများအသိပါ။ Monoum Saturated Oil လို့ခေါ်သော ပဲဆီ၊ သံလွင်ဆီကိုစားပါ၊ မတတ်နိုင်ပါက အသင့်အတင့်ကောင်းသော Polyum Saturated Oil ခေါ် ပြောင်းဖူးဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ပဲပိစပ်ဆီကို စားပါဟုဆိုသော်လည်း ကျွန်တော်တို့တစ်တွေ Saturated Oil ခေါ် ဘေးအန္တရာယ်အလွန်ကြီးသည့် စားအုန်းဆီကို စားသုံးနေကြဆဲပါ။ ငတ်တာကိုး။ ပိုက်ဆံမှမရှိတာ။ သွေးတိုးတိုးလေဖြတ်ဖြတ် နှလုံးရောဂါဖြစ်ဖြစ် စားကြရရှာတာပဲပေါ့။

အရက်သောက်ချင်ရင် အမျိုးအစားကောင်းတာလေးရွေးသောက်လို့ လမ်းညွှန်သော်လည်း တစ်ပုလင်းသိန်းနှစ်ဆယ်၊ သိန်းသုံးဆယ် အတန်းအစားတွေကို အသာထားလို့ တစ်သောင်းခွဲ၊ နှစ်သောင်းတန်၊ သုံး၊ လေးသောင်းတန်တွေ အနားကိုတောင်မှ ရစ်သီရစ်သီမလုပ်နိုင်တဲ့အခါ ငါးဆယ်ဖိုးပေးပါဦး တစ်ခွက်မော့ချ၊ တစ်ရာဖိုးပေးပါဦးတစ်ခွက်မော့ချလုပ်ကြရတာ ကျွန်တော်တို့ဆီကလူတွေပါ။

၂၀၁၀ ပြည့်နှစ်က ကုန်ဈေးနှုန်းများကို အခြေခံကာ လူတစ်ယောက်စားဖို့အတွက် တစ်နေ့ငွေမည်မျှသုံးစွဲသင့်သနည်းဆိုသော စာရင်းဇယားကို ကျွန်တော်ကြည့်ဖူးပါသည်။ ၇၆၃ ကျပ်တဲ့။ ဝတ်ဖို့၊ နေဖို့၊ ပညာသင်ဖို့၊ ဆေးကုဖို့၊ အလှပြင်ဖို့၊ အပန်းဖြေဖို့၊ လှူဖို့တန်းဖို့မပါ။ စားဖို့သက်သက် ၇၆၃ ကျပ်။ သို့ဆိုလျှင် မိသားစုငါးယောက်ရှိသော် ၃,၈၁၅ ကျပ်လိုမည်ပေါ့။ ဝင်ငွေ ၃,၀၀၀ ပဲရှိသော် ဘယ်လိုလုပ်ရပါ့။ အခုထိ တစ်နေ့လုပ်ခ ၁,၀၀၀၊ ၁,၅၀၀ သာရရှိသော အလုပ်များရှိနေပါသေးသည်ဆိုလျှင် စာဖတ်သူယုံကြည်နိုင်ပါစ။

(လေး)

မြန်မာတို့ အသက်တိုကြရှာပါသည်။ ရှင်စဉ်မှာလည်း စွမ်းဆောင်ရည်တို့ ကျဆင်းကြပါသည်။ မြန်မာပြည်မှာ ထမင်းငတ်လို့သေတဲ့မသာမရှိပါဘူးဟုဆိုသော သူတို့ မည်သို့သော အချက်အလက် စာရင်းဇယားများနှင့် ပြောရဲဆိုရဲရှိခဲ့ကြသလဲဆိုသည်ကို ကျွန်တော်သိလိုလှပါသည်။ ။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုး၊ ကျော်သူမောင်၊ ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဖိုလ်ဖိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းငွေ၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဇွဲညဏ်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊ နန်းအောင်၊ ဟေမာနှင်း၊ ချစ်ဝိုင်း၊ ဇွဲမာန်၊ ဇော်မျိုးလှိုင်၊ နိုင်လင်းအောင်၊ ငူလ်ရှင်းကျင်း |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့်၊ မူမူမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဖိုလ်ဖိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ငွေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး |
| သရုပ်ဖော် | စိုးသော်တာ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး၊ ရတနာပြည့်ဖြိုး၊ သင်းယုနွယ် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် (၀၃၈၀၄) ၄၉၇၊ ဂျီ-၁၂၊ပြည်လမ်း၊ ကမာရွတ်။ |
| ပုံနှိပ်သူ | ဒေါ်မိုမိုအိ သုဝဏ္ဏသိဂီ (၁၂၁၁) ၂၁၊ ပဒုမ္မာလမ်း၊ စမ်းချောင်း။ |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day Newsဂျာနယ်တိုက် - Diamond Centre Building (E)
ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၇၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# ပြင်ပေးပါ မညာပါနဲ့ ပညာရေးရယ်

မြသီတာ




မြန်မာ့ပညာရေးကို ကမ္ဘာ့အဆင့်မီအောင် ပြုပြင်နေတဲ့အချိန်မှာ ပြင်စရာများတဲ့ မြန်မာ့ပညာရေးရဲ့ အားနည်းချက်တွေကို ထောက်ပြချင်ပါတယ်။ ဘယ်လိုပဲပြုပြင်ပြောင်းလဲမှုတွေ လုပ်နေပါတယ်ပြောပြော မပြင်သေးတာတွေ အများကြီးရှိနေပါသေးတယ်။ အဲဒီထဲမှာမှ အဆင့်မြင့်ပညာမှာ ပညာသင်ကြားပေးနေတဲ့ တက္ကသိုလ်ဆရာ၊ ဆရာမတွေရဲ့ ပါရဂူဘွဲ့ ဆက်လက်သင်ယူမှုနဲ့ ပတ်သက်ပြီး တက္ကသိုလ်တစ်ခုက ကထိကတစ်ယောက်ရဲ့ ရင်ဖွင့်သံကို ခံစားပြောပြချင်ပါတယ်။

အဲဒီဆရာမက အရင်က အခြေခံပညာမှာ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၈ ခုနှစ်မှာ တက္ကသိုလ်က နည်းပြ၊ သရုပ်ပြ ရာထူးခေါ်တဲ့အခါ တရားဝင်ဝန်ထမ်းအဖြစ် ပြောင်းရွှေ့ဖြေဆိုအောင်မြင်ခဲ့ပါတယ်။ အဲဒီတုန်းက ဝန်ထမ်းဆိုရင် အသက်(၄၀)နှစ်အောက် ခေါ်တာမို့ နည်းပြအဖြစ် တာဝန်ထမ်းဆောင်တဲ့အခါမှာ အသက်က (၃၅)နှစ် ကျော်နေပြီဖြစ်ပါတယ်။ သူက မန္တလေးတက္ကသိုလ်က ကျောင်းပြီးတာမို့ ပါရဂူဘွဲ့ကို မန္တလေးတက္ကသိုလ်မှာ တက်ချင်ပေမယ့် အဲဒီတုန်းက ရန်ကုန်တက္ကသိုလ်မှာပဲ ရတာဆိုတော့ ငွေကြေးအခက်အခဲကြောင့် မတက်ဖြစ်ခဲ့ပါဘူး။ မန္တလေးတက္ကသိုလ်က ဖွင့်တဲ့အခါမှာတော့ သူ့ရဲ့အသက်က (၄၅)နှစ်ပြည့်သွားပြီဖြစ်တာကြောင့် ပါရဂူဘွဲ့ တက်ခွင့်မရတော့ပါ။ “ဆရာဆိုတာ ထာဝရကျောင်းသားကြီးပါ”ဆိုတဲ့ စကားနဲ့အညီ ပညာဆက်သင်ချင်ပေမယ့် အဆင့်မြင့်ပညာရဲ့ ခေတ်နဲ့မညီတဲ့ သတ်မှတ်ချက်တွေ မပြင်ပေးတာကြောင့် နိုင်ငံသားချင်းအတူတူ လွတ်လပ်စွာ ပညာသင်ခွင့်မရှိတာကို ရင်ဖွင့်လာတဲ့အတွက် ကိုယ်စား ဆွေးနွေးတင်ပြရခြင်းဖြစ်ပါတယ်။

အဆင့်မြင့်ပညာဦးစီးဌာနရဲ့ သတ်မှတ်ချက်အရ အသက်(၄၅)နှစ်ကျော်ရင် ပါရဂူဘွဲ့ ဝင်ခွင့်ဖြေလို့ မရပေမယ့် ဝါရင့်ပါရဂူဘွဲ့ယူလို့ရပါသေးတယ်။ ဒါကတော့ ဘာသာရပ်ဆိုင်ရာ သုတေသနလုပ်ပြီး ပညာရေးကော်မတီကို ကျမ်းတင်ပြပြီး ဘွဲ့ယူရတာဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီမှာလည်း ကန့်သတ်ချက်တွေက တွဲဖက်ပါမောက္ခဆိုရင် လုပ်သက်ကန့်သတ်ချက်မရှိပေမယ့် ကထိကဆိုရင် လက်ရှိရာထူးမှာ လုပ်သက် ၁၀ နှစ်ရှိရမယ်လို့ သတ်မှတ်ထားပါတယ်။ ဒီတော့ အဲဒီ ဆရာမက အခုမှ ကထိကလုပ်သက် အနည်းငယ်ပဲ ရှိသေးတာမို့ မျှော်လင့်ချက်မရှိ ဖြစ်နေပါတယ်တဲ့။ ကထိကလုပ်သက် ၁၀ နှစ်ဆိုရင် သူက ပင်စင်ယူတဲ့အချိန်ရောက်နေပါပြီတဲ့။ သူတို့ရဲ့ ရာထူးတိုးကလည်းကံမကောင်းစွာဘက်လိုက်မှုတွေကြောင့် ပုံမှန်ထက်နောက်ကျခဲ့ပါတယ်။ သူတို့ရဲ့ရှေ့အသုတ်က VIP ရဲ့ သားသမီးပါတော့ ရှားပါးမေဂျာဆိုပြီး နည်းပြကနေ လ/ထ ကထိကရာထူးကို လုပ်သက်သုံးနှစ် ပြည့်တဲ့သူတွေကို တိုးပေးခဲ့တာ ရှိခဲ့ပါတယ်။ သူတို့ ၁၉၉၈ ခုနှစ်ဝင်တဲ့ အသုတ်ကတော့ VIP ရဲ့ သားသမီးဆွေမျိုးမပါတာရယ်၊ အရင် စစ်အာဏာရှင် အစိုးရ အလိုကျ ကပ်ဖားတတ်တဲ့ ဝန်ကြီးရဲ့ နိုင်ငံတော်ဘတ်ဂျက်လျှော့ချမယ်ဆိုတဲ့ ရိုက်ချက်တွေကြောင့် နည်းပြကနေ လ/ထ ကထိကကို ပုံမှန်ဆိုရင် ခုနစ်နှစ်မှာ တိုးပေးရမှာ ဖြစ်ပေမယ့် ရှစ်နှစ်ခွဲကျော် ကိုးနှစ်နီးပါးကြာမှ တိုးပေးပါတယ်။ အဲဒီနောက်ကျတော့ ၂၀၀၂ ခုနှစ် အသုတ်မှာတော့ VIP ရဲ့ သားသမီးပြန်ပါလာတော့ ခုနစ်နှစ် မပြည့်ခင် ရာထူးတိုးတင်ခိုင်းပြီး ရာထူးတိုးအမိန့်ကလည်း သိပ်မကြာခင်မှာ ထွက်လာပါတယ်။ ဒါကြောင့် ပညာရေးမှာလည်းခရိုနီတွေ ရှိနေတာကြောင့် ဆရာ၊ ဆရာမတွေထဲမှာ မညီမျှမှုတွေရှိနေတဲ့အတွက် ဒါတွေ မပြင်နိုင်သေးသမျှ ပညာရေးတိုးတက်မှုက ဝေးနေဦးမှာပါ။ စာရေးသူရဲ့ သူငယ်ချင်းအသုတ်ကတော့ လ/ထ ကထိကကနေ ကထိကရာထူး တိုးတော့လည်း လေးနှစ်ပြည့် သတ်မှတ်ပေမယ့် ငါးနှစ်တင်းတင်းပြည့်မှ ရာထူးတင်ခိုင်းပါတယ်တဲ့။ အခြေခံပညာက ပြောင်းရွှေ့တာဝန်ထမ်းဆောင်တဲ့ ဆရာ၊ ဆရာမ အတော်များများမှာ အသက်ကကြီးနေပြီး ရာထူးတိုး နောက်ကျနေပါတယ်။ ဘာပဲပြောပြော အခြေခံက ဆရာမလည်း နိုင်ငံရဲ့အရေးပါတဲ့ တာဝန်ကို ထမ်းဆောင်ခဲ့တာမို့ လေးစားစွာ ဆက်ဆံပြီး နေရာပေးသင့်တယ်လို့ ထင်ပါတယ်။ ဒီတော့ ဝါရင့်ပါရဂူဘွဲ့ တက်ခွင့်ရအောင် ကထိကလုပ်သက် ၁၀ နှစ် သတ်မှတ်ထားမှုကို ပြင်ဆင်ပေးပြီး စုစုပေါင်းလုပ်သက် ၁၅ နှစ်ကျော်လို့ သတ်မှတ်ပေးစေချင်ပါတယ်။

ကျွန်မရဲ့ သူငယ်ချင်းကတော့ စစ်အစိုးရရဲ့ မူဝါဒအရ အရေးအတွက် ဦးစားပေးထုတ်နေတဲ့ ပြည်တွင်းက ပါရဂူဘွဲ့ကို အထင်ကြီးလို့ မဟုတ်ပေမယ့် ဒီလောကမှာနေရင် ဒီဘွဲ့ကိုယူမှ ကိုယ်လည်း မည့်ဘူးဆိုတာကို ပြချင်လို့ပါတဲ့။ သူက ကျောင်းသားတွေကိုစာသင်တဲ့အခါ ဒေါက်တာမဟုတ်ပေမယ့် ကိုယ်သင်ရမယ့် ဘာသာရပ်ကို ကျွမ်းကျင်အောင် အမြဲတမ်းကြိုးပမ်း လေ့လာနေသလို ကိုယ်တိုင်သုတေသနလုပ်နေကာ စာတမ်းတွေလည်း ဖတ်နေပြီး ကျောင်းသားတွေရဲ့ သုတေသနကျမ်းတွေကိုလည်း ကျမ်းကြီးကြပ်သူအဖြစ် စေတနာထား ဆောင်ရွက်နေပါတယ်တဲ့။ သူက လေးစားကြည်ညိုရတဲ့ ပါမောက္ခ(အငြိမ်းစား) ဆရာကြီးတစ်ဦးက မှာသွားတယ်တဲ့။ ပြည်တွင်းပါရဂူဘွဲ့ မရပေမယ့် ကိုယ်တော်ကြောင်း သက်သေပြတဲ့အနေနဲ့ စာကို အဆက်မပြတ်ဖတ်ဖို့လိုသလို အင်္ဂလိပ်ကိုလည်း “အကြား၊ အဖတ်၊ အပြော၊ အရေး”ဆိုတဲ့ 4Skills ကို ကျွမ်းကျင်အောင် လေ့လာပါလို့ မှာကြားခဲ့ပါတယ်တဲ့။ ဒါကြောင့် ဆရာကြီးစကားကို နာခံခဲ့တဲ့အတွက် သူတို့ဌာနမှာဆိုရင် ဒေါက်တာဘွဲ့ရပြီးသူနဲ့ယှဉ်ရင် သူက မည့်တဲ့အပြင် တချို့နေရာတွေမှာ သူက ပိုသာနေတာကို တခြားသူတွေရဲ့ မှတ်ချက်ချမှုက သက်သေပြနေပါတယ်တဲ့။ တချို့ဆိုရင် ဒေါက်တာသာဆိုတယ် အင်္ဂလိပ်မကျွမ်းကျင်တာတွေ၊ သင်ရမယ့် ဘာသာရပ်ကိုမကျွမ်းကျင်တာတွေ၊ သူတစ်ပါးရဲ့ အိမ်ထောင်နဲ့ လူမှုရေးဖောက်ပြန်တာတွေ၊ ကျောင်းက အတန်းကို မှန်မှန်မဝင်ဘဲ ငွေရမယ့် အပြင်ကျူရှင်ကိုတက်ဖို့ဆရာ့သိက္ခာမရှိ လုပ်ဆောင်တာတွေ တွေ့မြင်နေရတော့ အတန်းထဲမှာ စေတနာထားကာ သင်ကြားပေးနေတဲ့ သူ့ရဲ့ ဆရာမဘဝကို လိပ်ပြာသန့်သန့်နဲ့ နေနိုင်လို့ ကျေနပ်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် သူ့အတွက်ကတော့ ပါရဂူဘွဲ့ကို မတက်ရလည်း အရေးမကြီးပေမယ့် သူနဲ့ဘဝတူ ဆရာ၊ ဆရာမတွေထဲက တက်ချင်တဲ့သူတွေ ရှိနိုင်တာကြောင့် ကထိကလုပ်သက် စုစုပေါင်း ၁၀ နှစ်ဆိုတာကို ပြင်ပေးစေချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကထိကလုပ်သက် ငါးနှစ်ဆိုရင် တွဲဖက်ပါမောက္ခရာထူးတိုးတင်ခွင့်ရပြီး ပါရဂူဘွဲ့ရသူသာ ဖြစ်ရမယ်လို့ သတ်မှတ်ထားချက်ရှိတာကြောင့် ဆရာ၊ ဆရာမ အချင်းချင်း မညီမျှတဲ့ ဘဝတွေရှိနေလို့ တင်ပြရခြင်း ဖြစ်ပါတယ်။

စာမျက်နှာ(၃၂) သို့

# Business

7 DAY NEWS JOURNAL

Vol.13, No.16 • JUNE 25 , 2014



*မိုဘိုင်းဖုန်းအသုံးပြုနေသူတစ်ဦး* ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

# ဟန်းဆက်အခွန်နှုန်းထားများ လျှော့ချပေးရန်စီစဉ်

**ပြည်သိမ်း**

**ရန်ကုန်၊ ဇွန်-၂၃**

ပြည်ပမှ ဟန်းဆက်များ အလုံးရေသန်းနှင့်ချီ မှောင်ခိုတင်သွင်းနေခြင်းကြောင့် တရားဝင်တင်သွင်းနိုင်ရန်အခွန်နှုန်းထားများလျှော့ချပေးရန် စီစဉ်နေကြောင်း အကောက်ခွန်ဦးစီးဌာနမှ သတင်းရရှိသည်။

"ဟန်းဆက်ကို ဖောင်ဒီနဲ့သွင်းမယ်ဆိုရင် အကောက်ခွန်ကသုညရာခိုင်နှုန်းပဲ။ ဒီအတိုင်းသွင်းမယ်ဆိုရင်တော့ငါးရာခိုင်နှုန်း အခွန်ကောက်ပါတယ်"ဟုအကောက်ခွန်ဦးစီးဌာနညွှန်ကြားရေးမှူး ဦးသိန်းဖေကပြောကြားသည်။

အာဆီယံ ၁၀ နိုင်ငံ၌ ဟန်းဆက်များကိုပြည်ပမှတင်သွင်းရာတွင်ခြောက်နိုင်ငံမှာအခွန်ကောက်ယူခြင်းမရှိသော်လည်းမြန်မာ၊လာအို၊ဘရူနိုင်းနိုင်ငံတို့ကအကောက်ခွန်ငါးရာခိုင်နှုန်းနှင့်ကမ္ဘောဒီးယားနိုင်ငံကဆယ့်ငါးရာခိုင်နှုန်းကောက်ယူကြောင်းသိရသည်။

"အခွန်နှုန်းထားကိုလျှော့ပေးမယ်ဆိုရင် တရားဝင်အခွန်ဆောင်ဖို့အတွက် စည်းရုံးပေးပါ့မယ်"ဟု မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိတွင် ပြည်ပမှဟန်းဆက်များတင်သွင်းရာ၌ တရားမဝင်မှောင်ခိုက ကိုးဆယ့်ခုနစ်ရာခိုင်နှုန်းရှိပြီး အလုံးရေ ၁၀ သန်းကျော်တွင် နှစ်သိန်းဝန်းကျင်သာ အခွန်ဆောင်နေကြောင်း စီးပွားကူးသန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်ကပြောသည်။

တရားမဝင်ကုန်သွယ်မှုများကို ရွှေ့လျားအဖွဲ့များဖြင့် ဖမ်းဆီးမိမှုမှာ ခုနစ်လအတွင်း ဟန်းဆက်အလုံးရေကိုးထောင်ကျော်နှင့် ကျပ်သန်းနှစ်ရာကျော်ဖမ်းမိခဲ့ပြီး ကိုယ်ပိုင်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ အငှားယာဉ်များ၊ ခရီးသည်ယာဉ်များတွင် အများဆုံး ဖမ်းဆီးမိသည်ဟုဆိုသည်။

မြန်မာနိုင်ငံတွင် မိုဘိုင်းဆင်းမ်ကတ်များဈေးနှုန်းချိုသာလာခြင်း၊ ဆက်သွယ်ရေးလုပ်ငန်းတွင် နိုင်ငံတကာကုမ္ပဏီများလာရောက်ရင်းနှီးမြှုပ်နှံခြင်းတို့ကြောင့် မိုဘိုင်းဟန်းဆက်လိုအပ်ချက်များပြီး သုံးစွဲမှုများလည်း မြင့်တက်လာမည်ဖြစ်သည့်အတွက် အခွန်နှုန်းထားများ အမြန်လျှော့ချပေးမှသာ နိုင်ငံတော်အတွက် အခွန်ငွေရရှိနိုင်မည်ဟု ပြည်ပမှဟန်းဆက်တင်သွင်းသူများက ပြောသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၇၂ | ၉၈၀ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၇၃ | ၇၈၃ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၁၅ | ၁၃၃၃ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၀. ၁ | ၃၀. ၄ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၅ | ၁၅၈ | ကျပ် |

၂၀၁၄ ဇွန် ၂၁ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀.၅၈၇၇ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀.၇၃၅ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၂.၀၆ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆.၂၂၄ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၀.၁၆ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁.၂၄၈၇ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၂၀.၈၁ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃.၂၂၂၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂.၄၅ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၉၇၂.၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၂၈၀.၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃.၈၇ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇.၇၅၁၅ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁.၀၆၄၇ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁.၁၄၉၈ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁.၀၇၅၅ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၄.၄၄၂၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃.၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၃၁၄.၈၀ |
| ရေနံစိမ်း | စည် | ၁၁၄.၇၃ |
| ငွေ | အောင်စ | ၂၀.၈၆ |
| ကြေးနီ | ပေါင် | ၃.၁၂ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄.၅၅ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၄ ဇွန် ၂၁ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.13, No.16 • JUNE 25 , 2014

# ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံရန် ဇွန်လအတွင်း လုပ်ငန်း၁၂ခုကို ခွင့်ပြုပေး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန်-၂၃**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မတီက ဇွန်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁၀ ခုနှင့် နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခုကို ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း အဆိုပါ ကော်မတီမှ သတင်းရရှိသည်။

ယခု ခွင့်ပြုလိုက်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ရရှိသော လုပ်ငန်းခြောက်ခုပါဝင်ပြီး ကျန်လုပ်ငန်းလေးခုမှာ ပြည်တွင်းကုမ္ပဏီများနှင့် ပူးပေါင်းကာ ဖက်စပ်လုပ်ငန်းအဖြစ် လုပ်ကိုင်ခွင့်ချထားပေးလိုက်ကြောင်း အဆိုပါ ကော်မရှင်မှ သိရသည်။

အဆိုပါ လုပ်ငန်းများကို ထိုင်ဝမ်ကုမ္ပဏီသုံးခု၊ ထိုင်းကုမ္ပဏီတစ်ခု၊ စင်ကာပူကုမ္ပဏီ သုံးခု၊ ဗြိတိန်ကျွန်းစုနှင့် မက်ကာအိုနိုင်ငံတို့မှ လာရောက်လုပ်ကိုင်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခု ချထားပေးလိုက်သော လုပ်ငန်းများအပါအဝင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ချထားပေးလိုက်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ၉၀ ကျော်နှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၃၀ ကျော်အထိ ရှိသွားပြီဖြစ်သည်။




# ရွှေဈေးရက်ပိုင်းအတွင်း တစ်ကျပ်သား ကျပ်သုံးသောင်းကျော်ဈေးမြင့်



*ခင်းကျင်းထားသော ရွှေဆိုင်* ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန်-၂၃**

ပြည်တွင်းရွှေဈေးမှာ ရက်ပိုင်းအတွင်း တစ်ကျပ်သားလျှင် ကျပ်သုံးသောင်းကျော်အထိ ဈေးနှုန်းမြင့်တက်လာသဖြင့် ယခုရက်ပိုင်း၌ အပိုင်းဈေးကွက်တွင် အရပ်ဘက်မှ ဝယ်စုထားသူများ ပြန်ထုတ်ရောင်းသော ဈေးကွက်များခဲ့ကြောင်း အပိုင်းဈေးကွက်မှ ရွှေကုန်သည်များက ပြောသည်။

ဇွန်လ၁၆ရက်တွင်အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၄၇,၀၀၀ ကျပ်ခန့် ရှိနေရာမှ ပြီးခဲ့သည့် တစ်ပတ်အတွင်းမှ စတင်ကာ ဆက်တိုက်မြင့်တက်လာပြီး တစ်ကျပ်သားလျှင် ၆၇၆၀၀၀ ကျပ်ထိ အမြင့်ဆုံး ရောက်ရှိလာခဲ့သည်။

“ဝယ်စုထားတဲ့သူတွေအများစုက တောက်လျှောက် ဈေးအနိမ့်ပိုင်းနဲ့ နေခဲ့ရတာဆိုတော့ ၆၇၄,၀၀၀ ကျပ်လောက်ကတည်းက ထုတ်ရောင်းတာ တော်တော်များလာတယ်။ ဒီရက်ပိုင်း ဈေးကွက်က အရပ်ဘက်က ပြန်ထုတ်ရောင်းတာများတဲ့ ဈေးကွက်လို့ ပြောလို့ရတယ်” ဟု ရွှေအပိုင်းကုန်သည်တစ်ဦးက ရွှေဘုံသာလမ်းရှိ ဈေးကွက်အခြေအနေကို ပြောသည်။

ယင်းသို့ ယခုရက်ပိုင်းတွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ဒေါ်လာ ၄၀ ခန့် မြင့်တက်လာသည့်အပြင် အမေရိကန်ဒေါ်လာဈေး၊ တရုတ်ငွေဈေးနှင့် ဟွန်ဒီဈေးနှုန်းများမှာလည်း မြင့်တက်နေခြင်းကြောင့် ဖြစ်သည်ဟု ဈေးကွက်ကျွမ်းကျင်သူ ရွှေလုပ်ငန်းရှင်များက သုံးသပ်ပြောသည်။

ကမ္ဘာ့ရွှေဈေးမှာ ပြီးခဲ့သည့် တစ်ပတ်အတွင်း တစ်အောင်စလျှင် ၁၂၇၅ ဒေါ်လာခန့် ရှိနေရာမှ တဖြည်းဖြည်းမြင့်တက်လာရာ ယခုနှစ် ဇွန်လ ၂၃ ရက်တွင် ၁၃၁၄ ဒေါ်လာထိ ရောက်ရှိလာခဲ့သည်။

လက်ရှိဈေးကွက် အနေအထားအရ ရွှေဈေးမှာ ဆက်လက်မြင့်တက်နိုင်ဖွယ်ရှိပြီး အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၈၀,၀၀၀ ကျပ်အထိ ရောက်ရှိနိုင်ကြောင်း လုပ်ငန်းရှင်များ ခန့်မှန်းထားကြသည်။

“အခု ကမ္ဘာ့ဈေးအနေအထားအရ တစ်အောင်စကို ၁၃၂၄ ဒေါ်လာလောက်ထိ တက်သွားနိုင်တယ်။ အဲဒီထိရောက်သွားရင် ၁၃၃၉ ဒေါ်လာလောက်ထိ ဆက်တက်နိုင်တယ်လို့ ခန့်မှန်းထားတယ်”ဟု အပိုင်းဈေးကွက်မှ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

နယ်စပ်ရွှေဈေးများထက် ပြည်တွင်းရွှေဈေးများသည် ကျပ်သောင်းဂဏန်းအထိ ဈေးတက်နေသည့်အတွက် တရုတ်နှင့် ထိုင်းနယ်စပ်တို့မှ ရွှေဝင်ရောက်မှုများမှာလည်း ဆက်တိုက်နီးပါးဝင်ရောက်နေကြောင်း ရွှေကုန်သည်များက ဆိုသည်။

# အွန်လိုင်းစီးပွားရေး လုပ်ကြမလား




**ကြည်နေဝင်းမင်း**

မကြာသေးမီရက်များကအွန်လိုင်းစီးပွားရေး စတင်လုပ်ကိုင်ခဲ့သော လုပ်ငန်းငယ်လေးအများအပြားကို ငွေကြေးထူထောင်ပေးခဲ့သော ဂျာမနီရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီ Rocket Internet ကို တည်ထောင်သူ အိုလီဗာဆမ်ဝါက အီလက်ထရွန်နစ် ကုန်သွယ်ရေးနှင့် စမတ်ဖုန်းများကြောင့် ကမ္ဘာ့နိုင်ငံအများအပြားမှ ပေါ်ထွက်လာသော ဈေးကွက်များတွင် သာမန်စတိုးဆိုင်များအတွက် အနာဂတ်မရှိသလောက်ပင်ဖြစ်သည်ဟု လက်လီရောင်းချရေး လုပ်ငန်းအား သတိပေးစကား ပြောကြားလိုက်သည်။

နိုင်ငံပေါင်း ၇၀ မှ လက်လီရောင်းချသော ကုမ္ပဏီပေါင်း ၄၀၀ နှင့် နာမည်ကြီး အမှတ်တံဆိပ်များဖြင့် ဖွဲ့စည်းထားသော စားသုံးသူကုန်ပစ္စည်းဖိုရမ် (EGF) ၏ နှစ်စဉ်ညီလာခံတွင် အီလက်ထရွန်နစ်စီးပွားရေး အရှိန်ရလာသည်နှင့်အမျှ လက်လီကုမ္ပဏီအချို့ နောက်ကျကျန်ရစ်ခဲ့လိမ့်မည်ဟု အိုလီဗာက ပြောသည်။

"အင်တာနက်မရှိခဲ့လို့လူကြီးမင်းတို့ရဲ့ စတိုးဆိုင်တွေရှိနေတာပါ" ဟု အိုလီဗာက ပြောကြားပြီး အစဉ်အလာအတိုင်း ရောင်းချသော လက်လီကုမ္ပဏီများမှာ လူကြီးဈေးဝယ်ပရိသတ်အပေါ်တွင်သာ အာရုံစိုက်လွန်းပြီး စမတ်ဖုန်းများနှင့် ပိုမိုကျွမ်းဝင်သော လူငယ်များအပေါ် လုံလောက်သော အာရုံဦးစားပေးမှု မရှိဟု ၎င်းက ပြောသည်။

"လူကြီးမင်းတို့ စိုးရိမ်ထိတ်လန့်နေတာတွေ ပိုပြီး မြန်မြန်ဆန်ဆန်ဖြစ်လာလိမ့်မယ်" ဟူ၍လည်း ၎င်းက ပြောကြားသည်။

Rocket Internet ကုမ္ပဏီသည် အမေရိကန်နှင့် တရုတ်နိုင်ငံပြင်ပတွင် အကြီးမားဆုံး အင်တာနက်စီးပွားရေး အင်ပါယာကို ထူထောင်ရန် ကြိုးစားနေသည်။ အမေရိကန်နိုင်ငံမှ အမေဇုန်နှင့် တရုတ်နိုင်ငံမှ အလီဘာဘာတို့ကဲ့သို့ အင်တာနက်စီးပွားရေးကုမ္ပဏီကြီးများ မစိုးမိုးရသေးသော အာဖရိက၊ လက်တင်အမေရိကနှင့် ရုရှားနိုင်ငံများ၏ ဈေးကွက်တွင် ယင်းကုမ္ပဏီကြီးများကဲ့သို့ အောင်မြင်ရန် Rocket Internet က မျှော်လင့်ပါသည်။

မိန့်ခွန်းပြောကြားပြီးနောက်တွင် အိုလီဗာသည် ကျွမ်းကျင်သူများ ဆွေးနွေးပွဲတစ်ရပ်တွင် ဗြိတိသျှ လက်လီရောင်းဝယ်ရေးကုမ္ပဏီ Waitrose အုပ်ချုပ်မှုဒါရိုက်တာ မက်ပရိုက်စ်နှင့် အပြန်အလှန်အငြင်းပွားခဲ့ ကြသည်။

မက်ပရိုက်စ်က ၎င်းကိုယ်၎င်းမိတ်ဆက်ရာတွင်ပင် "ဟိုင်း ကျွန်တော် မက်ပရိုက်စ်ပါ။ ဒိုင်နိုဆောတစ်ကောင်ပါ" ဟု စတင်ပြောဆိုခဲ့သည်။

အိုလီဗာဆမ်ဝါသည် Rocket Intrnet ကုမ္ပဏီကို ၎င်း၏ညီအစ်ကိုများဖြစ်သော မာ့ခ်၊ အလက်ဇန်းဒါးတို့နှင့်အတူ ၂၀၀၇ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး နိုင်ငံပေါင်း ၁၀၂ နိုင်ငံတွင် လုပ်ငန်းလည်ပတ်နေပြီဖြစ်သည်။

ရုရှားနိုင်ငံတွင် Lamoda ၊ လက်တင်အမေရိကတွင် Dafiti အွန်လိုင်းဖက်ရှင်စတိုးများနှင့် အာဖရိကတွင် Junmia ဟူသော အထွေထွေပစ္စည်းရောင်းဝယ်ရေး အွန်လိုင်းစတိုးများ အပါအဝင် ရော့ကက်အင်တာနက် ကုမ္ပဏီက ၂၀၁၃ ခုနှစ်အတွင်း ဝင်ငွေ ကန်ဒေါ်လာ တစ်ဘီလီယံ ရရှိခဲ့သည်။

ရော့ကက်အင်တာနက်ကုမ္ပဏီသည် ယခုနှစ်နှောင်းပိုင်းတွင် ဖရန့်ဖတ်မြို့ စတော့ရှယ်ယာ ဈေးကွက်သို့ ဝင်ရောက်၍ ရှယ်ယာများ ရောင်းချရန် စီစဉ်နေသည်ဟု ဆိုသည်။ ယင်းမှနေ၍ ကုမ္ပဏီ၏ တန်ဖိုးမှာ ယူရို ၅ ဘီလီယံခန့် ရှိလာနိုင်မည်ဖြစ်သည်။ ယင်းမှာ အလီဘာဘာကဲ့သို့ အွန်လိုင်းစီးပွားရေးလုပ်ငန်းများအပေါ် ရင်းနှီးမြှုပ်နှံမှုဈေးကွက်က စိတ်အားထက်သန်နေခြင်းအပေါ် အခွင့်ကောင်းယူခြင်းလည်း ဖြစ်သည်။

အမေဇုန်နှင့် အလီဘာဘာ ကုမ္ပဏီတို့၏ စတော့ရှယ်ယာ ဈေးကွက်တန်ဖိုးမှာ မကြာမီကာလအတွင်း ကမ္ဘာ့အကြီးဆုံး လက်လီကုမ္ပဏီကြီး Wal-Mart ထက် အဆများစွာ သာလွန်သွားမည်ဟုလည်း အိုလီဗာဆမ်ဝါ ဆိုပါသည်။

"လူကြီးမင်းတို့ရဲ့ သားသမီးတွေအတွက် ဘာတွေ ဝယ်ပေးမလဲ။ ကျွန်တော်ဆိုရင်တော့ အမေဇုန်နဲ့ ရော့ကက်အင်တာနက် ရှယ်ယာတွေ ဝယ်ပေးမှာပဲ" ဟု အိုလီဗာက ပြောကြားပြီး ပြင်သစ်လက်လီအရောင်းကုမ္ပဏီ Carvefour အနေဖြင့် တရုတ်နိုင်ငံတွင် စတိုးဆိုင်များ ဖွင့်လှစ်ရန် ကြိုးစားမည့်အစား အလီဘာဘာကုမ္ပဏီတွင် တစ်စိတ်တစ်ပိုင်း ပါဝင်လိုက်ခြင်းက ပိုကောင်းလိမ့်မည်ဟုလည်း အိုလီဗာဆမ်ဝါက ပြောသည်။

Rocket ကုမ္ပဏီက ပစ်မှတ်ထားနေသော ဈေးကွက်တွင် ကမ္ဘာ့လူဦးရေ၏ ၇၅ ရာခိုင်နှုန်း နေထိုင်ကြောင်း မှတ်ချက်ပြုရင်း အီလက်ထရွန်နစ်ကုန်သွယ်ရေးမှာ ဖွံ့ဖြိုးပြီးနိုင်ငံများထက် အသစ်ပေါ်ထွန်းလာသော ဈေးကွက်များတွင် အလားအလာကောင်းများ ရှိသည်ဟု အိုလီဗာဆမ်ဝါက မှတ်ချက်ပြုသည်။ အကြောင်းမှာ အွန်လိုင်းဆိုက်များမှာ ယင်းထူထောင်ပြီးသော စတိုးများနှင့်ယှဉ်ပြိုင်စရာ မလိုသောကြောင့် ဖြစ်သည်။

"ပြင်ပစတိုးဆိုင်တွေနဲ့ ဈေးကွက်ဝေစု မယှဉ်ပြိုင်ရဘူးဆိုရင် အမြတ်ရာခိုင်နှုန်းအများကြီး ပိုမြင့်တယ်" ဟု အိုလီဗာက ပြောကြားပြီး ယင်းစတိုးများအားလုံး အွန်လိုင်းသို့ ရွှေ့ပြောင်းလာမည်ဖြစ်ကြောင်းနှင့် မရွှေ့ပြောင်းလာသူမှာ ၁၀ ရာခိုင်နှုန်းခန့်သာ ကျန်ရှိနိုင်သည်ဟု ၎င်းက ဆက်လက်ပြောသည်။

ကမ္ဘာ့တစ်ဝန်း Rocket Internet က ရင်းနှီးမြှုပ်နှံထားသော ကုမ္ပဏီများအပေါ် ဖေ့စ်ဘွတ်ခ်ပရိသတ်ပေါင်း ၄၄ သန်းရှိပြီး ယင်းမှာ Nike နှင့် Apple ကုမ္ပဏီနှစ်ခုပေါင်း ပရိသတ်ထက် ပိုများသည်ဟု ဆမ်ဝါက ပြောကြားသည်။ လူမှုဝက်ဘ်ဆိုက် ဖေ့စ်ဘွတ်ခ် သုံးစွဲမှုအများဆုံး မြို့ကြီးများမှာ ဘန်ကောက်၊ ဂျကာတာနှင့် အစ္စတန်ဘူလ်မြို့များဖြစ်ပြီး ထိပ်တန်းမြို့ကြီး ဆယ်မြို့တွင် အမေရိကန်နိုင်ငံမှ မြို့များမပါဝင်ဟု မှတ်ချက်ပြုသည်။

အွန်လိုင်း လက်လီကုမ္ပဏီများကို ဝန်ဆောင်မှုများပေးရင်း အကျိုးအမြတ်များစွာ ရရှိနေသော ကမ္ဘာ့အကြီးဆုံး စာတိုက်နှင့် သယ်ယူပို့ဆောင်ရေး ကုမ္ပဏီ Deutsche Post ကလည်း ၂၀၂၅ ခုနှစ်အရောက်တွင် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စုစုပေါင်းကုန်သွယ်မှု ၄၀ ရာခိုင်နှုန်းမှာ အီလက်ထရွန်နစ်ကုန်သွယ်ရေး (e-commerce) မှ ဖြစ်မည်ဟု ဟောကိန်းထုတ်ထားသည်။ လောလောဆယ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံ ဈေးကွက်များတွင် e-commerce ၁၀ ရာခိုင်နှုန်းသာ ပါဝင်ပြီး ဖွံ့ဖြိုးဆဲဈေးကွက်များတွင် ရာခိုင်နှုန်းအလွန် နည်းပါးသည်။

ဆမ်ဝါ ညီအစ်ကိုများသည် Rocket Internet ကုမ္ပဏီအတွက် ရင်းနှီးမြှုပ်နှံမှုများကို ဆွီဒင်ရင်းနှီးမြှုပ်နှံသူ ကင်နီဗစ်၊ အမေရိကန် ဘီလျံနာ လီယိုနာ့ဒ် ဆလာဗက်နစ်၊ JP Morgan Asset Management နှင့် လက်လီကုမ္ပဏီများဖြစ်သော Tesco နှင့် ဂျာမနီ Tengelmann နှင့် Rave ကုမ္ပဏီတို့ထံမှ ရရှိနေခဲ့သည်။

ဂူးဂဲလ်ကုမ္ပဏီကလည်း ခရီးသွားလုပ်ငန်းပိုင်ရှင်များ အသုံးပြုနိုင်သော တန်ဆာပလာများပါဝင်သည့် Google My Business ဟူသော ဝန်ဆောင်မှုကို မကြာသေးမီကပင် မိတ်ဆက်ထားသည်။

ယင်းတွင် လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ စီးပွားရေးသတင်းအချက်အလက်များ မြှင့်တင်ခြင်း၊ ဓာတ်ပုံများထပ်ဖြည့်ခြင်း၊ မှတ်ချက်များ ဖတ်ရှုခြင်းနှင့် Google+ အသုံးပြုမြှင့်တင်ခြင်းများ လုပ်ဆောင်နိုင်သည်။

*—Ref: Reuters*

# လစ်ဗျားနိုင်ငံ ကန်သံရုံးတိုက်ခိုက်မှု သံသယတရားခံ ရာဇဝတ်မှုစွဲချက်နှင့် ရင်ဆိုင်ရမည်

**နယူးယောက်၊ ဇွန်-၂၀**

အမေရိကန်တပ်ဖွဲ့များကို ဖမ်းဆီးကာ ဘင်ဂါဇီမြို့ရှိ အမေရိကန်အဆောက်အအုံဝင်း တိုက်ခိုက်မှု၏ ခေါင်းဆောင်ဟု သံသယရှိသူအားအမေရိကန်နိုင်ငံသို့ရောက်ရှိပြီး နာရီပိုင်းအတွင်း ရာဇဝတ်မှုဆိုင်ရာတရားရုံး၌ ရုံးတင်စစ်ဆေးမည်ဟု မျှော်လင့်ရကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။

ဇွန်လ ၁၅ ရက်က စီးနင်းမှုတစ်ခုအတွင်း ဖမ်းမိခဲ့သည့် လစ်ဗျားစစ်သွေးကြွအာမက်အဘူခါတာလာသည် ဘင်ဂါဇီမြို့ရှိ စီအိုင်အေအခြေစိုက်စခန်းနှင့် အမေရိကန်သံတမန် အဆောက်အအုံတစ်ခုကို ၂၀၁၂ ခုနှစ်က တိုက်ခိုက်ခဲ့သော အဖွဲ့၏ ခေါင်းဆောင်ဟု သံသယရှိနေသူဖြစ်သည်။

အဘူခါတာလာကို ယူအက်စ်အက်စ် နယူးယောက်သင်္ဘောဖြင့် တင်ဆောင်ကာ နိုင်ငံသို့ ပုံမှန်အမြန်နှုန်းဖြင့် မောင်းနှင်၍ ခေါ်ဆောင်လာပြီဖြစ်ကြောင်း အမည်မဖော်လိုသူ ကန်အရာရှိတစ်ဦးက ပြောသည်။

ဘင်ဂါဇီမြို့ တိုက်ခိုက်မှုအတွင်း အမေရိကန်သံအမတ် ခရစ္စတိုဖာစတီဗန်နှင့် အခြား အမေရိကန်နိုင်ငံသားသုံးဦး သေဆုံးခဲ့သည်။

အဘူခါတာလာမှာ အမေရိကန်ပိုင် အဆောက်အအုံတွင် လူတစ်ဦးကို သတ်ဖြတ်မှု၊ လက်နက်ခဲယမ်းဥပဒေ ချိုးဖောက်မှုနှင့် အကြမ်းဖက်သမားများကို ပစ္စည်းကိရိယာ ထောက်ပံ့ပေးအပ်မှု စွဲချက်များဖြင့် စွဲချက်တင်ခံထားရသည်။

ယင်းစွဲချက်များကို ၂၀၁၃ ဇူလိုင်လအတွင်း စွဲချက်တင်ထားခြင်း ဖြစ်သော်လည်း ယင်းအမှုကို တရားရုံးက ဇွန်လ ၁၇ ရက်အထိ ချိပ်ပိတ်ထားခဲ့သည်။

၎င်းကိုအမေရိကန်ဂျူရီအဖွဲ့တစ်ဖွဲ့က တရားဝင် တရားစွဲဆိုမည်ဟု မျှော်လင့်ရသည်။


အဘူခါတာလာအပေါ် စုံစမ်းစစ်ဆေးခြင်းကို အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ရှိ အစိုးရရှေ့နေရုံးက တာဝန်ယူထားပြီး ယင်းအမှုမှာ ဝါရှင်တန်မြို့၌ပင် ရှိနေဦးမည်ဟု ပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောသည်။

အကယ်၍ အဘူခါတာလာ အနေဖြင့် သေဒဏ်ကျခံရနိုင်သည့် ရာဇဝတ်မှု စွဲချက်ဖြင့် စွဲချက်တင်ခံရပါက အစိုးရရှေ့နေများ သေဒဏ်ချမှတ်စေလို၊ မလိုဆိုသည်ကို အမေရိကန်အစိုးရ ရှေ့နေချုပ် အဲရစ်ဟိုလ်ဒါက ဆုံးဖြတ်မည်ဖြစ်သည်။

*—Ref: Reuters*

7DAY NEWS JOURNAL
Vol.13, No.16 • JUNE 25 , 2014

# 7DAY BOOK REVIEW




## မြရည်ဆည်းဆာဝတ္ထုတိုများ
(ခင်နှင်းယု)

စာရေးဆရာမကြီးခင်နှင်းယုမကွယ်လွန်မီရေးခဲ့သော မဂ္ဂဇင်းများတွင်ဖော်ပြခဲ့သည့်ဝတ္ထုတိုစုစည်းမှုစာအုပ်ဖြစ်သည်။ စုစုပေါင်းဝတ္ထုတို(၄၄)ပုဒ်ပါဝင်သည်။ စိတ်ကူးချိုချိုစာအုပ်တိုက်က စီစဉ်ထုတ်ဝေပြီး (ဒေါ်)ခင်နှင်းယုရေးသားခဲ့သည့် မဂ္ဂဇင်းများတွင် ပြန့်ကျဲနေသော ဝတ္ထုတိုများကိုစုစည်းထုတ်ဝေခြင်းဖြစ်၍ နှစ်ပေါင်းသုံးလေးဆယ်အကြာက ဝတ္ထုတိုများပါဝင်သလို ၎င်းမကွယ်လွန်မီ နောက်ဆုံးရေးသားခဲ့သည့် ဝတ္ထုတိုများလည်းပါဝင်သည်။

'ခင်နှင်းယု'ဟုဆိုလျှင် နာမည်ကျော်'မွေး'ဝတ္ထုနှင့် တွဲဖက်မြင်ရလေ့ရှိသည့် စာရေးဆရာသည်နိုင်ငံတော်ဝန်ကြီးချုပ်(ဟောင်း)ဦးနု၏ နှမဝမ်းကွဲဖြစ်သလို ဦးနုတာဝန်ထမ်းဆောင်စဉ်ကိုယ်ရေးအတွင်းဝန်အဖြစ်ဆောင်ရွက်ခဲ့သူပီပီ နိုင်ငံရေးအသိအမြင်ကြွယ်ဝသူဖြစ်၏။ သို့သော် (ဒေါ်)ခင်နှင်းယုသည် သူ့ဘဝကိုနိုင်ငံရေးထဲမြှုပ်နှံမထား။ရသစာရေးဆရာဖြစ်လိုသူပီပီ ဝတ္ထုတို၊ ရှည်များမပြတ်ရေးဖွဲ့ခဲ့ရာ ခင်နှင်းယုဆိုသည့်ကလောင်မှာ စာပေနယ်တွင် ကြယ်တစ်ပွင့်ဖြစ်ခဲ့သည်။ စာရေးဖြစ်ခြင်း၏ တွန်းအားတစ်ရပ်မှာ စာရေးဆရာသန်းဆွေ၏ ပံ့ပိုးမှုကြောင့်လည်းဖြစ်သည်။ ခင်နှင်းယုသည် ဘဝတစ်လျှောက်လုံး ဝတ္ထုတို၊ ရှည်များနှင့် ဆောင်းပါးအချို့သာစွဲစွဲမြဲမြဲရေးသွားသော ရသစာရေးဆရာတစ်ဦးဖြစ်၍ယခုသူ့ဝတ္ထုများ ဖတ်ရသည့်အခါစိတ်ပင်ပန်းနွမ်းနယ်မှုများမှ အနည်းဆုံးတော့လွတ်မြောက်သွားပါမည်။ ဝတ္ထုတိုရေးရာ၌ (ဒေါ်)ခင်နှင်းယုသည် အမြဲလိုလိုအတွေးရှင်းအမြင်ရှင်းရေးလေ့ရှိပြီး ရှင်းလင်းသောစကားလုံးများဖြင့် ဒဿနတစ်ရပ် တင်ပြလေ့ရှိရာ သူ့ဝတ္ထုတိုများဖတ်ရသည်မှာ ရသခံစားမှုသာမက အတွေးတစ်ခုခုပါ အမြဲချန်ထားလေ့ရှိသည်။

ယခုစာအုပ်တွင်ပါဝင်သည့် ဝတ္ထုတိုအမည်များကို တစေ့တစောင်းကြည့်ပါက 'မိုးကိုရွာစေချင်ပါသည်၊ မြရည်ဆည်းဆာ၊ ပင်တိုင်တော်ဦး၊ ဘွားဘွား၏အရိပ်၊ ကျွန်မသာ ဒိုင်ယာနာဖြစ်ခဲ့လျှင်၊ ကလင်တန်နှင့် ကိုဖိုးမှန်၊ နှစ်မြောချစ်ကြင်နာ၊ အိပ်မက်လော ပုံပြင်လော၊ ဆယ်ပြည်ထောင်ချော့တော့မပြုံး၊ ငယ်သူကိုမချစ်နဲ့' စသည်ဖြင့် ရိုးရှင်းသောစကားအသုံးအနှုန်းတို့ဖြင့် ခေါင်းစဉ်ပေးရေးထားသည်ကို သတိထားမိပေမည်။ ဘဝ၏နောက်ဆုံးအချိန်များကို ချမ်းမြေ့ရိပ်သာဆရာတော်ကြီးအပါးအနီးကပ်နေ၍ ဝိပဿနာတရားအားထုတ်သွားသော စာရေးသူသည် နောက်ပိုင်းရေးသားခဲ့သည့်ဝတ္ထုများ၌ ဓမ္မသဘောသက်ဝင်နေခြင်းကို ဖတ်ရှုရပါမည်။ စာအုပ်အမည်ပေးထားသော 'မြရည်ဆည်းဆာ'ဝတ္ထုတွင် သွေးသားမတော်စပ်သော ပင်စင်စားအဘိုး၊အဘွားနှစ်ဦးမှော်ဘီမြို့နယ်တွင်းရှိ ရွာလေးတစ်ရွာ၌ အိမ်နီးချင်းသွားဖြစ်ရာမှ တစ်ဦးကိုတစ်ဦးဖေးဖေးမမကြင်ကြင်နာနာရှိလာကြပုံ၊ တဏှာရာဂမပါဘဲ မေတ္တာတရားသက်သက်ဖြင့် နေဝင်ချိန်ဘဝ ဆည်းဆာကို ဖြတ်ကျော်သွားသည့်အကြောင်းဖတ်ရှုရပါမည်။ သား၊ သမီးများတစ်နယ်တစ်ကျေးရောက်၍ လွတ်လပ်သူများဖြစ်ကြသော်လည်း ထားရှိမိသည့် သံယောဇဉ်ကို အစွန်းအထင်းမခံဘဲ မေတ္တာတရားဖြင့်သာ သီးခြားစီနေထိုင်သွားပုံကို ရခဲသော ဒုလ္လဘတရားတစ်ခုအဖြစ် ဝတ္ထုက အတွေးစကို ချန်ထားခဲ့သည်။ ဝတ္ထုအဆုံးတွင် 'ဖျော့တော့တော့ ရွှေရောင်နေခြည်များသည် ဝါးရွက်များပေါ်မှ လျှောဆင်း၍ မြက်ခင်းမြလွှာပြင်ကို နမ်းရှုပ်နှုတ်ဆက်နေသည်။ မကြာခင် သူတို့လည်း သွားကြရတော့မည်။ အိမ်အပြန်လမ်းကို ရှေးရှုလာကြသော ဗျိုင်းဖြူများသည် ကောင်းကင်ပြာတွင် ငွေပန်းပွင့်များ သွယ်တန်းနေသလို ပေါလောမျောနေသည်။ ဆောင်းလေအေးသည် ညနေခင်းကို နှင်းဆီရနံ့များနှင့် ထုံမွှမ်းအောင် ပက်ဖျန်းနေသည်။ နောက်နှစ်နာရီလောက်ကြာလျှင်တော့ ဤအလှများ မှောင်ထဲတွင် ကွယ်ပျောက်သွားမည်။ ဒါပေမဲ့ နေမဝင်ခင် သည်ဆည်းဆာလို အေးမြချမ်းငြိမ်းခြင်းကတော့ ကြုံတောင့်ကြုံခဲပါဘိသည်။' ဟု ဖော်ပြပါရှိသည်။ ထိုဝတ္ထုတိုကဲ့သို့ပင် ကျန်ဝတ္ထုတိုများတွင်လည်း သိမ်မွေ့နက်နဲသောဘဝအသိအမြင်များကို စာရေးသူ၏ ဖန်တီးမှုကလောင်စွမ်းရည်ဖြင့် ခြယ်မှုန်းရေးသားထားပါသည်။ စာအုပ်ကို စိတ်ကူးချိုချိုစာအုပ်တိုက်က တန်ဖိုး ၄၀၀၀ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## အယ်လ်ဇိုင်းမားရောဂါဆိုတဲ့ နာမည် ဘယ်ကရရှိတာလဲ

အယ်လ်ဇိုင်းမားရောဂါကိုဦးနှောက်မှတ်ဉာဏ်များပျောက်ဆုံးသည့် ရောဂါတစ်ခုအဖြစ် သတ်မှတ်ထားသည်။ ထိုရောဂါမှာ ဖြစ်ပွားခဲ့လျှင် ပျောက်ကင်းအောင် ကုသနိုင်သည့် ဆေးမရှိပေ။ ရောဂါတိုးလာသည်နှင့်အမျှ မှတ်ဉာဏ်ပိုင်း ပိုဆိုးလာပြီး နောက်ပိုင်းတွင် သေဆုံးသည်အထိ ဦးတည်သွားနိုင်သည်။ အယ်လ်ဇိုင်းမားရောဂါမှာ အခြားသော ရုက္ခဗေဒနှင့် သတ္တဗေဒဆိုင်ရာ အမည်များကဲ့သို့ပင် ထိုရောဂါကို ရှာတွေ့သည့် ဂျာမန်ပညာရှင်အလိုအစ်စ်အယ်ဇိုင်းမား(၁၈၆၄–၁၉၁၅)ကို အစွဲပြုကာ ပေးထားခြင်းဖြစ်သည်။ ၎င်းသည် ထိုရောဂါကို ၁၉၀၆ ခုနှစ်တွင် တွေ့ရှိခဲ့သည်။ ကမ္ဘာတွင် အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားမှုနှုန်းမှာ ၂၀၀၆ ခုနှစ်တွင် ၂၆ ဒသမ ၆ သန်းခန့်ရှိခဲ့ပြီး ၂၀၅၀ တွင် တစ်ကမ္ဘာလုံး၌ လူ ၈၅ ဦးလျှင် တစ်ဦး ထိုရောဂါဖြစ်မည်ဟု ခန့်မှန်းထားသည်။

Ref:Wiki






### ARIES မိဿရာသီဖွား (မတ် ၂၁-ဧပြီ ၂၀)

တစ်ပိုင်းတစ်စဖြစ်နေသည့်အရာများ ပြန်လည်လုပ်ကိုင်အဆုံးသတ်နိုင်မည်။ လက်လွှန်ထားသည်များ လက်ဝယ်ပြန်ရမည်။ ရန်အတိုက်အခံကြားမှ တိုးတက်မည်။ အပြောင်းအလဲရှိမည်။ ခရီးကိစ္စအဆင်ပြေမည်။ ခက်ခဲမည်ဟုတွေးထင်တွက်ဆထားခြင်းများအားလုံး အဆင်ပြေစွာကျော်လွှားသွားနိုင်မည်။ မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ဖြင့် အလိုရှိသည်များရှေ့တိုးနိုင်မည်။ ကျန်းမာရေးအညံ့ရှိမည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ ၂၁-မေ ၂၁)

အလွဲလွဲအချော်ချော်ဖြစ်ပြီးမှ အရာရာအဆင်ပြေမည်။ စဉ်းလဲကောက်ကျစ်သောသူများနှင့် ဆက်ဆံနေရတတ်သည်။ တစ်ပါးသူအတွက်ပေးဆပ်အနစ်နာခံရခြင်းများရှိမည်။ ကာလအတန်ကြာဖြစ်ပေါ်နေသည့် ပြဿနာများ ပြီးမြောက်အောင်ဖြေရှင်းနိုင်မည်။ ရပ်ဝေးမှ အဆက်အသွယ်များပြန်ပွင့်မည်။ ပိတ်နေသော လမ်းကြောင်းများ ပြန်ပွင့်မည်။ မိတ်ဆွေအကြီးအကဲများထံမှ အထောက်အကူကောင်းရရှိမည်။



### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

မလုပ်မဖြစ်လုပ်ရခြင်း၊ မပြောင်းမဖြစ်ပြောင်းရခြင်းများကြုံမည်။ မမျှော်လင့်သော၊ မထင်မှတ်ထားသော အနှောင့်အယှက်များဝန်းကျင်၌ပြည့်နေမည်။ နာမည်အလွဲသုံးစားလုပ်သူများ၊ မိမိအားခုတုံးလုပ်သူများနှင့်တွေ့ရမည်။ ငွေမည်မျှဝင်စေ အကြောင်းအမျိုးမျိုးနှင့်ပြန်ထွက်မည်။ ကိုယ့်ကိစ္စသာမက တစ်ပါးသူကိစ္စများဆောင်ရွက်နိုင်မည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ဘဝရည်ရွယ်ချက်လုပ်ငန်းပညာ ရည်မှန်းချက်များအတွက် ရှေ့တိုးဆောင်ရွက်နိုင်မည်။ ကာလအတန်ကြာဆန္ဒပြင်းပြသည့်ကိစ္စများကို လက်တွေ့ကျကျ လုပ်ကိုင်၍ အကျိုးဆက်ကောင်းရရှိမည်။ မိမိကမှန်ကန်သောစေတနာနှင့် တိကျစွာစနစ်တကျဆောင်ရွက်ထားသည်များအပေါ် အသိအမှတ်ပြုသူတွေ့မည်။ မိဘ၊ မိသားစုအကြီးအကဲများ၏ကျန်းမာရေးအတွက် စိတ်ပင်ပန်းရသောကာလဖြစ်သည်။



### LEO သိဟ်ရာသီဖွား (ဇူလိုင် ၂၃-ဩဂုတ် ၂၃)

အရာရာသတိရှိရမည်။ ကောင်းမယောင်နှင့်ဆိုးသည်။ အထင်အမြင်လွဲမှားမှုများ၊ တစ်မျိုးပြီးတစ်မျိုး ဖြေရှင်းရမည်။ အိမ်တွင်းရေး၊ မိသားစုရေးအတွက် စိတ်ပင်ပန်းခြင်းနှင့် သောကများခြင်းကြုံနိုင်သည်။ လုပ်ငန်းရှင်များအဖို့ စာရင်းလိမ်၊ ငွေလိမ်ခံရခြင်းများအတွက် စိတ်သောကရောက်မည်။ လုပ်ငန်းခွင်မှသူများတွင် စာရွက်စာတမ်း၊ ငွေကြေးလက်လွှဲလက်ပြောင်းများတွင် အထူးသတိရှိရမည်။



### VIRGO ကန်ရာသီဖွား (ဩဂုတ် ၂၄-စက်တင်ဘာ ၂၂)

မိုက်မိုက်မဲမဲ အရဲစွန့်ပြီးလုပ်သောကိစ္စများ စိတ်အနှောင့်အယှက်ကြုံမည်။ တစ်ပါးသူတိုက်တွန်းမှုမပါဘဲ ကိုယ်တိုင်က အမှားအယွင်းများဆောင်ရွက်နေမည်။ စကားမတည်သောသူများ၊ သစ္စာမခိုင်မြဲသူများနှင့် ကြုံတွေ့ရတတ်သည်။ စီစဉ်ထားမှုများပျက်ယွင်းမည်။ မိမိကိုယ်မိမိ ရှိရင်းစွဲအခြေအနေထက် ပိုလွန်ကဲသော မာန်မာနထားမှုကြောင့် အမှားအယွင်းများကြုံမည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ ၂၃-အောက်တိုဘာ ၂၃)

စိတ်ချမ်းမြေ့စရာများဖြစ်လာမည်။ အခက်အခဲများကျော်လွှားနိုင်မည်။ ရည်မှန်းချက်သစ်များ အကောင်အထည်ဖော်နိုင်မည်။ ထွန်းတောက်ခြင်း၊ ဆန္ဒပြည့်ဝခြင်း၊ ရည်ရွယ်ချက်အောင်မြင်ခြင်းဖြစ်ပေါ်မည်။ ဤကာလအတွင်းဆောင်ရွက်မှုများမှ ကောင်းသောအကျိုးဆက်ရမည်။ အလုပ်တိုးတက်ခြင်း၊ မမျှော်လင့်ဘဲငွေအစုလိုက်ဝင်ခြင်းကြုံနိုင်သည်။ အတိုက်အခံ၊ ပဋိပက္ခရှိလင့်ကစား အားလုံးကိုကျော်လွှားနိုင်မည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄-နိုဝင်ဘာ ၂၂)

မုန်းသည်နှင့်လက်တွေ့ကွာဟမည်။ အခက်အခဲများကြုံနိုင်သည်။ ကျန်းမာရေးအညံ့ရှိသည်။ အမြတ်တနိုးထားရှိသည့်ပစ္စည်းများ ပျောက်ရှပျက်စီးတတ်သည်။ ကိုယ့်ထက်နိမ့်သောသူများ၊ ဝါနုသူများ၊ အရည်အသွေးနည်းပါးသူများမှ နှောင့်ယှက်တိုက်ခိုက်တတ်သည်။ ခွင့်လွှတ်ရအခက်၊ ရင်ဆိုင်အနိုင်ယူရန်လည်း အခက်ဖြစ်ရတတ်သည်။ စီမံကိန်းချ၊ ပုံစံချလုပ်ကိုင်၍ မရဖြစ်မည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ ၂၃-ဒီဇင်ဘာ ၂၁)

အဘက်ဘက်မှကောင်းမည်။ လမ်းသစ်ထွင်၍ ဆောင်ရွက်ခြင်းအောင်မြင်မည်။ အပြိုင်အဆိုင်အားလုံးကို ကျော်လွှားနိုင်မည်။ဦးတည်ချက်သစ်၊ ရည်ရွယ်ချက်သစ်များကိုလက်တွေ့အကောင်အထည်ဖော်သင့်သည်။ မိမိနှင့်ဆက်နွယ်နေသောဝန်းကျင်တွင် အဆင်ပြေခြင်းများဖြစ်ပေါ်မည်။ ပေါ်ပေါက်လာသည့် အခွင့်အရေးသစ်များကို လက်တွေ့အသုံးချရန်အခါကောင်းဖြစ်သည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ ၂၂-ဇန်နဝါရီ ၂၀)

တွေဝေဒွိဟဖြစ်စရာများကြုံမည်။ တစ်ခုထက်မကသောအခွင့်အလမ်းများ တစ်ပြိုင်နက်တည်းရရှိမည်။ ရင်ဆိုင်ကြုံတွေ့ရမည့်ကိစ္စအလုံးစုံသည် ပြင်ဆင်ချိန်နည်းလင့်ကစား အခက်အခဲများကိုကျော်လွှားနိုင်မည်။ ခက်ခဲကြန့်ကြာနေသည့် အလုပ်ကိစ္စမှန်သမျှ ပြီးမြောက်မည်။ ခရီးကိစ္စ၊ အပြောင်းအလဲကိစ္စအတွက် ဆောင်ရွက်ခြင်းအဆင်ပြေမည်။ အမှားအယွင်းဖြစ်ပြီး ပြဿနာတက်တော့မည့်ကိန်းမှလွတ်ကင်းမည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁-ဖေဖော်ဝါရီ ၁၈)

အဘက်ဘက်မှ တိုးတက်မည်။ ရည်ရွယ်ချက်များအောင်မြင်မည်။ ဘဝရည်ရွယ်ချက်၊ လိုလားချက်များအတွက် ဆောင်ရွက်ပေးရင်း လူမုန်းခံရတတ်သည်။ ဆောင်ရွက်သမျှကိစ္စအထင်အရှားဖြစ်မည်။ လျှို့ဝှက်၍မရ။ ပညာသင်တန်းနှင့်ပတ်သက်သောကိစ္စဆောင်ရွက်သူများအပြည့်အဝအောင်မြင်မည်။ မတော်တဆထိခိုက်မှုအန္တရာယ်ဂရုစိုက်ပါ။ နာရေးကိစ္စများတွင် ပါဝင်ကူညီရတတ်သည်။ ငွေလာချေးသူပေါ်မည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉-မတ် ၂၀)

ပြဿနာ၊ အထင်မှားမှုများအား အချိန်ပေးပြီးဖြေရှင်းမနေပါနှင့်။ အလိုအလျောက်အမှန်ကို သိမြင်လာပါလိမ့်မည်။ တွဲဖက်လုပ်ကိုင်သူမိတ်ဆွေတို့၏မိုက်မဲ၊ မရိုးသားမှုကြောင့် မိမိတွင်စိတ်အနှောင့်အယှက်ဖြစ်တတ်သည်။ သူတစ်ပါးရေးရာကိစ္စဝင်ရောက်ပါဝင်ခြင်းငှာ စိတ်ဆန္ဒမရှိလင့်ကစား မတတ်သာ၍ပါဝင်ဖြေရှင်းရခြင်းကြုံမည်။ တစ်ပါးသူအား စေတနာနှင့်မိမိလျှို့ဝှက်ချက်၊ မိမိအတတ်ပညာများကို လွယ်လင့်တကူပေးမိသည်။

7DAY NEWS JOURNAL
Vol.13, No.16 • JUNE 2 2014

စာမျက်နှာ(၂၃) မှ

## တန်ဖိုးနည်းအိမ်ရာ ရောင်းသောအခါ

"ကြောင်းတူ သံကွဲ" ဘဏ်ထဲက ဘဏ်ဆိုရင် ဘာလုပ်မှာလဲ။ ဒီကြားထဲ အိမ်ဆောက်တဲ့လူကပဲ အိမ်ဝယ်မယ့်သူအတွက် ကာလတို ချေးငွေကို တာဝန်ယူပေးရဦးမယ်ဆိုတော့ မလွယ်ပါလား။ ထပ်ပြီး မဆောက်ချင်အောင် အားပေးနေသလိုပါပဲ။ နောက်ဆုံးတော့ ကိုယ်တိုင်အာမခံပေးနိုင်တဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းတွေကိုပဲ ရောင်းချပေးတဲ့ မူတစ်ရပ်ပေါ်ပေါက်လာပြီး Target group ခမျာ အဝေးတစ်နေရာက ရောင်းကားရောင်း၏ မရလို့ ငိုချင်းချရမယ်ထင်ပါရဲ့။

စတုတ္ထအရေးကြီးဆုံးအချက်ကတော့ ဆက်လက်ထိန်းသိမ်းရေးကိစ္စပါပဲ။ တန်ဖိုးနည်းအိမ်ရာတွေ အစုအဝေးနဲ့ ဖြစ်ပေါ်လာတဲ့အခါ အိမ်ရာစခန်းသစ်များ (New Housing Estate) အဖြစ် ဒေသအသီးသီးမှာ ပေါ်ထွန်းလာမှာ ဖြစ်ပါတယ်။ ရေရှည်မှာ အိမ်ထောင်စုဦးရေ ထောင်ဂဏန်းအထိ မှီခိုရာ အိမ်ရာစခန်းကြီးများပါ ပေါ်ပေါက်လာနိုင်ပါတယ်။ လောလောဆယ်မှာ အိမ်ခန်း ရာဂဏန်းမျှရှိရင်ပဲ အုပ်ချုပ်မှုအရ သီးခြားအိမ်ရာစခန်းတစ်ခုအဖြစ် ထူထောင်ပေးရမှာဖြစ်ပါတယ်။ အိမ်ရာစခန်းရဲ့ ဂုဏ်အင်္ဂါတွေကလည်း Master Plan မှာ ပါဝင်ပြီးဖြစ်ပါလိမ့်မယ်။ လူတွေ နေရာချထားပြီးလို့ အိမ်ရာစခန်းတစ်ခုဖြစ်လာရင် အခန်းအတွင်းရှိ ရေ၊ မီး၊ လမ်း၊ မိလ္လာစနစ်၊ အမှိုက်သိမ်းစနစ်စတဲ့ အခြေခံအဆောက်အအုံပြင်ဆင်ထိန်းသိမ်းရေးစတဲ့ လုပ်ငန်းတွေကို အများစုပေါင်းပြီး ဆောင်ရွက်ဖို့အတွက် လိုက်နာရမယ့် စည်းကမ်းတွေ၊ လုပ်ငန်းနည်းစနစ်တွေ ပြဋ္ဌာန်းပေးရန် လိုအပ်ပါတယ်။

အများပိုင် မရွှေ့မပြောင်းနိုင်တဲ့ ပစ္စည်းများကို အများပိုင်းဝန်းထိန်းသိမ်းရာမှာ မြန်မာပြည်သားတွေ အလွန်အားနည်းနေသေးတာကို နေရာအနှံ့မှာ တွေ့နိုင်ပါတယ်။ ပုဂ္ဂလိက ကန်ထရိုက်တိုက်ကအစ အစိုးရတည်ဆောက်ရောင်းချတဲ့ တန်ဖိုးနည်း၊ တန်ဖိုးများ အိမ်ရာတွေအဆုံး တိုက်ခန်းကို ဆေးပြန်သုတ်ရင် တစ်ခန်းနဲ့တစ်ခန်း မတူအောင် သီးခြားအရောင်ခွဲပြီး သုတ်ကြပါတယ်။ ဘာဆေးမှုမသုတ်ဘဲ ရေညှိအထပ်ထပ်တက်ပြီး ညောင်ပင်တွေပေါက်ရင်လည်း ပစ်ထားလေ့ရှိကြပါတယ်။ မြေညီထပ်က ရှေ့နဲ့နောက်ကို ချဲ့ချင်ချဲ့ကြပါတယ်။ မြေပိုတွေမှာ ဆိုင်ဆောက်တဲ့လူက အတင်းဝင်ပြီး ဆောက်ပါတယ်။ ရေမြောင်းတွေ ကျိုးပေါက်ပိတ်ဆို့နေရင် မမြင်ချင်ယောင်ဆောင်လေ့ရှိကြပါတယ်။ နောက်ဖေးလမ်းကြားကို အပေါ်ထပ်က လူတွေအားလုံးက အမှိုက်ပစ်ချရာနေရာအဖြစ် ညီညွတ်စွာ လက်ခံထားကြပါတယ်။

ဒါတွေမဖြစ်အောင် ကာကွယ်ဖို့ စင်ကာပူနိုင်ငံမှာ အိမ်ရာစခန်းများကို Town Council Act ဆိုတဲ့ ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီး လိုက်နာဆောင်ရွက်စေပါတယ်။ စည်းကမ်းချမှတ်ရုံနဲ့ လူတွေက မလိုက်နာကြပါဘူး။ မြန်မာနိုင်ငံမှာလည်း တန်ဖိုးနည်းအိမ်ရာတွေ စခန်းတွေ ရေရှည်တည်တံ့ရေးအတွက် ထိမ်းသိန်းရေးဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးဖို့ စဉ်းစားဆောင်ရွက်သင့်ပါပြီ။ ယခင် တည်ဆောက်ခဲ့တဲ့ တန်ဖိုးနည်းအိမ်ရာစခန်းများဟာလည်း တန်ဖိုးပျက်အိမ်ရာတွေ ဖြစ်ကုန်ပါပြီ။ ဒါကြောင့်မို့ စည်းကမ်းချက်နဲ့ပဲ ပစ်ထားရင်တော့ အချိန်တိုကာလအတွင်း Low cost slums ခေါ်တဲ့ တန်ဖိုးနည်းအဆင့်နိမ့်ရပ်ကွက်အသစ်တွေသာ နိုင်ငံအနှံ့တိုးပွားလာမှာ အလွန်ပင် သေချာလှပါတယ်။




စာမျက်နှာ(၂၆) မှ

## ပြင်ပေးပါ မညာပါနဲ့ ပညာရေးရယ်

သူငယ်ချင်းဆရာမက မကြာခင်က သူတို့ဌာနမှာ အမျိုးသားပညာရေးဥပဒေ (မူကြမ်း)ကို ဖတ်ရပါတယ်တဲ့။ အဲဒီထဲမှာ "ပညာရေးဆိုင်ရာ တာဝန်နှင့် အခွင့်အရေးများ"ဆိုတဲ့ ခေါင်းစဉ်အောက်မှာ "နိုင်ငံသားတိုင်း၏ ပညာရေးဆိုင်ရာတာဝန်နှင့် အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်။ (က) အရည်အသွေးပြည့်ဝသော ပညာရေးကို သင်ယူရန် တန်းတူအခွင့်အရေးရှိခြင်း။ (ခ) မိမိ သင်ယူလိုသမျှ ပညာရပ်များကို ဘဝတစ်လျှောက်လုံးတွင် သင်ယူနိုင်ခွင့်ရှိခြင်း။"ဆိုတဲ့အချက်ကို တွေ့ခဲ့ရပါတယ်တဲ့။

ဒီတော့ တက္ကသိုလ်မှာ လက်ရှိ တာဝန်ထမ်းဆောင်နေကြတဲ့ ဆရာ၊ ဆရာမတွေကိုတော့ တကယ်လိုအပ်လို့တက်ရမယ့် ပါရဂူဘွဲ့ကို အမျိုးမျိုးကန့်သတ်ခံထားရပေမယ့် ပြင်ပကလူတွေ၊ စစ်ဘက်ဆိုင်ရာ အရာရှိတွေ၊ အစိုးရစက်ရုံက VIP ရဲ့ တူ၊ တူမ အရာရှိတွေကတော့ ပါရဂူဘွဲ့ လာတက်နေတာကို တွေ့ရတာကြောင့် နောင်တစ်ချိန်မှာ ဒေါက်တာဘွဲ့တွေဗန်းပြပြီး နိုင်ငံရဲ့ အရေးပါတဲ့ ပညာရှင်နေရာတွေမှာ ခရိုနီတွေ နေရာယူကြဦးမယ့်အရေး ကြိုတွေးကာ ရင်လေးမိပါတယ်။ ဒီမိုကရေစီ ရောင်ခြည်သန်းနေတဲ့ မြန်မာပြည်မှာ ရောင်ခြည်တွေ ပြန်လည်ပျောက်ကွယ် မသွားရအောင် ဆရာ၊ ဆရာမတွေအပေါ်မှာ ကန့်သတ်ထားတဲ့၊ ခေတ်မမီတော့တဲ့၊ ကန့်သတ်ချက်တွေကို ဖြေလျှော့ပြုပြင်ပေးကာ လွတ်လပ်စွာ ပညာဆက်လက် သင်ယူခွင့်ကို နိုင်ငံသားတိုင်း တန်းတူရအောင် ဆောင်ရွက်ပေးစေချင်ပါတယ်။ ပြင်လိုက် ညာလိုက် လုပ်နေတဲ့ ပညာရေးဖြစ်နေသမျှ နိုင်ငံတိုးတက်ဖို့က ဝေးနေဦးမှာပါ။ ဒါကြောင့် လိုအပ်တာတွေ ပြင်ပေးပါ။အများပြည်သူကိုတော့ မညာပါနဲ့ ပညာရေးရယ်။ ။

စာမျက်နှာ(၂၀) မှ

## မဟာသန္တိသုခမှသည် မီးခိုးကြွက်လျှောက်




ထိုသို့ လူထုဟောပြောပွဲများကို ပေါ်ပေါ်တင်တင် ကြေညာလျက် ဟောပြောလှုံ့ဆော်နေသည်ကိုထိုအူရီးဒူး ကုမ္ပဏီကို လုပ်ပိုင်ခွင့်ချပေးခဲ့သည့် နိုင်ငံတော်အစိုးရက ကောအဘယ်ကြောင့်မသိယောင်ဆောင်ကာ မျက်စိမှိတ်နေပါသနည်း။ ဘာသာရေးပဋိပက္ခများပင် ဖြစ်ပေါ်လာနိုင်သောအမုန်းစကားများကိုဖြန့်ချိနေသည့် ဤအခြေအနေမျိုးကို တာဝန်ရှိအစိုးရက တမင်တဆင်ပင် မျက်နှာလွှဲကာ မီးစိမ်းပြပေးနေတာလားဟုပင် ထင်မြင်စရာ ရှိလာသည်။

ဘာသာရေးတွင်သာမက နိုင်ငံရေးတွင်လည်း ထိုဆရာတော်ကပင် ရွေးကောက်ပွဲ၌ သံဃာတော်များမဲပေးခွင့်ရရှိရေးတောင်းဆိုမည်ဟုလှုံ့ဆော်သည့်အသံတစ်သံထွက်လာသေးသည်။ ထိုဆရာတော်၏အသံနှင့် မရှေးမနှောင်းမှာပင် ရွေးကောက်ပွဲ၌ သံဃာတော်များမဲပေးခွင့်ရရှိရေးအဆိုမှာ အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးအသင်း၏ သဘောဆန္ဒဆုံးဖြတ်ချက်မဟုတ်ပါကြောင်း ထုတ်ပြန်ကြေညာသည်ကိုလည်း ကြားလိုက်ရသည်။ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင်ကျင်းပခဲ့သည့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးမှလည်း သံဃာများမဲမပေးရဆိုသည့် ဆုံးဖြတ်ချက်ကို ထိုအစည်းအဝေးကြီးတွင် ဖြန့်ဝေခဲ့သည်။

သည်နှယ်ဆိုသည့်အခါ သံဃာ့အဖွဲ့အစည်းတွေကြားမှာပင်သူတစ်ဗိုလ်၊ငါတစ်မင်းကိုယ်ထင်ရာကိုယ်ပြောကြစတမ်းစည်းလွတ်ဘောင်လွတ်စနစ်ထွန်းကားနေရော့သလား စဉ်းစားမိရတော့၏။

အမျိုးဘာသာ သာသနာစောင့်ရှောက်ရေး သံဃာ့အစည်းအဝေးကြီး ကျင်းပစဉ်အခါက ဆရာတော်အရှင်ဉာဏိဿရက အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုမဲမပေးဖို့ ဦးသိန်းစိန်ကိုသာ မဲပေးသင့်သည့်အကြောင်း မိန့်ကြားသည်ဆိုသည့်သတင်း တစ်ပုဒ် မွန်းတည့်နေဂျာနယ် မျက်နှာဖုံးပြည့်သတင်းအဖြစ်ပါလာစဉ်ကလည်း တစ်ပြည်လုံးမှာ လှုပ်လှုပ်ရွရွတွေ၊ သို့လောသို့လောတွေဖြစ်လိုက်ကြသေးသည်။

နောက်ဆုံးတော့လည်း မွန်းတည့်နေဂျာနယ်က မှားယွင်းဖော်ပြမိသည့်အတွက် ဆရာတော်အရှင်ဉာဏိဿရကို တောင်းပန်လိုက်ရသည်။ ဆရာတော်ကြီးလည်း ထိုကိစ္စနှင့်ပတ်သက်လို့ မပြောမိကြောင်းသက်ာရှင်းလိုက်ရသေးသည်။ တကယ်တော့ ထိုစကားကို ဆရာတော်ကြီးက ပြောသည်မဟုတ်ဘဲ အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့ကြီးထဲမှ အခြားထိပ်တန်းဆရာတော်တစ်ပါးက သူ့စကားကို ဆရာတော်ကြီးစကားလုပ်လျက် ဆရာတော်ကြီးပြောသယောင်ပြောခဲ့ခြင်းသာဖြစ်၏ဟု သိရတော့ အလွန်အံ့သြမိရသည်။

ဆရာတော်သံဃာတော်တွေထဲမှာလည်း သည်နှယ်ပြောတတ်သည့်ဆရာတော်မျိုးပါပေသေးသကိုးဟု စိတ်မကောင်းဖြစ်မိရသည်။ ဆရာတော်တစ်ပါးမိန့်သည့် စကားတစ်ခွန်းထဲတွင် 'သံဃာတော်များဆိုသည်က သာသနာတော်ကိစ္စများ၌သာ မွေ့လျော်ကျွမ်းကျင်ကြသူများဖြစ်ကြသောကြောင့် အလွန်ရိုးသားဖြူစင်ကြသူများဖြစ်သဖြင့် နိုင်ငံရေးသမားတို့ကလည်းလက်ကိုင်တုတ်အဖြစ် အသုံးမချကြဖို့ နှင့် သံဃာတော်များအနေဖြင့်လည်း နိုင်ငံရေးသမားများ၏ လက်ကိုင်တုတ်အဖြစ် အသုံးချမခံမိကြဖို့'ဆိုသည့် စကားကို မှတ်သားထားမိခဲ့ဖူးသည်။

ယခုတော့ အချို့ဆရာတော်သံဃာတော်များက နိုင်ငံရေးသမားများ၏လက်ကိုင်တုတ် အဖြစ် အသုံးချခံရခြင်းပင်မဟုတ်ဘဲ ထိုသံဃာတော်များကိုယ်တိုင်ကပင် ကိုယ့်မြင်းကိုယ်စိုင်း စစ်ကိုင်းရောက်ရောက် သူတစ်ဗိုလ်ငါတစ်မင်း ထင်ရာကိုစစ်ခင်းနေကြတာလားပင်ထင်မိသည်။

ယခုလက်ရှိမှာတွင်ပင် ဘာသာရေး၊ လူမျိုးရေး၊ မျိုးစောင့်ဥပဒေရေးဆွဲပေါ်ပေါက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံပြင်ဆင်ရေး စသည့်ကိစ္စများတွင် သံဃာတော်များအတွင်း အမြင်မတူကွဲပြားမှုများ သိသိသာသာ ကြီးမားစွာရှိနေကြောင်း မြင်နေ၊ ကြားနေရသည်။ အချို့သံဃာတော်များက သံဃာ့အဖွဲ့အစည်းတစ်ခုခုကို ကိုယ်စားပြုသည်မဟုတ်ဘဲ ကိုယ့်မြင်းကိုယ်စိုင်းနေကြသည်ကိုလည်း မြင်နေတွေ့နေကြရသည်။ ထိုသို့သာ ကိုယ်ထင်ရာကိုယ်စိုင်းနေကြလျှင် ရဟန်းသံဃာတော်များ၏ စကားဦးထိပ်ထားတတ်သည့် ဒကာ၊ ဒကာမများအတွင်းတွင်လည်း ကြီးစွာသောမညီညွတ်မှုများဖြစ်ပေါ်လာနိုင်လျက် သာသနာ့အရေး၊ နိုင်ငံ့အရေးကိစ္စများတွင်လည်းမညီမညွတ်ဝါးအစည်းပြေသလိုနှယ်သာ အလွဲလွဲအချော်ချော်များဖြစ်ပေါ်လာနိုင်ပါသဖြင့် ကာယကံ၊ ဝစီကံအားဖြင့် ဆင်ခြင်ထိန်းသိမ်းတော်မူကြပါကုန်ဘုရားဟု ဘုန်းကြီးစာချမဟုတ်မူဘဲ လျှောက်ထားတောင်းပန်ရခြင်းဖြစ်ကြောင်းပါဘုရား။

JOKE

### ပိုရှင်းတယ်

လူနာတစ်ဦးမျက်စိဆရာဝန်နှင့် ဆွေးနွေးနေသည်။

"ဆရာ၊ ကျွန်တော့်မျက်လုံးထဲမှာ အစက်အပြောက်တွေ အမြဲတမ်းမြင်နေရတယ်"

"မျက်မှန်အသစ်က အထောက်အကူမဖြစ်ဘူးလား"ဟု ဆရာဝန်ကပြန်မေးရာ လူနာက "အထောက်အကူဖြစ်ပါတယ်။ အစက်အပြောက်တွေကို ပိုပြီး ရှင်းရှင်းလင်းလင်းမြင်ရတယ်"ဟု ပြန်ပြောပါသည်။

### ဒုက္ခပါပဲ

ကောလိပ်ကျောင်းစတက်နေပြီဖြစ်သော သမီးငယ်က ဖခင်ဖြစ်သူထံ ငိုယိုပြီး အပြေးရောက်လာသည်။

"ဖေဖေ၊ ဖေဖေက သမီးကို ဆိုးဆိုးရွားရွားအကြံပေးလိုက်တာပဲ"ဟု ပြောရာ ဖခင်က "ဟင် ဟုတ်လား၊ ဖေဖေဘာများပြောလိုက်လို့လဲ"ဟု မေးသည်။

"ဖေဖေပဲပြောတယ်လေ။ အဲဒီဘဏ်ကြီးမှာ သမီးပိုက်ဆံတွေ စုထားဖို့။ အခု အဲဒီဘဏ်ကြီး ဒုက္ခရောက်နေပြီ"

"သမီးဘာတွေပြောနေတာလဲ။ အဲဒါနိုင်ငံမှာ အကြီးဆုံးဘဏ်ကြီးတစ်ခုလေ။ တစ်ခုခုတော့ မှားနေပြီနဲ့တူတယ်"ဟု ဖခင်ဖြစ်သူက ပြောရာ သမီးငယ်က "သမီးတော့ အဲလိုမထင်ဘူးဖေဖေ။ ဒီမှာကြည့်ပါလား။ သမီးရဲ့ ချက်လက်မှတ်မှာ ငွေကြေးပမာဏမလုံလောက်ပါလို့မှတ်ချက်ရေးပေးလိုက်တယ်"ဟု ပြောပါတော့သည်။

Environment

7 DAY NEWS JOURNAL

Vol.13, No.16 • JUNE 25 , 2014

# နှစ်ပေါင်း ၇၀ ကျော်ကြာမှ ပြန်တွေ့ခဲ့သည့် ပျောက်ဆုံးငှက်

**နိုင်လင်း** (WCS)

ပဲခူးတိုင်းအတွင်းရှိဥတိုတစ်ဝိုက်မှ မြက်ခင်းတောများတွင် ပျောက်ဆုံးငှက်ရှာဖွေနေသော လေ့လာရေးပညာရှင်အဖွဲ့အတွက် မေလနောက်ဆုံးပတ်၏ညနေခင်းတစ်ခုသည် အဖိုးဖြတ်မရသော ညနေခင်းတစ်ခုဖြစ်ခဲ့သည်။ မြန်မာနိုင်ငံတွင် (၇၃)နှစ်ကြာ တွေ့ရှိခြင်းမရှိသော မြက်ခင်းတောများတွင်သာကျက်စားသည့် Jerdon's Babbler ငှက်မျိုးစိတ်ကိုရှာဖွေတွေ့ရှိခဲ့ခြင်းကြောင့်ဖြစ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန လက်အောက်ရှိ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဦးစီးဌာနမှ တောအုပ် ဒေါ်နီလာပွင့်၊ စင်ကာပူအမျိုးသားတက္ကသိုလ်မှ Mr.Frank Erwin Rheindt၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) မြန်မာနိုင်ငံ အစီအစဉ်မှ Mr.Robert John Tizard နှင့် ဦးနိုင်လင်းတို့ပါဝင်သော သုတေသနအဖွဲ့သည် မေလနောက်ဆုံးပတ်မှ ဇွန်လပထမပတ်အထိ ပဲခူးမြို့နယ်တစ်ဝိုက်နှင့် တိုက်ကြီးမြို့နယ်တစ်ဝိုက်တွင် ငှက်သုတေသနလုပ်ငန်းများ ဆောင်ရွက်စဉ် ထိုသို့ရှာဖွေတွေ့ရှိကာ မှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်သည်။

လေ့လာရေးခရီးစဉ်အတွင်း ခြောက်ကောင်တွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့သဖြင့် ထိုငှက်ထိန်းသိမ်းရေးအတွက် မျှော်လင့်ချက် ရောင်ခြည်များပျံ့သန်းလာပြီဟု ဆိုနိုင်ပါသည်။ ထိုငှက်ကို မြန်မာအမည်နာမမှည့်ခေါ်ထားခြင်းမရှိသေးပါ။

ထိုသို့ ပြန်လည်တွေ့ရှိမှုသည်မြန်မာနိုင်ငံအတွက်သာမက



*နှစ်ပေါင်း ၇၀ ကျော်မှ ပြန်လည်တွေ့ရှိသော* Jerdon's Babbler *ငှက်တစ်ကောင်*

ကမ္ဘာအတွက်ပါ အရေးပါသော တွေ့ရှိမှုတစ်ခုဖြစ်သည်။ Jerdon's Babbler သည် မြစ်၊ ချောင်း၊ မြစ်ကျိုးအင်း၊ ရေလွှမ်းလွင်ပြင် အစရှိသည့်နေရာအနီးတစ်ဝိုက်ရှိ မြက်ခင်းတောရိုင်းများတွင် နေထိုင်ကျက်စားလေ့ရှိသော ငှက်တစ်မျိုးဖြစ်သည်။ ယခင်က မြန်မာနိုင်ငံတွင် ရောဝတီမြစ်ဝှမ်း ဒေသဇန်းမော်မှ ပဲခူးတစ်ဝိုက်နှင့် စစ်တောင်းမြစ်ဝှမ်းလွင့်ပြင်ဒေသတွင် ပျံ့နှံ့ကျက်စားခဲ့သည့် မှတ်တမ်းများရှိခဲ့သည်။

နောက်ဆုံး မှတ်တမ်းအနေဖြင့် ၁၉၄၁ ခုနှစ်တွင် ဝေါမြို့အနီးရှိ မြစ်ကျိုးတွင် တွေ့ရှိခဲ့ပါသည်။ ယခု ပြန်လည်တွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့သော ယင်းငှက်မျိုးစိတ်ကို မြန်မာနိုင်ငံတွင် မျိုးသုဉ်းပျောက်ကွယ်သွားပြီဟု ငှက်ပညာရှင်အများစုက ယူဆထားသည်။

သုတေသန၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံနှင့် ကမ္ဘာအတွက် အလားအလာရှိသော ငှက်မျိုးစိတ်အသစ်များကို မျိုးရိုးဗီဇခွဲပေးရန်၊ လေ့လာမှုများ ပြုလုပ်ရန်နှင့်အခြားရှားပါးငှက်မျိုးစိတ်တစ်ခုဖြစ်သော Jerdon's Babbler (Chrysomma altirostre)ကို ရှာဖွေဖော်ထုတ်ရန်အတွက်ဖြစ်ပါသည်။

သုတေသနအဖွဲ့သည် ပဲခူးမြို့တစ်ဝိုက်ရှိ မြက်ခင်းတောများ၊ မိုးယွန်းကြီး၊ တိုက်ကြီး၊ ဥတိုတစ်ဝိုက်ရှိမြက်ခင်းတောများနှင့် လှော်ကားညယျာဉ်အစရှိသည့်နေရာများတွင် သုတေသနလုပ်ငန်းများကို ပြုလုပ်ခဲ့ပါသည်။

ပဲခူးပတ်ဝန်းကျင်တစ်ဝိုက်ရှိ မြက်ခင်းတောများကို လေ့လာရာ၌ အခြားမြက်ခင်းတောငှက်မျိုးစိတ်များကိုသာ တွေ့ရှိရပြီး Jer– don's Babbler ကို မတွေ့ခဲ့ရပေ။

ယခု တွေ့ရှိသော ငှက်မျိုးစိတ်သည် Jerdon's Babbler ငှက်မျိုးစိတ်၏ တစ်ဆင့်ခံမျိုးစိတ် (Subspecies)ဖြစ်ပြီး မြန်မာနိုင်ငံအတွက် ဒေသရင်းမျိုးစိတ် (En– demic Species)ဖြစ်ရန် အလားအလာရှိသော ငှက်မျိုးစိတ်များထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ပြန်လည်တွေ့ရှိပြီးနောက် ထိုငှက်၏ မျိုးရိုးဗီဇခွဲခြားရန် လေ့လာဆန်းစစ်မှုများ [DNA Survey (Test)] ပြုလုပ်လေ့လာလျက်ရှိသည်။

Jerdon's Babbler ငှက်မျိုးစိတ်များ မြန်မာနိုင်ငံတွင် ပျောက်ကွယ်လုနီးပါး အနေအထားသို့ ရောက်ရှိလာခဲ့ရခြင်းမှာ ယင်းတို့နေထိုင်ကျက်စားရာ မြင်ခင်းတောများကို စိုက်ပျိုးမြေများအဖြစ် ပြောင်းလဲခြင်း၊ ငါး၊ ပုစွန်မွေးမြူရေးကန်များအဖြစ်ပြောင်းလဲခြင်း၊ လူနေအိမ် အသုံးအဆောင်များအတွက် မြက်များကို အလွန်အကျွံသုံးစွဲခြင်း၊ မြက်ခင်းတောများတွင် လူများအခြေချနေထိုင်ခြင်း၊ ကျွဲ၊ နွားစားကျက်မြေများအဖြစ် အလွန်အကျွံသုံးစွဲခြင်း၊ ဆည်၊ တာ၊ တမံများ တည်ဆောက်ခြင်းနှင့် လူများဖမ်းဆီးစားသောက်ခြင်း တို့ကြောင့်ဖြစ်ပါသည်။

အဆိုပါ ငှက်မျိုးစိတ်သည် နိုင်ငံတကာ သဘာဝကျင်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်း IUCN ကသတ်မှတ်ထားသောအနီရောင်စာရင်း (Red List)အရ ရှားပါးငှက်မျိုးစိတ်ဖြစ်ရုံသာမက မြန်မာနိုင်ငံတွင်လည်း အလွန်ရှားပါးပြီး မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေပါသည်။

မျိုးသုဉ်းပျောက်ကွယ်မသွားအောင်ထိန်းသိမ်းရေးလုပ်ငန်းများကို အလျင်အမြန်လုပ်ကိုင်ရန် လိုအပ်နေသည်။

ယင်းငှက်မျိုးစိတ်သည်ကမ္ဘာ့ငှက်ပညာရှင်များ၊ ငှက်ဝါသနာအိုးများ၏ အထူးစိတ်ဝင်စားသောမျိုးစိတ်တစ်မျိုးဖြစ်သောကြောင့် အဆိုပါ ငှက်မျိုးစိတ် တွေ့ရှိနိုင်သောနေရာများကိုသဘာဝအခြေခံခရီးသွားလုပ်ငန်းတွင် တစ်ခုအပါအဝင်ဖြစ်သော ငှက်ကြည့်ခရီးသွားလုပ်ငန်းများ ပိုမိုအကောင်အထည်ဖော်နိုင်မည်ဖြစ်ကာ နိုင်ငံနှင့် ဒေသခံများအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ဇီဝမျိုးစုံအလွန်ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ခံရပြီး ဇီဝမျိုးစုံမျိုးကွဲ မြောက်မြားစွာရှိသည့်အနက်မှ ငှက်မျိုးစိတ်ပေါင်း တစ်ထောင်ကျော် ကျက်စားရာနေရာလည်း ဖြစ်သည်။

ကမ္ဘာပေါ်တွင် ငှက်မျိုးစိတ်တစ်သောင်းခန့်ရှိသည့်အနက် မြန်မာနိုင်ငံတွင် ငှက်မျိုးစိတ်ပေါင်း ၁,၁၁၀ ရှိသောကြောင့် ကမ္ဘာ့ငှက်မျိုးစိတ်များ၏ဆယ်ပုံတစ်ပုံကျော်ခန့်ရှိသည်ဟု ဆိုနိုင်သည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ယင်းငှက်မျိုးစိတ်ရှိနိုင်သောနေရာများတွင် သုတေသနလုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်ခြင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ဝါသနာရှင်များ၊ ဒေသခံများ ပူးပေါင်းပြီး ပညာပေးလုပ်ငန်းများနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ လုပ်ကိုင်ခြင်းဖြင့် Jerdon's Babbler ငှက်မျိုးစိတ်များ ထာဝရမပျောက်ကွယ်ရေးအချိန်မီဆောင်ရွက်သင့်ပါသည်။ ။



Tourism
7 DAY NEWS JOURNAL
Vol.13, No.16 • JUNE 25 , 2014



*အင်းတော်ကြီးကန်ကို တွေ့ရစဉ်* ဓာတ်ပုံ – အိဖြူမွန်

# အင်းတော်ကြီးတွင် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း အကောင်အထည်ဖော်မည်

**အိဖြူမွန်**

**ရန်ကုန်၊ ဇွန်-၂၁**

အင်းတော်ကြီး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတွင် ထိန်းသိမ်းရေး အထောက်အကူပြုစေသော ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း အကောင်အထည်ဖော်မည်ဟု ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ သတင်းရရှိသည်။

အမေရိကန်နိုင်ငံအခြေစိုက် သစ်ပင်နှင့် ပန်းမန်ထိန်းသိမ်းရေး နိုင်ငံတကာ အဖွဲ့ (FFI) က အဆိုပါအစီအစဉ်ကို ထောက်ပံ့ကူညီမည် ဖြစ်သည်။ အင်းတော်ကြီး ကန်ရှိ ဒေသခံများအား ကန်နှင့် ကန်ကို ဝန်းရံထားသော သစ်တောများ၏ သဘာဝ အလှအပများအကြောင်း အသိပညာပေး သင်တန်းပို့ချပေးခြင်းနှင့် ဒေသခံများက ဦးစီး၍ ကမ္ဘာလှည့်ခရီးသွားများ ငှားရမ်းနိုင်မည့် ကယက်လှေ၊ လမ်းကြမ်းစီးစက်ဘီးများကို ထောက်ပံ့ကူညီပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ရေရှည်တည်တံ့စေမယ့် သဘာဝခရီးသွားလုပ်ငန်းအတွက် ပံ့ပိုးကူညီပေးနေပါတယ်။ ဒီလုပ်ငန်းစဉ်ဟာ ဒေသခံတွေကို ဝင်ငွေရရှိဖို့ ဖန်တီးပေးပါလိမ့်မယ်။ အင်းတော်ကြီးကန်ဟာ မြန်မာနိုင်ငံမှာခရီးသည်အများအဆုံးလာရောက်တဲ့ အင်းလေးကန်ထက် ဆူညံတာ၊ လူရှုပ်တာမရှိတော့ စက်လှေစီးတာတွေ၊ ကယက်လှေလုပ်ငန်းတွေဟာ အတွေ့အကြုံသစ်တစ်ခုပါပဲ" ဟု FFI မြန်မာမှ ဒါရိုက်တာ ဖရန့်မွန်ဘာ့ခ်က ပြောသည်။

အဆိုပါ အဖွဲ့က ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုအဖွဲ့(အင်းချစ်သူ) ကို ဖွဲ့စည်းပေးခဲ့သည်။ အင်းချစ်သူအဖွဲ့မှ ကမ္ဘာလှည့်ခရီးသည်များကို ကယက်လှေများ၊ စက်ဘီးများနှင့် ခြေလျင်ခရီးသွားလိုသူများကို ဝန်ဆောင်မှုပေးမည်ဖြစ်သည်။

"ဒီအစီအစဉ်က အင်းတော်ကြီးဒေသမှာ နေထိုင်သူတိုင်းကို ထောက်ပံ့ကူညီနိုင်တယ်။ အခြားဒေသခံအဖွဲ့စည်းတွေ၊ ဒေသတွင်းက အခြားနိုင်ငံတွေအတွက် အမှန်တကယ်ကောင်းမွန်တဲ့ စံနမူနာကောင်းတစ်ခုပါ" ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်းက ပြောသည်။

အင်းတော်ကြီးကန်သည် မြန်မာနိုင်ငံမြောက်ပိုင်းတွင် တည်ရှိပြီး နှစ်စဉ် ဆောင်းခိုငှက်များ ကျက်စားလျက်ရှိသည်။ နိုဝင်ဘာလမှ မတ်လကုန်အထိ အင်းတော်ကြီးကန်တွင် နှစ်စဉ်လာရောက်ကျက်စားသည့် ဆောင်းခိုငှက်အကောင်ရေ နှစ်သောင်းကျော် ရှိသည်။

ကန်၏ မြောက်ပိုင်းနှင့် အနောက်ပိုင်းရှိ မြက်ခင်းပြင်တွင် ကြိုးကြာ၊ ငှက်ကျား၊ ငှက်ကုလားနှင့် လင်းတငှက်များ ကျက်စားကြသည်။

ထို့အပြင် အင်းတော်ကြီးကန်၏ ရေဝေရေလဲ သစ်တောများတွင် အောက်ချင်းငှက် မျိုးစိတ်ငါးမျိုးကို တွေ့ရှိရမည် ဖြစ်သည်။

ထိန်းသိမ်းရန် လိုအပ်သော နှုတ်သီးရှည်လင်းတ၊ ဝန်ပို၊ သိမ်းငှက်၊ ကြိုးကြာခေါင်းနီ၊ ငှက်ကြီးဝန်ပို၊ ဥပန်းနှင့် ငှက်ကုလားအပါအဝင် ရေပျော်ငှက်မျိုးစိတ် စုစုပေါင်း၉၇မျိုးကျော် တွေ့ရှိရသောကြောင့် အာဆီယံ အမွေအနှစ်ဥယျာဉ်အဖြစ် အသိအမှတ်ပြုခံရသော ဒေသလည်းဖြစ်သည်။

# ဂျပန်ဘာသာဧည့်လမ်းညွှန်များအား ဂျပန်ယဉ်ကျေးမှုနှင့် ဗဟုသုတများ သင်တန်းပေးမည်

**ခန့်ထက်**

**ရန်ကုန်၊ ဇွန်-၂၁**

မြန်မာနိုင်ငံခရီးသွား လုပ်ငန်းများအသင်း (UMTA) နှင့် ဂျပန်–မြန်မာအသင်းတို့ ပူးပေါင်းပြီး ဂျပန်ဧည့်လမ်းညွှန်များအားလူ့စွမ်းအားအဆင့်မြှင့်တင်ရေးအတွက် သင်တန်းပေးမည်ဟု သတင်းရရှိသည်။

မြန်မာနိုင်ငံသို့ လာရောက်သော ဂျပန် လူမျိုးများကို ဝန်ဆောင်မှုပေးသော ဂျပန်ဘာသာစကားကျွမ်းကျင်ဧည့်လမ်းညွှန်များအား ဂျပန်လူမျိုးများ၏ ယဉ်ကျေးမှုများကို သိရှိနားလည်ရန်နှင့် ဘာသာစကား ကျွမ်းကျင်မှုအပြင် အခြားဗဟုသုတများ ရရှိစေရန် ရည်ရွယ်ပြီး သင်ကြားသွားမည်ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ ဦးကျော်မင်းထင်က ပြောကြားသည်။

"ဥပမာပြောရရင် ဘုရားရှိခိုးရင် ထိခြင်းငါးပါးကို ဂျပန်လိုဘယ်လိုပြောရသလဲ။ ဂျပန်တွေဘယ်လို ပြုမူသလဲဆိုတာတွေ ဂျပန်လူမျိုးတွေရဲ့ စည်းမျဉ်းစည်းကမ်းတွေက ဘယ်လိုဆိုတာတွေကို ဗဟုသုတရအောင် သင်ပေးမှာပါ" ဟု ဦးကျော်မင်းထင်က ပြောသည်။

အဆိုပါသင်တန်းကို မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များ အသင်းနှင့် ဂျပန်–မြန်မာလူ့စွမ်းအားရင်းမြစ်ဖွံ့ဖြိုးရေး ဗဟိုဌာန၊ မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းများအသင်းတို့မှ ပူးပေါင်းပြီး ဇွန်လ ၁ ရက်မှ ၁၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသားဦးရေ ၃၀ သာ လက်ခံမည်ဖြစ်သည်။

သင်တန်းတွင်ဧည့်လမ်းညွှန်တစ်ဦးအနေဖြင့် အရေးပေါ်အခြေအနေပေါ်ပေါက်လာပါက ပြုမူဆောင်ရွက်ရမည့် အချက်များကိုပါ လက်တွေ့သင်ကြားသွားမည်ဖြစ်သည်။

ဧည့်လမ်းညွှန်လိုင်စင်ရှိပြီး ဂျပန်ဘာသာစကား ဧည့်လမ်းညွှန်အဖြစ် လုပ်ဆောင်သူများ၊ လိုင်စင်ရှိသော်လည်း ဂျပန်ဧည့်လမ်းညွှန်အဖြစ် လုပ်ကိုင်ခြင်းမရှိသူများနှင့် ဂျပန်ဘာသာစကား အရည်အချင်း သတ်မှတ်ချက် N2 နှင့် အထက်အဆင့်ရှိသူများ တက်ရောက်နိုင်မည်ဖြစ်ပြီး သင်တန်းသားတစ်ဦးလျှင် သင်တန်းကြေး ကျပ် ၅၀၀၀ သတ်မှတ်ထားသည်။

စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် တက်ရောက်လိုသူများကိုလည်း ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁၀ ရက်အထိ သင်တန်းဖွင့်လှစ်သွားမည် ဖြစ်သည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ ဟိုတယ်/ခရီးဝန်ကြီးဌာနမှ ချထားပေးသော တရားဝင်လိုင်စင် ကိုင်ဆောင်ပြီး လုပ်ငန်းဆောင်ရွက်နေသော ဂျပန်ဘာသာစကား ကျွမ်းကျင်ဧည့်လမ်းညွှန် ၄၀၃ ဦး ရှိနေခဲ့သည်။

ထို့အတူ ၂၀၁၃ တွင် မြန်မာနိုင်ငံသို့ ဂျပန်လူမျိုး ဝင်ရောက်မှုမှာ ခုနစ်သောင်းနီးပါးရှိနေပြီး လူမျိုးအလိုက် ဝင်ရောက်သော စာရင်း၏ တတိယအများဆုံး နေရာတွင်ရှိနေကြောင်း ဟိုတယ်/ခရီးဝန်ကြီးဌာနမှ သတင်းရရှိသည်။

Columbus မှ
TG- ဘန်ကောက် လက်မှတ် ဝယ်လျှင်...
၅၀၀၀ ကျပ်တန်
City Mart gift voucher
လက်ဆောင်ရရှိမည်။
Columbus + City Mart
JUNE PROMOTION
THAI
၂၀၁၄ ဇွန်လ ၃၀ ရက်နေ့ အထိသာ
ဘန်ကောက်မှတဆင့်သွားသော ခရီးစဉ်
(Beyond Bangkok) လက်မှတ်ဝယ်လျှင်...
၅၀၀၀ ကျပ်တန် City Mart gift voucher နှင့်
ထိုင်းဗီဇာဝန်ဆောင်မှုအခမဲ့ လက်ဆောင်ရရှိမည်။
ချက်ချင်းဝယ်... ချက်ချင်း
လက်ဆောင်ရမည်။
ယခုပဲဝယ်လိုက်ပါ။
Columbus TRAVELS
229245, 216245(ext: 110, 116),378535, 378549

TZE တုန်းကြီးကျောင်းများ၊ ဓမ္မာရုံများ နှင့်
အလှူမင်္ဂလာပွဲတိုင်းသုံး TZE က အကောင်းဆုံး
Sound Box, Mixer, Amplifier, Speaker များကို ဈေးနှုန်းချိုသာစွာဖြင့်
အမြို့မြို့အနယ်နယ်ရှိ ဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။



Distributor Great Electromotive Int'l Trading Co., Ltd 09 730 20200
Sale Center : New Star Electronic No.160 Bo Ywe St, Latha Tsp, Yangon.
Ph : 370536, 381021, 395548, 256385

# Cartoon

























7DAY NEWS JOURNAL
Vol.13, No.16 • JUNE 25 , 2014

# “ကျွန်တော်တို့ မွေးကတည်းက လူမျိုးရေးဝါဒီတွေအဖြစ် မွေးလာတာမဟုတ်ပါဘူး”

## ပြင်သစ်လက်ရွေးစင် ဘောလုံးသမားဟောင်း လီလီရမ်သူရမ်နှင့် တွေ့ဆုံခြင်း

ကျော်မျိုး

လီလီရမ်သူရမ်ကို ကမ္ဘာ့ဘောလုံးပရိသတ်များကတော့ ကောင်းကောင်းသိကြပါတယ်။ သူဟာ ပြင်သစ်ရဲ့ အောင်မြင်ဆုံး မျိုးဆက်ဖြစ်တဲ့ ၁၉၉၈ ကမ္ဘာ့ဖလားနဲ့ ယူရို ၂၀၀၀ ဖလားတို့ကို ရခဲ့တဲ့ ချန်ပီယံမျိုးဆက်မှာ နာမည်ကျော်နောက်ခံလူတစ်ဦး ဖြစ်ခဲ့ပါတယ်။ ၂၀၀၈ မှာ နှလုံးအားနည်းရောဂါကြောင့် ဘောလုံးကစားခြင်းမှ အနားယူပြီးတဲ့နောက် သူရမ်ဟာ သူ့နာမည်နဲ့ လီလီယန်သူရမ်ဖောင်ဒေးရှင်း (လူမျိုးရေးဝါဒ ဆန့်ကျင်မှု ပညာရေး)ကို တည်ထောင်ခဲ့ပြီး လူမျိုးရေးဝါဒ တိုက်ဖျက်မှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ ဒါ့အပြင် သူရမ်ဟာ ကိုယ်တိုင်ရေး My Black Stars နဲ့ ယန်းခရစ္စတိုဖီကမူး၊ ဆမ်ဂါစီယာတို့နဲ့ တွဲဖက်ကာ Our History ဆိုတဲ့ ရုပ်ပြစာအုပ်များကိုလည်း ပုံနှိပ်ထုတ်ဝေထားပါတယ်။ ဒါကြောင့် ယူရိုသတင်းဌာနဟာ ယခုလိုကမ္ဘာ့ဖလား ဘောလုံးပွဲကာလမှာ သူရမ်နဲ့တွေ့ဆုံခဲ့ပြီး ဘောလုံးအကြောင်း၊ လူမျိုးရေးခွဲခြားမှုဝါဒ တိုက်ဖျက်ရေးတွေအကြောင်း မေးမြန်းထားတာတွေကို ပြန်လည်ကောက်နုတ်ဖော်ပြပေးလိုက်ပါတယ်။ သူရမ်ကို မေးမြန်းသူက ယူရိုသတင်းမှ အစ္စလာဘယ်ကူးမား ဖြစ်ပါတယ်။

**၁၉၉၈ မှာ ကမ္ဘာ့ဖလားကို ပြင်သစ်တွေ ရခဲ့တာဟာ အမှန်တော့ အားကစားအောင်မြင်မှုတစ်ခုသာမကဘဲ လူမှုအောင်မြင်မှုတစ်ခုလည်း ဖြစ်ခဲ့တယ်မဟုတ်လား။ ရှင်တို့ရဲ့ ပြင်သစ်အသင်းဟာ အသားအရောင်စုံလူမျိုးစုံပါတဲ့သက်တံရောင် အသင်းဖြစ်ခဲ့တယ်။ အခုတော့ နှစ် ၂၀ ကျော်ကြာပြီးတဲ့နောက် အခုရော ဘယ်လိုဖြစ်နေပါပြီလဲ။**

အရင်ဆုံးပြောရရင် ၁၉၉၈ မှာ ကျွန်တော်တို့ ကမ္ဘာ့ဖလားရခဲ့တာဟာ ပြင်သစ်မှာ လူမှုပေါင်းစည်းမှုရဖို့အတွက် အရေးပါခဲ့ပါတယ်။ အရင်က မမေးဖူးတဲ့ မေးခွန်းတွေကို မေးဖို့အတွက် အရေးပါခဲ့ပါတယ်။ ဆိုလိုတာက အတူတကွ နေထိုင်ကြဖို့ပေ့ါ။ အမှန်ကလည်း ပြင်သစ်ဟာ အရောင်အသွေးစုံ နေထိုင်တဲ့ တိုင်းပြည်တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် ကိုလိုနီစနစ်၊ ကျွန်စနစ်တို့ အကြောင်း ပြောဆိုဆွေးနွေးဖို့ ကောင်းတဲ့အချိန် ဖြစ်ခဲ့ပါတယ်။ အဲဒီလိုပဲ ၁၉၉၈ ဟာ ပြင်သစ်မှာ ငွေဝယ်ကျွန်စနစ်ဖျက်သိမ်းနိုင်ခဲ့တာ နှစ်(၁၅၀)ပြည့်တဲ့နှစ်လည်း ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ဒီမေးခွန်းတွေအားလုံးကို ဖွင့်မေးကြဖို့ ကမ္ဘာ့ဖလားက ယူဆောင်လာခဲ့တယ် ထင်ပါတယ်။


**ဒါပေမဲ့ အခု ဥရောပပါလီမန် ရွေးကောက်ပွဲတွေ ပြီးသွားတဲ့နောက် ကျွန်မတို့ ပြင်သစ်မှာ အလွန်ကွဲပြားခြားနားတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကို တွေ့နေရတယ်။ ရှင်ရော မတွေ့မိဘူးလား။**

ဟုတ်ကဲ့။ ဒါပေမဲ့ ဒါက စီးပွားရေး အကျပ်အတည်းတစ်ရပ်ပါ။ ကျွန်တော်တို့အားလုံး စီးပွားရေး အကျပ်တစ်ခု ကြုံလာရရင် နည်းနည်းတော့ ဦးတည်ရာမဲ့ ဖြစ်လာတတ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အနာဂတ်က မရေမရာ ထွေပြားနေသယောင် ဖြစ်နေတာကိုး။ ဒါကြောင့် တချို့လူတွေက တချို့အချိန်တွေမှာ လက်ယာစွန်းဘက်ကို ရောက်သွားတတ်တာပါ။ ဒါပေမဲ့ နောက်တစ်ကြိမ် ပြောရရင် ၁၉၉၈ က အခြေအနေမျိုးနဲ့ ဒီနေ့အခြေအနေကို နှိုင်းယှဉ်ဖို့ ခက်သွားပါပြီ။ ၁၉၉၈ က လူတွေဟာ အတူတကွ နေထိုင်ရင်း အပြုသဘောဆောင်စွာနဲ့ဩဇာလွှမ်းမိုးနိုင်ခဲ့တယ်လို့ ကျွန်တော်ထင်နေဆဲပါ။

**ရှင်အနေနဲ့ အာဖရိကကို ခရီးထွက်ခဲ့ရာက ပြန်ရောက်အပြီး အာဖရိကတိုက်အကြောင်းကို ‘My Black Stars’ဆိုတဲ့ စာအုပ်သစ်တစ်အုပ် ရေးသားထုတ်ဝေခဲ့တယ်။ အာဖရိက ကလေးငယ်တွေ အကြောင်း ဘာများပြောချင်ပါသေးလဲရှင့်။**

ကျွန်တော် သူတို့ကို ပြောပြချင်ပါတယ်။ သူတို့ဟာ အာဖရိကတိုက်ကပဲဖြစ်ဖြစ်၊ ဘယ်တိုက်ကပဲဖြစ်ဖြစ် ကျွန်တော်တို့ဟာ မွေးကတည်းက လူမျိုးရေးဝါဒီတွေအဖြစ် မွေးလာတာမဟုတ်ပါဘူးလို့။ ကျွန်တော်တို့ လူမျိုးရေးဝါဒီတွေ ဖြစ်လာတယ်ဆိုတာ ယဉ်ကျေးမှုဆိုင်ရာကိစ္စပါ။ ဆိုလိုတာက သမိုင်းတစ်လျှောက်မှာ ကျွန်တော်တို့ဟာ ကျွန်တော်တို့ အသားအရောင်နဲ့ ဆက်နွှယ်လို့ အပေါ်နဲ့အောက် ဖိစီးထားမှုတွေထဲမှာ အမြဲ ပိတ်မိနေခဲ့တယ်ဆိုတာပါ။ ဒါကြောင့် ကျွန်တော်တို့ အားလုံးမှာရှိတဲ့ အဲဒီဖိနှိပ်မှုတွေကို လွှန်မြောက်နိုင်ဖို့ မေးခွန်းထုတ်ရပါမယ်။

**လူမျိုးရေးခွဲခြားစိတ်ဟာ လူသားတွေရဲ့ ပင်ကိုသဘာဝမဟုတ်ဘူးလို့ ရှင် တကယ်ထင်ပါသလား။ ဒါက အခြားလူတွေကို ကြောက်တဲ့အကြောက်တရား မဟုတ်ဘူးလား။**




ဟုတ်ကဲ့။ ခင်ဗျားမေးခွန်းကို ကျွန်တော် ဖြေရမယ်ဆိုရင် လိင်ဝါဒဟာ လူသားသဘာဝရဲ့ အစိတ်အပိုင်းလားလို့ ခင်ဗျားကို ပြန်မေးရမယ်။ ကျွန်တော်တော့ မထင်ပါဘူး။ ဒါက အမျိုးသားတွေနဲ့ အမျိုးသမီးတွေကြားမှာ တည်ရှိနေတဲ့ ဖိနှိပ်ထားမှုတွေထဲက အိုမင်းမှုအများဆုံး အမြင်တစ်ခုပဲ။ ပြီးတော့ ဒါ တည်ဆောက်ထားမှုတစ်ခုပဲ။ လူမျိုးရေးဝါဒဆိုတာလည်း ဒီလိုတစ်ပုံစံတည်းပဲ။ သမိုင်းကာလတစ်ခုမှာ လူဖြူမဟုတ်တဲ့သူတွေကို အမြတ်ထုတ်နိုင်ဖို့ သူတို့က ပိုကြီးမြတ်သာလွန်ပါကြောင်းကို တည်ဆောက်ရမှာပဲလေ။

**အာဖရိကတိုက်က ကလေးတွေနဲ့ ရှင် စကားပြောဖြစ်တော့ရော။ ဒီလို အသိပေးချင်တာမျိုးက သူတို့ဆီ ရောက်ရဲ့လား။**

ရောက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က သူတို့ကို ငါတို့ဟာ ဒီဥပမာကိုပဲ အတုခိုးနေတာလို့ ပြသဖို့ ကြိုးပမ်းခဲ့လို့ပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဟာ တစ်ခါတလေမှာ ကိုယ့်အသားအရောင်၊ ကိုယ့်ဘာသာရေးတွေ၊ ကိုယ့်တွေးခေါ်ပုံတွေ အပြင်ဘက်မှာ ကိုယ့်ဘာသာ ပိတ်ထားတတ်တာမျိုးရှိလို့ပါ။ ကျွန်တော် ကလေးတွေကို ကျွန်တော်တို့ အသားအရောင်တွေနဲ့ ပတ်သက်လို့ ဟာသတွေလုပ်ပြီး ပြောတယ်။ သူတို့ကို “ကဲ.. မင်းတို့ အသားအရောင်တွေက ဘာတွေလဲ”လို့ မေးလိုက်တယ်။ တချို့က လူမည်း၊ တချို့က အဖြူပါလို့ ဖြေကြတယ်။ ဒီတော့ ကျွန်တော်က ပြန်ပြောတယ်။ အဖြူနဲ့ အမည်းဆိုတာ တကယ်တော့မရှိဘူး။ ဒါက အသားအရောင်ကို ခွဲပြောပြတဲ့ နည်းလမ်းတစ်ခုပဲလို့။ ကျွန်တော့် ကလေးဆီကလည်း ကိုယ်တိုင်သင်ယူလေ့လာမိတာ ရှိပါတယ်။ တစ်နေ့တော့ လေးနှစ်အရွယ် ကျွန်တော့်သားကို “သားရေ မင်းက အတန်းထဲမှာ တစ်ဦးတည်းသော လူမည်းလား”လို့ဆိုတော့ ကျွန်တော်သားက အနက်မဟုတ်ပါဘူး အဖေ။ အညိုပါလို့ ပြန်ဖြေတယ်။ ကောင်းပြီ။ ဒါဆို အတန်းထဲက အခြားကလေးတွေရဲ့ အရောင်ကရော ဘယ်လိုလဲလို့ ကျွန် တော် မေးတော့ သူက “သူတို့က ပန်းရောင်တွေ”လို့ ပြန်ဖြေတယ်။ ဒီတော့ ခင်ဗျားမြင်ရမှာက ဖြူတယ်၊ မည်းတယ် ပြောတာတွေဟာ အခြေအနေအလိုက် ဖြစ်နေတာတွေ သက်သက်ပဲ။ ဒါကြောင့် ကမ္ဘာလောကနဲ့ ပတ်သက်လို့ ကျွန်တော်တို့ရဲ့ စဉ်းစားပုံအကြောင်း ကလေးတွေကို မေးခွန်းထုတ်တာပါ။ လူမျိုးရေးခွဲခြားမှုဝါဒဆိုတာ လောကအကြောင်းကို တွေးမြင်ပုံနဲ့ တကယ်ပဲ ဆက်စပ်နေပါတယ်။

**ရှင်က ဘောလုံးသမားဘဝအကြောင်းလည်း ပြောခဲ့တယ်။ ကျွန်မတို့ရဲ့ လူမှုမီဒီယာက ပရိသတ်တွေကို ရှင့်ကိုမေးဖို့ မေးခွန်းတွေ ပို့ထားပေးပါလို့ တောင်းဆိုလိုက်တော့ ဂလိုဒီမိုရီနီယိုဆိုတဲ့ လူတစ်ဦးက ရှင့်အနေနဲ့ ပြင်သစ်အသင်းအတွက် ကစားခဲ့တဲ့အခါမှာ လူမျိုးရေး ခွဲခြားနှိမ်ချတာတွေ ခံစားရဖူးလားတဲ့။ မေးပါတယ်။**

ကျွန်တော် ပြင်သစ်အတွက် ကစားတုန်းကတော့ မခံစားရဖူးဘူး။ ဒါပေမဲ့ အီတလီမှာ ကစားတော့ အဲဒါကို ခံစားရတာ တကယ်ပါ။ တစ်ခါတလေမှာ ပရိသတ်တွေဟာ ဘောလုံးကို ကျွန်တော် ထိလိုက်တိုင်းမှာ မျောက်လိုအော်သံ ဆူညံသံတွေ လုပ်တတ်ကြပါတယ်။ ဒါပေမဲ့ ဒါကို ကျွန်တော် နားလည်ပါတယ်။ ဘာကြောင့် ကျွန်တော်တို့ မျောက်အော်သံတွေပဲလုပ်ပြီး ခွေးဟောင်သံမျိုးတွေ မလုပ်ရသလဲ။ ဒါက ရှင်းရှင်းလေးပါပဲ။ ရာစုနှစ်ပေါင်းများစွာကြာအောင် မျောက်ကနေ လူဖြူတွေ ဖြစ်လာတဲ့ ကွင်းဆက်ကြားမှာ လူမည်းတွေဆိုတာ အဲဒီကွင်းဆက်က လွဲနေတဲ့ အချိတ်အဆက်တစ်ခုလို့ လူတွေကို သင်ကြားလာတာ ခံခဲ့ရလို့ပါ။ ကျောင်းစာအုပ်တွေထဲမှာတောင်မှ သူတို့က လူဖြူတွေဟာ ပိုကြီးမြတ်သာလွန်တဲ့ လူမျိုးနွယ်တွေ ဖြစ်တယ်လို့ သင်ခဲ့ကြပါတယ်။

**ပြီးခဲ့တဲ့ ၁၀ နှစ်၊ ၁၅ နှစ်လောက်က ထက်စာရင် အခုအခါမှာ ဘောလုံးကွင်းတွေထဲမှာ လူမျိုးရေးခွဲခြားမှုတွေ ပိုများလာတယ်လို့ရော ရှင် မထင်ဘူးလား။**

ဝမ်းနည်းစရာကောင်းတာက ဘောလုံးကွင်းတွေထဲမှာ လူမျိုးရေးဝါဒဟာ တည်ရှိနေခဲ့တာ အမှန်ပါ။ ရပ်တန့်နိုင်မယ့်ပုံမပေါ်ဘူး။ ဘာရာဇီးနောက်ခံလူ ဒန်နီအဲလ်ဗက်စ် ကြုံခဲ့ရတာမျိုးကို ဆန်းစစ်ရင် လူတိုင်းက အဲလ်ဗက်စ်လုပ်တာကို သဘောကျခဲ့ပါတယ်။ ဒါပေမဲ့ သူလုပ်တာဟာ အရေးကြီးတဲ့ အရာတစ်ခု မဟုတ်ဘူးလို့ ကျွန်တော် ထင်နေဆဲပါ။

**ဒန်နီအဲလ်ဗက်စ်က ဘောလုံးကွင်းထဲမှာ သူ့ကို တစ်ယောက်ယောက်က ပစ်ပေါက်လိုက်တဲ့ ငှက်ပျောသီးကို ကောက်ပြီး နွှာစားပြခဲ့တယ်မဟုတ်လား။**

ဟုတ်ပါတယ်။ ဒါပေမဲ့ ဒါက အရေးပါတဲ့အရာ မဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ ဒိုင်တွေက ဘာမှ မလုပ်ခဲ့တာကို ကြည့်ရပါမယ်။ အခြား ကစားသမားတွေလည်း ဘာမှ မလုပ်ခဲ့တာကို ဆန်းစစ်ရပါမယ်။ ဒီလိုမျိုး လူမျိုးရေးခွဲခြားတဲ့ အပြုအမူကို လုပ်တဲ့သူမျိုးဟာ နောက်ဆက်တွဲ အကျိုးဆက်တွေ ရင်ဆိုင်ရပါမယ်။

**ဒါကို ဘယ်လိုပြောမလဲ။ ဘောလုံးဆိုတာ ကျွန်မတို့ လူ့အဖွဲ့အစည်းတွင်းမှာ အလွန်ဩဇာကြီးမားပါတယ်ဆိုတဲ့ အပြောကိုလေ။**

ဟင့်အင်း။ အဲဒီလိုမဟုတ်ပါဘူး။ ဘောလုံးသမားတွေ ရှိနေပြီး ကိုယ်ကလည်း လူမျိုးရေးခွဲခြားမှုဝါဒကို တိုက်ဖျက်ဖို့ ကြိုးပမ်းနေတာကြောင့် လက်ရှိမှာ ဘာတွေဖြစ်နေလဲဆိုတာ တိတိကျကျကို သိပါတယ်။ တစ်စုံတစ်ယောက်က မျောက်အူသံလို ဆူညံသံတွေ ကျွန်တော့်ကို ရည်ရွယ်ပြီး လှောင်ပြောင်လုပ်ဆောင်မယ်ဆိုရင် သူတို့က ပြောမယ်။ “အိုကေ။ ကောင်းပြီ။ ခင်ဗျားက ဘောလုံးသမားပဲဗျာ။ နာမည်ကြီးတယ်။ ပိုက်ဆံတွေ အများကြီးရှိတယ်။ ဒါပေမဲ့ ခင်ဗျားဟာ ကျွန်တော့်ထက်တော့ အဆင့်နိမ့်နေဆဲပဲ။ ဘာကြောင့်ဆို ကျွန်တော်ဟာ လူဖြူဖြစ်နေလို့ပဲ” လို့ ပြောမှာ။ ကျွန်တော့်မှာ ပြဿနာမရှိပေမယ့် ဒီလူတွေမှာ ပြဿနာရှိနေတာကိုတော့ ခင်ဗျား မြင်ရပြီ။ ဒါပေမဲ့ လူ့အဖွဲ့အစည်းထဲမှာ ခင်ဗျား လူမျိုးရေးခွဲခြားမှုဝါဒကို ခံစားရချိန်၊ သူတို့က အလုပ်မပေးချင်တဲ့ အချိန်မျိုး၊ အိမ်ခန်းငှားလို့ မရတဲ့အချိန်မျိုး၊ လူတွေဆီမှာလည်း အပြုသဘောမဆောင်တဲ့ အစွဲတွေနဲ့ဆိုရင် ခင်ဗျား လှေကားပေါ်ကို မတက်နိုင်ပါဘူး။ ဒါဟာ တကယ့် အကြမ်းဖက်မှု စစ်စစ်ပါ။

**နောက်ဆုံးမေးခွန်းပါ။ ပရိသတ်တစ်ဦးက မေးထားတယ်။ ရှင် ကလေးတုန်းက အကြိုက်ဆုံး ဘောလုံးသမားဟာ ဘယ်သူပါလဲတဲ့။ ကျွန်မကလည်း ဒီမေးခွန်းကို ထပ်ဖြည့်ပြီး မေးချင်ပါတယ်။ ဒီနေ့ကာလမှာရော ဘယ်သူက ရှင့်အကြိုက်ဆုံး ကစားသမားလည်း ရှင့်။**

ကျွန်တော် ငယ်ငယ်တုန်းက အကြိုက်ဆုံးကစားသမားက ယန်းတီဂါနာပဲ။ ဘာလို့လဲဆိုတော့ ကျွန်တော်ကအလယ်တန်းကစားသလို သူ့ကိုလည်း ကမ္ဘာ့အကောင်းဆုံးလို့ ထင်ခဲ့လို့ပဲ။ ဒါပေမဲ့ ဒီနေ့မှာတော့ ကျွန်တော့်မှာ အကြိုက်ဆုံး ကစားသမားရယ်လို့ မရှိတော့ပါဘူး။ ဆိုလိုတာက ခင်ဗျားလည်း မက်ဆီ၊ ရော်နယ်ဒို၊ ယာယာတိုရေးတို့လို ကစားသမားတွေကိုမြင်မိမှာပဲ။ သူတို့တွေက အလွန်ထူးခြားတဲ့ ကစားသမားတွေပါ။ ဒီတော့အကြိုက်ဆုံးတစ်ယောက်ကို ရွေးရင် ကလေးတုန်းကတော့ရမယ်။ နည်းနည်းကြီးလာတော့ ကျွန်တော့်မှာ နောက်ထပ် အကြိုက်ဆုံး ကစားသမားတစ်ဦးတည်းဆိုတာ ထပ်မရှိနိုင်တော့ပါဘူး။

*—Ref: Lilian Thuram on tackling racism, politics, slavery and the World Cup, euronews: 6th June. 2014*



## Leader's Profile

# စလိုဗက်ကီးယားသမ္မတ
# အင်ဒရေးကစ်စကာ

ရဲမင်း

အင်ဒရေးကစ်စကာသည် စလိုဗက်ကီးယားနိုင်ငံ၏ စတုတ္ထမြောက် သမ္မတဖြစ်သည်။

စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး စွန့်ကြဲပေးကမ်းမှု ရက်ရောသူ ကစ်စကာသည် ၂၀၁၄ စလိုဗက်ကီးယားနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် တစ်သီးပုဂ္ဂလအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

သမ္မတရွေးကောက်ပွဲ ပထမအကျော့တွင် ကစ်စကာသည် ဝန်ကြီးချုပ်ရောဘတ်ဖီကို ရရှိသော ထောက်ခံမှု ၂၈ ရာခိုင်နှုန်းထက် နည်းပါးခဲ့ပြီး ထောက်ခံမှု ၂၄ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာသာ ရရှိခဲ့သည်။

မည်သည့်သမ္မတလောင်းမျှ ထောက်ခံမှု ၅၀ ရာခိုင်နှုန်းကျော် မရ၍ ၎င်းတို့နှစ်ဦး ဒုတိယအကြိမ် ထိပ်တိုက်မဲခွဲခဲ့သည်။

ယင်းမဲခွဲမှုတွင် ကစ်စကာက ထောက်ခံမှု ၆၀ ရာခိုင်နှုန်းနီးပါးဖြင့် အောင်ပွဲခံခဲ့သည်။

အင်ဒရေး ကစ်စကာကို ၁၉၆၃ခုနှစ်ဖေဖော်ဝါရီ၂ရက်တွင် ချက်ကိုစလိုဗက်ကီးယား နိုင်ငံ ပေါ့ရက်ဒေသ၌ မွေးဖွားခဲ့သည်။

စလိုဗက် နည်းပညာတက္ကသိုလ်တွင် တက်ရောက်ခဲ့ပြီး လျှပ်စစ်အင်ဂျင်နီယာဘွဲ့ ရရှိခဲ့သည်။ကတ္တီပါတော်လှန်ရေးအပြီး ၁၉၉၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့သွားခဲ့သည်။

ယင်းနောက်ကစ်စကာသည် စလိုဗက်ကီးယားနိုင်ငံသို့ ပြန်လာပြီး အရစ်ကျရောင်းချရေး ကုမ္ပဏီနှစ်ခုကို တည်ထောင်ခဲ့သည်။

ထိုကုမ္ပဏီများ၏ ကျေးဇူးကြောင့် စလိုဗက်ကီးယားနိုင်ငံသားများအနေဖြင့် ကုန်ပစ္စည်းများ ဝယ်ယူရာတွင် တစ်ကြိမ်တည်းနှင့် ငွေကြေး အကျေပေးချေစရာ မလိုဘဲ အရစ်ကျပေးသွင်းရေးစနစ်ဖြင့် ပေးသွင်းလာနိုင်ခဲ့သည်။

၂၀၀၆ ခုနှစ်တွင် ကစ်စကာသည် Good Angel ဟူသော အကျိုးအမြတ်မယူသည့် ပရဟိတအဖွဲ့အစည်းကို ပူးတွဲထူထောင်ခဲ့သည်။ ယင်းအဖွဲ့အစည်းက မိသားစုဝင်တစ်ဦးဦးပြင်းထန်သောရောဂါ (ဥပမာ–ကင်ဆာ)များ စွဲကပ်၍ ငွေရေးကြေးရေး အကျပ်အတည်းဖြစ်နေသူများကို အဓိကထား၍ အကူအညီပေးခဲ့သည်။

၂၀၁၄ ခုနှစ်အထိလူပေါင်း ၁၄၀,၀၀၀ အထိ Good Angel အဖွဲ့တွင် ပါဝင်လှူဒါန်းခဲ့ကြသည်။ ၎င်းသည် ကိုဆိုဗိုဒေသ၏ လွတ်လပ်ရေးကို ထောက်ခံပြီး စလိုဗက်ကီးယားနိုင်ငံက ကိုဆိုဗိုဒေသကို လွတ်လပ်သောအချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် အသိအမှတ်ပြုရန် လိုလားသူဖြစ်သည်။

ကစ်စကာသည် ၎င်း၏ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲမှာပင် အိမ်ရာမဲ့များကို ဖိတ်ကြား၍ လွှတ်တော်အမတ်များနှင့်အတူ ဘေးချင်းယှဉ်ထိုင်ကာ နေ့လယ်စာ စားသုံးစေခဲ့သည်။

သမ္မတသက်တမ်းငါးနှစ်အတွင်း ရရှိသော လစာအားလုံးကို လှူဒါန်းမှုများ ပြုလုပ်သွားရန် ကတိပြုထားသော စလိုဗက်ကီးယား သမ္မတသည် ဇနီးဖြစ်သူ မာတီနာကစ်ကိုဗာနှင့်သားသမီးလေးဦး ထွန်းကားခဲ့သည်။

*—Ref: Wikipedia*




7 DAY NEWS JOURNAL
Vol.13, No.16 • JUNE 25 , 2014

# တရုတ်လေကြောင်းလိုင်း လေယာဉ်မှူးများ ကမ္ဘာ့ဖလားပွဲမကြည့်ရန် တားမြစ်ခံရ

**ဘေဂျင်း၊ ဇွန်-၂၁**

တရုတ်လေကြောင်းလိုင်းအချို့သည် လုံခြုံရေးအကြောင်းပြချက်များကြောင့် ကမ္ဘာ့ဖလားဘောလုံးပွဲများကို ၎င်းတို့၏ လေယာဉ်မှူးများ ကြည့်ရှုခြင်းမပြုရန် တားမြစ်ထားသည်။

"ကမ္ဘာ့ဖလားပွဲကိုကြည့်တာဟာ အလုပ်ကိုရော လုံခြုံစိတ်ချရမှုကိုပါ ထိခိုက်စေပါတယ်"ဟု တောင်တရုတ်လေကြောင်းလိုင်းက ၎င်း၏ဝန်ထမ်းများအတွက် ထုတ်ပြန်ထားသည့် သတိပေးစာတွင် ဖော်ပြထားသည်။

ထိုလေကြောင်းလိုင်းမှာနိုင်ငံတွင်း လေကြောင်းခရီးစဉ်များပြေးဆွဲမှုတွင် အကြီးမားဆုံးဖြစ်သည်။

ထို့အပြင် လေကြောင်းလိုင်းသည် လေယာဉ်ခရီးစဉ်များတွင် လိုက်ပါရသည့် လေယာဉ်မှူးများအပါအဝင် အခြားဝန်ထမ်းများကိုလည်း ကမ္ဘာ့ဖလားကြည့်ရှုခြင်း၊ အလုပ်ချိန်အတွင်း ပြိုင်ပွဲအကြောင်း ဆွေးနွေးခြင်းများကို မလုပ်ရန် တားမြစ်ထားသည်။

လေယာဉ်မှူးများနှင့် ဝန်ထမ်းများ ဘောလုံးပွဲကြည့်ခြင်းကြောင့် အမောဖောက်ခြင်းနှင့် အရက်သောက်ခြင်းဆိုင်ရာပြဿနာများ မကြုံတွေ့စေရန် တားမြစ်ခြင်းဖြစ်ကြောင်း လေကြောင်းလိုင်းက ပြောသည်။

တောင်တရုတ်လေကြောင်းလိုင်းအပြင် တရုတ်နိုင်ငံ၏ စရိတ်နည်း လေကြောင်းလိုင်းများထဲတွင် အကြီးဆုံးလိုင်းဖြစ်သည့် Spring Airlines ကလည်း ထိုကဲ့သို့တားမြစ်ချက်များကို လေယာဉ်ဝန်ထမ်းများအား ထုတ်ပြန်ထားသည်။ Spring Airlines မှ ပြောခွင့်ရ ပုဂ္ဂိုလ်ကလည်း ထိုသို့ တားမြစ်ခြင်းအပြင် ကမ္ဘာ့ဖလားကာလအတွင်း လေယာဉ်အမှုထမ်းများ အမောဖောက်မှုရှိ၊ မရှိသွေးဖိအားတိုင်းတာစစ်ဆေးခြင်းများလည်း ပြုလုပ်သွားမည်ဟု ဆိုသည်။

အခြားအမည်မဖော်လိုသည့် ပြည်တွင်းလေကြောင်းလိုင်းတစ်ခုမှ ယာဉ်မှူးတစ်ဦးကမူ ၎င်းကို လေကြောင်းက ထိုသို့ တားမြစ်ခြင်းများ မရှိသော်လည်း ဝန်ထမ်းများကို ညည့်နက်သည်အထိ ဘောလုံးပွဲများ မကြည့်ရန် သတိပေးထားသည့် အီးလ်မေးများကုမ္ပဏီက ပေးပို့ထားကြောင်းဆိုသည်။ ကမ္ဘာ့ဖလားပြိုင်ပွဲကာလတွင် ဂျာမန်လေကြောင်းလိုင်းတစ်ခုဖြစ်သည့် လုဖ်သန်ဆာကမူ ၎င်း၏ လုပ်ငန်းခွင်ဝင်နေသော လေယာဉ်မှူးများအတွက် မြေပြင်မှ ဘောလုံးပွဲ ဂိုးရလဒ်များကို ပေးပို့ခြင်းများ ဆောင်ရွက်ပေးနေသည်ဟု သတင်းကဆိုသည်။

*—Ref: China Daily/Asia News Network*

# အစ္စလာမာဘတ်မြို့တော် ဘုရားကျောင်းတစ်ခုတွင် ဗုံးပေါက်ကွဲပြီး အနည်းဆုံး လူ ၄၁ ဦး ဒဏ်ရာရ

**အစ္စလာမာဘတ်၊ ဇွန်-၂၁**

ပါကစ္စတန်နိုင်ငံ မြို့တော်အစ္စလာမာဘတ်ရှိ ဘုရားကျောင်းတစ်ခုတွင် ဇွန်လ ၂၀ ရက် ညနေက ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ သေဆုံးသူမရှိသော်လည်း အနည်းဆုံး ၄၁ ဦးခန့် ဒဏ်ရာရရှိသွားသည်။

ကယ်ဆယ်ရေးအဖွဲ့များက ဒဏ်ရာရသူ ၂၈ ဦးအားပါကစ္စတန်ဆေးပညာသိပ္ပံဆေးရုံသို့ ရွှေ့ပြောင်းပေးခဲ့ပြီး ကျန်ခြောက်ဦးကို အစ္စလာမာဘတ်ဆေးရုံသို့လည်းကောင်း၊ ခုနစ်ဦးကို ရာဝယ်ပင်ဒီမြို့ရှိ ဘနာဇီယာဘူတိုဆေးရုံသို့လည်းကောင်း တင်ပို့ပေးခဲ့သည်။

ဗုံးပေါက်ကွဲမှုမှာ မြို့တော်ရှိ ပင်ဒိုရီယန်ဧရိယာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူအများက ဘုရားကျောင်းတွင် စုဝေးနေစဉ်ညဘက်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တိုက်ခိုက်မှုဖြစ်ချိန်တွင် လူ ၂၀၀ ခန့်မှာ ဘာသာရေးအခမ်းအနားတစ်ခုအတွက် စုဝေးနေချိန်လည်းဖြစ်သည်။

ယခု တိုက်ခိုက်မှုအတွက် မည်သည့်အဖွဲ့ကမျှ ၎င်းတို့လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ပြောခြင်း မရှိသေးပေ။

*—Ref: Xinhua*

# တရုတ်နိုင်ငံတွင် ၂ နှစ်ကြာ သွန်းလုပ်ထားသော မာရီလင်မွန်ရိုးရုပ်တု မြေပြင်သို့လှဲချခံရ

**ဘေဂျင်း၊ ဇွန်-၂၁**

တရုတ်နိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ကွီကန်းမြို့တွင် ထားရှိသော အမေရိကန်ဟောလိဝုဒ်မင်းသမီး မာရီလင်မွန်ရိုး ရုပ်တုမှာ မြေပြင်သို့လှဲချပြီး အမှိုက်ပုံတစ်ခုသို့ ပို့ထားခြင်းခံခဲ့ရသည်။

အမြင့် ၈ ဒသမ ၁၈ မီတာရှိသည့် သံမဏိဖြင့် ထုလုပ်ထားသည့် ထိုရုပ်တုမှာ အလေးချိန် ရှစ်တန်ရှိကာ ဆောက်ချိုင်းနားနော်မယ်တက္ကသိုလ်မှ ပါမောက္ခများ ဦးဆောင်၍ ၂ နှစ် ခန့်ကြာအောင် ပညာရှင်များဖြင့် သွန်းလုပ်ထားခြင်းဖြစ်သည်။

မွန်ရိုးအရုပ်ပုံစံမှာ ၎င်း၏ နာမည်ကျော် The Seven Year Itch ရုပ်ရှင်နှင့် Forever Marilyn ရုပ်တုမှ ပုံစံများကို မှီငြမ်းကာ ထုလုပ်ထားခြင်းဖြစ်သည်။

ထိုရုပ်တုမှာ ရှီကာဂိုမြို့တွင် ထားရှိခဲ့ပြီး ၂၀၁၂ တွင် ဖယ်ရှားခဲ့သည့် မွန်ရိုးရုပ်တုထက်လည်း ပိုမိုကြီးမားသည်ဟု သိရသည်။

ရုပ်တုမှာ မြို့တွင် အထင်ကရ လက်ရာတစ်ခုဖြစ်ပြီး လက်ထပ်ပြီးစ စုံတွဲများအတွက် အလှဓာတ်ပုံ ရိုက်ကူးရာနေရာတစ်ခုလည်းဖြစ်သည်။



REUTERS

*ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကွီကန်းမြို့ရှိ အမှိုက်သိမ်းကုမ္ပဏီတစ်ခု၏ အမှိုက်ပုံတွင်တွေ့မြင်ရသော မာရီလင်မွန်ရိုးပုံရုပ်တုကို တွေ့ရစဉ်*

ယခုအခါ အမှိုက်ပုံတွင် လဲကျနေသော ထိုရုပ်တုကို မည်သူက ဆွဲလှဲခဲ့သည်ဆိုသည့်အချက်နှင့် အာဏာပိုင်များက မည်သို့ပြန်လုပ်ပေးမည်ဆိုသည့် အချက်များကို သတင်းက ဖော်ပြမထားပေ။

*—Ref:Asiaone/China Daily*

# လူကုန်ကူးမှုများ တိုက်ဖျက်သွားမည်ဟု ထိုင်းစစ်အစိုးရ ပြောကြား

**ဘန်ကောက်၊ ဇွန်-၂၁**

ထိုင်းစစ်အစိုးရသည် လူကုန်ကူးမှုများ တိုက်ဖျက်ခြင်းနှင့် ကမ္ဘောဒီးယား လုပ်သားများအပါအဝင် အခြားနိုင်ငံများမှ လုပ်သားများအတွက် အလုပ်အကိုင်ဆိုင်ရာ စံနှုန်းများသတ်မှတ်ပေးခြင်းပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ထိုင်းစစ်တပ်အကြီးအကဲက အာဏာပိုင်များသည် ယခုအခါ နိုင်ငံတွင်းမှ ပြည်ပရွှေ့ပြောင်းလုပ်သားများ ဆက်လက်ထားရှိနိုင်မည့် လိုအပ်သည့် ဥပဒေများကို ပြဋ္ဌာန်းနေကြောင်း၊ ထို့အပြင် လုပ်သားများကို လူကုန်ကူးသူများနှင့် ခြစားသည့် အစိုးရအရာရှိများက အမြတ်ထုတ်နေခြင်းအပေါ် ထိန်းချုပ်နိုင်သည့် ဥပဒေများ လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားသည်။

စစ်တပ်အကြီးအကဲက စစ်အစိုးရသည် နိုင်ငံတွင်းရှိ တရားမဝင် ရွှေ့ပြောင်းလုပ်သားများကို ဖမ်းဆီးဖြိုခွဲရန် စီစဉ်ထားသည်ဆိုသော သတင်းများအပေါ် ပယ်ချခဲ့သည်။

"ရွှေ့ပြောင်းလုပ်သားတွေဟာ အမျိုးသားငြိမ်းချမ်းရေးနဲ့ ငြိမ်ဝပ်ပိပြားရေးကောင်စီက ဖမ်းဆီးဖြိုခွဲတာ ခံရတော့မယ်ဆိုတဲ့ ကောလာဟလတွေကြောင့် ထွက်ပြေးကုန်ကြတယ်။ ဒါဟာ ရွှေ့ပြောင်းလုပ်သားတွေကိုနိုင်ငံတွင်းပြန်ခေါ်ဖို့ ခိုးသွင်းပေးတဲ့အခါမှာ ပိုက်ဆံလိုချင်တဲ့ လူမှောင်ခိုသမားတွေကြောင့် ဖြစ်ပါတယ်" ဟု ဗိုလ်ချုပ်ကြီး ပရာယွတ်က ပြောသည်။

ယခုအခါ ထိုင်းနိုင်ငံတွင် နေရပ်သို့စိုးရိမ်၍ပြန်သွားခဲ့သူကမ္ဘောဒီးယား လုပ်သားဦးရေ နှစ်သိန်းခန့်ရှိသွားခဲ့ပြီဖြစ်သည်။

ထိုင်းနိုင်ငံတွင် မြန်မာရွှေ့ပြောင်းလုပ်သားဦးရေ နှစ်သန်းခန့်နှင့်လာအိုလုပ်သားဦးရေတစ်သိန်းခန့်မှာ တရားဝင်နှင့် တရားမဝင်ပုံစံများဖြင့် လုပ်ကိုင်လျက်ရှိသည်။

*—Ref: Xinhua*

MANDALAY GRAND PREMIER CO., LTD.
နိုင်ငံခြားမှ တိုက်ရိုက်တင်သွင်းပြီး မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချီပါသည်။

(၁) သွပ်နန်းကြိုး ဆိုဒ်စုံ ( Zinc Coated Iron Wire Coil )
(၂) အိမ်ရိုက်သံ ဆိုဒ်စုံ ( Iron Nail )
(၃) သွပ်မိုးသံ ဆိုဒ်စုံ ( Roofing Nail )
(၄) ရှမ်းသံ(လှေသံ) ဆိုဒ်စုံ ( Boat Nail )
(၅) ဝရိန်ချောင်း ဆိုဒ်စုံ ( Welding Rod )



မှတ်ချက်
မန္တလေးမြို့တွင် ကားဂိတ်အရောက် ဝန်ဆောင်မှု အခမဲ့ ပို့ဆောင်ပေးသည်။

ရန်ကုန်မြို့ဆက်သွယ်ရန် • 09-33045257 မန္တလေးမြို့ဆက်သွယ်ရန် • 09-2036643, 02-65559, 02-68515
M.G.P. Co., Ltd. အမှတ် H-248 ၊ ကနောင်မင်းသားကြီးလမ်း၊ ၄၉လမ်း နှင့် ၅၀လမ်းကြား၊ စက်မှုဇုံ(၂)၊ မန္တလေးမြို့။

Entertainment
7DAY NEWS JOURNAL
Vol.13, No.16 • JUNE 25 , 2014



# ဒုတိယမြောက်ကြော်ငြာကို နေတိုးနဲ့ ရိုက်ကူးခဲ့တဲ့ မေမြတ်နိုး

**ဖွဲ့ညာဏ်**

**ရန်ကုန်၊ ဇွန်-၂၁**

အာရှပစိဖိတ် အလှမယ်ဆု ပူပူနွေးနွေး ရရှိထားသော မေမြတ်နိုးက ၎င်း၏ ဒုတိယမြောက် ရုပ်သံကြော်ငြာကို နေတိုးနှင့် ရိုက်ကူးနေသည်ဟု ဖေ့စ်ဘွတ်ခ်စာမျက်နှာမှတစ်ဆင့် အသိပေးထားသည်။

"အခုရိုက်နေတာက တိုးပွားဓာတ်မြေဩဇာ ကြော်ငြာပါ။ ကိုနေတိုးနဲ့ ရိုက်တာပါ" ဟု ၎င်းက ပြောသည်။

ယင်းကြော်ငြာကို မန္တလေးမြို့တွင် ရိုက်ကူးနေခြင်းဖြစ်ပြီး လယ်ကွင်းများသို့ သွားရောက်ရိုက်ကူးခဲ့ကြောင်း မေမြတ်နိုးက ပြောသည်။

၎င်းနှင့် နေတိုး တွဲဖက်ရိုက်ကူးနေသော ကြော်ငြာဓာတ်ပုံများကိုလည်း ပရိသတ်များအတွက် ဖေ့စ်ဘွတ်ခ်တွင် မျှဝေပေးထားသည်။ ၎င်း၏ ပထမဆုံးကြော်ငြာအဖြစ် ရွှေနဂါးမင်းလက်ဖက်ရတနာဆိုင် ကြော်ငြာကို ဒါရိုက်တာစင်ရော်မောင်မောင်နှင့် ရိုက်ကူးခဲ့ကြောင်း မေမြတ်နိုးက ပြောသည်။

# "ကောလာဟလဆိုတာ မမှန်ဘူးလေ။ ဘယ်အနုပညာရှင်မှ လိုက်မရှင်းဘူး"

**ရွှေမှုံရတီနှင့် တွေ့ဆုံခြင်း**



ဓာတ်ပုံ-နစ်ကီ

**ဖွဲ့ညာဏ်**

အွန်လိုင်းတွင် ပျံ့နှံ့လာခဲ့သော ဆေးလိပ်သောက်နေသည့် ပုံကြောင့် အသက် (၁၈) နှစ်ပင် မပြည့်သေးသော မင်းသမီးငယ် ရွှေမှုံရတီမှာ ပရိသတ်၏ ဝေဖန်မှု ခံနေရသည်။ ထိုဓာတ်ပုံကို လွန်ခဲ့သည့် ခြောက်လက ရိုက်ကူးထားခဲ့ခြင်းဖြစ်ပြီး ဓာတ်ပုံအထူးပြုလုပ်ချက်ဖြင့် ပြောင်းဖူးဖက်ထည့်ကာ ရှေးခေတ်ဟန်ဖြစ်ရန် စီးကရက်သောက်ဟန် အစားထိုးရိုက်ကူးခဲ့ခြင်းသာဖြစ်ကြောင်း မိခင်ဖြစ်သူက ဖြေရှင်းထားသည်။ ဘဝအတွက် အရေးကြီးသော တက္ကသိုလ်ဝင်တန်းစာမေးပွဲ မအောင်မြင်ခဲ့သော်လည်း အနုပညာပျိုးခင်းအလယ်တွင် အောင်မြင်မှုတစ်နေရာ ရရှိထားသူလည်းဖြစ်သည်။ ရိုက်ကွင်းတွင် မူးလဲခဲ့ပြီး မကြာမီကမှ ဘန်ကောက်တွင် ဆေးကုသမှုခံယူခဲ့ရသော ရွှေမှုံရတီနှင့် တွေ့ဆုံကာ ၎င်း၏ အနုပညာ၊ ကျန်းမာရေးနှင့် ရှေ့ဆက်မည့် ခရီးလမ်းနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်မျှဝေလိုက်ပါသည်။

**မော်ကျောက်စာရုပ်ရှင်ဇာတ်ကားကြီးမှာ နှစ်ကိုယ်ခွဲသရုပ်ဆောင်ဖို့ ဘယ်လောက်ပြင်ဆင်ပြီးသွားပြီလဲ။**

**စာမျက်နှာ ၄၁ »**



7 DAY NEWS JOURNAL
Vol.13, No.16 • JUNE 25 , 2014

# အယ်လ်ဘမ်ကို အားပေးတဲ့ ပရိသတ်တွေအတွက် ပွေ့ဖက်ပွဲလေး ကျင်းပပေးမယ့် ထယ်ယန်း



**ဆိုးလ်၊ ဇွန်-၂၁**

တောင်ကိုရီးယားနာမည်ကျော် အဆိုရှင်များအဖွဲ့ Big Bang အဖွဲ့ဝင် ထယ်ယန်းသည် ၎င်း၏ ဒုတိယမြောက်တေးစီးရီးအယ်လ်ဘမ်သစ် Rise ကို အားပေးသည့် ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအနေဖြင့် ရင်းရင်းနှီးနှီးပွေ့ဖက်သည့်ပွဲကို ဇွန်လ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။


ဇွန်လ ၂၀ ရက်မှ ၂၃ ရက်အတွင်း ၎င်း၏ အယ်လ်ဘမ်သစ်ကို ဝယ်ယူခဲ့သူများထဲမှ ပရိသတ် ၁၈၀ ဦးနှင့် Big Bang ပရိသတ်အဖွဲ့ VIPအစီအစဉ်အတွက် လျှောက်ထားခဲ့သူများထဲမှ ပရိသတ် ၂၀ ဦးတို့ကို ရွေးချယ်၍ ပွေ့ဖက်ပွဲ ပြုလုပ်ပေးမည်ဖြစ်သည်။

ထယ်ယန်းသည် ဇွန်လ ၁၈ ရက်ကတည်းက ပရိသတ်များ မျှော်လင့်မထားသော တိုက်ရိုက်ဖျော်ဖြေပွဲတစ်ပွဲ ပြုလုပ်ပေးခဲ့သည်။

ဇွန်လ ၂ ရက်က ထွက်ရှိခဲ့သော ထယ်ယန်း၏ Eyes, Nose, Lip သီချင်းသည် တောင်ကိုရီးယားတေးဂီတ အယ်လ်ဘမ်များစာရင်းတွင် နံပါတ်တစ်နေရာ ရရှိခဲ့သည်။

—*Ref: ENews World*

# ဟီလာရီကလင်တန်ရဲ့ စာအုပ်ကို တန်းစီဝယ်ယူတဲ့ Glee မင်းသားချော



**လော့စ်အန်ဂျလိစ်၊ ဇွန်-၂၁**

နာမည်ကျော် Glee ရုပ်သံဇာတ်လမ်း၏ လူငယ်မင်းသား ခရစ်ကော်လ်ဖာသည် အယ်လ်အေရှိ Barnes & Noble စာအုပ်ဆိုင်တွင် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်၏ စာအုပ်သစ် Hard Choices ကို လက်မှတ်ထိုးရောင်းချသည့်ပွဲတွင် စာဖတ်ပရိသတ်များနှင့်အတူ တန်းစီစောင့်ဆိုင်းကာ မစ္စကလင်တန်၏ လက်မှတ်ကို ရယူခဲ့ကြောင်း သိရသည်။

အသက် (၂၄) နှစ်အရွယ်ရှိ စတားမင်းသား ကော်လ်ဖာသည် ဟီလာရီ၏ စာအုပ်ကို အများနည်းတူ တန်းစီစောင့်ဆိုင်းခဲ့ပြီးမှ အမှတ်တရဓာတ်ပုံလည်း ရိုက်ခဲ့သည်။

ဟီလာရီ၏ စာဖတ်ပရိသတ်တစ်ဦးဖြစ်သော ကော်လ်ဖာသည် နိုင်ငံခြားရေးဝန်ကြီးဟောင်းရှေ့ ရောက်သောအခါ မစ္စကလင်တန်ကလည်း ၎င်းကိုမြင်၍ အံ့သြသွားကြောင်း မီဒီယာများက ဆိုသည်။

ကော်လ်ဖာသည် ပွဲတွင် မစ္စကလင်တန်လက်မှတ်ကို ရယူခဲ့ပြီးနောက် ထိုပွဲသို့ သွားသောအကြောင်းကို တွစ်တာတွင်လည်း ရေးသားခဲ့သည်။

"ကျွန်တော် ဟီလာရီကို ဒီနေ့ တွေ့ခဲ့ရပါတယ်။ ကျွန်တော့်ကိုယ့်ကိုယ် ရှက်နေလားတောင် မမှတ်မိပါဘူး။ ကျွန်တော် (သူမနဲ့) ဘာပြောခဲ့မှန်းတောင် မမှတ်မိတော့ပါဘူး" ဟု ကော်လ်ဖာက ရေးသားထားသည်။

ကော်လ်ဖာသည် တွစ်တာတွင် ဟီလာရီ၏ စာအုပ်၌ သူမ၏ လက်မှတ် ရေးထိုးထားပုံကိုလည်း ဖော်ပြခဲ့သည်။

—*Ref: WashingtonPost/MTV*







www.informationmatrix.com
hr@informationmatrix.com

VACANCY ANNOUNCEMENT

Fascinating Myanmar Travels & Tours Co., Ltd. is looking for enthusiastic personnel with a good knowledge and passion for selling Myanmar as a top destination to our clients.

**Sales Manager M/F (1) Post**

Position requirement for direct sales, customer service, and organizing travel itineraries:
• Age between 30 and 35
• Minimum degree from university
• At least (3) year experience in tourism field
• Strong sales and excellent customer service
• Excellent command of written and spoken English

**Operation Executive M/F (1) Post**

Position Requirement for tour operation handling, hotel and ticket bookings:
• Age between 20 and 25
• Minimum degree from university
• At least (1) year experience in tourism field
• Experience in hotel bookings, ticketing is a plus

Candidates who are independent and can work in a team spirit with above qualifications are invited to submit updated CV with one recent photo, copy of NRC Card, Labor registration card, copy of certificates no later than (25.7.2014).

**CONTACT:** No (497), Diamond Condo E, First Floor, Pyay Road, Kamaryut Township, Yangon. Ph:01 512887

7 DAY NEWS JOURNAL
Vol.13, No.16 • JUNE 25 , 2014



စာ၃၉ မှ

# ရွှေမှုံရတီနှင့် တွေ့ဆုံခြင်း

**ဒီကားက ရုပ်ရှင်လည်းဖြစ်တယ်။ နှစ်ကိုယ်ခွဲဇာတ်ရုပ်လည်း ဖြစ်တယ်ဆိုတော့ ရွှေမှုံရတီအတွက် ခက်ခဲမှုတွေရှိနိုင်မလား။**

နှစ်ကိုယ်ခွဲတော့မဟုတ်ပါဘူး။ နှစ်ဘဝအနေနဲ့ သရုပ်ဆောင်ရမှာပါ။ နည်းနည်းတော့ ကြိုးစားရမှာပေါ့။ အကျီအဝတ်အစားတွေ ပြင်ဆင်နေသလိုအိုက်တင်တွေအတွက်လည်း လေ့လာနေပါတယ်။ ဇာတ်ရုပ်ပီပြင်ဖို့အတွက်ကတော့ ဆရာတွေသင်ပေးတဲ့အတိုင်း သရုပ်ဆောင်သွားမှာပါ။

**ကိုလူမင်းနဲ့ ရိုက်ခဲ့တဲ့ နို့ဘီလူးရုပ်ရှင်မှာရော ဘယ်လိုဇာတ်ကောင်စရိုက်နဲ့ ပါဝင်သရုပ်ဆောင်ခဲ့တာလဲ။ ရွှေမှုံရတီအတွက်ရောဘယ်လောက်လုပ်ကွက်ရတဲ့ ရုပ်ရှင်လို့ ပြောလို့ရလဲ။**

နို့ဘီလူးမှာကျတော့ ဇေရဲထက်ရဲ့ ချစ်သူနေရာက သရုပ်ဆောင်ထားပါတယ် အဲဒီရုပ်ရှင်ကတော့ ဒရာမာကားလေးပါ။ လုပ်ကွက်တွေလည်းရပါတယ်။

**ပြီးခဲ့တဲ့လက ပြင်ဦးလွင်က ရိုက်ကွင်းတစ်ခုမှာမူးလဲလို့ ကိုပြေတီဦးတို့ ဆေးရုံကိုလိုက်ပို့ရတယ်ဆိုတော့ အဲဒီအကြောင်းကိုရော ပြန်ပြောပြပေးပါလား။**

ဆေးရုံလိုက်ပို့ကြတာ ရှုတင်ကလူတွေအကုန်လုံးလိုက်ပို့ကြတာပါ။ ရှေ့မှာ ရိုက်ခဲ့တဲ့ရုပ်ရှင်တွေကြောင့် အားနည်းနေတာ။ ပြင်ဦးလွင်စရောက်ကတည်းက နေမကောင်းတာ။ အဲဒီနေ့ကလည်း နေမကောင်းလို့ဆိုပြီး ရှုတင်မှာ မရိုက်ခင်ခေါင်းမူးလို့ ဟိုတယ်မှာ ခဏပြန်နားမယ်ဆိုပြီး အိပ်ရင်းဖြစ်သွားတာ။ဘယ်လိုဖြစ်သွားတာလဲဆိုတာ ကိုယ့်ဟာကိုယ်တောင်မသိဘူး။

**ကျန်းမာရေးကြောင့်နောက်တစ်ကားကို ဆက်မရိုက်ဖြစ်ဘူးဆိုတော့ နောက်ရိုက်မယ့်ဇာတ်ကားကရော ဘယ်လိုဇာတ်ရုပ်မျိုးလဲ။ အဲဒီကားလက်လွှတ်လိုက်ရတာကရော ရွှေမှုံရတီအတွက်နစ်နာမှုတွေရှိခဲ့လား။**

အိပ်ရာထဲမှာ သတိလစ်ပြီး ရောဂါက ပြန်ဖောက်လာတာ။ နောက်ပြီး နှလုံးရောဂါပါ ပြန်ဖြစ်လာတာဆိုတော့ မဖြစ်တော့ဘူးဆိုပြီး ဆေးခန်းပြဖို့ အလောတကြီးပြန်လာခဲ့ရတာ။ လုံးဝမထင်မှတ်ဘဲဖြစ်သွားတာ။ နောက်ကားအတွက်လည်းအကျီအဝတ်အစားတွေပြင်ဆင်ပြီးသား။ မိတ်ကပ်တွေဆိုလည်းလုပ်ပြီးသားဆိုတော့ အဲဒီအတွက်လည်းအားနာတယ်။ ကိုယ့်ကြောင့်ဖြစ်ရတာဆိုတော့ ရိုက်ကွင်းကလူတွေအားလုံးကို တောင်းပန်ခဲ့တယ်။ ဒီကားမရိုက်ရလို့ နစ်နာမှုအနေနဲ့ကတော့ ရိုက်ကွင်းကလူတွေ လုပ်ဖော်ကိုင်ဖက်တွေ ရွှေမှုံ့ကို စိတ်ခုသွားရင်တော့ အဲဒါက နစ်နာမှုပဲ။

**လက်လွှတ်ခဲ့ရတဲ့ ဇာတ်ကားမှာ အိန္ဒြာကျော်ဇင် ပါဝင်သရုပ်ဆောင်ပေးခဲ့လို့ အဆင်ပြေသွားတယ်လို့သိရတယ်။ ဝါရင့်သရုပ်ဆောင်တစ်ယောက်ဖြစ်ပေမယ့် ကိုယ့်နေရာမှာပါဝင်သရုပ်ဆောင်ပေးတဲ့ အိန္ဒြာကျော်ဇင်ကိုဘယ်လို ကျေးဇူးတင်စကားပြောချင်လဲ။**

ရုတ်တရက်ဖြစ်သွားတာကို မအူပဲကိုယ်တိုင်က လှိုက်လှိုက်လှဲလှဲကူညီပေးချင်ပါတယ်ဆိုတာကို ရွှေမှုံမျှော်လည်းမမျှော်လင့်ထားဘူး။ ထင်လည်းမထင်ထားဘူး။ ဒါပေမဲ့ကူညီပေးတဲ့အတွက်မအူပဲကို အရမ်းကျေးဇူးတင်ပါတယ်။

**ဘန်ကောက်ကို ဆေးကုသွားခဲ့တာဆိုတော့ ရွှေမှုံခံစားနေရတဲ့ ရောဂါရော သက်သာသွားပြီလား။**

ဆေးသွားစစ်တော့ ရွှေမှုံ့ဦးနှောက်မှာက ပြဿနာနည်းနည်းရှိနေတယ်။ ရှိနေတဲ့အခါကျတော့ နေမကောင်းတဲ့အချိန် အိပ်နေရင်းနဲ့ သတိတွေဘာတွေလစ်တတ်တယ်။ ရောဂါတော့မဟုတ်ဘူး။အရမ်းစဉ်းစားတဲ့လူတွေဆိုရင်ဖြစ်တတ်တယ်လို့ ဆရာဝန်တွေကတော့ ပြောတယ်။ ပြင်ဦးလွင်တုန်းကလည်း အဲဒီလိုပဲဖြစ်ခဲ့တာဆိုတော့ ခုဆေးစစ်ချက်အဖြေအရ သေချာသွားပြီ။ ခဏခဏကတော့ ဖြစ်မှာလို့ပြောတယ်။ အဓိကက ရွှေမှုံ အစာမစားတာလည်းပါတယ်။ အစားမစားတော့ အားနည်းပြီးဖြစ်တာ။ အဲဒီတော့ အစားတွေလည်းပုံမှန်ပြန်စားပြီးဆေးတွေလည်း ပုံမှန်သောက်နေပါတယ်။

**အနုပညာကခံစားချက်နဲ့ သရုပ်ဆောင်ရတယ်။ ဒါပေမဲ့ ရွှေမှုံရတီမှာက နှလုံးရောဂါရှိတော့ ဇာတ်ကားရိုက်ကူးရေးပိုင်းမှာအခက်အခဲကြုံရတာမျိုးရောရှိလား။**

အခက်အခဲတော့မရှိပါဘူး။ အလုပ်လုပ်ရင်ဘာမှ မသိတော့ဘူး။ ရောဂါဖြစ်ခါမှသာဖြစ်တာ။

**အောင်မြင်မှုကိုအသက်ငယ်ငယ်နဲ့ ရခဲ့တဲ့အတွက် ရွှေမှုံရတီရဲ့ဘဝမှာ ရွယ်တူတွေနဲ့ယှဉ်ရင် ဘယ်အရာတွေကို လက်လွှတ်ဆုံးရှုံးခဲ့ရလဲ။**

သိပ်ပြီးကြီးကြီးမားမားတော့ မရှိပါဘူး။ မိသားစုနဲ့ နေချိန်နည်းသွားတာတစ်ခုပါပဲ။ တခြားတော့ မရှိပါဘူး။ အရင်ကတည်းက ရွှေမှုံက တစ်ယောက်တည်းပဲနေတတ်တယ်။

**အရင်ထွက်ထားတဲ့ ဇာတ်ကားတွေမှာအဝတ်အစားပိုင်းနဲ့ပတ်သက်ပြီး ပရိသတ်ကဝေဖန်တာတွေရှိတော့ ခုနောက်ပိုင်းရိုက်တဲ့ ဇာတ်ကားတွေမှာ ဆင်ခြင်ဖြစ်တာမျိုးရောရှိလား။**

ဆင်ခြင်ပြီးဝတ်ဖြစ်တာတော့ မရှိပါဘူး။ အဓိကက ကာရိုက်တာနဲ့လိုက်ဖက်အောင်ပဲဝတ်ဖြစ်ပါတယ်။

**အခုနောက်ပိုင်းမှာဇာတ်လမ်းတွေနဲ့ပတ်သက်ပြီး ပရိသတ်တွေက ပွင့်ပွင့်လင်းလင်းဝေဖန်လာကြတာဆိုတော့ ရွှေမှုံရတီအနေနဲ့ ဇာတ်ကားရိုက်ကူးမှုတွေကို ဘယ်လိုရွေးချယ်ပြီးရိုက်ကူးဖြစ်လဲ။**

ပရိတ်တွေကြိုက်တဲ့ အကြိုက်ကိုလည်း ရိုက်ကူးဖြစ်သလို ရသမျိုးစုံအောင်ရိုက်ကူးဖြစ်တယ်။ အဓိကက ပရိသတ်တွေအမြင်မရိုးသွားဖို့ဘဲ။

**အနုပညာရှင်တိုင်းလိုလိုကောလာဟလကြုံရတာဆိုတော့ ရွှေမှုံရတီအနေနဲ့ ကောလာဟလတွေကြုံလာရင် ဘယ်လိုဖြေရှင်းဖြစ်လဲ။**

ကောလာဟလဆိုတာက မမှန်ဘူးလေ။ ဒါတွေက မနာလိုလို့ပြောကြတာတွေရှိသလို၊ အမြင်မကြည်လို့ပြောကြတာဆိုတော့သူတို့ပြောလည်းပဲ ဘယ်အနုပညာရှင်ကမှလိုက်ပြီးမဖြေရှင်းကြဘူး။ ရွှေမှုံလည်းမရှင်းဘူး။

**ပညာရေးအတွက်ဘယ်လိုအစီအစဉ်တွေ ဆွဲထားလဲ။ ဒီနှစ်ဆယ်တန်းရော ပြန်ဖြေမှာလား။**

စဉ်းစားနေပါတယ်။

**အနုပညာပျိုးခင်းနဲ့ လက်တွဲလုပ်ကိုင်ဖို့ကရောအချိန်ဘယ်လောက်ကျန်သေးလဲ။ အနုပညာပျိုးခင်းက ရွှေမှုံရတီအတွက်ဘယ်လောက်အထောက်အပံ့ပေးနိုင်ခဲ့လဲ။**

အဲဒီလိုတော့မရှိပါဘူး။ ရွှေမှုံတို့အနေနဲ့ စာချုပ်ချုပ်ထားတာတော့ရှိတယ်။ ဒါပေမဲ့ စာချုပ်ပြီးသွားရင်လည်း ဒီမောင်နှမတွေက ဆက်ပြီးလက်တွဲသွားမှာပဲ။ ရွှေမှုံရတီဖြစ်လာတာက အနုပညာပျိုးခင်းကြောင့်ပါ။ အဲဒါအပြင်အနုပညာလောကက တိုက်ပိုင်ရှင်တွေ၊ ဇာတ်ပို့ဇာတ်ရံတွေ၊မင်းသား၊မင်းသမီးတွေလက်တွဲကူညီလို့ဒီလိုဖြစ်လာတာပါ။နောက်ပြီး ပရိသတ်တွေရဲ့အားပေးမှုလည်းပါပါတယ်။

**ဒီနှစ်ထဲမှာ ရုပ်ရှင်ဘယ်နကားလောက်ရိုက်ပြီးသွားပြီလဲ။ နောက်ထပ်ဇာတ်ကားတွေလက်ခံထားတာရောရှိလား။**

ဒီနှစ်ထဲမှာ ရိုက်ထားတာတော့ သုံးကားရှိပါတယ်။ နောက်ထပ်လက်ခံထားတဲ့ကားလည်း ငါးကားလောက်ရှိပါတယ်။ မော်ကျောက်စာကတော့ ဇူလိုင်လထဲမှစရိုက်မှာပါ။

## TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|
| ၁။ 22 Jump Street | Sony Pictures & MGM | 57,071,400 | 1 |
| ၂။ How to Train Your Dragon 2 | 20th Century Fox | 49,451,300 | 1 |
| ၃။ Maleficent | Walt Disney Pictures | 163,022,000 | 3 |
| ၄။ Edge Of Tomorrow | Warner Bros.Pictures | 57,001,700 | 2 |
| ၅။ The Fault In Our Stars | 20th Century Fox | 80,767,200 | 2 |
| ၆။ X–Men:Days of Future Past | 20th Century Fox | 206,257,000 | 4 |
| ၇။ Godzilla | Warner Bros.Pictures Distribution | 191,457,000 | 5 |
| ၈။ A Million Ways to Die in the West | Universal Pictures | 37,107,000 | 3 |
| ၉။ Neighbors | Universal Pictures | 143,022,000 | 6 |
| ၁၀။ Chef | Open Road Films | 13,988,000 | 6 |

ဝန်ထမ်းအလိုရှိသည်

Manager ကျား(၁)ဦး
- အသက်(၃၀မှ၅၀)နှစ်၊ ဘွဲ့ရ၊ English အရေး/အပြောကျွမ်းကျင်၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်

Office Staff ကျား(၂)ဦး
- အသက်(၂၀မှ၃၅)နှစ်၊ ဘွဲ့ရ၊ Word, Excel ကျွမ်းကျင်

Driver(ကျွမ်းကျင်) ကျား(၃)ဦး
- အသက်(၂၅မှ၄၀)နှစ်၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်

အထွေထွေဝန်ထမ်း ကျား(၁၀)ဦး
- အသက်(၂၀မှ၃၀)နှစ်၊ အခြေခံပညာအလယ်တန်းအဆင့်

အမှတ်(၄၅)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေ၊ ရန်ကုန်၊ ဖုန်း ၀၉-၇၃၀၂၇၇၃၃

ဝန်ထမ်းအလိုရှိသည်

7Day Daily သတင်းစာ အိမ်အရောက်ပို့ ဝန်ဆောင်မှုအတွက် အချိန်ပိုင်း ဝန်ထမ်းများ အလိုရှိသည်။

အခြေခံလစာ နှင့်အတူ ထိုက်တန်သော ကော်မရှင်ပါပေးမည်။

- ဖြန့်ချိရေးဝန်ထမ်း ကျား (၁၀) ဦး
  - ရန်ကုန်မြို့တွင်းနှင့် ဆင်ခြေဖုံးမြို့နယ်များသို့ ကျွမ်းကျင်စွာသွားလာနိုင်ရမည်။
  - ပညာအရည်အချင်း အခြေခံပညာ အလယ်တန်းအောင်ရမည်။
  - အသက် (၁၈) နှစ်မှ (၃၅) နှစ်အတွင်း ရှိရမည်။
  - ကျန်းမာရေး ကောင်းမွန်၍ သွက်လက်ဖျတ်လတ် ရမည်။
  - အရောင်းမြှင့်တင်ရေး တာဝန်များကိုလည်း လုပ်ဆောင်နိုင်ရမည်။
  - ကိုယ်ပိုင်စက်ဘီးရှိသူများကို ဦးစားပေးမည်။
  - စက်ဘီးမရှိသူများလည်း လျှောက်ထားနိုင်သည်။
  - အလုပ်ချိန် - မနက် (၅) နာရီမှ မနက် (၉) နာရီထိ။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင် မိတ္တူ၊ ရပ်ကွက်ထောက်ခံစာမိတ္တူ တို့နှင့်အတူ အောက်ပါလိပ်စာသို့ ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။


ဒိုင်းမွန်းကွန်ဒို (E)၊ ပထမထပ်၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁ ၅၁၂၈၈၇

မိုးဦးရာသီမှ စတင်၍ ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင်များတွင် နေ့စဉ်ရရှိနိုင်သော Menu အသစ်များ

မိတ္ထီလာ ➡ ကျောက်ပန်းတောင်း ကားလမ်းပေါ်က
၁။ လက်ပံပျားကြက်ကြော် နှင့် ထမင်းဆီဆမ်း
၂။ ရေနံချောင်း ဆိတ်အူကြမ်းပူပူလေး
၃။ ဝက်သရက်သီးဟင်း
၄။ ကျန်းမာရေး ဒန်ပေါက် နှင့် ထောပတ်ထမင်း (ခိုင်ခိုင်ကျော် ဒန်ပေါက်)

ကွတ်ခိုင် ရှမ်းခေါက်ဆွဲ



စားသုံးသူများအတွက် ဘေးကင်းလုံခြုံစိတ်ချရတဲ့ အစားအစာများဖြစ်အောင် နေ့စဉ် ဘယ်လို စီမံဆောင်ရွက်နေသလဲ?
နည်းနည်းလေးတော့ စမ်းကြည့်ပါ . . .

ပါရမီဆိုင်ခွဲ - အမှတ်(၄၂ က)၊ ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ ပါရမီဂုံးကျော်တံတားကြီးအနီး။
ပြည်လမ်းဆိုင်ခွဲ (Breakfast) - မာလာဆောင်မှတ်တိုင်၊ ၅-မိုင်ခွဲ၊ ကမ္ဘာ့စာကော်ဘေး၊ သုခကမ္ဘာဆေးရုံအဝင်းလမ်း၊ ပြည်လမ်း၊ ရန်ကုန်တက္ကသိုလ်အနီး။
ဂန္ဓမာဆိုင်ခွဲ - Gandamar Wholesale၊ (တောင်ဥက္ကလာဂေါက်ကွင်းအနီး)။
ရန်ကုန်တက္ကသိုလ်ဆိုင်ခွဲ - တောင်ငူဆောင် Canteen၊ ရန်ကုန်တက္ကသိုလ်။
ကျိုက်ထိုဆိုင်ခွဲ - ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်း၊ မိုင်တိုင် (၁၀၆)မိုင် (၅)ဖာလုံ၊ အေးရိပ်ငြိမ်ရပ်။
ဝန်ဆောင်မှုဌာန - 09-73006422, 09-43136669, 09-5159084, 09-73000707, 09-421006055, 01-524208

Sports
7DAY NEWS JOURNAL
Vol.13, No.16 • JUNE 25 , 2014



*မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်တစ်ခုကိုတွေ့ရစဉ်* ဓာတ်ပုံ-MFF

# မိနစ် ၉၀ ကစားနိုင်သော ဘောလုံးသမားရှားပါးနေခြင်း

**ချစ်ဝိုင်း**

ဆုကြေးစားစနစ်အပြည့်အဝကျင့်သုံးနေသောမြန်မာနေရှင်နယ်လိဂ်စတင်သည်မှာ ခြောက်နှစ်ရှိပြီဖြစ်သော်လည်း ဘောလုံးအသင်းနှင့်ကစားသမားများအဓိကကြုံတွေ့နေရသော ပြဿနာတစ်ရပ်ကိုယနေ့တိုင် မဖြေရှင်းနိုင်သေးပါ။ ပြဿနာမှာမြန်မာဘောလုံးသမားများ ပွဲချိန်ပြည့်ဘောလုံးမကစားနိုင်ခြင်းဖြစ်သည်။

"မြန်မာကစားသမားတွေကပွဲချိန်ပြည့်ကစားနိုင်တဲ့ စွမ်းရည်က မိနစ် ၇၀လောက်ပဲကစားနိုင်တယ်။ ကစားသမားတွေရဲ့ ကွင်းပြင်ပနေထိုင်မှု၊ စားသောက်တာတွေကို ပြင်ရမယ်"ဟု ဆောက်သမ်းအသင်းအုပ်ချုပ်သူ ဦးမြင့်ကြူးကပြောသည်။

မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများတွင် လက်ရှိကစားလျက်ရှိသည့်ကစားသမားများမှာ ပွဲချိန်ပြည့်ကစားနိုင်သည့်ကြံ့ခိုင်မှုမရှိခြင်းကြောင့်ကလပ်အသင်းများသည်ပြည်တွင်းကစားသမားများထက် ပြည်ပကစားသမားအပေါ်တွင်သာ မှီခိုနေရသည်။

ကစားသမားများအနေဖြင့်နေရှင်နယ်လိဂ်ပြိုင်ပွဲမပေါ်ပေါက်မီအချိန်နှင့် နှိုင်းယှဉ်ကြည့်ပါကများစွာတိုးတက်လာခဲ့သော်လည်း ပွဲချိန်ပြည့်ကစားနိုင်သည့်စွမ်းအင်မျိုးမရှိသေးကြောင်း၊ ထို့အပြင် ပြည်ပကစားသမားများအပေါ်တွင်အားပြုကစားနေရခြင်းကြောင့် ပြည်တွင်းကစားသမားများ၏စွမ်းဆောင်ရည်ပိုင်းတွင်တိုးတက်သင့်သလောက်မတိုးတက်ကြောင်း၊ ယခုလက်ရှိတွင် ကလပ်အသင်းများကြံ့ခိုင်ရေးနည်းပြများငှားရမ်းအသုံးပြုလာခြင်းကြောင့် နောက်ပိုင်းကာလများတွင် မြန်မာကစားသမားများအနေဖြင့် ပွဲချိန်ပြည့်ကစားလာနိုင်မည်ဖြစ်ကြောင်း ရန်ကုန်ယူနိုက်တက်ကစားသမားကျော်ဇွန်းက ပြောသည်။

"ပြည်တွင်းကစားသမားတွေက ပွဲချိန်ပြည့်ကစားနိုင်တဲ့သူဆိုတာ အရမ်းနည်းတယ်။ အခုနောက်ပိုင်းပြိုင်ပွဲတွေက ကိုယ့်ဆီမှာရှိတဲ့ ခွန်အားတွေကိုအသုံးချပြီးယှဉ်ပြိုင်နေရတော့ ကစားသမားတစ်ယောက်အနေနဲ့ ပွဲချိန်ပြည့်ကစားနိုင်ဖို့ဆိုရင် သက်လုံကောင်းဖို့လိုအပ်သလို ကြံ့ခိုင်မှုပြည့်ဝနေဖို့လည်း လိုအပ်တယ်"ဟု ကျော်ဇွန်းကပြောသည်။

ကစားသမားများကွင်းအတွင်း စွမ်းဆောင်ရည် တိုးတက်လာစေရန်အတွက် ကစားသမားများကိုယ်တိုင်ကြိုးစားလုပ်ဆောင်ရမည်ဖြစ်ပြီး ကလပ်အသင်းများမှကြံ့ခိုင်ရေးနည်းပြများငှားရမ်းပေးထားမှုကို အသုံးချတတ်ရန်နှင့်ကြံ့ခိုင်မှုကို ၎င်းတို့ဆီမှ ရယူသင့်သည့်နည်းစနစ်များလေ့ကျင့်ခန်းအစီအစဉ်များကို မပျက်မကွက်လုပ်ဆောင်သွားရန်လိုအပ်သည်။

"ကစားသမားတွေ ကွင်းထဲမှာ မိနစ် ၉၀လုံးကန်နိုင်တဲ့သူကရှားတယ်။ ဒါဟာ ကစားသမားတစ်ယောက်ရဲ့ ကွင်းပြင်နေထိုင်မှုတွေကြောင့်နဲ့လည်းဆိုင်တယ်။အစားအသောက်နဲ့ ပတ်သက်ပြီးကစားသမားတွေ ဘယ်လိုအားရှိအောင်လုပ်ရမလဲဆိုတာလည်းသိထားဖို့လိုအပ်တယ်"ဟု ရောဝတီကွင်းလယ်ကစားသမားကောင်းမြတ်ဟန်က ပြောသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နေသည့် ပြိုင်ပွဲဝင်အသင်းများအားလုံးမှာနိုင်ငံခြားသားကစားသမားများကိုအဓိက အားပြုကစားနေခြင်းကြောင့် ပြည်တွင်းကစားသမားများအနေဖြင့် ကွင်းတွင်းစွမ်းဆောင်ရည်မှာ သိသာစွာတိုးတက်လာခြင်းမရှိသေးကြောင်း၊ ပြည်တွင်းကစားသမားများမှာ နည်းစနစ်ပိုင်းတွင်လည်း လိုအပ်ချက်များရှိနေသေးကြောင်း ကင်ဒေါ်ဝန်ကသူ၏ အမြင်ကိုပြောသည်။

မြန်မာနေရှင်နယ်လိဂ်တွင် ကစားလျက်ရှိသော ကစားသမားအများစုမှာ မိနစ် ၉၀ပွဲချိန်ပြည့်ကစားနိုင်သည့် စွမ်းဆောင်ရည်ရှိခြင်းကြောင့် ပြည်ပကစားသမားများအပေါ်တွင်သာ မှီခိုနေရပြီး ပြည်တွင်းကစားသမားများမှာနေရာမရှိခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံခြားကစားသမားများကိုသာ ကလပ်အသင်းများကအဓိကထားခေါ်ယူနေကြပြီး ပြည်တွင်းကစားသမားများကိုခေါ်ယူရန် စိတ်ဝင်စားမှုနည်းပါးနေကြကြောင်း ၎င်းကပြောသည်။

ပြည်တွင်းကစားသမားအများစု ကြံ့ခိုင်မှုအားနည်းနေသည့်အပြင် လူငယ်ကစားသမားများအပေါ်တွင် ယုံကြည်မှုနည်းပါးနေခြင်းကြောင့် လူငယ်ကစားသမားအချို့မှာ ပွဲထွက်ခွင့်မရရှိဘဲ အရန်ခုံတွင်သာ ထိုင်နေခဲ့ရသည်။ ထို့အပြင် ပြည်တွင်းကစားသမားအများစုမှာကလပ်အသင်းများနှင့်ကာလရှည်စာချုပ်များချုပ်ဆိုထားသောကြောင့်ပြည်တွင်းကစားသမားခေါ်ယူရန်အတွက် မလွယ်ကူကြောင်း အသင်းအုပ်ချုပ်သူများက ပြောသည်။ မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများတွင် လက်ရှိကစားလျက်ရှိသည့်ကစားသမားများမှာ ပွဲချိန်ပြည့်ကစားနိုင်သည့် ကြံ့ခိုင်မှုမရှိခြင်းကြောင့် ကလပ်အသင်းများသည် ပြည်တွင်းကစားသမားများထက် ပြည်ပကစားသမားများအပေါ်တွင်သာမှီခိုနေရပြီး ရာသီဝက်အပြောင်းအရွှေ့တွင် ပြည်ပကစားသမားများကိုသာပိုမိုခေါ်ယူခဲ့ကြသည်။

နေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ကလပ်အသင်းများတွင် လက်ရှိကစားနေကြသည့် ပြည်တွင်းကစားသမားများ၏စွမ်းဆောင်ရည်မှာပွဲချိန်ပြည့်ကစားနိုင်ခြင်းမရှိသည့်အတွက်ကလပ်အသင်းများအနေဖြင့် နိုင်ငံခြားသားကစားသမားကိုသာ အားပြုကစားနေရပြီးလက်ရွေးစင်အသင်းတွင် အောင်မြင်မှုမရှိခဲ့သည်မှာ အချိန်အတော်ကြာမြင့်နေပြီဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ် ပထမအကျော့ရပ်နားချိန်တွင် အပြောင်းအရွှေ့ဈေးကွက်ကို တစ်လခန့်ဖွင့်လှစ်ပေးခဲ့ပြီး နိုင်ငံခြားသား၁၀ဦးနှင့် ပြည်တွင်းကစားသမားသုံးဦးစုစုပေါင်းကစားသမား ၁၃ဦး အပြောင်းအရွှေ့ဖြစ်ပေါ်ခဲ့သည်။အဆိုပါ ၁၃ဦးထဲတွင် ပြည်ပကစားသမား ၁၀ဦးထိပါဝင်နေသည်။

ပြည်တွင်းကစားသမားရှားပါးမှုကြောင့် ကလပ်အသင်းများအနေဖြင့် ပြည်တွင်းကစားသမားများဖြည့်တင်းလိုကြသော်လည်း ကစားသမားခေါ်ယူရာတွင် အခက်အခဲများရှိနေသည်။

ဆောက်သမ်းအသင်းသည် ပြည်ပကစားသမားများကိုယခုနှစ်မှ ပထမဆုံးအကြိမ်ခေါ်ယူခဲ့ခြင်းဖြစ်ပြီး အသင်း၏ရလဒ်များဆိုးဝါးနေမှုကိုအဆုံးသတ်လိုခြင်းကြောင့် နိုင်ငံခြားကစားသမား ခေါ်ယူရခြင်းဖြစ်ကြောင်းအသင်း၏ပေါ်လစီအရ ခေါ်ယူလိုခြင်းမရှိခဲ့သော်လည်း နည်းပြ၏တောင်းဆိုမှုကြောင့် ခေါ်ယူရခြင်းဖြစ်ကြောင်း အသင်းအုပ်ချုပ်သူဦးမြင့်ကြူးကပြောသည်။

မြန်မာနေရှင်နယ်လိဂ်တွင် ပြည်တွင်းကစားသမားများဖြင့်သာ အသုံးပြုယှဉ်ပြိုင်ခဲ့သည့် ဆောက်သမ်းအသင်းမှာ ဘောလုံးအဖွဲ့ချုပ်မှ သတ်မှတ်ထားသည့် (၃+၁)စနစ်ဖြင့် နိုင်ငံခြားသား

**စာမျက်နှာ ၄၄ »**





ALL NEW
VIOS
HAVE IT ALL
VIOS
2014 TOYOTA
1.3 AT G
SOON @ DIAMOND AUTO
SHOWROOM 1 အမှတ် - (150-B)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်လမ်း၊ (ကုက္ကိုင်းမီးပွိုင့်ထောင့်) ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Tel : 01-401590, 01-401591 Fax : 95-01-401591
SHOWROOM 2 အမှတ် - (မ-၉/၆)၊ သိပ္ပံလမ်းနှင့် ကံ့ကော်လမ်း၊ ၆၃ × ၆၄(ကြား)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ Office Ph : 02-36469
SHOWROOM 3 အမှတ် - (၄၁၁)၊ ရာဇဌာနီလမ်း၊ အောင်သာယာရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်မြို့။ Office Tel : 067-23426
SHOWROOM 4 အမှတ် - (၁၅၃)၊ ကျိုက္ခမီလမ်း၊ ဈေးကြို၊ ဒေါင်းဇရပ်၊ မော်လမြိုင်မြို့။ Office Tel : 057-21442
Website : www.diamondauto-myanmar.com




DM
Dennis Martin
DM 9926
DM Chrono နာရီတစ်လုံးဝယ်ယူတိုင်း DM Pen တစ်ချောင်းရယူပါ
CHERRY OO
DENNIS MARTIN WATCH GROUP, NFC.LTD
PHONE : (09)73022249, (01)256494, 373022, (02)72992, (02)76461, (02)76424.

စာမျက်နှာ ၄၂ မှ

## မိနစ် ၉၀ ကစားနိုင်သော ဘောလုံးသမားရှားပါးနေခြင်း

ကစားသမားလေးဦးကို ရာသီဝက်အပြောင်းအရွှေ့တွင် ခေါ်ယူခဲ့သည်။ ပြည်ပကစားသမားလေးဦးခေါ်ယူရာတွင် အာရှမှတစ်ဦး ရှိရမည်ဖြစ်သည်။

နိုင်ငံခြားသားကစားသမားများကို အဓိကထားဝယ်ယူရခြင်းမှာ ပွဲတစ်ပွဲ၏ အဖြေကိုအလှည့်အပြောင်းဖြစ်နိုင်သူများမှာ နိုင်ငံခြားသားကစားသမားဖြစ်ကြောင်း ပြည်တွင်းကစားသမားများမှာ နိုင်ငံခြားကစားသမားများနှင့်နှိုင်းယှဉ်ကြည့်ပါက အရွယ်အစားကွာလွန်းခြင်း၊ ကြံ့ခိုင်မှုကွာခြားခြင်းကြောင့် ပြည်တွင်းကစားသမားများထက် နိုင်ငံခြားသားကစားသမားများကိုခေါ်ယူရခြင်းဖြစ်ကြောင်း ဆောက်သမ်းအသင်း နည်းပြချုပ်ကင်ဝေါ်ဒန်ကပြောသည်။

"ပြည်တွင်းကစားသမားတွေက စိတ်ဓာတ်ကောင်းတယ်။နိုင်လိုစိတ်ပြင်းပြတယ်။ ဒါပေမဲ့နိုင်ငံခြားသားကစားသမားတွေနဲ့ယှဉ်လိုက်ရင်လူကောင်သေးတယ်။ ပြေးအားကွာတယ်။ ကြံ့ခိုင်မှုကွာတယ်။ ပွဲချိန်အတွင်းမှာ ပွဲကိုအလှည့်အပြောင်းဖြစ်စေနိုင်တဲ့ပြည်တွင်းကစားသမားတွေရှားတယ်။ ဒါကြောင့် နိုင်ငံခြားကစားသမားခေါ်ယူရတာပါ"ဟု ၎င်းကပြောသည်။ကလပ်အသင်းများသည်လူငယ်ကစားသမားများထက် အသင်း၏ စီနီယာကစားသမားများကိုသာပိုမိုအသုံးပြုနေခြင်းကြောင့် လူငယ်ကစားသမားအများစုမှာ ပွဲထွက်ခွင့်မရရှိဘဲ အရန်ခုံတွင်သာထိုင်နေရသည်။ ထို့ကြောင့်လူငယ်ကစားသမားကောင်းများ ပေါ်ထွက်လာမှုမှာအားနည်းနေသည်။ လက်ရွေးစင်အသင်းတွင်လည်း လူရွေးချယ်ရာတွင် ကစားသမားသစ်များထွက်ပေါ်လာမှုမရှိဘဲ ကစားသမားအဟောင်းများကိုသာ ပြန်လည်ရွေးချယ်ခံနေရသည်။

"ကလပ်အသင်းတွေက စီနီယာကစားသမားတွေနေရာမှာ လူငယ်တွေနဲ့ အစားထိုးဖို့ ရဲရဲဝံ့ဝံ့မလုပ်ရဲကြဘူး။ စီနီယာကစားသမားတွေကလည်း ကိုယ်ရထားတဲ့နေရာတစ်ခုကိုလက်မလွှတ်ချင်ကြဘူး။ အဲဒီတော့ လူငယ်ကစားသမားတွေအတွက်အခွင့်အရေးမရှိတော့ဘူး"ဟု အားကစားကလောင်ရှင်ကိုနေကိုကပြောသည်။

ရာသီဝက်ရပ်နားချိန်တွင်အသင်းများအနေဖြင့် ရာသီကုန်တွင် အဆင့်တစ်ခုထိရောက်ရှိရန်အတွက် အသင်းကိုပြင်ဆင်မှုများပြုလုပ်ခဲ့သော်လည်း ရေဝတီ၊ နေပြည်တော်မှာ ရာသီဝက်လူဝယ်ချိန်တွင် ပါဝင်ခဲ့ခြင်းမရှိပေ။

"နိုင်ငံခြားကစားသမားတွေအားကိုးပြီး ကစားလာတဲ့အတွက် နေရှင်နယ်လိဂ်မှာ ဂိုးသွင်းအများဆုံးကစားသမားစာရင်းမှာ နိုင်ငံခြားကစားသမားတွေပဲ ဦးဆောင်ထားတယ်။ မြန်မာတိုက်စစ်မှူးထဲဆိုလို့ စိုးမင်းဦးတစ်ယောက်ပဲပါတယ်။ ဒါဟာ ကလပ်အသင်းတွေအတွက် ကောင်းပေမယ့် နိုင်ငံအသင်းမှာ ထိခိုက်လာနိုင်တယ်"ဟု ကိုနေကိုကပြောသည်။

ယခုလက်ရှိတွင် မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများတွင် အသင်းအားလုံးမှာ နိုင်ငံခြားသားကစားသမားများကို အသုံးပြုယှဉ်ပြိုင်နေရပြီး ဂိုးသွင်းအများဆုံးစာရင်းတွင်လည်း ပြည်တွင်းကစားသမားကမ္ဘောဇအသင်းတိုက်စစ်မှူးစိုးမင်းဦးမှလွဲ၍ နိုင်ငံခြားကစားသမားများကသာ ဦးဆောင်နေသည်။

"ပြည်တွင်းကစားသမားတွေက ကွင်းအတွင်းစွမ်းဆောင်ရည်မှာ သိသာစွာတိုးတက်လာခြင်းမရှိပေမယ့်ကွင်းပြင်ပစွမ်းဆောင်ရည်တွေမှာနိုင်ငံတကာအဆင့်မီတယ်။ ကိုယ်က ဒီအလုပ်နဲ့အသက်မွေးဝမ်းကျောင်းပြုနေတဲ့သူတွေဆိုတော့ ဒီအလုပ်ကိုအမြဲတမ်းကြိုးစားနေရမယ်။ မြန်မာကစားသမားတွေထဲမှာ ကိုယ့်ဘက်ကလိုအပ်နေတဲ့စွမ်းဆောင်ရည်တွေကိုဖြည့်ဆည်းဖို့အသင်းနဲ့ လေ့ကျင့်ခန်းဆင်းပြီးတိုင်းတစ်ယောက်တည်းလေ့ကျင့်တာ ဘယ်သူရှိလဲ။တတယ်ဆိုရင် ကစားသမားတွေဟာခြေစွမ်းတိုးတက်လာဖို့အတွက်တစ်ယောက်တည်းလေ့ကျင့်သင့်ရင်လည်း လေ့ကျင့်ရမယ်"ဟု ဆောက်သမ်းအသင်းအုပ်ချုပ်သူဦးမြင့်ကြူးကပြောသည်။

မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများသည် နိုင်ငံခြားကစားသမားများကိုအားပြုအသုံးပြုနေရသည့်အတွက် ပြည်တွင်းလူငယ်ကစားသမားများမှာနေရာမရရှိခြင်းကြောင့် လက်ရွေးစင်အသင်းတွင်းထိခိုက်မှုများရှိနေသော်လည်းကလပ်အသင်းများအတွက်အောင်မြင်မှုရရှိရန်နိုင်ငံခြားသားကစားသမားများကို လိုအပ်နေကြောင်း အားကစားကလောင်ရှင်ကိုနေကိုကပြောသည်။

"နိုင်ငံခြားကစားသမားခေါ်တယ်ဆိုတာကကလပ်အသင်းတွေအောင်မြင်မှုအတွက် ပြိုင်ဆိုင်မှုပြင်းထန်လာတဲ့အတွက် ကောင်းတယ်။ဒါပေမဲ့နိုင်ငံအသင်းအတွက်တော့ မကောင်းဘူး။ တိုက်စစ်မှူးရွေးချယ်မယ်ဆိုရင် ပြည်တွင်းကစားသမားဘယ်နှယောက်ရှိလဲ။ နောက်တန်းမှာလည်း ဒေါင်ဒေါင်မြည်ကစားနိုင်တဲ့ ကစားသမားဘယ်နှယောက်ရှိလဲ။ ဒါတွေကိုတာဝန်ရှိသူတွေအနေနဲ့ ပြန်သုံးသပ်ဖို့လိုနေပြီ"ဟု ကိုနေကိုကပြောသည်။


မြန်မာ့လက်ရွေးစင်အသင်းအောင်မြင်မှုမရရှိခြင်းမှာ နောက်တန်းကစားသမားနှင့် အထောင်တိုက်စစ်မှူးများရှားပါးခြင်းနှင့်ကလပ်အသင်းများမှာ ၎င်းတို့၏အသင်းအောင်မြင်မှုရရှိရန်အတွက်သာ အာရုံစိုက်နေကြခြင်းကြောင့် လူငယ်ကစားသမားများကို နာမည်ကြီးကစားသမားများနှင့်အစားထိုးမှု ရဲရဲဝံ့ဝံ့မပြုလုပ်ကြကြောင်း၊ ထို့ကြောင့် ပြည်တွင်းတွင် ကစားသမားရှားပါးမှုကြုံတွေ့နေရခြင်းဖြစ်ကြောင်း ၎င်း၏အမြင်ကိုပြောသည်။

လက်ရွေးစင်အသင်းအတွက်လည်း လူငယ်ကစားသမားများပေါ်ထွက်လာစေရန် လူငယ်ကစားသမားများကိုနေရာပေးသင့်ကြောင်း၊ ထို့အပြင် ကစားသမားမျိုးဆက်သစ်များကိုစီနီယာကစားသမားများက နေရာပေးသင့်ကြောင်းကိုနေကိုကသုံးသပ်သည်။









7DAY NEWS JOURNAL
Vol.13, No.16 • JUNE 25 , 2014

# ပျောက်ဆုံးကျောင်းသူ ၂၀၀ ကျော် ရှာဖွေမှု နိုင်ဂျီးရီးယားအစိုးရ ရပ်ဆိုင်း

**အဘူဂျာ၊ ဇွန်-၂၀**

နိုင်ဂျီးရီးယားအစိုးရသည် ကျောင်းသူ ၂၀၀ ကျော်အား ဘိုကိုဟာရမ် စစ်သွေးကြွများ ဖမ်းဆီးခေါ်ဆောင်သွားသော ကိစ္စအပေါ် စုံစမ်းစစ်ဆေးမှုကို ဇွန်လ ၂၀ ရက်တွင် အဆုံးသတ်လိုက်သည်။

ဘိုကိုဟာရမ်စစ်သွေးကြွများသည် ဧပြီ ၁၄ ရက်တွင် ဘော်နိုပြည်နယ် အရှေ့မြောက်ပိုင်းရှိ အလယ်တန်းကျောင်းတစ်ကျောင်းအားစီးနင်းတိုက်ခိုက်ခဲ့ပြီး ကျောင်းသူ ၂၇၆ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

ကျောင်းသူ ၂၁၉ ဦးမှာ ဘိုကိုဟာရမ်စစ်သွေးကြွများလက်တွင် ဖမ်းဆီးခံထားရဆဲဖြစ်ကြောင်းနှင့် ထွက်ပြေးလွတ်မြောက်လာသော ကျောင်းသူ ၅၇ ဦးမှာ ၎င်းတို့၏ မိသားစုများနှင့် ပြန်လည်ပေါင်းစည်းသွားပြီဖြစ်ကြောင်း နိုင်ဂျီးရီးယား စစ်တပ် ဗိုလ်မှူးချုပ် အီဘရာဟမ်ဆာဘိုက ပြောသည်။

"ကျောင်းသူလေးတွေ ဆက်လက် အဖမ်းခံထားရဆဲဖြစ်လို့ နာကျင်ရပါတယ်။ ဒီ ပြန်ပေးဆွဲ ခေါ်ဆောင်သွားတဲ့ အခြေအနေဟာ တကယ်ပဲ ပရိယာယ်ကြွယ်ဝပါတယ်"ဟု ဗိုလ်မှူးချုပ်ဆာဘိုက နောက်ဆုံးအစီရင်ခံစာတွင် ပြောကြားသည်။

နိုင်ဂျီးရီးယားအစိုးရအနေဖြင့် ကျောင်းသူ ၂၀၀ ကျော်ကို မကယ်ဆယ်နိုင်မှုနှင့် မကာကွယ်နိုင်မှုတို့သည် ၂၀၁၅ ခုနှစ် သမ္မတရွေးကောက်ပွဲမတိုင်မီ သမ္မတ ဂွတ်လပ်ဂျွန်နသန်အတွက် နိုင်ငံရေး ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်စေသည်။

နိုင်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်းတွင် ဆူပူသောင်းကျန်းလျက်ရှိသော ဘိုကိုဟာရမ်အဖွဲ့၏ ရက်စက်ကြမ်းကြုတ်မှုများကို လူအများက မကြာခဏ ကြားသိနေပြီးဖြစ်သော်လည်း ကျောင်းသူ ၂၀၀ ကျော် ပြန်ပေးဆွဲမှုမှာ တစ်ကမ္ဘာလုံးကို တုန်လှုပ်စေခဲ့ပြီး နာကြည်းစေခဲ့သည်။

ဘိုကိုဟာရမ်အဖွဲ့က ၎င်းတို့လက်တွင်း၌ရှိနေသော ကျောင်းသူများကို ကျွန်အဖြစ် ရောင်းစားမည်ဟု ကြွေးကြော်ထားပြီး ၎င်းတို့ကို အစ္စလာမ်မစ်ဘာသာသို့ အတင်းအကျပ် သွတ်သွင်းပြီးဖြစ်ကြောင်းပြီးခဲ့သည့်လက ထုတ်ဖော်ပြောကြားခဲ့သည်။

—*Ref: Reuters*

# တားဆီးပိတ်ဆို့မှုနှင့်ပတ်သက်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ရုရှားတိုင်

**မော်စကို၊ ဇွန်-၂၁**

ယူကရိန်းနိုင်ငံ အရေးနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံက ပိတ်ဆို့တားဆီးမှုများ ချမှတ်ခဲ့ခြင်းကို ရုရှားနိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)တွင် တိုင်ထားသည်ဟု ရုရှားဝန်ကြီးချုပ် ဒီမီထရီမက်ဗီဒက်က ပြောကြားသည်။

ဝါရှင်တန်က မိမိတို့နိုင်ငံအပေါ် ချမှတ်ထားသောတားဆီးပိတ်ဆို့မှုများမှာ ကုန်သွယ်ရေးအဖွဲ့ကြီး၏ စည်းမျဉ်းစည်းကမ်းများအရ တရားမဝင်ဟု ယူဆကြောင်း အမေရိကန်အစိုးရအား ပြောကြားထားပြီး ဖြစ်သည်။

ယူကရိန်းနိုင်ငံ၏ ခရိုင်းမီးယား ဒေသကို ရုရှားနိုင်ငံအတွင်းသို့ သွတ်သွင်းခဲ့ပြီးနောက် အမေရိကန်၏ပိတ်ဆို့တားဆီးမှုများထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ရဲ့ နိုင်ငံခြားကုန်သွယ်မှုကို ဆိုးရွားတဲ့ သက်ရောက်မှုရှိစေခဲ့တဲ့ တားဆီးပိတ်ဆို့မှုတွေ အမေရိကန်က ချမှတ်ခဲ့တာကို ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ကြီးမှာ စိန်ခေါ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်"ဟု ရုရှားနိုင်ငံ မြောက်ပိုင်း စိန့်ပီတာစဘာ့ဂ်မြို့၌ ပြုလုပ်သော ဥပဒေဆိုင်ရာ ညီလာခံတစ်ရပ်တွင် မက်ဗီဒက်က ပြောကြားသည်။

အမေရိကန်ကုန်သွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူကမူ ရုရှားနိုင်ငံအပေါ် ပိတ်ဆို့တားဆီးမှုများ မချမှတ်မီ WTO တွင် ၎င်းတို့လိုက်နာရမည့် စည်းကမ်းများကို ဂရုတစိုက် လေ့လာခဲ့သည်ဟု ပြောကြားသည်။

—*Ref: Reuters*




# ကျည်ကာအင်္ကျီများတွင်သုံးသည့် ကီဗလာတီထွင်သူ အမျိုးသမီးဓာတုဗေဒပညာရှင် ကေဝိုလက် ကွယ်လွန်

**ဝါရှင်တန်၊ ဇွန်-၂၁**

ခန္ဓာကိုယ်အကာအကွယ်နှင့် အခြားသော ကျည်ကာပစ္စည်းများတွင် အသုံးပြုသည့် ကီဗလာဟုခေါ်သော ဖိုက်ဘာကို တီထွင်ခဲ့သောအမေရိကန်ဓာတုဗေဒပညာရှင်တစ်ဦးဖြစ်သည့် မစ္စစ်စတီဖင်နီကေဝိုလက်သည် အသက် (၉၀)အရွယ်တွင် ကွယ်လွန်သွားကြောင်း ၎င်း၏အလုပ်ရှင်ဟောင်းက ဇွန်လ ၂၀ ရက်တွင်ပြောသည်။

ကီဗလာကို တီထွင်ချိန်က ဒူပွန်ကုမ္ပဏီတွင် အလုပ်လုပ်နေခဲ့သည့် မစ္စစ်ကေဝိုလက်သည် လူအိုရုံတစ်ခု၌ ကွယ်လွန်ခဲ့ခြင်းဖြစ်သည်ဟု ၎င်း၏မိတ်ဆွေနှင့် လုပ်ဖော်ကိုင်ဖက်ဟောင်း ရီတာဗက်စတာကိုကိုးကား၍သတင်းဌာနများက ဖော်ပြသည်။

မစ္စစ်ကေဝိုလက် ကွယ်လွန်ရသည့် အကြောင်းရင်းကိုမူ မသိရပေ။

အလွန်ခိုင်ခံ့ပြီး အထူးပေါ့ပါးသည့် ဖိုက်ဘာတစ်မျိုးဖြစ်သော ကီဗလာကို မစ္စစ်ကေဝိုလက်က ၁၉၆၀ ပြည့်နှစ်များအတွင်းတီထွင်ခဲ့ပြီး တန်ဖိုးရှိသော ပစ္စည်းတစ်ခုဟု ၎င်းက ခေါ်ဝေါ်ခဲ့ကြောင်း ဝါရှင်တန်ပို့စ်သတင်းဌာနက ဖော်ပြသည်။

ကားတာယာများတွင် ယခင်က အသုံးပြုခဲ့သော သတ္တုမျှင်များထက် ပိုမိုပေါ့ပါးပြီး လောင်စာဆီ တွက်ခြေကိုက်နိုင်သော ကားတာယာများ၌ အသုံးပြုနိုင်မည့် ပစ္စည်းတစ်မျိုးကို မစ္စစ်ကေဝိုလက်က ရှာဖွေတွေ့ရှိရန် ကြိုးပမ်းခဲ့သည်။

၎င်းဖန်တီးခဲ့သော ခရစ္စတယ် ဒြပ်ပေါင်းအရည်မှာ ကီဗလာဖြစ်လာပြီး ယင်းဖိုက်ဘာမှာ သံမဏိထက် ငါးဆပို၍ခိုင်ခံ့ပြီး အလွန်တရာ ပေါ့ပါးကြောင်းဒူပွန်ကုမ္ပဏီ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ယနေ့ခေတ်တွင် ဖိုက်ဘာများ၌ ကိုယ်ခန္ဓာကာကွယ်ရေး ပစ္စည်းများ၊ အားကစားပစ္စည်းများ၊ လှေများနှင့် အကြမ်းခံတာယာများတွင် အသုံးပြုနေပြီဖြစ်သည်။

မစ္စစ်ကေဝိုလက်သည် ကမ္ဘာတစ်ဝန်း လူသားများ အကျိုးကျေးဇူးဖြစ်စေပြီးအသက်ပေါင်းများစွာ ကယ်တင်နိုင်သော ထုတ်ကုန်ပစ္စည်းသစ်များ ထုတ်လုပ်ရာတွင် သုံးသည့် စွမ်းရည်မြင့်ဖိုက်ဘာကို ရှာဖွေတွေ့ရှိခြင်း၊ တီထွင်ဖန်တီးခြင်းတို့အတွက် ၁၉၉၆ ခုနှစ်က အမေရိကန်အမျိုးသားနည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆု ပေးအပ်ခြင်း ခံခဲ့ရသည်။ —*Ref: AFP*

7 DAY NEWS JOURNAL
Vol.13, No.16 • JUNE 25 , 2014

# အကူအညီ အရေးတကြီးလိုအပ်နေသော ဆီးရီးယားပြည်သူ ၁၀ ဒသမ ၈ သန်းရှိ

**ကုလသမဂ္ဂ၊ ဇွန်- ၂၁**

လူသားချင်းစာနာထောက်ထားမှု အကူအညီ အရေးတကြီး လိုအပ်နေသောဆီးရီးယားလူဦးရေမှာ၁၀ ဒသမ ၈ သန်းခန့်ရှိကြောင်း၊ ယင်းမှာ ဆီးရီးယားနိုင်ငံ လူဦးရေ၏ ထက်ဝက်ခန့်ဖြစ်ကြောင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဇွန်လ ၂၀ ရက်တွင် ပြောသည်။

ဆီးရီးယားနိုင်ငံသား၄ဒသမ ၇ သန်းသည် လူသားချင်းစာနာထောက်ထားသည့် အလုပ်သမားများ ရောက်ရှိရန် ခက်ခဲသော (သို့မဟုတ်) ရောက်ရှိရန် မဖြစ်နိုင်သော နေရာများတွင် ရှိနေသည်ဟု ဘန်ကီမွန်းက ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ တင်သွင်းသည့် လစဉ်အစီရင်ခံစာတွင် ပြောကြားသည်။

အီရတ်နိုင်ငံတွင် ISIL စစ်သွေးကြွများ ချီတက်တိုက်ခိုက်မှုများမှာလည်းဆီးရီးယားနိုင်ငံတွင်း အခြေအနေကို ပို၍ဆိုးစေရုံသာရှိလိမ့်မည်ဟု ဘန်ကီမွန်း၏ အစီရင်ခံစာက သတိပေးထားသည်။



ASMAA WAGUIH/FILES/REUTERS

*ဆီးရီးယားသမ္မတအာဆတ်၏တပ်များက ကြဲချသည်ဟု တက်ကြွလှုပ်ရှားသူများကပြောသည့် ဆလင်ဒါဗုံးကြောင့် ထိခိုက်ပျက်စီးခဲ့ရသောနေရာများကို စစ်ဆေးနေစဉ်*

အရေးတကြီး အကူအညီ လိုအပ်နေသူ ၁၀ ဒသမ ၈ သန်းတွင် ၆ ဒသမ ၄ သန်းခန့်မှာ ဆီးရီးယားနိုင်ငံတွင်း အိုးအိမ်များကို စွန့်ခွာထွက်ပြေးနေရသူများဖြစ်သည်။

ဆီးရီးယားပြည်တွင်းစစ်အတွင်း လူပေါင်း ၁၆၀,၀၀၀ ခန့် သေဆုံးခဲ့သည်။

အနောက်အင်အားကြီးနိုင်ငံများသည် ဆီးရီးယားပြည်သူများထံသို့ အကူအညီများ အလျင်အမြန် ရောက်ရှိစေရန် လုံခြုံရေးကောင်စီတွင်း၌ အစီအစဉ်သစ်တစ်ရပ် ရေးဆွဲနေစဉ် ဘန်ကီမွန်း၏ အစီရင်ခံစာ ထွက်ရှိလာခြင်းဖြစ်သည်။

ဇွန်လ ၁၈ ရက်စွဲဖြင့် ဆီးရီးယား အစိုးရက ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ပေးပို့သောစာတွင် ဆီးရီးယားအစိုးရ၏ သဘောတူညီချက်မရှိဘဲ နယ်စပ်ဖြတ်ကျော်၍ အကူအညီပေးပို့ခြင်းသည် ဆီးရီးယားနိုင်ငံအပေါ် တိုက်ခိုက်မှုတစ်ခုဖြစ်သည်ဟု ယူဆမည်ဖြစ်ကြောင်း ဆီးရီးယားအထူးသံတမန်အဖွဲ့က သတိပေးခဲ့သည်။

—*Ref: AFP*

# ကမ္ဘာတစ်ဝန်းရှိ ဟွန်ဒါကားအစီးရေ နှစ်သန်းကျော် ပြန်လည်ရုပ်သိမ်း

**တိုကျို၊ ဇွန်- ၂၃**

ဂျပန်နိုင်ငံ၏ ကားနှင့် ဆိုင်ကယ် ထုတ်လုပ်ရေးကုမ္ပဏီ ဟွန်ဒါမော်တာသည် မီးအန္တရာယ်ဖြစ်စေနိုင်သော ကားလေအိတ်ပြဿနာကြောင့် ဇွန်လ ၂၃ ရက်တွင် ကမ္ဘာတစ်ဝန်းမှ ကားအစီးရေနှစ်သန်းကျော် ပြန်ရုပ်သိမ်းခဲ့သည်။

၂၀၀၀ ပြည့်နှစ် ဩဂုတ်နှင့် ၂၀၀၅ ဒီဇင်ဘာလကြားတွင် ထုတ်လုပ်ခဲ့သော ကားအစီးရေ ၂,၀၃၃,၀၀၀ စီးခန့် ပြန်လည် ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း ဟွန်ဒါကုမ္ပဏီက ပြောသည်။

ပြန်လည်ရုပ်သိမ်းသောကားများတွင် မြောက်အမေရိကမှ ကားအစီးရေတစ်သန်းကျော်နှင့် ဂျပန်နိုင်ငံမှ ၆၆၈,၀၀၀ စီး ပါဝင်သည်။

နာမည်ကျော် Honda Fit နှင့် Honda Accord ကားမော်ဒယ်များ အပါအဝင် ကားအမျိုးအစား ၁၃ မျိုးကို ပြန်လည်ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်။ ကားရှေ့ခန်းရှိ လေအိတ် လေဖြည့်ကိရိယာများတွင် အရည်အသွေးမကောင်းသော ဓာတ်ငွေ့များ ပါဝင်နေသည်ဟု ယူဆကြောင်း ဟွန်ဒါကုမ္ပဏီက ပြောသည်။

ယင်းဓာတ်ငွေ့သည် ယာဉ်တိုက်မှု ဖြစ်ပွားချိန်တွင် လေဖြည့်ကိရိယာဘူးကို အက်ကွဲစေနိုင်ကြောင်းနှင့် လေဖြည့်ကိရိယာဘူး အက်ကွဲခြင်းဖြင့် မီးလောင်ခြင်း (သို့မဟုတ်) ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိခြင်းများ ဖြစ်နိုင်ကြောင်း ဟွန်ဒါကုမ္ပဏီ တာဝန်ရှိသူက ပြောသည်။

တိုယိုတာကားများ၏ ကားလေအိတ် လေဖြည့်ကိရိယာများ၌ အလားတူ ပြဿနာများစွာရှိ၍ ကားကုမ္ပဏီသည် ကမ္ဘာတစ်ဝန်းမှကားအစီးရေသန်းနှင့်ချီ၍ပြန်ရုပ်သိမ်းခဲ့သည်။

တိုယိုတာကားကုမ္ပဏီသည် ကားဝယ်သူတစ်ဦးထံမှ လေအိတ်ပြဿနာနှင့်ပတ်သက်၍တိုင်ကြားစာ ရရှိခဲ့သည်ဟု ပြောသည်။

ဟွန်ဒါကုမ္ပဏီကမူ မည်သည့်တိုင်ကြားစာမျှ မရရှိဟုပြောသည်။

—*Ref: AFP*




VITAHOME
Soft Cap.
ချစ်သူမိဘပြည်သူများအတွက်
လက်ဆောင်မွန်
VITAHOME (၁၀)လုံးကဒ်ခွဲ (၁၂)ခု
VITAHOME
Steel Vacuum Flask
(၁)ခု
VITAHOME (၁၀)လုံးကဒ်ခွဲ (၁၀)ခု
VITAHOME T Shirt (၁)ထည်
Promotion Period
1st May to 31st July 2014
“မိသားစုတစ်စုလုံး ကျန်းမာဖို့ ဗိုက်တာဟုမ်း ကိုသုံးကြစို့”


MANN
YADANARPON AIRLINES
Enjoy Royal Service!
မန်းရတနာပုံလေကြောင်းလိုင်း မှ
ထားဝယ်၊ မြိတ် နှင့် ကော့သောင်း
မြို့များသို့ အကောင်းဆုံး
ဝန်ဆောင်မှုများဖြင့်
ဇွန် ၂၅ ရက် မှ စတင်
ပျံသန်းပြေးဆွဲမည် ဖြစ်ပါသည်။
Dawei
09 - 254186885
09 - 30348129
Myeik
09 - 254186884
09 - 30348128
Kawthaung
09 - 254343353 (မြန်မာဖုန်း)
09 - 31790828 (ထိုင်းဖုန်း)
09 - 31790833 (ထိုင်းဖုန်း)
09 - 31790838 (ထိုင်းဖုန်း)
Yangon Office
No.3, Thalarwaddy Street, 7th Mile, Mayangone Township. Phone : (+95-1) 656969, Fax : (+95-1) 656998, Email : info@airmyp.com
Mandalay Office
No.9, 78th St., Between 33rd & 34th Street, Chan Aye Thazan Township.
Tel : (+95-2) 67099, Fax : (+95-2) 67039
www.airmyp.com
www.facebook.com/MannYadanarPonAirlines

7 DAY NEWS JOURNAL
# International
Vol.13, No.29 JUNE 25, 2014

## ဝတ်ဆင်နိုင်သောပစ္စည်းများတွင် ကျန်းမာရေး အပလီကေးရှင်းများ ထည့်သွင်းရန် ကုမ္ပဏီများ ကြိုးစားနေ



**ဆန်ဖရန်စစ္စကို၊ ဇွန်-၂၃**
ဆီးချိုရောဂါနှင့်ဆိုင်သောသွေးထဲ သကြားပါဝင်မှု အလွယ်တကူ စစ်ဆေးနိုင်ရန် ဆေးဘက်ဆိုင်ရာ နည်းပညာကုမ္ပဏီများက နည်းလမ်းရှာဖွေနေကြသည်မှာ ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ပြည့်စုံကောင်းမွန်သည့် အောင်မြင်မှုမျိုး ရရှိခြင်းမရှိခဲ့ပေ။

ယခုအခါ ယင်းနည်းလမ်းများ ရှာဖွေရာတွင် ကမ္ဘာ့အကြီးကျယ်ဆုံး မိုဘိုင်းနည်းပညာ လုပ်ငန်းများ ပါဝင်လာကြပြီဖြစ်သည်။

စမတ်နာရီများနှင့် လက်ပတ်များကဲ့သို့ ရေပန်းစားစပြုလာသည့် ဝတ်ဆင်နိုင်သော နည်းပညာပစ္စည်းများကို စူးစမ်းလိုရုံသက်သက် အသုံးပြုခြင်းထက် မရှိမဖြစ် ပစ္စည်းများအဖြစ် ပြောင်းလဲနိုင်မည့် အပလီကေးရှင်းများ ရှာဖွေနေသော အက်ပဲလ်၊ ဆမ်ဆောင်းနှင့် ဂူးဂဲလ်ကုမ္ပဏီတို့သည် သွေးထဲသကြားပါဝင်မှုကို စောင့်ကြည့်နိုင်သည့် ပစ္စည်းကိရိယာများ ထုတ်လုပ်ရန် အားလုံးပြင်ဆင်ထားကြကြောင်း ယင်းအစီအစဉ်များနှင့် ရင်းနှီးသော လူများစွာက ပြောကြားသည်။

အနာဂတ် ဝတ်ဆင်နိုင်သော ပစ္စည်းကိရိယာများတွင် ဂလူးကို့စ်တိုင်းတာနိုင်သော စနစ်များ ဖန်တီးထည့်သွင်းခြင်းနှင့် ကြီးကြပ်မှုတို့နှင့် ပတ်သက်၍ အမေရိကန်ဥပဒေထိန်းသိမ်းရေးအဖွဲ့ထံ တင်ပြထားသော ယင်းလုပ်ငန်းများက ဆေးဘက်ဆိုင်ရာ သိပ္ပံပညာရှင်များနှင့် အင်ဂျင်နီယာများကို ငှားရမ်းထားကြောင်း သတင်းရင်းမြစ်များက ပြောသည်။

ယင်းနည်းပညာတီထွင်ဖန်တီးမှု၏ ပထမဆုံးအသုတ်မှာ အကန့်အသတ်ဖြင့်သာ ရှိနိုင်သော်လည်း ၂၀၁၇ ခုနှစ်တွင် ဈေးကွက်တန်ဖိုး ကန်ဒေါ်လာနှစ်ဘီလီယံရှိလာမည့် သွေးထဲသကြားပါဝင်မှုကို ခြေရာခံနိုင်မည့်ပစ္စည်းကိရိယာများ ဈေးကွက်တွင် ကုမ္ပဏီများ အပြိုင်အဆိုင် ဖြစ်လာနိုင်သည်ဟု သုတေသနလုပ်ငန်း Global Data ၏ ဖော်ပြချက်အရ သိရသည်။

အမေရိကန်နိုင်ငံတွင် ဆီးချိုရောဂါ ခံစားနေရသူ ၂၉ သန်းရှိပြီး ငါးနှစ်အတွင်း ၄၁ ရာခိုင်နှုန်းမြင့်တက်လာကာ ၂၀၁၂ ခုနှစ်အတွင်း ယင်းရောဂါကြောင့် ကန်ဒေါ်လာ ၂၄၅ ဘီလီယံ ကုန်ကျခဲ့သည်။

ဆီးချိုရောဂါရှင်များစွာမှာ ဂလူးကို့စ်ဟုခေါ်သော သကြားဓာတ်တစ်မျိုးသွေးထဲပါဝင်မှုတိုင်းတာရန် နေ့စဉ်ဆိုသလိုလက်ချောင်းများကို ၁၀ ကြိမ်ခန့်အထိ ဖောက်၍ စစ်ဆေးမှုခံယူကြရသည်။

ယင်းသို့အသားအရေဖောက်စရာမလိုဘဲ သွေးထဲ သကြားပါဝင်မှု တိုင်းတာနိုင်သော နည်းပညာကို မိုဘိုင်းပစ္စည်း ကိရိယာများတွင် ထည့်သွင်းလိုက်ပါက အလွန်တရာအဆင်ပြေလိမ့်မည်ဟုအမေရိကန်ဆေးဝါးနှင့် အစားအသောက်စီမံခန့်ခွဲရေးဌာန (FDA)၏ ဓာတုဗေဒနှင့် အဆိပ်အတောက်ပညာဆိုင်ရာဌာန ညွှန်ကြားရေးမှူး ကော်တနေလိုက်ယက်စ်ကရိုက်တာသတင်းဌာနအား ပြောကြားသည်။ —*Ref: Reuters*

---

## အမေရိကန်ဒုံးခွင်းဒုံးစနစ် စမ်းသပ်မှုအောင်မြင်

**ဝါရှင်တန်၊ ဇွန်-၂၃**
ပစိဖိတ်သမုဒ္ဒရာမှ ဝင်ရောက်လာသည့်ဟန် ပုံဖော်ထားသော ဒုံးကျည်တစ်စင်းကို မြေပြင်အခြေစိုက် ဒုံးကျည်ကာကွယ်ရေး ဒုံးခွင်းဒုံးက ပစ်ချခြင်းဖြင့် အမေရိကန်နိုင်ငံက တာဝေးပစ်ဒုံးခွင်းဒုံး ကာကွယ်ရေးစနစ်ကို ပထမဆုံးအကြိမ် အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့သည်။

ကန်ဒေါ်လာ ဘီလီယံ ၄၀ ကုန်ကျ၍ ဘိုးရင်းကုမ္ပဏီက စီမံခန့်ခွဲသော မြေပြင်အခြေစိုက် (ဒုံးကျည်) ကြားဖြတ်ကာကွယ်ရေး (GMD)စနစ်မှာ တာဝေးပစ်ပဲ့ထိန်းဒုံးကျည်များကို ကာကွယ်ရန် ရည်ရွယ်ထားသည်။

ထို့အပြင် အခြားပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစနစ် (BMDS) အများအပြားအတွက် လိုအပ်သော ဒေတာအချက်အလက်များ ထောက်ပံ့ပေးနိုင်သည်။

“ကျွန်တော်တို့ရဲ့ အမိမြေ ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစနစ် ယုံကြည်စိတ်ချရမှု တိုးတက်ရေး၊ ပိုမိုကောင်းမွန်ရေးဆက်လက်ကြိုးပမ်းမှုတွေမှာ ဒါဟာ အရေးကြီးတဲ့ အဆင့်တစ်ရပ် ဖြစ်ပါတယ်”ဟု ဒုံးကျည်ကာကွယ်ရေးအေဂျင်စီ (MDA)၏ ဒါရိုက်တာ ဒုတိယရေတပ်ဗိုလ်ချုပ် ဂျိမ်းစ်ဆိုင်ရင်က ပြောသည်။

မြေပြင်အခြေစိုက် ဒုံးခွင်းဒုံးများနှင့် အမိမြေကာကွယ်ရေးစနစ်တစ်ခုလုံး၏ ထိရောက်မှုနှင့် အားကိုးအားထားပြုနိုင်မှု ပိုကောင်းရန် MDA က ဆက်လက်လုပ်ဆောင်သွားမည်ဟု ကန်ရေတပ်ဗိုလ်ချုပ်က ပြောသည်။

မြောက်ကိုရီးယားနိုင်ငံ၏ ခြိမ်းခြောက်မှုများကြောင့် ၂၀၀၄ ခုနှစ်တွင် သမ္မတဘုရှ်အစိုးရက အလျင်စလို ချထားခဲ့သော ဒုံးကျည်ကာကွယ်ရေးစနစ်မှာ ယခင်က ပြုလုပ်ခဲ့သော စမ်းသပ်မှု ရှစ်ကြိမ်အနက် ငါးကြိမ်မှာ ပစ်မှတ်နှင့် လွဲချော်ခဲ့သည်။



GENE BLEVINS/REUTERS

***မြေပြင်အခြေစိုက်(ဒုံးကျည်)ကြားဖြတ်ကာကွယ်ရေး(GMD)စနစ် စမ်းသပ်နေစဉ်***

—*Ref: Reuters*

---

## ဂရိနိုင်ငံတွင် ဘိန်းဖြူနှစ်တန်ကျော် ဖမ်းမိ

**အေသင်၊ ဇွန်-၂၃**
ဂရိနိုင်ငံတွင် သီတင်းနှစ်ပတ်အတွင်း ဘိန်းဖြူအမြောက်အမြားဖမ်းဆီးရမိရာ၌ မြို့တော်အေသင်ရှိ သိုလှောင်ရုံများမှ ဘိန်းဖြူနှစ်တန်ကျော် ဖမ်းဆီးရမိခဲ့သည်။

ယင်းမှာ ဥရောပတွင် ဖမ်းမိသမျှထဲ၌ စံချိန်တင် အများဆုံး ပမာဏဟု အာဏာပိုင်များက ပြောသည်။

ဇွန်လ ၂၂ ရက်က အေသင်မြို့အနီးရှိ သိုလှောင်ရုံတစ်ခုတွင် ဘိန်းဖြူတစ်တန်နီးပါး ဖမ်းဆီးရမိခဲ့သည်။

ယခင်သီတင်းပတ်အတွင်း ဇွန်လ ၁၂ ရက်ကလည်း မြို့တော်အေသင်ရှိအခြားသိုလှောင်ရုံတစ်ခုမှ ဘိန်းဖြူ ၁ ဒသမ ၁၁၃ တန် ဖမ်းဆီးရမိခဲ့သည်။

ဇွန်လ ၂၂ ရက်က ဖမ်းမိသော ဘိန်းဖြူများကို ရေနံတင်သင်္ဘောတစ်စီးနှင့် သယ်ဆောင်လာခြင်းဖြစ်ပြီး ရေနံတင်သင်္ဘောတွင် လိုက်ပါလာသူ သင်္ဘောသား ၁၀ ဦး၊ သင်္ဘောကုမ္ပဏီအကြီးအကဲနှင့် ယင်းကိစ္စနှင့် ပတ်သက်သော အခြားလူပုဂ္ဂိုလ်သုံးဦး၊ စုစုပေါင်း ၁၄ ဦးကို ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ပြီးခဲ့သည့် သီတင်းပတ်က ဘိန်းဖြူတစ်တန်ကျော် ဖမ်းမိမှုနှင့် ပတ်သက်၍လည်း သင်္ဘောပိုင်ရှင်တစ်ဦး အပါအဝင် လူ ၁၁ ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

ယခုစီးနင်းမှုများမှာ အမေရိကန် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်ဟု ဂရိကမ်းခြေစောင့်တပ်ဖွဲ့က ထုတ်ပြန်ချက်တွင် ပြောကြားသည်။ —*Ref: AFP*



# တစ်ပတ်အတွင်း သတင်းကောက်နုတ်ချက်

ပြီးခဲ့သည့်သီတင်းပတ်အတွင်းဖြစ်ပေါ်ခဲ့သော သတင်းဖြစ်ရပ်များထဲမှ အထင်ကရဖြစ်ရပ်အချို့ကို စာဖတ်ပရိသတ်များအတွက် ပြန်လည်စုစည်း၍ သတင်းကောက်နုတ်ချက်အဖြစ် တင်ဆက်လိုက်ပါသည်။

## ခန္တီးတွင် ဓားပြတိုက်မှုဖြစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့ အထက်ပိုင်း၊ သုံးမိုင်ခန့်အနီး ချင်းတွင်းမြစ်ကမ်းနံဘေးရှိ ညောင်တရှောက်ရွာတွင် ဖွင့်ထားသည့် စျေးဆိုင်တစ်ဆိုင်သို့ ဇွန်လ ၂၁ ရက် နံနက် ၂ နာရီက မျက်နှာဖုံးစွပ်ထားသည့် အမျိုးသားလေးဦး ရောက်လာပြီး ဆိုင်ရှင်ကို ဝါးရင်းတုတ်ဖြင့် ရိုက်ကာ သေနတ်လေးချက်ပစ်ဖောက်၍ ရွှေတစ်ဆယ်သားနှင့် ငွေကျပ် ၁၈ သိန်းကိုဓားပြတိုက်ယူမှုဖြစ်ပွားခဲ့သည်။

ဓားပြများသည် ဆိုင်ရှင်အမည်ကို ခေါ်ကာ ၎င်းတို့မှာ ငါးဖမ်းပြန်လာသူများဖြစ်ပြီး အရက်လိုချင်၍ အရက်ရောင်းရန်ရှိသလားဟု မေးကာ အရက်မရှိဟုပြောဆိုစဉ် ဆိုင်ရှင်၏ ဦးခေါင်းကို ဝါးရင်းတုတ်ဖြင့်ရိုက်၍ ရွှေနှင့်ငွေများ ယူသွားခြင်း ဖြစ်သည်။ ဆိုင်ရှင်ကို ခန္တီးဆေးရုံသို့ ပို့ဆောင်ထားပြီး မိုးမလင်းမီဖြစ်ခဲ့၍ ဓားပြများကို မမှတ်မိသောကြောင့် ဖမ်းဆီးနိုင်ခြင်းမရှိသေးပေ။

## လှည်းတန်းဈေးအနီး ဓာတ်ကြိုးပြတ်ကျရာ ဓာတ်လိုက်၍ နှစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

ရန်ကုန်မြို့၊ လှည်းတန်းစျေးအနီး ပေ ၅၀ လမ်းထဲရှိ ဖိနပ်ဆိုင်သို့ ဖိနပ်လာပို့သော ကားပေါ် ဇွန်လ ၁၂ ရက် ညနေက ဓာတ်ကြိုးပြတ်ကျရာ အနီးဝန်းကျင်ရှိ လူများထဲမှ ဓာတ်လိုက်၍ နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။ "ဖိနပ်လာပို့တဲ့ ကားပေါ်ကို ကျသွားတာကံကောင်းသွားတာ။ အဲဒီကားသာ မရှိရင် မိုးကရွာနေတော့ လမ်းထဲမှာ စျေးရောင်းတဲ့ လူတွေ အားလုံးတစ်သီကြီးသေသွားနိုင်တယ်" ဟု ဓာတ်လိုက်သူများကို ရန်ကုန်ဆေးရုံကြီးသို့ လိုက်ပို့ခဲ့သူ ဦးဉာဏ်မြင့်က ဆိုသည်။အဆိုပါ နေရာတွင် မကြာသေးမီကလည်း ဓာတ်ကြိုး တစ်ခါပြတ်ကျခဲ့ဖူးပြီး မကြာခဏ ပြတ်ကျလေ့ရှိသည်။

## သမ္မတအကြံပေးအဖွဲ့ များ ထပ်မံဖွဲ့ စည်း

နိုင်ငံတော်သမ္မတ၏ အကြံပေး အဖြစ် အဖွဲ့ သုံးဖွဲ့ ကို ထပ်မံတိုးချဲ့ဖွဲ့ စည်းလိုက်ကြောင်း နိုင်ငံတော်သမ္မတရုံးက ဇွန်လ ၁၈ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာသည်။ ယခင် နိုင်ငံရေး၊ စီးပွားရေး၊ ဥပဒေတို့အတွက်သာ အကြံပေးများရှိရာမှ သာသနာရေး၊ ပညာရေး၊ ကျန်းမာရေးသုံးဖွဲ့ ကိုထပ်မံဖွဲ့ စည်းပြီး လူပုဂ္ဂိုလ်ခြောက်ဦးကို ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။ အငြိမ်းစားသာသနာရေးဝန်ကြီး သူရဦးမြင့်မောင်အား သာသနာရေးအကြံပေးအဖွဲ့ ခေါင်းဆောင်အဖြစ် ခန့်အပ်သည်။ အငြိမ်းစားသံအမတ်ကြီး ဦးစိန်ဝင်းအောင်ကိုလည်းသာသနာရေး အကြံပေးအဖွဲ့ အဖွဲ့ဝင်အဖြစ်ခန့်အပ်ခဲ့သည်။ပညာရေးအကြံပေးအဖွဲ့၏ အဖွဲ့ ခေါင်းဆောင်အဖြစ် ဒေါက်တာဒေါ်ရင်ရင်နွယ်ကို ခန့်အပ်ခဲ့ပြီး အဖွဲ့ ဝင်အဖြစ် ဒေါက်တာကျော်ရင်လှိုင်ကို ခန့်အပ်ခဲ့သည်။ကျန်းမာရေးအကြံပေးအဖွဲ့ တွင် ဒေါက်တာဒေါ်နုနုသာကို ခန့်အပ်ခဲ့ပြီးစီးပွားရေးအကြံပေးအဖွဲ့ တွင် အဖွဲ့ ဝင်အဖြစ် ဦးတင်ထွဋ်ဦးကို ခန့်အပ်ခဲ့သည်။

## ဘောလုံးသမားကြည်လင်း၏ လက်ထပ်ပွဲ

ရန်ကုန်ယူနိုက်တက် ဘောလုံးကလပ်အသင်းမှ မြန်မာ့လက်ရွေးစင်ကွင်းလယ်ကစားသမားကြည်လင်းသည် ဇွန်လ ၁၉ ရက်က ၎င်းကိုအမှုဖွင့်တိုင်ကြားခဲ့သော မိန်းကလေးနှင့် နှစ်ဖက်မိဘရှေ့မှောက်တွင် ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာနှင့်အညီ ထိမ်းမြားလက်ထပ်ခဲ့သည်။ လက်ထပ်ပွဲမတိုင်မီ ဇွန်လ ၁၆ ရက်က ဘောလုံးသမားကြည်လင်းအား ဇနီးလောင်း၏ အုပ်ထိန်းသူများက နားလည်မှုလွဲပြီး ကမာရွတ်မြို့နယ်ရဲစခန်းတွင် ပြစ်မှုဆိုင်ရာ ပုဒ်မ–၃၆၆ အရအရွယ်မရောက်သေးသူကိုခိုးယူလက်ထပ်ခြင်းဖြင့် အမှုဖွင့်တိုင်ကြားခဲ့သည်။



*ဖမ်းဆီးခံရသော ဆရာတော်ငါးပါး သင်္ကန်းပြန်လည်ဆီးရန်ရောက်လာရာ ကြိုဆိုသူများကြားတွေ့ရစဉ်*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

## ဖမ်းဆီးခံရသော ဆရာတော်ငါးပါး ဆယ်ရက်အကြာတွင် အာမခံဖြင့် ပြန်လွတ်

မဟာသန္တိသုခကျောင်းတိုက်ကိစ္စနှင့် ပတ်သက်ပြီး ဖမ်းဆီးခံထားရသော အင်္ဂလန်ဆရာတော် ဦးဥတ္တရအပါအဝင် သံဃာတော်ငါးပါးကို တာမွေမြို့နယ် တရားရုံးက ဇွန်လ ၂၀ ရက်တွင် အာမခံဖြင့် ပြန်လည်လွှတ်ပေးလိုက်ပြီး ယင်းနေ့ညနေပိုင်းတွင်ပင် ဇွဲကပင်တောင်ဆရာတော်ကြီးက သင်္ကန်းပြန်လည်ဆီးပေးခဲ့သည်။ မဟာသန္တိသုခကျောင်းတိုက်တွင် သီတင်းသုံးနေသော အင်္ဂလန်ဆရာတော်အပါအဝင် သံဃာတော်ငါးပါးကို ဇွန်လ ၁၁ ရက်ညတွင်ဖမ်းဆီးပြီး ဇွန်လ ၁၃ ရက်တွင်လူဝတ်လဲ၍ တာမွေမြို့နယ် တရားရုံးတွင် ရုံးထုတ်ကာ အင်းစိန်ထောင်သို့ ပို့ဆောင်ခဲ့ခြင်းဖြစ်ပြီး ၁၀ ရက်အကြာတွင် အာမခံရကာ ပြန်လွတ်လာခြင်းဖြစ်သည်။ သို့သော် နောက်ရုံးချိန်များတွင် ရဟန်းဝတ်ဖြင့် အမှုဆက်လက်ရင်ဆိုင်ရမည်ဖြစ်သည်။

## ပျူမြို့ဟောင်းသုံးမြို့ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် စာရင်းဝင်



ဓာတ်ပုံ – ဇော်မင်းထိုက်

မြန်မာနိုင်ငံတွင် မြို့ပြယဉ်ကျေးမှုအစောဆုံးထွန်းကားခဲ့သောပျူမြို့ဟောင်းနေရာများဖြစ်သည့် ဟန်လင်း၊ သရေခေတ္တရာ၊ ဗိဿနိုးစသော မြို့သုံးမြို့ကို ယူနက်စကိုက ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် (World Heritage List) အဖြစ် ဇွန်လ ၂၂ ရက်၌ (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံတွင် ကော်မတီအဖွဲ့ဝင် ၂၁ နိုင်ငံ၏ ထောက်ခံမှုဖြင့် သတ်မှတ်ပေးခဲ့သည်။

ဟန်လင်း၊ သရေခေတ္တရာ၊ ဗိဿနိုးတို့မှာ ပထမဆုံး ကမ္ဘာ့အမွေအနှစ် စာရင်းဝင်မြန်မာမြို့ဟောင်းသုံးမြို့ ဖြစ်လာခဲ့သည်။ ယူနက်စကိုက ကမ္ဘာ့အမွေအနှစ်စာရင်းဝင် မြို့ဟောင်းများအဖြစ် သတ်မှတ်လိုက်သောကြောင့် မြန်မာနိုင်ငံ၏ ရှေးဟောင်းမြို့များ ထိန်းသိမ်းရန် ငွေကြေးနှင့် နည်းပညာအကူအညီများ ပိုမိုရရှိလာနိုင်မည့်အပြင် စီးပွားရေးအခွင့်အလမ်းကောင်းများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ တိုးတက်မှုများ ရရှိလာနိုင်မည်ဟု သက်ဆိုင်ရာ ပညာရှင်များက သုံးသပ်သည်။

## အစိုးရအဖွဲ့ အတွင်း ရာထူးအပြောင်းအလဲအချို့ပြုလုပ်

သာသနာရေးဝန်ကြီး ဦးဆန်းဆင့်ကို ရာထူးမှရပ်စဲ၍ နိုင်ငံပိုင်ငွေအလွဲသုံးစားမှုဖြင့် တရားစွဲဆိုခဲ့ပြီး ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့် ပညာရေးဒုဝန်ကြီးတို့ကိုလည်း ၎င်းတို့ဆန္ဒဖြင့် နုတ်ထွက်ခွင့်ပြုခဲ့သည်။ သာသနာရေးဒုဝန်ကြီးဦးစိုးဝင်းကို ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်ရန် သမ္မတက လွှတ်တော်သို့ သဝဏ်လွှာပေးပို့ထားသည်။ ဦးဆန်းဆင့်ကို ရမည်းသင်းထောင်သို့ ဇွန်လ ၂၀ ရက်တွင် ပို့ဆောင်လိုက်ပြီး ဝန်ကြီးဟောင်း၏ မိသားစုကို နေအိမ်အကျယ်ချုပ်ထားသည်။ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရန် သတင်းထွက်ပေါ်နေသော နယ်စပ်ဒုဝန်ကြီးဟောင်း ဗိုလ်ချုပ်မောင်မောင်အုန်းကို ပြည်နယ်လွှတ်တော်တွင် တပ်မတော်သားကိုယ်စားလှယ်အဖြစ်ခန့်အပ်ခဲ့ပြီး ဇွန်လ ၂၅ ရက်တွင် ရခိုင်ပြည်နယ် လွှတ်တော်ကို အရေးပေါ်ခေါ်ယူထား၍ လွှတ်တော်အစည်းအဝေးမှာပင် ဗိုလ်ချုပ်မောင်မောင်အုန်းကို ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ဖွယ် ရှိသည်။

## ပုပ္ပားတောင် မြောက်ဘက်တွင် ဖုံးသီးဟောင်း နှစ်ရာကျော်တွေ့

ပုပ္ပားတောင်မြောက်ဘက်ရှိ စိတ္တိန်းကျေးရွာတွင် ဆေးခန်းအဆောက်အအုံတည်ဆောက်ရန်အတွက် မြေကျင်းတူးရာ ဗုံးသီး ၂၀၀ ကျော်တွေ့ရှိ၍ မိတ္ထီလာမိုင်းရှင်းလင်းရေးတပ်လာရောက် ရှင်းလင်းပေးခဲ့ရသည်။ ဇွန်လ ၂၀ ရက်တွင် ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပားမြို့၊ စိတ္ထိန်းကျေးရွာရှိ ဆေးခန်းတွင် ဝန်ထမ်းအိမ်ရာ အဆောက်အအုံဆောက်ရန်အတွက် မြေကျင်းတူးရာမှဗုံးသီးများတွေ့ရှိသောကြောင့် မြို့နယ်ရဲတပ်ဖွဲ့နှင့် တပ်မ ၇၈ တပ်ရင်းသို့ အကြောင်းကြားပြီး မိတ္ထီလာမိုင်းရှင်းလင်းရေးတပ်ကို ခေါ်ဆောင်၍ တူးဖော်ရာ ဗုံးသီး ၂၅၇ လုံး တွေ့ရှိခဲ့ခြင်းဖြစ်သည်။အဆိုပါဗုံးသီးများသည်ဒုတိယကမ္ဘာစစ်အတွင်းက ဗုံးဟောင်းများဖြစ်သည်။

7 DAY NEWS JOURNAL
Vol.13, No.16 • JUNE 25 , 2014

# တွင်းတောင်ကို ဘယ်လိုပြန်အသက်သွင်းမလဲ

မျိုးမင်းဦး၊ ညီညီဇော်



*စိမ်းပြာရေညှိထုတ်လုပ်ရာ တွင်းတောင်အားတွေ့ရစဉ်*

ဓာတ်ပုံ–မျိုးမင်းဦး

မရောက်တာကြာပြီဖြစ် သည့် တွင်းတောင်သို့ ၂၀၁၃တွင် ပြန်ရောက်လာသော တွင်းတောင်ရွာသား ဦးငွေမောင်သိန်းတစ်ယောက်တွင်းတောင်အတွင်းမှရေများကိုကြည့်ကာအံ့ဩသွားသည်။

သူတအံ့တသြဖြစ်စေသည့် မြင်ကွင်းက အခြားတော့မဟုတ်။ တစ်ချိန်က စိမ်းပြာရေညှိများ လှိုင်လှိုင်ထွက်ခဲ့ပြီး အစိမ်းပုပ်ရောင်သန်းနေသည့်ရေပြင်ကယခုတော့ အရောင်တွေလျော့ကျကာ အဝါရောင်ဖျော့ဖျော့ဘက်သို့ သန်းနေခြင်းဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၀ ဝန်းကျင် ဦးငွေမောင်သိန်းတို့ တွင်းတောင်အင်းဘေးတွင် နေထိုင်ခဲ့စဉ်အချိန်က ကန်မျက်နှာပြင်ပေါ်၌ စိမ်းပြာရေညှိများ ထူထပ်များပြားစွာ ပေါက်ရောက်နေ၍ လှေလှော်၍ပင် မရခဲ့သော၊ ခဲတစ်လုံး လှမ်းပစ်လျှင်ပင် ရေအောက်သို့ ကျမသွားတတ်သော တွင်းတောင်အင်းရေပြင်မှာ အခုတော့ စိမ်းပြာရေညှိကရေပြင်ပေါ်မှာမတွေ့ရသလောက် ဖြစ်နေသည်။

ဘိုးစဉ်ဘောင်ဆက်တွင်းတောင်အင်းအတွင်းက တွင်းတောင်ရွာတွင် ဦးငွေမောင်သိန်းတို့ မိသားစုနေထိုင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါအသက် (၆၅) နှစ်အရွယ် ဦးငွေမောင်သိန်းသည် တွင်းတောင်ရွာတွင် (၅၉) နှစ်ကြာနေထိုင်ခဲ့ပြီး ကွမ်းစိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးခဲ့သည်။ ၁၉၉၈ ခုနှစ်၌ စပီရူလိုင်းနားဆေးဝါးထုတ်လုပ်ရေးအတွက် ရွာလုံးကျွတ်ပြောင်းရွှေ့ခဲ့ရသဖြင့် တွင်းတောင်အင်းအနီးမှ အင်းပြင်ပတောင်ပေါ်ကျေးရွာသစ်သို့ ပြောင်းရွှေ့ နေထိုင်ခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်က တွင်းတောင်အင်းရေမျက်နှာပြင် ပြီးခဲ့သည့်နှစ်ကဲ့သို့ မြင့်တက်ခဲ့ဖူးသော်လည်း အင်းမျက်နှာပြင်မှ ရေညှိများပျောက်ကွယ်သွားခြင်းမရှိခဲ့ပေ။

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်ရှိ တွင်းတောင်က အသွင်အပြင်သဏ္ဌာန်တစ်ခုတည်းသာ ပြောင်းလဲသွားခြင်းမဟုတ်ပါ။ ယခင်က တစ်နှစ်လျှင် စိမ်းပြာရေညှိပေါင်း တန်ချိန်ထောင်ချီထွက်ရှိခဲ့သည့် တွင်းတောင်သည် လွန်ခဲ့သော ၂ နှစ်ခန့်မှစတင်ကာ စိမ်းပြာရေညှိအထွက် သိသိသာသာလျော့ကျလာခဲ့ပြီး ယခုနှစ်တွင်တော့ လုံးဝမထွက်တော့ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များကပြောကြားခဲ့သည်။

"ဒီနှစ်မှာတော့ လုံးဝမထွက်တော့ဘူး။ ရပ်သွားပြီ။ တွင်းတောင်မှာ စပီရူလိုင်းနားမရှိတော့ဘဲ တခြားအမျိုးမတူတဲ့ ရေညှိတွေဝင်လာတယ်။ အဲဒါက စပီရူလိုင်းနားမဟုတ်ဘူး"ဟု တွင်းတောင်တွင် စိမ်းပြာရေညှိမှ ဆေးဝါးထုတ်လုပ်နေသည့် ဒေါက်တာမင်းသိမ်းကလည်းပြောသည်။

ထို့အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များ၊ ဘူမိဗေဒပညာရှင်များ၊ ရေညှိဆိုင်ရာပညာရှင်များ၊ ဆေးဝါးထုတ်လုပ်ရေးဆိုင်ရာပညာရှင်များက ဇွန်လ ၅ ရက်က နေပြည်တော်တွင် ခေါင်းချင်းဆိုင်ကာ အဖြေထုတ်ခဲ့ကြသည်။

အဖြေထုတ်ရာတွင် ကဏ္ဍအသီးသီးမှ ပညာရှင်များဖြစ်၍ တစ်ဦးနှင့်တစ်ဦးအယူအဆမတူမှုများလည်းရှိခဲ့သည်။ သို့သော် သေချာသည်ကတော့ နှစ်ပေါင်းများစွာ ဆေးဖက်ဝင်စိမ်းပြာရေညှိထုတ်ပေးခဲ့သော ဒေသခံများ ဝင်ငွေတိုးရန် တွင်းပိုးထုတ်ပေးခဲ့သော တွင်းတောင်မှာ အခုတော့ အခက်ခဲဆုံးအချိန်များရင်ဆိုင်နေရပြီဖြစ်၏။

စိမ်းပြာရေညှိမထွက်တော့ခြင်းကြောင့် ဒေသခံတို့အပေါ် ရိုက်ခတ်မှုလည်း ရှိလာပါသည်။ တွင်းတောင်စိမ်းပြာရေညှိလုပ်ငန်းတွင် လုပ်ကိုင်နေသည့် ဒေသခံဝန်ထမ်း ၆၀ ကျော်ခန့်မှာ ယခင်လို အိုးမကွာ၊ အိမ်မကွာ လုပ်ကိုင်ခွင့်မရတော့ဘဲ စက်ရုံ၏ အစီအစဉ်ဖြင့် အလုပ်အကိုင်ရရှိစေရန် စစ်ကိုင်းရေခါးအင်းစက်ရုံသို့ အလှည့်ကျပြောင်းရွှေ့လုပ်ကိုင်စေခဲ့ကြောင်းတွင်းတောင်ဆေးဝါးထုတ်လုပ်ရေးစခန်းမှ တာဝန်ခံ ဦးစည်သူကပြောပါသည်။

"အရင်တုန်းက လက်ရှိဝန်ထမ်းတွေအပြင် နေ့စားဝန်ထမ်းတွေပါ ခေါ်ပြီး အလုပ်ပေးနိုင်ခဲ့တယ်။ ခုတော့ ရှိတဲ့ဝန်ထမ်းတွေကိုတောင် စက်ရုံမှာလိုသလောက်ပဲ ထားခဲ့ပြီး စစ်ကိုင်းက ပင်မစက်ရုံကို ပြောင်းပေးထားတယ်"ဟု ဦးစည်သူကပြောသည်။

စိမ်းပြာရေညှိသည် ကမ္ဘာတွင် မြန်မာနိုင်ငံ၊ ချက်သမ္မတနိုင်ငံနှင့် ကွန်ဂိုနိုင်ငံတို့တွင်သာ သဘာဝနည်းလမ်းအတိုင်း ထွက်ရှိပြီး အခြားနိုင်ငံများမှာ မွေးမြူသည့်နည်းလမ်းအတိုင်းသာ ထွက်ရှိသည်။

ပြည်တွင်း၌ စိမ်းပြာရေညှိထွက်သောနေရာ ၁၀ နေရာခန့်ရှိပြီး တွင်းတောင်မှာ အများဆုံးထွက်သည်။ ရေခါးအင်းမှာလည်း အတန့်အသင့်ထွက်ရှိပြီး ကျန်နေရာများမှာ အနည်းငယ်သာထွက်သည်။တွင်းတောင်မှစိမ်းပြာရေညှိထုတ်လုပ်ရန် ၁၉၈၄ ခုနှစ်တွင် သုတေသနပြုပြီး ၁၉၈၈ ခုနှစ်မှစတင်၍ ထုတ်လုပ်ခဲ့သည်။

"တစ်ချိန်တုန်းက စိမ်းပြာရေညှိကို တွင်းတောင်ရွာက တိရစ္ဆာန်အစာအဖြစ်ပဲ သုံးခဲ့တယ်။ သုတေသနလုပ်ငန်းတွေ အောင်မြင်လာတဲ့နောက်ပိုင်း ဆေးဝါးနဲ့ စားသောက်ကုန်တွေအထိ ထုတ်လုပ်နိုင်ခဲ့တယ်"ဟု တွင်းတောင်စိမ်းပြာရေညှိထုတ်လုပ်ရေးစခန်းတာဝန်ခံ ဦးစည်သူက သုတေသနလုပ်ငန်းများအစကို ပြောပြသည်။

မြန်မာနိုင်ငံရှိ တွင်းတောင်စိမ်းပြာရေညှိမှာ အထွက်နှုန်းအကောင်းဆုံးအပြင် အရည်အသွေးမှာလည်း အကောင်းဆုံးဖြစ်ခဲ့ပြီး ဆေးဖက်ဝင်သည့်အတွက် ဆေးဝါးပစ္စည်း၊ အလှကုန်၊ စားသောက်ကုန်တို့တွင် အသုံးပြုခဲ့သည်။

"စိမ်းပြာရေညှိဆေးကို တစိုက်မတ်မတ်သုံးနေတဲ့သူတွေရှိတယ်။ ရေညှိမထွက်တော့ဘူးဆိုရင် အဲဒီလိုစားသုံးသူတွေအတွက် အခက်အခဲဖြစ်မယ်"ဟု မုံရွာတက္ကသိုလ် ဘူမိဗေဒဌာနပါမောက္ခမှူး ဒေါက်တာဇော်မြင့်နီကပြောသည်။

တွင်းတောင်တွင် စိမ်းပြာရေညှိတစ်ခုတည်းတင် ပျောက်ကွယ်သွားခြင်းမဟုတ်ပါ။ တွင်းတောင်၏ အခြားလူသိများသည့် ဝိသေသတစ်ခုဖြစ်သော တွင်းပိုးကောင်များလည်း မထွက်တော့ကြောင်း တွင်းတောင်အနီးရှိ တွင်းတော်ကျေးရွာ ဒေသခံများကပြောသည်။ ရွာရှိလူဦးရေ၏လေးပုံသုံးပုံခန့်က တွင်းပိုးဖမ်းသည့် လုပ်ငန်းအား ယခုလိုမိုးရာသီကာလတွင် လုပ်ကိုင်ခဲ့ကြရာ ယခုနှစ်တွင်မူ တွင်းပိုးထွက်ရှိမှု မရှိတော့ခြင်းကြောင့် အခြားလုပ်ငန်းများသို့ ပြောင်းလဲလုပ်ကိုင်နေရကြောင်းဒေသခံများကပြောသည်။

တွင်းတော်ရွာတွင် လူဦးရေ ၁၂၀၀ ကျော်ရှိကာ တွင်းပိုးရောင်းရသော ရက်များက တစ်ရက်လျှင် တစ်အိမ်လျှင် ကျပ်တစ်သောင်းဝန်းကျင် ဝင်ငွေရလေ့ရှိသည်။ တွင်းတောင်အင်းပတ်လည်တွင် ကျောက်တန်းစီကာ ကွန်ကရစ်လောင်းလိုက်သည့်အတွက် တွင်းပိုးအောင်းရန် နေရာမရှိတော့ကြောင်း ဒေသခံများက ပြောသည်။ ထို့အပြင် တွင်းတောင်အင်းအတွင်း ငါးများပေါများလာခြင်းက စိမ်းပြာရေညှိအပြင် တွင်းပိုးကိုပါ ပျောက်ကွယ်စေခဲ့သည် ဟု ထင်မြင်ကြောင်း ဒေသခံတို့က ထင်မြင်ယူဆနေသည်။

"တွင်းထဲမှာ အရင်က ငါးမရှိဘူး။ အခုငါးတွေပေါလာတော့ ငါးတွေစားတာလည်းဖြစ်နိုင်တယ်" ဟု ဒေသခံဦးဉာဏ်လင်းကပြောပါသည်။

တွင်းတောင်အင်းအတွင်း ယခင်က ငါးများနေထိုင်ကျက်စားခြင်းမရှိခဲ့သော်လည်း တွင်းတောင်အတွင်း တွင်းတော်ရွာတည်ရှိခဲ့စဉ်အချိန်က ကွမ်းစိုက်ပျိုးရေးအတွက် ရေချိုတွင်းများရှိခဲ့ပြီး အဆိုပါရေချိုတွင်းများအတွင်း ငှက်ဖျားရောဂါကာကွယ်ရေးအတွက် ငါးများမွေးမြူခဲ့ရာမှ အင်းအတွင်း ဝင်ရောက်ပေါက်ဖွားခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများနှင့် ပညာရှင်များကပြောသည်။ တွင်းတောင်အင်းအတွင်း ပေါက်ဖွားနေသည့် ငါးအမျိုးအစားမှာ တီလားပီးယားငါးမျိုးဖြစ်ပြီး အဆိုပါငါးများ ပေါက်ဖွားမှုလျော့ကျစေရန် ရေလုပ်သား ငါးဦးမှဆယ်ဦးအထိ အသုံးပြုကာ စတင်ဖမ်းဆီးနေပြီး အင်းအတွင်း ငါးများမရှိတော့စေရန် စီမံကိန်းရေးဆွဲ၍ ဆက်လက်ဆောင်ရွက်သွားမည်ဟု စခန်းတာဝန်ခံ ဦးစည်သူကပြောသည်။

အချပ်ပို A7 »

# လေးစားတန်ဖိုးထားရပါသော ဝယ်ယူသူများနှင့် လူနာများ ခင်ဗျား ...

လူကြီးမင်းတို့၏ ရောဂါသက်သာပျောက်ကင်းရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် Switzerland နိုင်ငံ Roche Co., Ltd မှထုတ်လုပ်ပြီး DKSH Co., Ltd မှ တရားဝင်တင်သွင်းဖြန့်ချိသော အရည်အသွေးစစ်မှန်ပြီး ယုံကြည်စိတ်ချရသည့် ဆေးဝါးများနှင့် တရားမဝင်ဖြန့်ချိပြီး အရည်အသွေးမစစ်မှန်သည့် ဆေးဝါးများကို အလွယ်တကူ ခွဲခြားနိုင်ရန် အောက်ပါအချက်များကို အထူးသတိပြု စစ်ဆေးဝယ်ယူကြပါရန် လေးစားစွာ အသိပေးအပ်ပါသည်။

## စစ်ဆေးကြည့်ရှုရန်အချက်များ


(၁) Roche Hologram ( Roche ရောင်ပြန်တံဆိပ်ပြား )

(၂) Myanmar Registration Number (မြန်မာဆေးဝါးမှတ်ပုံတင်အမှတ် )


(၃) DKSH မှ တိုက်ရိုက်ဝယ်ယူပါက တရားဝင် DKSH INVOICE ၊ ကုမ္ပဏီ လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်

## Roche ရောင်ပြန်တံဆိပ်ပြား

ရောင်ပြန်တံဆိပ်ပြား ပါရှိသော ဆေးအစစ်အမှန်





ရောင်ပြန်တံဆိပ်ပြား မပါရှိသော ဆေးအတု




## မြန်မာဆေးဝါးမှတ်ပုံတင်အမှတ်

မြန်မာဆေးဝါးမှတ်ပုံတင်အမှတ် ပါရှိသော ဆေးအစစ်အမှန်




မြန်မာဆေးဝါးမှတ်ပုံတင်အမှတ် မပါရှိသော ဆေးအတု




## DKSH INVOICE ၊ ကုမ္ပဏီ လိပ်စာနှင့် ဖုန်းနံပါတ်

**Customer Care Center Ph : 707181** INVOICE DKSH

**DIETHELM & CO., LTD.**

No.13, Thitsar Road, Yankin Township, Yangon.

Commercial Tax Registration No. Ka Tha / 1569

Print Date At: 1/16/2014 1:56:04 PM

*YP14016004693*




# THE WORLD'S NUMBER ONE LUXURY CAR BRAND HAS AR

The arrival of BMW in Myanmar marks a significant change in the way you experience luxury. As the world's number one luxury car brand, our commitment to the highest standards mean you no longer have to settle for second best.

(3 years Warranty, inclusive 3 years Maintenance Service and 1 year Comprehensive Motor Insurance)

The wait is now over. Contact : **09 8633 209** or email : **info@pac-bmw.com** to experience Sheer Driving Pleasure.

**PRESTIGE AUTOMOBILES. MYANMAR'S EXCLUSIVE AUTHORISED BM**




RRIVED.

MW DEALER.

BMW EfficientDynamics
Less emissions. More driving pleasure.

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်

# 68 RESIDENCE SALES GALLERY စတင်ဖွင့်လှစ်ခြင်းနှင့် အဆင့်မြင့်အိမ်ယာစီမံကိန်း စတင်ရောင်းချခြင်းအခမ်းအနား



68 RESIDENCE

WE DEFINE LIFESTYLE

မေလ (၁၅)ရက်နေ့မှ ဇွန်လ (၁၅)ရက်နေ့အထိ
PREVIEW LAUNCH ကာလတွင် ဝယ်ယူအားပေးသည့်
ဧည့်သည်တော်များအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့်

**GRAND PRIZE -**
**KIA BRAND NEW ကားတစ်စီး**

**1ST PRIZE -**
**GIA CERTIFICATE (၁)ကာရက်ရှိ စိန်လက်စွပ်တစ်ကွင်း**

**2ND PRIZE -**
**HONG KONG ခရီးစဉ်(၂ဦး)လေးညအိပ် ငါးရက်ခရီး**

**ကံထူးရှင်များအား ရွေးချယ်ခြင်းအခမ်းအနား**

Date: 14th & 15th June 2014
Time: 10am to 8pm
Venue: 44/A, Sayarsan Road,
Bahan Township, Yangon

ကံထူးရှင်များရွေးချယ်ပေးမည့်နေ့ရက်နှင့် အချိန် - ၂၀၁၄ခုနှစ်၊ ဇွန်လ ၁၅ရက်၊ တနင်္ဂနွေနေ့ညနေ (၇)နာရီ



## စိတ်ပါဝင်စားသည့် ဧည့်သည်တော်များအားလုံးကိုလည်း လာရောက်လေ့လာကြည့်ရှုဖို့ ဖိတ်ခေါ်အပ်ပါသည်။

- ကမ္ဘာအေးဘုရားလမ်းနှင့်ဆရာစံလမ်းထောင့် (ရန်ကုန်မြို့၏အထင်ကရနေရာ)
- တမူထူးခြားဆန်းပြားသော ဗိသုကာဒီဇိုင်း
- မြန်မာနိုင်ငံ၏ပထမဦးဆုံးသော INFINITY SWIMMING POOL AT ROOFTOP & SKY GARDEN
- မြန်မာနိုင်ငံ၏ပထမဦးဆုံးသော ရည်ရွယ်ချက်မျိုးစုံအသုံးပြုနိုင်သည့် DUAL KEY SYSTEM UNIT များ
- တစ်နေရာတည်းတွင် ရုံးခန်းနှင့်လူနေအိမ်ခန်းတွဲလျက်ပါရှိမည့် DUPLEX SYSTEM
- အဆင့်မြင့် MAIN DOOR နှင့် လုံခြုံရေး SMART ACCESS SYSTEM
- အဆင့်မြင့်မီးဘေးအန္တရာယ်ကာကွယ်ရေးစနစ်နှင့် အလိုအလျောက်မီးငြိမ်းသတ်စနစ်
- ကမ္ဘာ့အဆင့် CONDOMINIUM နှင့် SERVICED RESIDENCE စီမံခန့်ခွဲမှု
- 24/7 အဆင့်မြင့်လုံခြုံရေးစနစ်များ
- အခန်းတိုင်းအတွက် လုံလောက်သော CAR PARKING များ
- FULLY FINISHED FACILITIES

| ROOM TYPES | SQFT |
| --- | --- |
| 2 BEDROOMS | 1000 - 1100 Sqft |
| 2 BEDROOMS + STUDY | 1200 - 1300 Sqft |
| 3 BEDROOMS + STUDY | 1380 - 1580 Sqft |
| DUPLEX (3 BEDROOMS + 1) | 2100 Sqft |
| DUAL KEY (2 BEDROOMS + 1 BEDROOM) | 2100 Sqft |
| PENTHOUSE | 4350 - 5400 Sqft |

**အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးပါမည်။**

ပထမဦးဆုံး RESERVATION FEES အနေဖြင့် သိန်း(၅၀) ပေးသွင်းပြီး မိမိကြိုက်နှစ်သက်သည့်အခန်းရွေးချယ်နိုင်ပါသည်။
7th JUNE တွင် 5%, JULY တွင် 10%, AUGUST တွင် 10% ပေးသွင်းပြီး
ကျန် 70% ကို ၃၆လအတွင်း အညီအမျှခွဲ၍(2%ဝန်းကျင်စီ) ပေးသွင်းရပါမည်။ နောက်ဆုံးကျန်ငွေ
5%ကို သော့အပ်ချိန်၌ အခန်းဝယ်ယူသူများမှ DEVELOPER အား ပေးသွင်းရပါမည်။

SHOWROOM :
44/A. SAYAR SAN ROAD,BAHAN TOWNSHIP,
YANGON, MYANMAR.

09 4202 88025, 09 4253 10993,
09 730 40513, 09 4500 21758,
09 540 7541, 09 2501 41060

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.13, No.16 • JUNE 25 , 2014



စာမျက်နှာ ၃ မှ

# အားကိုးရာရှာမတွေ့သေးတဲ့ လူဦးရေသုံးသန်းကျော်

ကူးမှုဖြစ်စဉ်များကို အမေရိကန်က လေ့လာစောင့်ကြည့်လျက်ရှိရာ ထိုင်းနိုင်ငံသည် လွန်ခဲ့သည့် လေးနှစ်ခန့်က စောင့်ကြည့်အဆင့်နံပါတ် (၂)အဖြစ် ထည့်သွင်းသတ်မှတ်ခံရခြင်းကြောင့် တရားမဝင်နေထိုင်သော ရွှေ့ပြောင်းလုပ်သားများကို ဖမ်းဆီးနေခြင်းဖြစ်သည်ဟု ဆိုသည်။

ဖမ်းဆီးခံရသောလုပ်သားများ၏ နိုင်ငံအစိုးရက ထိုင်းစစ်အစိုးရအပေါ် အပြစ်တင်မှုကိုမလိုလားသလို၊ စီးပွားရေးထိခိုက်မှုများကို မလိုလားသောကြောင့် ဖမ်းဆီးမှုကို အလျင်စလိုပြုလုပ်မည်မဟုတ်ကြောင်း ထိုင်းအာဏာသိမ်းစစ်တပ်ခေါင်းဆောင်က ကြေညာချက်တွင် ဖော်ပြထားသည်။ ထို့အပြင် မူးယစ်ဆေးဝါးရောင်းဝယ်မှုများ၊ လူကုန်ကူးမှုများနှင့် လက်နက်ရောင်းဝယ်ရေးစသည့်လုပ်ငန်းများကို ထိန်းချုပ်ရန်အတွက် တရားမဝင်နေထိုင်သူများကို ရှင်းလင်းခြင်း၊ ဖမ်းဆီးခြင်းဖြစ်ကြောင်း ထိုင်းယာယီအစိုးရက ဆိုသည်။

မြန်မာနိုင်ငံသားများကို သီးသန့်ဖမ်းဆီးခြင်းမဟုတ်ဘဲ တရားမဝင်နေထိုင်သော အခြားနိုင်ငံမှ နိုင်ငံသားများလည်း ဖမ်းဆီးခံရမှုတွင် ပါဝင်ခဲ့သည်။

ထိုင်းစစ်တပ်၏ ဖမ်းဆီးမှုများကြောင့် ကမ္ဘောဒီးယားရွှေ့ပြောင်းလုပ်သားနှစ်သိန်းကျော်လည်း နေရပ်သို့ပြန်သွားခဲ့ကြသည်။

ကမ္ဘောဒီးယားနိုင်ငံသား နှစ်သိန်းကျော်ပြန်သွားခဲ့ရာမှ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းလည်ပတ်ရန် လုပ်သားရှားပါးမည်ကို စိုးရိမ်သောကြောင့် ဖမ်းဆီးမှုများရပ်တန့်ရန် အစိုးရကိုတောင်းဆိုခဲ့သည်။ ထိုသို့တောင်းဆိုခြင်းကြောင့် ဖမ်းဆီးမှုများကို ရပ်တန့်ခဲ့ရာ မြန်မာလုပ်သားများ သက်သာရာရခဲ့သည်။

ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်သော မြန်မာနိုင်ငံသား သုံးသန်းကျော်၊ လေးသန်းခန့်ရှိသည်။အများစုမှာတရားမဝင်လုပ်သားများဖြစ်သည်။ ကမ္ဘောဒီးယား၊ လာအို၊ ဘင်္ဂလားဒေ့ရှ်နှင့် အင်ဒိုနီးရှားနိုင်ငံမှ လုပ်သားများလည်း လာရောက်လုပ်ကိုင်ကြသည်။

မြန်မာနိုင်ငံသားများဖမ်းဆီးခံရမှုနှင့်ပတ်သက်၍ ထိုင်းနိုင်ငံမြန်မာသံရုံးမှ သတိပေးထုတ်ပြန်မှုနှစ်ကြိမ်ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံသားများ ဖမ်းဆီးခံရမှုများရှိပါက မြန်မာသံရုံးသို့ဆက်သွယ်အကြောင်းကြားရန် ထိုင်းနိုင်ငံမြန်မာသံရုံးက ဖုန်းနံပါတ်များ ကြေညာခဲ့သည်။ မြန်မာအစိုးရကလည်း ဖမ်းဆီးခံရမှုသတင်းများဟုတ်၊ မဟုတ်စုံစမ်းစစ်ဆေးခဲ့သည်။

လက်တွေ့တွင် မြန်မာသံရုံးသို့ ဆက်သွယ်အကူအညီတောင်းခံရန် ဖုန်းနံပါတ်များထုတ်ပြန်ထားသော်လည်း ဆက်သွယ်အကူအညီတောင်းခံသူအချို့ကမူ အဆင်မပြေဟုဆိုသည်။ သံအမတ်ကြီးထံ ဖုန်းနံပါတ်တောင်းသော ကိုစောမောင်မှာ သံအမတ်ကြီးနှင့် အချေအတင် စကားများခဲ့သည်။

“မြန်မာနိုင်ငံသားတွေကို ပစ်မထားဖို့နဲ့ ကူညီဖို့ကို နိုင်ငံခြားရေးဝန်ကြီးဌာနက မှာထားပါတယ်။ ဦးတို့လည်း လိုက်လံစုံစမ်းပြီးပါပြီ။ ဖမ်းဆီးထားတာမရှိတော့ပါဘူး။ လက်ရှိဖမ်းဆီးနေတာနဲ့ပတ်သက်ပြီး ထိုင်းစစ်တပ်နဲ့လည်း တွေ့ပြီးပါပြီ။ ဖမ်းဆီးခံရရင် ချက်ချင်းပြောပါ။ ဖမ်းဆီးထားတဲ့သူတွေရှိရင် ဘယ်မှာရှိလဲပြောပါလို့တောင် ပြောပါတယ်”ဟု ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်က ပြောသည်။

ဦးဝင်းမောင်က ထိုင်းစစ်အစိုးရမှ တာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံသောအခါ မြန်မာလုပ်သားများကို ဖမ်းဆီးမည်မဟုတ်ဟု ကတိပေးသည်ဟုဆိုသည်။

မဟာချိုင်မှ အလုပ်သမားများကတော့ ယခုတစ်ကြိမ်ဖမ်းဆီးမှုမှာ ယခင်နှင့်မတူဘဲ ပိုမိုကြမ်းတမ်းခဲ့သည်ဟုဆိုသည်။

မဟာချိုင်ရှိ မြန်မာများကို ထိုင်းအာဏာပိုင်များက ဖမ်းဆီးရာတွင် ပတ်စ်ပို့ရှိပါက အိတ်ကပ်အတွင်း မြင်းဆေး(ရာဘ)ထည့်ဖမ်းခြင်း၊ ကိန်းဂဏန်းများပါသည့် စာရွက်စာတမ်းများတွေ့ရှိပါက ချဲဂဏန်းများဟုဆိုကာ ဖမ်းဆီးခြင်း၊ ဒဏ်ငွေမဆောင်ဘဲ ကွန်ပျူတာအသုံးပြုသော မြန်မာများအား ဖမ်းဆီးခြင်းစသဖြင့် အကြောင်းပြချက်မျိုးစုံဖြင့် ဖမ်းဆီးနေခြင်းဖြစ်ကြောင်း မဟာချိုင်ရှိ မြန်မာများက ဆိုသည်။

“မြန်မာတွေဆို သူတို့လုပ်ချင်သလို လုပ်လို့ရတယ်ဆိုပြီး လုပ်နေတာ။ ကွန်ပျူတာသုံးတဲ့သူဆိုရင်လည်း ဘာမှမပြောဘဲ ဖမ်းတယ်။ အဖမ်းမခံချင်ရင် တစ်လကို ဘတ် ၅၀၀ ပေးမှ သုံးလို့ရတယ်”ဟု မဟာချိုင်ရှိရွှေ့ပြောင်းလုပ်သားကလေးများကို ပညာသင်ပေးနေသော ကျောင်းဆရာ ကိုဖြိုးသစ်ဆန်းက ပြောသည်။

မဟာချိုင်ရှိ မြန်မာလုပ်သားအများစုမှာ ငါးဖမ်းလုပ်ငန်း၊ ရေထွက်ကုန်လုပ်ငန်းတို့တွင် အများဆုံးလုပ်ကိုင်နေကြပြီး တစ်နေ့ဝင်ငွေမှာ ဘတ် ၂၅၀ (ကျပ်ငွေ ၇,၀၀၀)ဝန်းကျင်ရရှိသည်။ အထည်ချုပ်စက်ရုံနှင့် ဖိနပ်စက်ရုံတို့တွင်လည်း လုပ်ကိုင်သူများရှိကြသည်။

မြန်မာလုပ်သားများအားဖမ်းဆီးမှုသည် ယခင်က အနည်းငယ်သာရှိသော်လည်းယခုစစ်တပ်အာဏာသိမ်းပြီးနောက် ဖမ်းဆီးခံရမှုပိုများလာခြင်းဖြစ်သည်။

မြန်မာလုပ်သားများ အဓိကရင်ဆိုင်ရသည့် ပြဿနာသည် ထိုင်းလုပ်သားများနှင့် တန်းတူအခွင့်အရေးမရရှိမှုနှင့် တရားဥပဒေအကာအကွယ်မဲ့နေသည်က အဓိကရင်ဆိုင်ရသည့် ပြဿနာဖြစ်ကြောင်း ၎င်းတို့က ဆိုသည်။

“ကျွန်တော်တို့လိုအပ်နေတာ ထိုင်းအလုပ်သမားတွေနဲ့ တန်းတူအခွင့်အရေးရဖို့၊ တရားဥပဒေအကာအကွယ်နဲ့ မြန်မာအစိုးရရဲ့ ရင်ဝယ်သားလို ဂရုတစိုက်နဲ့ ကူညီစောင့်ရှောက်မှုတွေ အရမ်းလိုအပ်နေတယ်။ တရားမဝင်နေတဲ့သူတွေကို တရားဝင်ဖြစ်အောင်လုပ်ပေးရမှာ အစိုးရတာဝန်ပဲ”ဟု ကိုစောမောင်က ပြောသည်။

“ထိုင်းကိုလွှတ်ထားတဲ့ သံမှူး၊ သံအမတ်နဲ့ အလုပ်သမားသံအရာရှိဟာ အလုပ်သမားကိစ္စတွေကို ဘယ်ကစလို့ စရမှန်းမသိဘူး၊ နားမလည်ဘူး။ နားလည်အောင်လည်း မကြိုးစားဘူး။ အဲဒီလူတွေအတွက် မြန်မာနိုင်ငံကသူတွေက ပြန်ကြည့်မပေးတာ မအံ့သြဘူး”ဟု ထိုင်းနိုင်ငံရောက်ရွှေ့ပြောင်းလုပ်သားများအရေးဆောင်ရွက်ပေးနေသော ဘန်ကောက်အခြေစိုက် ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအဖွဲ့ MAT ဒါရိုက်တာ ဦးကျော်သောင်းက ပြောသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သော ရွှေ့ပြောင်းမြန်မာလုပ်သားများအတွက် ဖမ်းဆီးခံရမှုနှင့် တန်းတူအခွင့်အရေးမရရှိမှုများမှာ ထိုင်းနိုင်ငံသို့သွားရောက်လုပ်ကိုင်သော မြန်မာများသာမက မလေးရှားနိုင်ငံသို့ သွားရောက်လုပ်ကိုင်သော မြန်မာများလည်း ခံစားနေရသည်။

၂၀၁၃ ခုနှစ်အတွင်း မလေးရှားနိုင်ငံတွင်နေထိုင်သည့် တရားမဝင်မြန်မာနိုင်ငံသားများကို အင်အားသုံးဖမ်းဆီးရာ လူဦးရေတစ်ထောင်ကျော် ဖမ်းဆီးခံရသည်။ ထိုသို့ ဖမ်းဆီးခံရမှုများကြောင့် မလေးရှားနိုင်ငံတွင် လုပ်ကိုင်နေသော မြန်မာနိုင်ငံသား သုံးထောင်ကျော်ပြန်ရောက်လာခဲ့သည်။

နိုင်ငံဖြတ်ကျော်သွားရောက်လုပ်ကိုင်နေသော အိမ်ဖော်အိမ်အကူများအပါအဝင် မြန်မာနိုင်ငံသားအလုပ်သမားများအတွက် ဘဝလုံခြုံမှုကို အကာအကွယ်ပေးနိုင်သော နိုင်ငံခြားရောက်မြန်မာအလုပ်သမားများဆိုင်ရာ အထူးဥပဒေတစ်ရပ်အလျင်အမြန်ပြဋ္ဌာန်းပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသောအဆိုကို ပြည်သူ့လွှတ်တော်အမတ်ဦးသိန်းညွန့်က ဇွန်လ ၉ ရက်က အဆိုတင်ပြရာ ရှုံးနိမ့်ခဲ့သည်။ ထိုအဆိုရှုံးနိမ့်ခြင်းသည် ပြည်ပရောက်အလုပ်သမားကို ဖိနှိပ်ခံရမှု ဆက်ခံစားနေရမည့်သဘောဖြစ်သည်။

“အခုအစိုးရလက်ထက်မှာ တရားမဝင် နေတဲ့သူတွေကို တရားဝင်ဖြစ်အောင်လုပ်ပေးရင် ကျေနပ်ပါပြီ။ ဒီလိုမှမဟုတ်ရင် မဟာချိုင်မှာနေတဲ့သူတွေက မသေခင် ရသလောက်စု။ ဘယ်နေ့ဘယ်သူအဖမ်းခံရမလဲဆိုတာ စောင့်ရင်း အသက်ရှင်နေရတဲ့သူတွေပါ”ဟု ကိုဖြိုးသစ်ဆန်းက ပြောသည်။

အချပ်ပို A2 မှ

# တွင်းတောင်ကို ဘယ်လိုပြန်အသက်သွင်းမလဲ

တီလားဗီးယားငါးများမှာ စိမ်းပြာရေညှိများကို ကြိုက်နှစ်သက်ကြောင်း တွေ့ရှိရပြီး အဆိုပါငါးများကို တွင်းတောင်အင်းအတွင်းမှ ပိုက်ကွက်အရွယ်စုံသုံး ရှင်းလင်းရန် လိုအပ်နေကြောင်း ပါမောက္ခဒေါက်တာဇော်မြင့်နီက အကြံပြုသည်။

စိမ်းပြာရေညှိမထွက်ရှိတော့ခြင်းမှာ ရေချိုနှင့် တီလားဗီးယားငါးများကြောင့်အပြင် ရာသီဥတုဖောက်ပြန်ခြင်း၊ ဂေဟစနစ်ပြောင်းလဲလာခြင်း၊ အလင်းရောင်နှင့် အပူချိန်ပြောင်းလဲခြင်းအစရှိသည့် အချက်များလည်း ပါဝင်ကြောင်း၊ စပီရူလိုင်းနား မျိုးဆက်များမကုန်ဆုံးစေရေး၊ ဂေဟစနစ်ပြောင်းလဲပျက်စီးခြင်းမရှိစေရေး မူလသဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်နေပြီဖြစ်ကြောင်း မုံရွာတက္ကသိုလ်ရုက္ခဗေဒဌာန တွဲဖက်ပါမောက္ခ ဒေါက်တာအုန်းမောင်ကလည်း ပြောသည်။

စိမ်းပြာရေညှိအထွက်လျော့စေသည့် ရေချိုဝင်ရောက်မှု လမ်းကြောင်းတစ်ခုအဖြစ် တွင်းတောင်အနီးရှိ မြစ်ရေတင်စီမံကိန်း ရေသွင်းမြောင်းကို လက်ညှိုးထိုးမှုများရှိနေ၍ အဆိုပါရေသွင်းမြောင်းမှ စိုက်ပျိုးရေမရရှိတော့မည်ကို ဒေသခံတောင်သူများက စိုးရိမ်လျက်ရှိသည်။

“လက်ရှိစိမ့်ရေထွက်ရှိတဲ့နေရာက လွန်ခဲ့တဲ့ နှစ်ပေါင်းခြောက်ဆယ်ကျော်ကတည်းက ရှိခဲ့တာ။ ဆည်မြောင်းပိတ်မယ်၊ ရေပိတ်မယ်ဆို အဆင်မပြေတော့ဘူး။ ဒီမြစ်ရေတင်စီမံကိန်းကြောင့် တစ်သီးစားကနေ သုံးသီးစားစိုက်နိုင်တာ”ဟု ဒေသခံတောင်သူ ဦးဉာဏ်လင်းကပြောပါသည်။ အဆိုပါမြစ်ရေတင်စီမံကိန်းအား မှီခိုနေသူ ကျေးရွာပေါင်း သုံးဆယ်ဝန်းကျင်ခန့်ရှိပြီး ယင်းဒေသများမှာ မိုးခေါင်ရေရှားဒေသဖြစ်သည့်အတွက် တစ်နှစ်ပတ်လုံး မှီခိုစိုက်ပျိုးနေရကြောင်း ဒေသခံတောင်သူများကပြောသည်။

ရေငန်တွင် ထွက်ရှိသည့် စိမ်းပြာရေညှိသည် PHအဆင့် ၁၀ တွင် သဘာဝအတိုင်းထွက်ရှိပြီး လွန်ခဲ့သည့် ၂၀၀၆ခုနှစ်ကစတင်ခဲ့သော မြစ်ရေတင်စီမံကိန်းကြောင့် ရေချိုဝင်ရောက်ကာ PH အဆင့် ၈ဒသမ ၆သာရှိတော့သည့်အတွက် အထွက်နှုန်းလျော့သွားရာမှ လုံးဝမထွက်တော့ခြင်းဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်ဦးညိုမောင်က ပြောသည်။

ထိုသို့အထွက်နှုန်းလျော့ကျလာသည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီးတွင်ရှိသော ရေခါးအင်းမှ စိမ်းပြာရေညှိကိုတွင်းတောင်ထဲသို့ ထည့်၍ပြန်လည်မွေးမြူသော်လည်း မရတော့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

“PH Level မြင့်မှပဲရတော့မယ်။ လာလေ့လာသွားတဲ့ တရုတ်ပညာရှင်တွေကလည်း ရေချိုဝင်ရောက်တာကြောင့်လို့ပြောသွားတယ်။ မနှစ်ကနှစ်ဆယ်ရာခိုင်နှုန်းထွက်တာကနေ ၆လကြာ ဒီနှစ်မှာလေ့လာကြည့်တော့လုံးဝမပေါက်တော့ဘူး”ဟု ဦးညိုမောင်ကဆိုသည်။

တွင်းတောင်စိမ်းပြာရေညှိမှ ဆေးဝါးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်နေသော ဒေါက်တာမင်းသိမ်းက တွင်းတောင်တွင် ရေချိုဝင်ရောက်လာခြင်းကြောင့် PH Level ကျဆင်းလာပြီး စိမ်းပြာရေညှိများပွားများလာမှု မရှိတော့ခြင်း၊ ထို့အပြင်တွင်းအတွင်းရှိ ငါးများကလည်း စိမ်းပြာရေညှိများကိုစားသုံးသည့်အတွက်လျော့နည်းရာမှ လုံးဝမထွက်ရှိတော့ခြင်းဖြစ်ကြောင်း ၎င်း၏အမြင်ကို ပြောသည်။

ထို့အပြင်တွင်းတောင်တွင် စိမ်းပြာရေညှိမျိုးပွားတိုးတက်ရေးကိုရည်ရွယ်ကာ ယူရီးယားနှင့် ဓာတုပစ္စည်းများ ထည့်သွင်းရာတွင် ယခင်ကာလများထက် ငါးဆခန့်ပိုမိုသုံးစွဲခြင်းကို သုံးသပ်တွေ့ရှိခဲ့ရသည်ဟု ပညာရှင်များကပြောသည်။ ထို့ကြောင့် ဓာတုပစ္စည်းများ၏ ဘေးထွက်ဆိုးကျိုးများကို အထူးဂရုပြုသင့်ပြီး ယင်းတို့အား ထည့်သွင်းမှုကို ထိန်းချုပ်သင့်ကြောင်း သတိပေးဆွေးနွေးခဲ့သည်။

ဒေါက်တာဇော်မြင့်နီကတော့ တွင်းတောင်မှ ရေညှိရုတ်တရက် ကျဆင်းသွားရခြင်းသည် ရေသွင်းမြောင်းမှတစ်ဆင့် ရေချိုဝင်ရောက်နိုင်သည့် အက်ကွဲကြောင်းကြောင့်ဖြစ်နိုင်ခြေနည်းပါးကြောင်းပြောသည်။

စိမ်းပြာရေညှိကိုမူလအတိုင်း အထွက်နှုန်းတိုးတက်စေရန် မြစ်ရေတင်စီမံကိန်းမှ စပါးစိုက်ပျိုးမှုကို ရပ်ဆိုင်းခြင်းနှင့်စပါးစိုက်ပျိုးရန် ဖောက်လုပ်ထားသည့် မြောင်းကို ကွန်ကရစ်မြောင်းအဖြစ် ပြန်လည်ပြောင်းလဲလုပ်ဆောင်သင့်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များကအကြံပြုထားသည်။

တွင်းတောင်အင်းတွင် စိမ်းပြာရေညှိပြန်လည်ရှင်သန်လာရန် ရေအောက်ရှိ မြေဆီလွှာကို ညစ်ညမ်းစေခြင်းမှ ကာကွယ်ပေးရန်၊ အင်းအတွင်းပေါက်ပွားလာသော တီလားဗီးယားငါးများ ပျောက်ကွယ်သွားအောင် ဆောင်ရွက်ရန်၊ စပီရူလိုင်းနားပေါက်သောအင်းအတွင်း သဘာဝဂေဟစနစ်မပျက်စီးရန် အင်းပတ်ဝန်းကျင်၌ ဓာတုမြေဩဇာများ၊ ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများအလွန်အမင်းသုံးစွဲခြင်းမပြုရန်၊ စပီရူလိုင်းနားမျိုးဆက်များမကုန်ဆုံးစေရန်အတွက် ဂေဟစနစ်ကို ပြောင်းလဲပျက်စီးခြင်းမရှိစေရန် မူလသဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းစောင့်ရှောက်ပေးရန်၊ တွင်းတောင်အင်းအတွင်းမိုးရေဝင်ရောက်ပြီး ရေမြင့်တက်ခြင်း နှင့် PH ပြောင်းလဲခြင်းမှ ကာကွယ်ရန်၊ တွင်းတောင်အင်း၏ ဘေးပတ်လည် သဘာဝမြေဆီလွှာတွင် ရေစုပ်အားကောင်းမွန်ပြီး ပင်ငွေ့ပြန်နှုန်းများသည့် အပင်များ ချိန်ဆစိုက်ပျိုးပေးသင့်ကြောင်း မုံရွာတက္ကသိုလ်သတ္တဗေဒဘာသာရပ်လေ့လာတွေ့ရှိချက်အပေါ် အခြေခံ၍ အကြံပြုထားသည်။

တွင်းတောင်အင်းစိမ်းပြာရေညှိ(ရေချိုတွင် ပေါက်ပွားသောရေညှိများ)နှင့် အင်းအတွင်းပေါက်ဖွားနေသော ငါးများ ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများအား ကာလတို၊ ကာလရှည်စီမံကိန်းများ ရေးဆွဲဆောင်ရွက်ရန် စီစဉ်နေကြောင်း ဦးစည်သူက ပြောကြားခဲ့သည်။

တွင်းတောင်အင်းကြီးကြောင့် အံ့သြခဲ့ရသည့် ဦးငွေမောင်သိန်းတစ်ယောက် နောက်ထပ်အံ့သြစရာတွေ ဖြစ်လာမှာစိုးရိမ်နေပုံရသည်။ သူက တွင်းတောင်အင်းဘက် တစ်ချက်လှမ်းကြည့်ရင်းပြောသည်။ “ဖြစ်ရပ်အမှန်ကို သေချာရှာစေချင်တယ်။ စပီရူလိုင်းနားထုတ်လုပ်တာကိုလည်း မထိခိုက်စေချင်ဘူး။ နည်းလွဲသွားပြီး ဒေသခံတောင်သူတွေကိုလည်း စနစ်နာစေချင်ဘူး”ဟု ဒေသခံဦးငွေမောင်သိန်းကပြောလိုက်ပါတော့သည်။

7DAY NEWS JOURNAL
Vol.13, No.16 • JUNE 25 , 2014

စာမျက်နှာ(၂၄) မှ

# မင်းဒင်ရဲ့ သက်ခိုင် (၂)

စစ်တပ်ရဲ့သဘောဟာနိုင်ဖို့အဓိက ပဲ။ မနိုင်နိုင်အောင် လုပ်တတ်တာ စစ်တပ်၊ စစ်တပ်ခေါင်းဆောင် တွေ ထင်ရာစိုင်းနိုင်အောင် မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီဆိုတာ ကြီးကို ထောင်တယ်။ တစ်ပါတီ အာဏာရှင်စနစ်နဲ့ ဉာဏ်အမြော် အမြင်နည်းစွာ အုပ်ချုပ်ခဲ့တယ်။ ဘာတဲ့အဲဒီခေတ်က ဝန်ကြီးတစ် ပါးက အညာဘက်ရောက်တုန်း ထန်းလျက်ခဲ ဖြူဖြူလေးတွေကို လည်းတွေ့ရောတယ်..မျိုးကောင်း ပါလား။ နောင်နှစ်အတွက် မျိုး ချန်ထားလိုက်ကြဆိုပြီး လမ်းညွှန် မိန့်ကြားသတဲ့။ ဒီတိုင်းပြည်မှ မမွဲရင် ဘယ်တိုင်းပြည်မွဲမတုံးဗျာ။ နဖူးကချွေး ခြေမကျအောင် ရှာဖွေ စုဆောင်းထားရတဲ့ ငွေတွေကို တရားမဝင်ငွေစက္ကူဆိုပြီး ကြေ ညာတယ်။အဲဒါပြည်သူလူထုပိုက် ဆံကို ဓားထောက်လုတာပေါ့။ သေနတ်ပြလုတာပေါ့ဗျာ။ လူထု က မကျေနပ်လို့ ဆူမယ်ကြံတော့ သေနတ်ဆိုတာ မိုးပေါ်ထောင် မပစ်ဘူး။ တည့်တည့်ပစ်တယ် လုပ်ပြန်ရော။ ၁၉၈၈ ခုနှစ်မှာ တစ်ပြည်လုံးအုံကြွလာပြန်တော့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေးအဖွဲ့ ဆိုပြီး ဒိုင်းဝန် ထက်ကဲတဲ့ မောင်ပုလဲတွေတက် လာပြန်တယ်။ စစ်သားဆိုတာ ဘာမဆို လုပ်တတ်တယ်ဆိုပြီး ထင်တိုင်းကြဲလိုက်ကြတာ မြေပေါ် မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတတွေ တက်တက်စင် အောင်ပြောင်တဲ့အပြင် ဗမာလူထု ရဲ့ စိတ်ဓာတ်တွေကိုပါ ညှဲ့ဖျင်း သေးသိမ်အောင် လုပ်ပစ်ကြပြန် ရော။ အမယ်ရွှေကိုယ်တော်တွေ က ငြိမ်ဝပ်ကနေ အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဆိုပြီး လူမပြောင်းဘဲ ဆိုင်းဘုတ်ပြောင်း ကြပြန်တယ်။ ကိုသာဆိုးပါပဲ။ တည်ဆောက်ပြုပြင် မြန်ပြည် တစ်ခွင်တဲ့။ ဆောက်လိုက်တဲ့ လမ်း တံတားတွေ၊ အဆောက်အအုံတွေ၊ ချလိုက်တဲ့စီမံကိန်း ဘာတစ်ခုမှ အရာမထင်ဘူး။ ဘယ်အရာထင် မလဲဗျာ။ စစ်တပ်ဆိုတာ တိုင်း ပြည်ကာကွယ်ရေးတာဝန်ကိုသာ ဂုဏ်သိက္ခာရှိရှိ ထမ်းဆောင်နေရ မှာ။ တိုင်းပြည်တည်ဆောက်ရေး ထူထောင်ရေးဆိုတာ တကယ် တမ်းတတ်ကျွမ်းနားလည်တဲ့ပညာ ရှင်တွေက ဦးဆောင်ရမှာ။ ဖြစ်ပုံ များ မီးရထားလက်မှတ်တန်းစီတဲ့ နေရာတောင်စစ်တပ်သြဇာမကင်း ခဲ့ဘူး။ အဆိုးဆုံးအချက်ကတော့ တိုင်းပြည်တိုးတက်ကြီးပွားအောင် လုပ်နေပါတယ်။ ပြည်ထောင်စု ကြီးမပြိုကွဲရေး၊ အချုပ်အခြာ အာ ဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ခေါင်း စဉ်တွေတပ်ပြီး ခါးတောင်းကျိုက် တခြားဖင် တခြားကိုယ်ကျိုးစီးပွား ချည်းနင်းကန်ရှာခဲ့ကြပါပဲ။ အ မယ်၊ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နှိပ် ကွပ်ဖို့ကျတော့ မောင်နှံ့နှမ၊ သား နဲ့အမိ မကြားဝံ့ မနာသာဆဲဆိုသံ တွေကို မြန်မာ့အသံနဲ့ ရုပ်မြင်သံ ကြားတွေကနေ ထုတ်လွှင့်တတ် သဗျာ"

ကိုသက်ခိုင်ကား ဘယ်အ ချိန်က မျိုသိပ်ထားသည် မသိလေ သော အောင့်လုံးများဆက်တိုက် ပေါက်ကွဲနေလေရာ ကျွန်တော်က သူစိတ်ပြေလို့ ပြေပြား လေပြည် ထိုးလိုက်ရပြန်သည်။ သို့သော် သူ သည်တစ်စုံတစ်ခုကို မကျေမနပ် ဖြစ်နေလေဟန် ဆက်လက်ပေါက် ကွဲနေပြန်၏။ ကိစ္စရပ်တစ်ခု ခေါင်း စဉ်တစ်ခုပေါ်တွင် သူ့အာရုံကျပြီ ဆိုလျှင် စကားအမျှင် မပြတ်တတ် ခြင်းသည်ပင် ကိုသက်ခိုင်၏စရိုက် ဖြစ်လေသည်။

"အခု တော့ ခေတ်ပြောင်းနေ ပြီ မဟုတ်လားဗျာ။ ပြည်သူက ရွေးကောက်တဲ့ သမ္မတနဲ့ လွှတ် တော်အဆင့်ဆင့်နဲ့ လုပ်ကိုင်နေ ကြပြီ မဟုတ်လား"

"တော်ပါတော့ ကိုယ့်ဆရာ ရယ်။အဲဒီသမ္မတနဲ့လွှတ်တော်ဟာ ဘယ်ကလာသလဲ။ တကယ်တော့ ကြံ့ခိုင်ဖွံ့ဖြိုးရေးဆိုတာ စစ်တပ် က အခိုင်အမာကျောထောက် နောက်ခံပေးထားတဲ့အဖွဲ့။ အမတ် အများစုကလည်း စစ်တပ်ကနေ အသွင်ပြောင်းလာကြတာ။ တိုတို ပြောရရင် ဗမာပြည်တစ်ပြည်လုံး မှာစစ်တပ်ဟာထင်တိုင်းကြဲနေနိုင် တုန်းပါပဲ။ လက်ရှိအခြေခံဥပဒေ ဟာ ပြည်သူလူထုသိန်းချီသေရတဲ့ နာဂစ်ကာလမှာ ဖွတ်အတင်း အဓမ္မပြဋ္ဌာန်းခဲ့တာမို့ နဂိုကတည်း က အတိတ်နိမိတ် မကောင်းခဲ့ပါ ဘူး။

ကျွန်တော်ဟာသဘောထား တင်းမာသူ အဆိုးမြင်တတ်သူ စာ ရင်းမှာ မပါပါဘူး။ ဘာပဲဖြစ်ဖြစ် တို့တိုင်းပြည် မကြာခင်တစ်နေ့ ကောင်းစားလာတော့မှာလို့ ယုံ ကြည်နေတဲ့သူပါ။ဒီရက်ပိုင်းတော့ ဗမာပြည်ရွှေ့ရေးနဲ့ ပတ်သက်ပြီး ကျွန်တော့်အတွေးအမြင်နဲ့ ခံယူ ချက်ဟာအဖြူဘက်ကနေအမည်း ဘက်ကို လုံးလုံးပြောင်းသွားခဲ့ပါ ပြီ။ ၅၉(စ)ကို မပြင်ဖို့ သေချာသွား ပြီ။ ဒီမိုကရေစီဆိုတာကို လူထုက စလုံးပေါင်း တောင်မှန်အောင် မပေါင်းတတ် သေးခင်လွှတ်တော် မှာ ပီအာရ်စနစ်ကျင့်သုံးဖို့ မဲခွဲတာ အနိုင်ရပြန်သတဲ့။ တိုင်းတစ်ပါးမှာ မျက်နှာငယ်ငယ်နဲ့အသက်ကိုဖက် နဲ့ထုပ်ပြီး ရင်တမမတကြောင့် တကြနေရတဲ့ အလုပ်သမားတွေ ကို ကာကွယ်စောင့်ရှောက်မယ့် ဥပဒေပြုရေးအဆိုကို လွှတ်တော် က ပယ်ချသတဲ့။ အုတ်နံရံပိုပြီး မရှုမလှသေခဲ့ကြပေမဲ့ အသံထွက် မငိုရဲ၊ နစ်နာကြေးလျော်ကြေးတစ် ပြားတစ်ချပ်မှ မရတဲ့ ကလေးမ လေးတွေရဲ့ အဖြစ်ဆိုးမျိုးတွေကို ခင်ဗျားတို့ ကျွန်တော်တို့ ဆက်ပြီး ကြားနေမြင်နေကြ ရဦးမှာပါပဲ။ နောက်ဆုံးကျော့မကောင်း၊ ကြား မကောင်းဗျာ။ တာမွေနတ်ချောင်း ရပ်ကွက် မဟာသန္တိသုခဘုန်း တော်ကြီး ကျောင်းကို ညကြီးအ ချိန်မတော်၊ ရုပ်ပျက်ဆင်းပျက်ဝင် စီးပြီး ဘုန်းကြီးရဟန်းတွေရော လူတွေပါ စွတ်ဖမ်း၊ လူဝတ်လဲ အင်းစိန်ထောင် ပို့ကြပြန်သတဲ့။ ဒီကိစ္စရပ်အားလုံးရဲ့ အဓိကလက် သည်ဟာ ဗမာပြည်မှာ ခေတ်စား နေဆဲဖြစ်တဲ့ စစ်ဝါဒစနစ်ဆိုးကြီး ပါပဲ။ ဗမာပြည်ရွှေ့ရေးကိုတော့ ကျွန်တော် တော်တော့်ကို ရင်လေး သွားပြီ။ အနှစ်ငါးဆယ်ကျော် အ မြစ်တွယ်လာခဲ့တဲ့ ဒီစနစ်ဆိုးကြီး ကို လေး၊ ငါးနှစ်အတွင်း ဖြတ်ကျော် နိုင်မယ်လို့ တွေးမိခဲ့တာ ကျွန်တော့် ညံ့ချက်ပါပဲ။ ရွှေပြည်တော် မျှော် တိုင်းဝေးခဲ့ပြီဆိုပါတော့"

"ကဲပါ ကိုသက်ခိုင်ရယ်။ ထိုင်းနိုင်ငံရဲ့ စစ်တပ်ဘက်လှည့် ပါဦးဗျာ"

"သြော် ခက်ပါဘီတော့ ကိုမင်းဒင်ရယ်။ အရိပ်ပြတာ တောင် အကောင်မထင်ပါက လား။ အခုထိုင်းစစ်တပ်က အာ ဏာသိမ်းပြီး ဖွဲ့စည်းလိုက်တဲ့ အ ဖွဲ့နာမည်လေးဘာလေး လေ့လာ ပါဦးတော့လား။ နိုင်ငံတော်ငြိမ် ဝပ်ပိပြားရေးနှင့် အေးချမ်းသာယာ ရေးကောင်စီ (National Council For Peace and Order)တဲ့ခင်ဗျ"

"အမယ်၊ နာမည်ကတော့ ဟုတ်နေပါပြီ။ လုပ်ပုံကိုင်ပုံတူရင် တော့ကိုယ်ကျိုးနည်းကြတော့မယ် ထင်ပါရဲ့"

"ထိုင်းစစ်တပ်ဟာ အာဏာ သိမ်းတဲ့နေရာမှာ စံချိန်ချိုးခဲ့တဲ့ စစ်တပ်ပါ။ သို့သော် ယခင်ယခင် အာဏာသိမ်းမှုတွေမှာ ထိုင်းစစ် တပ်ဟာ စစ်တပ်အလုပ်ကိုပဲ လုပ် ခဲ့တာတွေ့ရတယ်။ ဒါပေမဲ့ ဒီတစ် ခါတော့ နည်းနည်းဆန်းနေတယ် ထင်မိတယ်။ ပထမဆုံး လူထု ဆက်သွယ်ရေး ကွန်ရက်တွေကို ပိတ်တယ်။ လူငါးယောက်ထက် ပိုမစုရဘူး။ ကာဖျူးထုတ်တယ်။ ဖေ့စ်ဘွတ်ခ်တောင် တစ်နာရီဆို လား ပိတ်ခဲ့သေးတယ်။ ထိုင်းစစ် တပ်ရဲ့ ထုံးစံကနေ ကွဲထွက်ပြီး ဆန်းပြားတဲ့ လုပ်ရပ်တချို့ကြောင့် ထိုင်းပြည်သူအတော်များများ နား ရွက်ထောင်ကုန်တာတော့ အမှန် ပဲဗျာ။

ထိုင်းမှာ နိုင်ငံရေးအကျပ် အတည်းကြောင့် ဗမာရွှေ့ပြောင်း အလုပ်သမားတွေ ပတ်စ်ပို့သက် တမ်းတိုးတဲ့ကိစ္စတွေ မလုပ်သာ၊ မကိုင်သာ ဖြစ်နေတာကို သိပါ လျက်နဲ့ မဲဆောက်နဲ့ ချင်းမိုင်အ ပြင် ထိုင်းတစ်နိုင်ငံလုံးမှာ ဗမာအ လုပ်သမားတွေကို စစ်ဆင်ရေး တစ်ခုလိုလုပ်ပြီး ဖမ်းတယ်"

"နေပါဦး ကိုသက်ခိုင်။ ပတ္တယား ဖူးခက်နဲ့ ကော့စမွေလို နေရာတွေမှာတော့ ကာဖျူးကိုလုံး လုံးရုပ်ပေးလိုက်ပြီ မဟုတ်လား"

"အဲဒါက ဝင်ငွေသောက် သောက်လဲရနေတဲ့ နေရာတွေမို့ ပါဗျာ။ ထိုင်းတစ်နိုင်ငံလုံးကို လည်း ကာဖျူးမိန့်မကြာခင် ရုပ် သိမ်းပါလိမ့်မယ်။ သိပ်လည်းအ ကောင်းမြင်တာ မစောပါနဲ့ဦး။ ကျွန်တော့်အယူအဆကတော့ ဘယ်တိုင်းပြည်မှာဖြစ်ဖြစ် အာ ဏာသိမ်းတယ်ဆိုတဲ့ ကိစ္စဟာ ကောင်းကျိုးထက် ဆိုးကျိုးဖြစ်ဖို့ သာများပါတယ်။ အာဏာသိမ်း တဲ့စစ်တပ်တိုင်းအကြောင်းပြတာ၊ အသံကောင်းဟစ်တာကတော့ အမျိုးသားရေး၊ တိုင်းပြည် တည် ငြိမ်ဖွံ့ဖြိုးရေးပါပဲ။ ဒါပေမဲ့ တစ် ဆက်တည်းဆိုသလို ကိုယ့်အုပ် စုအကျိုးပါလာတယ်။ ကိုယ်ကျိုး ပါလာတယ်။ စစ်တပ်ဆိုတာ ဘာ မဆိုလုပ်တတ်ကြောင်း၊ လုပ်နိုင် ကြောင်းပြချင်တော့ ထင်ရာမြင် ရာ စီမံကိန်းမျိုးစုံကို အမြော်အ မြင်မရှိဘဲ ထင်ရာစိုင်းလုပ်တတ် တယ်။

အခုပဲကြည့်ဗျာ။ သက် ဆင်ရဲ့ညီမ ဝန်ကြီးချုပ်ယင်လပ် လက်ထက်က အကျပ်ရိုက်ခဲ့တဲ့ လယ်သမားတွေကိုပေးရမယ့်စပါး ကြွေးတွေကို နိုင်ငံတော်ဘဏ္ဍာ ငွေထဲကနေ ရက်ပိုင်းအတွင်း ထိုး ဆပ်တယ်။ ထိုင်းနိုင်ငံရဲ့ အနာ ဂတ်အတွက် အရန်လောင်စာ အ ဖြစ်ထားတဲ့ ထိုင်းကမ်းလွန်ရေနံ လုပ်ကွက်တွေအတွက် နိုင်ငံတ ကာကို တင်ဒါခေါ်ပြီး တူးဖော်ခွင့် ပေးတော့မယ့်အသံတွေ ထွက် လာတယ်။ သေချာစဉ်းစားကြည့် ရင် ဒီစီမံကိန်းတွေကို အကောင် အထည်ဖော်ဖို့ စိုင်းပြင်းလာတာ ဟာ တကယ်တမ်းထိုင်းနိုင်ငံကြီး ကိုစည်ပင်ပြောစေချင်တာလား။ သက်ဆင်ရှင်နာဝပ်တို့ လက်ဝါး ကြီးအုပ်ထားတဲ့ ပေါ်ထော်ထော် (PTT, Petroleum Au thority of Thailand) ကို အမိကထားပြီး ထိုးနှက်ချင်တာလား မကွဲပြားလှ ဘူးဗျာ။

ပေါ်ထော်ထော်ဟာ တစ် ကမ္ဘာလုံးမှာ အဆင့် ၈၁ ရှိတဲ့ စွမ်း အင်ကုမ္ပဏီ၊ အစုရှယ်ယာအများ စုကို သက်ဆင်အုပ်စုက ပိုင်ထား တာတဲ့။

ထိုင်းနိုင်ငံဟာ ဗမာပြည် က ဓာတ်ငွေ့နဲ့ရေနံကို အားထား နေခဲ့တာမို့ ဒီခြေလှမ်းအတိုင်းဆို ထိုင်းနိုင်ငံရဲ့ နိုင်ငံရေး အလှည့်အ ပြောင်းဟာ ဗမာပြည်ကိုတစ်နည်း မဟုတ် တစ်နည်း ရိုက်ခတ်လာနိုင် တာအမှန်ပဲ။

ကဲ…ဒီလောက်ဆိုခင်ဗျား လည်း နားငြီးလောက်ရောပေါ့။ ကျွန်တော်လည်း ဗိုက်ဆာလှပြီ"

တိုက်တိုက်ဆိုင်ဆိုင်ပင် ထမင်းစားခန်းမှာ နေ့လယ်စာပြင် ဆင်နေသော ဂျိုးတစ်ယောက်လှ ကြီးမင်းများ နေ့လယ်စာသုံး ဆောင်ရန် အဆင်သင့်ဖြစ်နေပါ ကြောင်းမျက်နှာရိပ်မျက်နှာကဲဖြင့် အချက်လှမ်းပြနေသည်။ အလိုက် သိသော၊ အားကိုးရသော ဂျိုးပေ တကား။ ကျွန်တော်တို့သုံးဦးသား ထမင်းစားပွဲ၌ ထိုင်ချိန်တွင်ကား ကြက်သားချဉ်စော်ခါး၊ သီးစုံပဲ ကုလားဟင်းနှင့် ဟင်းလက်ကျန် ဘာလချောင်ကြော်တို့မှာ အလွန် လိုက်ဖက်ညီလှလေရာ မမေ့နိုင်စရာ ထမင်းတစ်နပ်ဖြစ်လေ၏။ ထမင်း ဝိုင်းအစမှာပင် ကျွန်တော်နှင့် ကိုသက်ခိုင်တို့၏ စကားဝိုင်းမှ ဝေးရာတွင် စီးကရက်တစ်ဘူးနှင့် ဖိမ်ကျနေခဲ့သော ဂျိုးထံမှ အသံ ထွက်လာပြန်သည်။

"ဟိုတစ်လောကတင် ကျွန် တော့်ဟိုတယ်ကို နရစွမ်ရုပ်ရှင်ထဲ က နရစွမ်ဘုရင်ကြီးအဖြစ် သရုပ် ဆောင်တဲ့မင်းသား၊ သူ့မိသားစုနဲ့ လာတည်းသွားသေးတယ်ကိုသက် ခိုင်။ ကိုမင်းဒင် နရစွမ်ရုပ်ရှင် ကို ကြည့်ဖူးတယ် မဟုတ်လား"

ထိုင်းနိုင်ငံ၏ ဇာတိဂုဏ်၊ လူမျိုးဂုဏ်ကို မြှင့်တင်ရန် ရည် ရွယ်၍ ရိုက်ကူးထုတ်လုပ်ခဲ့သော နရစွမ်ဘုရင်အကြောင်း (The Legend of King Naresuan ဇာတ်လမ်းတွဲ) ရုပ်ရှင်ကားကြီးမှာ အလွန်နာမည်ကျော်ပါသည်။ အဆိုပါ ဇာတ်ကားကို ထိုင်းနှင့် နိုင်ငံတကာ အဆင့်မီဒါရိုက်တာ များက အပိုင်းငါးပိုင်းခွဲ၍ ခုနှစ်နှစ် နီးပါး အချိန်ယူ ရိုက်ကူး ဖန်တီးခဲ့ သည်။

ဗိုရှိန်းလွတ်မြို့အနီး ရောမ မြေကွက်လပ်ကြီးတွင် ဒုတိယ မြန်မာနိုင်ငံကို ထူထောင်သူ ဘုရင့် နောင် မင်းတရားကြီးလက်ထက်၊ ဟံသာဝတီခေတ်နှင့် ခေတ်ပြိုင် ပုံစံတူ ရှေးဟောင်းမြို့တစ်မြို့ကို ဆက်တင်အဖြစ် တည်ဆောက် ကာ ကြီးကျယ်ခမ်းနားစွာ ရိုက်ကူး ထားလေရာ ဗမာ့ဇာတိမာန်ရုပ်ရှင် ကား ကျွန်စစ်မင်းနှင့်နှိုင်းစားသော် ဆီးစေ့နှင့် မြင့်မိုရ်တောင်ဟုပင် လွန်လွန်ကဲကဲ ဆိုလောက်သည်။ ထိုမျှ ကြီးကျယ်ခမ်းနားစေရန် လည်း ထိုင်းတစ်နိုင်ငံလုံးရှိ ဘဏ် များ၊ စီးပွားရေးကုမ္ပဏီကြီးများနှင့် အစိုးရကိုယ်တိုင်ငွေကြေး အလုံး အရင်း ထောက်ပံ့ခဲ့ကြသည်။ ရုပ် ရှင်၏သဘောသဘာဝအရ ဟုတ် သည်လည်းရှိ၊ မဟုတ်သည်လည်း ရှိ၊ အမှန်အမှား မကွဲပြားသော ဇာတ်ကွက်တို့သည် ငွေကိုရေလို သုံးကာ ဖန်တီးနိုင်လေသော ကြောင့် ထိုရုပ်ရှင်ကို ကြည့်မိသ မျှ ထိုင်းလူမျိုးတို့၏ စိတ်တွင် ဇာတိမာန် တလူလူဖြစ်ကာ ဗမာ လူမျိုးတို့ကို နာကြည်းမုန်းတီးမှု ဖြစ်စေခဲ့လေသည်။ ခြွင်းချက်အ ဖြစ် ဘုရင့်နောင်မင်းတရားကြီးကို မူ စိတ်သဘောထားကြီးမြတ်သူ အဖြစ် ပုံဖော်ထားလေသည်။ စင်စစ်ထိုင်းနိုင်ငံမှာ သမိုင်းတစ် လျှောက် ဗမာဘုရင်၏သစ္စာတော် ခံပဏ္ဏာဆက်နိုင်ငံငယ်အဆင့်သာ ရှိခဲ့သော်ငြား ဗမာ့တပ်မတော်၏ နှစ်ပေါင်းငါးဆယ်ကျော်စီမံခန့်ခွဲ မှုအမှားများကြောင့်လက်ရှိကာလ တွင် မှန်ကင်းအစစ်မှ ထင်းဖြစ် နေရလေရာ ဗမာပြည်တွင် စစ်ဝါဒ ကြီး မချုပ်ငြိမ်းနိုင်သေးခြင်းအပေါ် ကိုသက်ခိုင်ပြင်းထန်စွာ စိတ်ပျက် စက်ဆုပ်နေခြင်းနှင့်ပတ်သက်၍ ကျွန်တော်အပြစ်မမြင်မိချေ။

"နရစွမ်ရုပ်ရှင်အကြောင်း တော့ မပြောပါနဲ့တော့ ဂျိုးရာ။ နဂို ကမှ ထိုင်းပုလိပ်တွေကို ကြောက် ပြီး နေစရာမရှိရတဲ့အထဲ နရစွမ် ရုပ်ရှင်ကြောင့် ဘယ်ထိုင်းလူမျိုး ရဲ့ မျက်နှာကိုမှ မကြည့်ရဲအောင် ဖြစ်ကုန်ပါပြီမောင်ရာ"

"အမှန်ပဲကိုမင်းဒင်၊ စကား မစပ် အခုပါတောင်ကမ်းခြေမှာ ဖွင့်ထားတဲ့ ဗီယက်နမ်လူမျိုးတွေ ရဲ့ ဆိုင်တော်တော်များများ ပိတ် ကုန်ပြီ။ ထိုင်းနိုင်ငံမှာလာပြီး အ ခြေချစီးပွားရှာနေတဲ့ ဗီယက်နမ် လူမျိုး တော်တော်များများကို ဗီဇာ သက်တမ်းတိုးမပေးတော့ဘူးတဲ့ ခင်ဗျ။ ဗီယက်နမ်တွေပြီးရင် ဗမာ တွေအလှည့်များ ရောက်လာလေ မလားဗျာ"

ဂျိုး၏ စကားအဆုံးတွင် သက်ပြင်းရှည်ကြီးချရင်း ကျွန် တော်ညည်းတွားမိသည်။ အစပ် အဟပ်လိုက်ဖက်လှ ပါသည်ဆို သော ထမင်းဝိုင်းသည် အရသာ ပေါ့ပျက်ပျက်ဖြစ်သွားသယောင် ခံစားရသည်။

"အင်း… ကိုသက်ခိုင်ပြောတဲ့ အမျိုးသားရေး ခေါင်းစဉ်နဲ့တော့ ကွက်တိပါပဲဗျာ"

ကျွန်တော့်ညည်းညူသံကို ကိုသက်ခိုင်က ခပ်ရွှင်ရွှင်မျက်နှာ ပေးဖြင့် တုံ့ပြန်၏။

"ပါတောင်ကမ်းခြေဆိုလို့ ရယ်စရာတစ်ခုပြောရဦးမယ်။ ဖြစ် ရပ်များ မှတ်သားလောက်ပါရဲ့။ ဒီလိုဗျ"

*(ဆက်လက်ဖော်ပြပါမည်)*